


www.burmeseclassic.com
အောင်မြင်
မြပုလဲခင်
အချစ်မသိ အလွမ်းနှင့်ညို
www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး--အောင်မြင်
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ--ဦးအောင်
ဖေဖော်ဝါရီလ၊ ၂၀၁၃။

၈၉၅.၈၃
မြပုလဲခင်
အချစ်မသိအလွမ်းနှင့်ညို/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၂။
၂၉၀ - စာ၊ ၁၂.၅ X ၁၈.၂ စင်တီ။
(၀) မြပုလဲခင်



# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

## ချစ်သူငြေသံ

မိုးစက်ပွင့်လို အေးမြလေမလား
နှင်းပွင့်လိုများ သိမ်မွေ့လေမလား
ယုန်ကလေးစမာ နူးညံ့လေမလား
ကျားကြီးကဲ့သို့ မာန်ဟုန်ပြင်းမလား
နေမင်းကြီးကဲ့သို့ ပူလောင်လေမလား
မိုးထိစက်ဗျာဝေ ...အချစ်တစ္ဆေ
သင်...ဘယ်ကိုင်းမှာ နေသလဲ....။
ထိတ်ထိတ်လန့်လန့်
ငါ့အား ခြောက်လှန့်လေမလား...။
ပေါ့..ခြောက်ခြောက်ခြွခြွ ရှုပ်ရှုပ်
ကြားနေရပြီ...။
မိုးပွင့်ကြွေသံလား
နှင်းပွင့်ကြွေသံလား
လေပုလေညှင်းတိုးဝှေ့သံများ
ချစ်သူ ခြေသံလား
မှန်းဆမသိ...ဘယ်အရပ်ကလဲ..။
ပေါ..ခြောက်ခြောက်ခြွခြွ ရှုပ်ရှုပ်
ကြားနေရပြန်ပြီ...။
ခြေသံ ခြေသံ..သူ၏ခြေသံ
မလာစေချင်..လာစေချင်နှင့်
အို..ဝေခွဲရခက်သည့်..အချစ်တစ္ဆေ။





## အခန်း (၁)

ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိပါ။

ကြည်နူးမှု၊ အေးချမ်းမှုများဖြင့် ဘုရားရှိခိုး မေတ္တာပို့ အမျှဝေအပြီးတွင် တောင်းဆုပြုနေကြအတိုင်း မရိုးနိုင်စွာ ဆုတောင်းလိုက်သည်။

"မဟာကရုဏာတော်ရှင် အတုမရှိ ဗုဒ္ဓမြတ်စွာဘုရား၊ ဖြစ်လေရာဘဝတိုင်း၌ ဘုရားတပည့်တော်မသည် မျက်နှာများသော မိန်းမများသော ဖခင်၏ ရင်သွေးအဖြစ်မှ ကင်းဝေးရပါလို



www.burmeseclassic.com

www.burmeseclassic.com



၏ အရှင်ဘုရား"

နွေ . . ထိုဆုကိုပန်ပြီးတိုင်း ရင်မှာ ဆို့နင့်သွားသည်။ ဦးသုံးကြိမ်ချ ဝပ်တွားအပြီးတွင် ဗုဒ္ဓဆင်းတုတောင်ကို ဖူးမျှော်လိုက်သည်။

လက်ယာဘက် နားထင်တော်စပ်တွင်ရှိနေသော မှဲ့ရှင်တော်မှာ ယခင်ထက်စာလျှင် နားတော်ဘက် ပို၍ကပ်သွားသည်ဟု ထင်မြင်မိသည်။ စိတ်ကပဲထင်လို့ ဖြစ်ပါလိမ့်မည်။ နွေ ဘယ်သူ့ကိုမှ မပြောမိစေရန် သတိထားရမည်။ မှဲ့ရှင်တွေ၏ ရွေ့လျားမှုကို ယခုကာလ၌ မည်သူမှ တိတိကျကျ မှတ်တမ်းမတင်နိုင်ပါချေ။

နွေရင်ထဲ ခိုးလိုးခုလု ဖြစ်နေသည်။

နွေ့ကို တစ်စုံတစ်ယောက် စောင့်ကြည့်နေသည်ဟု ခံစားလိုက်ရသည်။

ကျိုက်ပေါလော မှဲ့ရှင်တော်၏ မျက်နှာတော်ကို စေ့စေ့ကြည့်ကာ ဖူးမျှော်နေသောနွေသည် မျက်လွှာကို အသာချလိုက်သည်။ နောက်ကျောမလုံသလို ခံစားမှုမျိုးသည် လူတိုင်း၏ မနောအာရုံ စွမ်းအားတစ်မျိုးကြောင့်လည်း ဖြစ်နိုင်သည်။ ဟုတ်မည်။

နွေကိုတစ်ယောက်ယောက် ကြည့်နေလိမ့်မည်။

ချထားသော မျက်နှာကိုပင့်ကာ ဝေ့ဝဲအကြည့် နွေ့ရင်မှာ 'ဒိုင်းခနဲ' မြည်ဟည်းသွားသည်။

ရှင်ဥပဂုတ် ရုပ်ပွားဆင်းတုအနီး ရပ်နေသူ၏ စူးရှသော မျက်လုံးအစုံနှင့် ထိပ်တိုက်တွေ့လိုက်ရ၍ဖြစ်သည်။





"ဟင်း . ."

မကျေမနပ် ပင့်သက်ကိုချကာ ချက်ချင်းပင် မျက်လွှဲလိုက်သည်။

ဘာဖြစ်၍များ နွေ့ရင်ထဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားရတာလဲ။ နွေ့ကိုယ်နွေ မကျေနပ်နိုင်ပါ။

သို့သော် . .

တဒင်္ဂအကြည့်တွင် ကပ်ငြိပါလာသော ရုပ်အသွင်ကို အသိအမှတ်မပြုဘဲ မနေနိုင်။

ထူးထူးကဲကဲ ချောမောခန့်ညားသော ယောကျ်ားတစ်ဦး . . ဟူ၍ . . .

လျှပ်တစ်ပြက်အတွင်း ဝင်ရောက်လာမှုများကို ဖွတ်အတင်းမောင်းနှင်ပစ်ရင်း ယောဂီတဘက်ကိုခေါက်ကာ လက်ကိုင်အိတ်ထဲ ထည့်လိုက်သည်။

ပုဆစ်ဒူးတုပ် ထိုင်ထားသဖြင့် ကျင်နေသော ခြေကို အနေအထား ပြောင်းကာ ဖြေဖျောက်ရင်း ခေတ္တငြိမ်နေမိသည်။

တစ်ဆက်တည်း အဖော်ခေါ်လာသော မပွားကို ဝေ့ဝဲကာကြည့်မိပြန်သည်။

"ဒီကောင်မလေး ဘယ်ရောက်သွားပါလိမ့်"

စိတ်တွင်း မကျေမနပ် ရေရွတ်မိသည်။

"မမ"

ထိုစဉ် နွေ မျှော်လင့်မထားသော အပြုအမူတို့ကို ရင်ဆိုင်လိုက်ရသည်။

ကိုလူချောသည် နွေ့ရှေ့တည့်တည့် ဒူးထောက်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း နွေ့မျက်နှာကို ခပ်ရဲရဲကြည့်ကာ ထပ်ဆင့် ခေါ်ပြန်သည်။

"မမ"

ရဲတင်းလွန်းသော သူ့အပြုအမူကြောင့် နွေ့ရုတ်တရက် အံ့အားသင့်သွားရာမှ ဒေါသဖြစ်သွားသည်။ မျက်မှောင်ချိုကာ တင်းတင်း ပြန်ကြည့်လိုက်၏။

"မမနာမည် နွေပါနော်"

ရှိုးနေပြီ။ နွေ့အတွက် ဒါမျိုးတွေ ရိုးနေပြီလေ။ နွေ့တုံ့ပြန်မှုဘာမှ မပေးတော့ဘဲ မတ်တတ်ရပ်လိုက်သည်။

"နေပါဦးမမ၊ ကျွန်တော်ပြောဦးမယ်"

ဤကဲ့သို့ ခပ်ကြောင်ကြောင် အပြုအမူမျိုးလောက်တော့ နွေမမှုခဲ့ပါလေ။ ထို့ကြောင့် ခပ်တည်တည်ဖြင့် သူ့ရှေ့မှပင် ကျော်ခဲ့သည်။

သူ ကြောင်အမ်းအမ်းနှင့် ကျန်ရစ်ခဲ့သည်။

နွေ မပွားကို ကျောက်လှည်းဘီးနားတွင် ရှိလေမလားဟူသော အတွေးဖြင့် ထိုနေရာသို့လာခဲ့သည်။ သို့သော် မပွားက ရှိမနေ။

ကျိုက်ပေါလော ဘိုးဘိုးကြီး နတ်ကွန်းဘက်သို့ လျှောက်လာခဲ့ရပြန်သည်။

"တော်တော်ဒုက္ခပေးတဲ့ ကောင်မလေး၊ နောက်မခေါ်လာတော့ဘူး"

ဟု စိတ်တွင်း ကြိမ်းဝါးရင်း ရှာဖွေရပေသည်။

"ဟော. . မမလေး ပြီးသွားပြီ"





သူ့ကိုမြင်မြင်ချင်း နတ်ကွန်းထဲမှ ပြေးထွက်လာသော မပွား၏ ပျာပျာသလဲ အပြုအမူကြောင့် နွေ့စိတ်ဆိုးမှုများ ပြေပျောက်သွားသည်။

ကလေးသာသာ အရွယ်ပဲ ရှိသေးတာပဲ နွေလို့ ဘုရားအကြာကြီး ဘယ်ရှိခိုးမလဲလေ။ ဖြေသာစိတ်ကလေးဖြင့် ခွင့်လွှတ်ပြီး ဖြစ်သွားရာ. .

"ကျောက်တုံးကောမ,ခဲ့ ပြီးရဲ့လား"

"မ,ပြီးပြီ တကယ်ပေါ့တာ"

"ဘာလဲ အတုံးသေးသေးလေး မ,လို့လား"

"ဟုတ်. . ဟာ . . ဟုတ်ပါဘူး"

မပွားကိုကြည့်ရင်း ပြုံးလိုက်မိသည်။

"လာ. . သွားကြရအောင် ကြီးကြီး ဈေးမှာစောင့်နေတယ်"

စကြံလမ်းလေးအတိုင်း လျှောက်အလာ၌ ကြိုရောက်နေနှင့်သော ကိုလူချောက ခေါ်ပြန်သည်။

"မမ"

"ဒိလူနွယ်"

နွေ စိတ်ညစ်သွားသည်။ နွေ့ရှေ့ကဆီးပြီး ရပ်လာသော ကိုလူချောကို မျက်မှောင်ချိုကာ ကြည့်လိုက်မိသည်။

နွေ့ထက် ခေါင်းတစ်လုံးပိုမြင့်သော သူ့အရပ်ကြီးက နွေ့ရှေ့မှာ မိုးမိုးမတ်မတ်နှင့်. . နွေစိတ်တိုနေပြီဖြစ်ရာ. .

"ရှိုင်းလှချည်လား"

"မမက ဆန္ဒစောနေတာကိုး၊ ကျွန်တော့်စကားလေး



www.burmeseclassic.com

www.burmeseclassic.com



ဆုံးအောင်နားထောင်ပါဦးလား"

"တော့ . . သူတော်ကောင်းတွေလာတဲ့ နေရာမျိုးမှာ သူတော်ကောင်း အပြုအမူမျိုးပဲ ပြုသင့်ပါတယ်"

"ဒါက မမက ဆန္ဒစောပြီး အကျိုးအကြောင်းလေးမှ ဆုံးအောင် နားမထောင်ပဲကိုးဗျ"

"မလိုပါဘူး၊ ငါ့လောက ငါ့ပတ်ဝန်းကျင်မှာ သူစိမ်းယောကျ်ားလေး တစ်ဦးနဲ့မှ ပတ်သက်စရာမရှိဘဲ မင်းစကားကို ငါက ဘာကိစ္စနားထောင်ရမှာလဲ"

"စကားကို ဆုံးအောင်နားထောင်လိုက်ရင် ရှင်းသွားမယ့် ကိစ္စဗျာ၊ နားထောင်ပါ ဒေါ်နွေ"

"မင်း ငါ့ကို အမိန့်ပေးနေတာလား"

"ထင်ချင်သလိုထင်ဗျာ၊ မမ အပြုအမူတွေဟာ တစ်ဖက် စွန်းရောက်နေပြီ၊ ကျွန်တော်က ခင်ဗျားကို ငမ်းရူးထပြီးလာ နောက်ပိုးနေတဲ့လူ မဟုတ်ဘူးဗျ"

နွေနည်းတူ သူကပါ ကွဲမြီးတိုဟန် ပါနေလေပြီ။

နွေ ငေါ့မိ၏။

"ဩော်. . ဩော်. . အထူးပဲ ကျေးဇူးတင်ရတော့မှာပေါ့နော်"

"ဖြစ်ပါတယ်. . ဒီလိုပါ ကျွန်တော် မမအိမ် ရောက်ခဲ့ပါတယ်၊ မမ ကျိုက်ပေါ်လော သွားတယ်ဆိုလို့ ဒီကို လိုက်လာတာပါ"

တဒင်္ဂတော့ နွေတွေဝေသွားသည်။ သူ့ရုပ်သွင်သည် လိမ်ညာအကြောင်းရိုက်နေသော ဟန်ပန်မျိုးလည်း မဟုတ်နိုင်ပါ။





သို့သော် ခပ်တင်းတင်း စေ့ထားသော နှုတ်ခမ်းနှစ်လွှာ၏ ပိပိရိရိစေ့ထားမှုက လျှို့ဝှက်တတ်သော နှုတ်ခမ်းများဟု နွေနားလည်နေသည်။

အထူးသဖြင့်' ရုပ်ချောသော၊ ရဲတင်းဖျတ်လတ်သော သူ့ကို ရှောင်ကွင်းလိုစိတ်များက နွေ့ကိုနှိုးဆွနေရာ နွေ ထွက်ပေါက်ရှာနေမိသည်။

"ကျွန်တော် မမလှမြတ်သူရဲ့ မောင်ပါ"

"ဘာ . . မိသူမှာ မောင်မရှိဘူး၊ မင်းလာ မဖြီးနဲ့"

"အာ. . လောကြီးသွားလို့ပါ၊ မမလှမြတ်သူရဲ့ မောင်တစ်ဝမ်းကွဲ"

"ဆောရီးပဲ ဒါဆိုရင် မင်းလူမှားလို့ပဲ ဖြစ်လိမ့်မယ်၊ ငါ့အသိထဲမှာ မောင်ရှိတဲ့ လှမြတ်သူမရှိတာ ကျိန်းသေတယ်၊ ကဲ. . ငါ့အတွက် လမ်းဖယ်ပေးပါ"

နွေ ရှောင်ကွင်းထွက်သွားလျှင် သူက လိုက်ကာဆီးပါက ထုတ်တိုးသလိုဖြစ်ပြီး ကြွေ့မြေ့မဲ့သွားနိုင်သဖြင့် နွေက ဖယ်ခိုင်းလိုက်သည်။ သို့သော် သူကမဖယ်။

"နောက်တော့ ဖယ်ပေးမှာပါ ဖြည်းဖြည်းပေါ့၊ မမလှပေးလိုက်တဲ့စာ ကျွန်တော့်မှာ ပါပါတယ်၊ မမ ဖတ်ကြည့်လိုက်ရင် ရှင်းသွားမှာပါ"

သူက ပြောပြောဆိုဆို အိတ်ကပ်ထဲမှ စာကိုနှိုက်ကာ နွေအား ကမ်းပေးသည်။

နွေက ကမ်းလင့်လာသော သူ့စာကို ဥပေက္ခာပြုလျက် သူ့ဘေးမှဖြတ်ကျော်ကာ ခပ်သွက်သွက် ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မပွားက ရှတ်တရက် ကြောင်သွားရာမှ နောက်မှပြေး လိုက်လေသည်။ သူ လိုက်မလာ။

"လိုက်မလာဘူး မမလေး၊ လက်ပိုက်ပြီး ကြည့်ကျန်ခဲ့တယ်"

မပွားက လှည့်ကြည့်လှည့်ကြည့်နှင့် လိုက်ပါလာရင်း ပြောလေရာ. . .

"ဣန္ဒြေနဲ့လာစမ်း၊ ကြည့်မနေနဲ့"

တိုးတိုးကျိတ် မာန်မဲလိုက်ရင်း ကား၏တံခါးသော့ ဖွင့်လိုက်သည်။

"ချောတော့ အတော်ချောတဲ့ အစ်ကိုကြီး၊ မမလေး ဘဲဆိုရင် သိပ်လိုက်တာပဲ"

"မပွား"

"ရှင်"

"နှင့် ပါးစပ်ပိတ်ထားစမ်း"

မပွားကို ငေါက်လိုက်ပြီး ကားထဲ ဝင်ထိုင်လိုက်သည်။ သူရှိရာသို့ မျက်လုံးရောက်မသွားစေရန် သတိထားလိုက်ရသည်။

မပွားက ဇက်ကလေးပု၊ လျှာကလေး တစ်လစ်လုပ်ကာ ကားထဲဝင်ထိုင်လိုက်သော်လည်း မျက်လုံးအစုံက ကိုလူချော ထံသို့ ရောက်ရှိသွားပြန်သည်ကို နွေသတိထားလိုက်မိသည်။ မပွား နှုတ်ခမ်းများမှာ ရွစိရွစိဖြစ်နေသည်။ နွေ့အား ပြောစရာ စကားများရှိနေလေပြီ။

နွေကားမောင်းထွက်ခဲ့တော့ မပွားက နောက်သို့လှည့် ကြည့်လှည့်ကြည့်လုပ်ရင်း. . .





"ဆိုင်ကယ်နဲ့ လိုက်လာပြီ မမလေး"

မပွားကို မဟန့်တားတော့. . .

နောက်ကြည့်မှန်ထဲမှ သူ့ကို တွေ့မြင်နေရသည်။

ယာမဟာအနီလေးဖြင့် ဖြည်းဖြည်းမှန်မှန် မောင်းနေရာမှ ကုံးကော်ရိပ်အလွန်တွင် အရှိန်မြင့်ကာ နွေ့ကားကို ဖြတ်ကျော်သွားသည်။ ပြီး. . နွေ့ဘက်လှည့်ကာ ဆလံပေးသွားလေသည်။

'တော်တော် မျက်နှာရှုးတဲ့လူ' ဟု စိတ်ဘွင်းကောက် ချက်ချရင်း မဲ့လိုက်သည်။

ပြီးမှ ပြုံးခြင်း၊ မဲ့ခြင်း၊ စိတ်တိုခြင်း၊ ကြည်နူးခြင်းစသော ပြုမူချက်တို့သည် ခံစားချက်တစ်မျိုးဖြစ်သည်။ ထိုခံစားချက်မျိုး ကို သူစိမ်းယောကျ်ားလေးတစ်ဦးနှင့်ပတ်သက်၍ နွေမခံစားလို။ ခံစားမှုမျိုး မဖြစ်စေရန်လည်း နွေ့ကိုယ်နွေ သတိနှင့်ဟန့်တား လိုက်ရသည်။

"ခစ်" ခနဲ့ မပွားရယ်သံသည် နွေ၏မျက်မှောင်ချိုထားမှု အောက်ဝယ် ပျောက်ကွယ်သွားသည်။

နွေဒေါသကို ဖြေဖျောက်လိုက်သည်။ နွေစိတ်ကို နွေ သာပိုင်စိုးချင်ပါသည်။ ဘယ်သူ့အတွက်မှ ခံစားမှုရသ အမျိုးမျိုး မခံစားချင်ပါ။ ပိုင်စိုးခြင်းကို နွေ လက်မခံနိုင်ပှါ။ အထူးသဖြင့် ယောကျ်ားများ။ အလွန်ချောမောသော ယောကျ်ားများ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၂ )

ညော့်ခန်းထဲ ခြေချမိသည်နှင့် တစ်ပြိုင်နက် ရင်ခုန်သံ နှစ်ဆမြန်သွားပြန်သည်။

ဆက်တီထက် အကျအန ခြေချိတ်ထိုင်ကာ နွေ့အား ပြုံးပြုံးကြီး ကြည့်နေသော သူ့ကိုတွေ့လိုက်ရသောကြောင့်ပင်။

အိမ်ရှေ့၌ ဆိုင်ကယ်မရတွေ့ပါဘဲလျက် သူရောက်နေ ခြင်းကို နွေ့အံ့အားသင့်သွားသည်။ အကယ်၍ နွေ့သာ သူ့ဆိုင် ကယ်ကို အိမ်ရှေ့၌ တွေ့မြင်လိုက်ပါလျှင် နွေ့ချက်ချင်း ပြန်လှည့်





ထွက်သွားမည်ဖြစ်သည်။

"မမ ကားရပ်ရင် အနှောင့်အယှက် ဖြစ်နေမှာစိုးလို့ ကျွန်တော့်ဆိုင်ကယ် အိမ်ဘေးမှာ ရပ်ထားခဲ့တာလေ. . ဟင်း . . ဟင်း"

နွေ့စိတ်ကို ဖောက်ထွင်းမြင်သည့်အလား သူပြောလိုက် သည်။ နွေ့အံ့ဩမှုကို မျက်နှာပြင်၌ မပေါ်လွင်အောင် တင်ထား ပါလျက် သူက ဘယ်ကဲ့သို့ သိမြင်စေသနည်း။

"ဒီ. . သူငယ် နှစ်ခေါက်တောင်ရှိပြီ သမီး"

"ဒီမှာ သမီးသူငယ်ချင်းစာ"

ကြီးကြီးကမ်းပေးသောစာကို ဟန်မပျက်လှမ်းယူလိုက် ပြီး ကြီးကြီးဘေး၌ ဝင်ထိုင်လိုက်သည်။

စားပွဲပေါ်တွင် တင်ထားသော ကြွပ်ကြွပ်အိတ်ထဲမှ သလဲကိတ် မုန့်ဘူးများကို လှမ်းမြင်လိုက်ရသဖြင့် မသူလက်ရာ မှန်း နွေ့ရိပ်မိလိုက်သည်။ နွေ့အကြိုက်ကို မသူသိနေသည်ပဲ. . ။

ကြီးကြီးက ညော့်သည်ကို ရွှန်းရွှန်းဝေအောင် ညော့်ခံနေ ချိန်တွင် နွေ့က စာကိုဖောက်ဖတ်လိုက်သည်။

*မီနွေ့. .*

*အခုစာယူထားတာ ငှါမောင်ဝမ်းကွဲပဲ၊ သူက မန္တလေး က ကျောင်းပြီးသွားပြီ၊ ဟိုယောင်ယောင် ဒီယောင်ယောင်နေ တယ် နင့်လိုပဲပေါ့. . .*

"ခွေးမစုတ်"

ဟု စိတ်ထဲ ကျိန်ဆဲရင်း ဆက်ဖတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



*ခြေထောက်ဖွေပါတော့ ငါ့ဆီရောက်လာပြီး ကြာကြာ မနေနိုင်ဘူး၊ ကျိုက်ထီးရိုးဘုရား ဖူးသွားဦးမယ်ဆိုလို့ ငါလည်းနှင့် ကို သတိရပြီး လွှတ်လိုက်တယ်၊ နှင့်အားကိုးနဲ့ပဲ ဆိုပါတော့. . ငါ့ မောင်လေးလိုအပ်တဲ့ အကူအညီတွေ နှင်ပေးလိုက်ပါ မိန္ဒေ ရယ်၊*

*အစက ငါကိုယ်တိုင်လိုက်ခဲ့ဦးမလို့ ဒါပေမယ့် သိတဲ့အ တိုင်းပဲ. . ငါ့ရဲ့ တိုးလိုးတန်းလန်းတွေနဲ့ မအားနိုင်၊ ဒါနဲ့ မလိုက် လာတော့ဘူး. .၊ ငါ့မောင်ကို နှင့်လက်ထဲပဲ စိတ်ချလက်ချ ယုံကြည်အပ်နှံလိုက်ပြီ၊ မကျိုးမတန်းရင် တော်ပါပြီ. . .*

*ငါ့မောင်လေး လိုအပ်တဲ့ အကူအညီတွေ ပေးလိုက် နော်၊ ချစ်ယောင်းမအကြိုက် ပုလဲကိတ်တွေ ထည့်ပေးလိုက် တယ်၊ ဒါပါပဲ. . .*

*မိသူ. .*

သက်ပြင်းသူခိုးချလိုက်သည်။

စာကိုအိတ်ထဲထည့်လိုက်ရင်း. .

"မိသူက သူ့မောင်နာမည်တောင် ထည့်မရေးလိုက်ဘူး လေ၊ ဒီတော့ မင်းကို ငါတို့က မိသူရဲ့မောင်အဖြစ် ဘယ်လိုလုပ် လက်ခံယုံကြည်ရမှာလဲ"

"ကျမ်းကျိန်ဖို့ လိုရင်လလည်း အသင့်ပါပဲ"

"ဩော်. . သမီးကလည်း အားနာစရာကွယ်"

"ကိစ္စမရှိပါဘူး ကြီးကြီး၊ မမပြောတာ မှန်ပါတယ်၊ မမ သူ့ကလည်း ပေ့ါပါတယ်၊ ဟုတ်သားပဲ. . တစ်ခါမှမမြင်ဖူးကြတဲ့ သူစိမ်းတွေပါ၊ ကွန့်မြူးမောင်ဆိုတဲ့ အမည်ထည့်ရေးပြီး ကုလား





လေး လွှတ်လိုက်လဲ မမတို့လက်ခံရမလို ဖြစ်နေပြီနော်. .၊ ကျွန် တော်အားနာလိုက်တာ"

လေကြောရှည်နေခြင်းကို နွေ မနည်းသည်းခံ၍ နား ထောင်နေရသည်။

သူစကားဆုံးသည်နှင့်. . .

"မင်း ဘာအကူအညီလိုချင်သလဲပြော၊ မိသူမျက်နှာနဲ့ ထိုက်တန်တဲ့အကူအညီဆိုရင် ငါပေးမယ်"

နွေသည် မျက်နှာထားကို တင်းတင်းထား၍ပြောလိုက် သည်။ ဤဒေသစကားအရဆိုလျှင် 'တုတ်'မျက်နှာနှင့်ဖြစ်သည်။

သူကတော့ နွေ့မျက်နှာနှင့်ဆန့်ကျင်ဘက်။ ကြည်လင် ဝင်းပနေသော ရုပ်အသွင်က သူ့ရုပ်ရည်ကို ပို၍ပံ့ပိုးပေးထား သကဲ့သို့ ဖြစ်နေသည်။

"မဟာကျေးဇူးတော်တင်ပါတယ် မမ၊ ခုတော့ဘာအ ကူအညီမှ မလိုသေးပါဘူး၊ လိုတော့ ပြောပါ့မယ်"

"တည်းခိုဖို့ရော အဆင်ပြေရဲ့လား၊ မောင်. . မောင် ဘယ်သူ"

သူ၏နာမည်သည် ကြီးကြီးလိုလူကြီးအတွက် လျှာလိပ် နေပြီထင်၏။ သူကပြုံးလိုက်သည်။ ဖြူသောအသားကြောင့်ထင် သည် နီထွေးသော နှုတ်ခမ်းပါးကလေးက တွန့်တွန့်ကလေးပြုံး သည်. . .

"ကွန့်မြူးမောင်ပါ ကြီးကြီး၊ အဲ. . ခေါ်ရခက်နေရင် လည်း အိမ်သားတွေ ခေါ်သလိုပဲ မြူးလို့ခေါ်လလည်း ရပါတယ်"

"မြူး၊ အေး. . ကောင်းတယ် မြူးပဲခေါ်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြ . . တည်းခိုရေး"

ကြီးကြီး ဆက်လာသောစကားအတွက် နွေ့ရင်ထိတ်သွားသည်။ ထို့ကြောင့် ကပျာကယာပင် . . .

"ဒီမှာက မိန်းမသားတွေချည်းပဲဆိုတော့"

"ဒီအတွက်တော့ မစိုးရိမ်ပါနဲ့မမ၊ ကျွန်တော်ကို မမသူ ပြောလိုက်လို့ သိပြီးသားပါ။ ဒါကြောင့် ဖေဖေ့မိတ်ဆွေတစ်ဦးရဲ့ အိမ်မှာ တည်းပါတယ်"

'ဟူး'ခနဲ ပင့်သက်မောနှင့်အတူ နွေ့ဘဝင်ကျသွားသည်။

"စားသောက်ရေးကတော့ ဒီမှာပဲလာစားပါလား မြ"

"ဒီအတွက်လဲ မပူပါနဲ့ကြီးကြီး၊ တည်းတဲ့အိမ်ကပဲ အကုန်စီစဉ်ပေးပါတယ်၊ တစ်ခုပဲ အကူအညီလိုချင်တယ်"

"ဘာများလဲမြ၊ ပြောပါ အားမနာပါနဲ့"

ကြီးကြီးက လောကွတ်များ ချောနေလေပြီ။

"ကျိုက်ထီးရိုးဘုရားဖူး သွားချင်တယ်၊ အဖော်မရှိဘူး ဖြစ်နေတယ် . . မမသွားရင် . ."

နွေ့က မဆိုင်းမတွပင် . . .

"ဘုရားဖူးသွားတာ အဖော်မလိုဘူး၊ လမ်းပြစရာလည်း မလိုပါဘူး၊ လူမပြတ်ပဲ အမြဲစည်ကားနေတဲ့ နေရာမျိုးပဲ၊ မျက်မမြင် တစ်ယောက်တည်း လွှတ်လိုက်ရင်တောင် ဘုရားရှေ့ ချောချောမောမော ရောက်သွားနိုင်တယ်"

"ဘယ်လို ပြောလိုက်တာလဲသမီး၊ မြကို အားနာစရာ ကွယ်"





"ကိစ္စမရှိပါဘူး . . ပြောပါစေကြီးကြီး၊ မမသူ သူငယ်ချင်းဆိုတော့ မမနွေ့ဟာလည်း ကျွန်တော့် အစ်မပါပဲ၊ ကျွန်တော် ဆိုလိုတာက ဒီလိုပါမမ၊ မမလည်း ဘုရားဖူးသွားတတ်တယ်လို့ မမသူက ပြောလို့ မမ မသွားရသေးရင် အဖော်စပ်တဲ့သဘောနဲ့ ပြောမိတာပါ"

နွေ့ငြိမ်နေလိုက်သည်။

"မမ ဖူးပြီးသွားပြီလား"

နွေ့ ခေါင်းခါလိုက်သည်။

"ဒါဖြင့် ကျွန်တော်သွားရင် မမပါလိုက်မလား"

"ဝါသနာ မပါဘူး"

"ဗျာ"

"ဟုတ်တယ်၊ သူစိမ်းယောက်ျားလေးတစ်ဦးနဲ့ အတူတွဲသွားဖို့ဝါသနာ မွေးကတည်းက ငါ့မှာ ပါမလာဘူး"

"ဩော် . . ဟော် . . ဟော် မမရာ တကယ့်စံပါပဲ၊ ကျွန်တော့်ကို သူစိမ်းလို သတ်မှတ်ထားတုန်းပဲလား"

အမိပ္ပါယ်မရှိ စကားကြောရှည်နေသောသူ့ကို နွေ့စိတ်တိုလာသည်။

"နွေ့ နားဦးမယ်ကြီးကြီး"

"ဟဲ့ . . နေပါဦး၊ ဧည့်သည်ကို အားနာစရာ"

ကြီးကြီးဟန့်တားမှုကိုပင် မသိဟန်ပြုလျက် သူ့ကိုလုံးဝ မှတ်ဆက်ဘဲ အိပ်ခန်းအတွင်းသို့ နွေ့ဝင်ခဲ့သည်။

ကြီးကြီးနှင့်သူ ဘာတွေပြောပြီး ဘာတွေသဘောကျကာ ရယ်မောကြသည်မသိ။ ရယ်မောသံများ နွေ့နောက်ပါးသို့ လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါလာသည်။

ကြောမီ ဆိုင်ကယ်စက်သံ ကြားလိုက်ရသည်။ ကွန့်မြူး မောင် ပြန်သွားပြီဟူသော အသိကပင် နွေ၏မွန်းကျပ်နေသော စိတ်ကို လွတ်လပ်ပေါ့ပါးသွားစေသည်။







# အခန်း (၃)

ကွန့်မြူးမောင်ကို ထမင်းစားဖိတ်ထားကြောင်း စောစီး ကြားသိခဲ့လျှင် နွေရှောင်ထွက်သွားနေလိုက်၍ရသည်။ ယခုတော့ ကွန့်မြူးမောင်ရောက်လာမှ သိသဖြင့် ရှောင်ရန်ခက်ခဲသွား သည်။

"ကြီးကြီး ထမင်းစားဖိတ်ထားလို့လေ၊ အားနာပါးနာနဲ့ ဒါနမြောက်အောင် လာစားရတာပါ"

အပြောလေးများက အမည်နှင့်လိုက်စွာ မြူးတူးနေ



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။

"ထိုင်လေ၊ ကြီးကြီးနောက်ဖေးမှာထင်တယ်"

ထိုးလက်စ သိုးမွေးများကိုခြင်းထဲ ပြန်ထည့်လိုက်သည်။

"မမ ကျိုက်ထီးရိုးဘုရား ဖူးဖြစ်သွားပြီလား"

"မဖူးရသေးပါဘူး၊ စာဖတ်ရင်း စောင့်လိုက်ဦးနော် ကြီးကြီးကိုသွားပြောလိုက်မယ်"

ပြုံး၍ ခေါင်းညိတ်လိုက်သည့် ကွန့်မြူးမောင်ကို ကျောခိုင်းလိုက်သည်။

သူ့အပြုံး၌ စွမ်းအားတစ်မျိုးရှိသည်။ ဆွဲဆောင်မှုကောင်းသည်။ အသည်းမခိုင်သူ မိန်းမသားများ ကြွေလောက်သည်။

"မြူးရောက်နေပြီလား၊ တို့ကျိုက်ထိုမှာ မပျင်းဘူးလားကွ"

ကြီးကြီး၏သမီးကြီး မမကြီးကထွက်လာပြီး စကားပြောလေသည်။

ကွန့်မြူးမောင်သည် နွေ့မှလွဲ၍ ကြီးကြီး၊ မမကြီး၊ မမလေး၊ မပွားတို့နှင့် ခင်မင်ရင်းနှီးသွားခဲ့လေပြီ။

"ပျင်းတယ်ဆိုတာ အလုပ်မရှိတဲ့လူတွေရဲ့ စကားတစ်ခုပါမမကြီး"

"ဒါဖြင့် မောင်မင်းကြီးသားက အလုပ်ရှိတယ်ပေါ့"

"ရှိတယ်လေ"

"ဆိုပါဦး ဘာအလုပ်များပါလိမ့်"

"မိဘပေးလိုက်တဲ့ မုန့်ဖိုးကို တာဝန်ကျေပွန်အောင် သုံး





ဖြုန်းပေးရတဲ့အလုပ်ပါ"

"ဩော်.. တော်တော်ကြီးလေးတဲ့ မဟာတာဝန်ကြီးပါလားဟော့၊ နွေ့ရေ နွေ့နဲ့ဘဝတူ တစ်ယောက်တိုးလာပြီးကော"

မမကြီးက ရယ်မောရင်း နွေ့ကိုပါ လှမ်းအသံပြုလေသည်။ ထမင်းစားခန်းနှင့် ဧည့်ခန်းကို ဝါးပုတီးလိုက်ကာသာခြားထားသည်ဖြစ်ရာ နွေ့မှာ မကြားချင်လည်းကြားရ၊ မမြင်ချင်လည်းမြင်နေရသည်။

ကြီးကြီး၊ မပွားနှင့်အတူ ထမင်းပွဲ ဝိုင်းပြင်ပေးရင်းမှ အပြုံးချိုချိုနှင့် စကားဆိုနေသော ကွန့်မြူးမောင်ကို အမှတ်မထင် ခိုးကြည့်မိသည်။

နွေ့တွေ့ဖူးသမျှ ယောကျ်ားများထဲတွင် အလှဆုံးတစ်ဦးတွင် ပါဝင်နေသည်။

အထူးသဖြင့် ရယ်မောလိုက်သောအခါ ညီညာသောသွားစွယ်တန်းများအပြင် သွားတက်နှစ်ချောင်းပေါ်သွားပုံကသူ့အလှကို ပို၍ဖြည့်စွက်ပေးသယောင်ယောင်။

"တို့ညီမချော နွေ့ကလည်း မင်းလိုပဲ၊ မဟာသိပ္ပံဘွဲ့အတွက် စာတမ်းသာတင်ပြီးသွားတယ် အလုပ်လုပ်ဖို့ဆိုတာ ခေါင်းထဲ ထည့်မထားဘူးတဲ့လေ၊ သူ့ဒယ်ဒီရဲ့ငွေတွေကို ထိုင်ဖြုန်းဖို့ပဲ တာဝန်ယူထားတာ"

နွေ့ဆန္ဒနှင့် လုပ်ရပ်တွေကို သိနေသောမမကြီးက မြူးအား ပြောလိုက်သည်။

နွေ့စာတမ်းတင်ပြီးသည်နှင့် မိခင်ဇာတိမြေကျိုက်ထိုသို့ သွားခဲ့သည်။ ကြီးကြီးသည် မာမီ၏အစ်မကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရည်မှန်းချက်မရှိသော နွေသည် 'ပဲကိုင်မှုမရှိသော လှေပမာ' ဦးတည်ရာမဲ့ လွင့်မျောလျက်ရှိနေထင့်။

"ဟိုမောင်နှမ. စကားကောင်းနေလိုက်တာ သွားခေါ်လိုက်ပါဦးသမီး"

ထမင်းပွဲအားလုံး ပြင်ဆင်အပြီးတွင် ကြီးကြီးက နွေ့ကို ခေါ်ခိုင်းလိုက်သည်။

နီးနီးလေးကို လှမ်းအော်လိုက်လျှင်ရပါသော်လည်း စနစ်ကြီးကာ မိန်းမပီသလွန်းသော ကြီးကြီးက မလိုအပ်ပဲ အော်ပြောခြင်းကို မကြိုက်တတ်။ ထို့ကြောင့် နွေ ဧည့်ခန်းသို့ ထပ်မံလှမ်းခဲ့ရပြန်သည်။

"မမကြီး ဧည့်သည်ထမင်းစားနိုင်ဖို့ အဆင်သင့်ဖြစ်နေပြီတဲ့ ကြီးကြီးခေါ်ခိုင်းလိုက်တယ်"

ကွန့်မြူးမောင်က မျက်လွှာအနည်းငယ်ပင့်သည့်ပြီး။

"မြူးကို ဧည့်သည်တစ်ယောက်လို မကျွေးနဲ့နော်၊ မမတို့ပါ ဝင်စားရမှာ"

မမကြီးက ဦးဆောင်ခေါ်သည်။ နွေက စောစောကချထားခဲ့သော သိုးမွေးခြင်းကို ကောက်ကိုင်လိုက်မိသည်။

"ဟင်. . နွေပါ တစ်ခါတည်းစားလေ၊ စောစောက ဆာလှချည်ရဲ့ဆို"

"မမလေးကို စောင့်မလားလို့"

"အို စောင့်မနေနဲ့. . သူက စားချင်စားခဲ့မှာ"

သူငယ်ချင်း၏ ရှင်ပြုအလှူတစ်ခု၌ ဝိုင်းဝန်းလုပ်ကိုင်နေသော မမလေးကို အကြောင်းပြု၍စောင့်ဆိုင်းရန် မဖြစ်နိုင်တော့ချေ။





"လာပါ ပိန္နဲကွင်း တာလပေါက ထပ်ထပ်နွေးရရင် မကောင်းဘူး"

နွေ မနေသာတော့။ ဒီလောက်အထိ နွေကတ်သတ်နေလျှင် မမကြီးတို့ စိတ်ညစ်နေပေမည်။ နွေစိတ်လျှော့လိုက်သည်။ ဆာလည်းဆာနေပြီ။

ကြီးကြီး၊ ကွန့်မြူးမောင်၊ မမကြီးနှင့် နွေတို့သည် လေးထောင့်စားပွဲတွင် နေရာယူလိုက်ကြသည်။ ပိန္နဲကွင်း၊ တာလပေါဟင်းတွင် နွေနှင့် ကွန့်မြူးမောင် မကြာခဏလက်ဆုံနေသည်။ နွေအလျှော့ပေးရသည်။

"ဒီဟင်းမျိုး အခုမှစားဖူးတယ်၊ မြူးတော့ တစ်သက်စွဲသွားပြီ"

"မင်းနဲ့နွေ အကြိုက်တူသွားပြီ၊ မိနွေဆို တစ်ခါချက်ကျွေးခိုင်းပါတယ်၊ ကောင်းမှန်းသိ သာအိတစိုစိုဖြစ်ပြီး ဒီဟင်းကို ရောက်တာတည်းက ချက်ခိုင်းနေတယ်လေ"

"ဟုတ်တယ် မြူးရဲ့၊ အဲဒီဟင်းဆိုရင် တစ်ခါတလေ ထမင်းမစားဘဲနဲ့တောင် ထိုင်သောက်တာ၊ ဒီတော့ မင်းမမနွေ မသောက်ရအောင် မင်းပဲ သောက်လိုက်တော့"

"ဟာ. . မလုပ်ပါနဲ့ နဂိုကမှ မြူးကို အကြောင်းမဲ့သက်သက် မကျေနပ်နေရတဲ့အထဲ အမုန်းပွားအောင် မလုပ်ပါရစေနဲ့"

နွေ နှလုံးသားကို ထိမှန်သွားစေသည်။

'အကြောင်းမဲ့သက်သက် မကျေမနပ်ဖြစ်နေရတဲ့အထဲ' နွေအပြုအမူတို့သည် အကြောင်းမဲ့သက်သက် တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



စောင်းနင်းဆန်ဆန်၊ အမျက်မာန်စောင်ကြီးသော မိန်းမရိုင်းအဖြစ်ကို ရောက်ရှိနေပြီလား. . .

အကယ်၍ ကွန့်မြူးမောင်သည် နွေ့အား သူ့အစ်မ မသူတဲ့သို့ အစ်မအရင်းသဖွယ် ခင်မင်တွယ်တာခြင်း ဧကန်ဖြစ်လျှင် နွေ့အပြုအမူသည် လွန်ကျူးသွားပြီဖြစ်သည်။ ရှက်ဖွယ်ကောင်းနေပြီလား. . လျှောင်ပြောင်စရာ ဖြစ်နေပြီလား။

"ဟော. . မမ မျက်နှာညိုသွားပြီ မြူးတကယ်မသောက်ပါဘူးမမရဲ့"

ကွန့်မြူးမောင်အသံသည် တွေဝေသွားသော နွေ့စိတ်ကို ပုတ်နှိုးလိုက်လေသည်။ နွေ့မျက်နှာကို မှန်တစ်ချပ်သဖွယ် ကြည့်နေသရော့လား။

"သောက်ကြစမ်း အားရပါးရ မပွားရေ တာလပေါ်ဟင်း ထပ်ယူခဲ့ပြီဟေ့"

ကြီးကြီးက တိုက်တွန်းရင်း အခြေအနေကို ထိန်းပေးလေသည်။ နွေဟန်ဆောင်ပြုံးရင်း. .

"သောက်ပါကွန့်မြူး အများကြီးရှိပါတယ်၊ မင်းတစ်ယောက်တည်း အကုန်မသောက်နိုင်ပါဘူး"

"ဟုတ်တယ်နော်. . အကုန်သာသောက်ရင် ဖူဇကာပုဏ္ဏားလို ဗိုက်ကားပြီး သေသွားလောက်တယ်"

ထမင်းဝိုင်း ပြန်လည်ဝေစည်သွားသည်။

"ဒါထက် မြူး မင်းကျိုက်ထီးရိုး တက်ပြီးသွားပြီလား"

"ဟဲ့. . တက်တော့လေ၊ တော်ကြာ ကဆုန်လပြည့်ဆိုရင်ပဲ ပိတ်ပွဲကျင်းပတော့မှာ"





နွေ၏ မေ့ထားသော အချက်ကလေး ခေါင်းပြူထလာသည်။ ကျိုက်ထီးရိုးဘုရား မဖူးဖြစ်သည်မှာ ရှစ်နှစ်ပင်ရှိနေပြီး ဒီနှစ် တက်ဖြစ်အောင်တက်လိုက်မည်။ မနက်ဖြန်ပဲ တက်လျှင် ကောင်းမည်ဟု တိတ်တခိုး ဆုံးဖြတ်လိုက်သည်။

"မပိတ်ခင်တော့ ရောက်အောင်တက်လိုက်ပါမယ် ကြီးကြီး"

နွေက ကွန့်မြူးမောင်ကို မသိမသာ အကဲခတ်လိုက်သည်။ အတွေးအိမ်ကိုများ သူသိမြင်သွားလေမလားဟုပင် ထိတ်သွားသည်။

"ကိုင်း. . မေမေ၊ မြူးကို အိမ်ရှေ့ခေါ်သွား အချိုပွဲ ပြင်ထားတယ်၊ လက်ဖက်သုပ်နဲ့ ကျိုက်ထိုအစားအစာ ကတွတ်ယိုပဲ"

"မမကြီးပါ သွားလေ၊ နွေပဲသိမ်းလိုက်မယ်"

နွေက တတ်နိုင်သမျှ ရှောင်ရှားရန် နည်းလမ်းရှာသည်၊ သို့သော်. . .

"ကျားသားမိုးကြိုး လုပ်နေကြလည်း မဟုတ်ဘဲနဲ့၊ သွားစမ်းပါ အေးအေးဆေးဆေးသာ စကားပြော"

မမကြီးက ပြောပြောဆိုဆိုနှင့် နွေ့အား တွန်းလွှတ်လိုက်သည်။ မလွှဲမကင်းသာတော့သဖြင့် နွေဧည့်ခန်းထဲ၌ ထိုင်လိုက်မိသည်။

"အဲတော့ ကျုပ်စကားကောင်းလို့ မဖြစ်သေးဘူး၊ မြူးတို့ဘက်အိမ်မှာ ဈေးစနည်းနာစရာရှိသေးတယ်၊ စားဦးနော်မြူး၊ ကြီးကြီးသွားလိုက်ဦးမယ်"

ပြောပြောဆိုဆို လှစ်ခနဲထွက်သွားသော ကြီးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း မြူးပြုံးလိုက်သည်။

"စိတ်ချ မြူးကအချိုပွဲပြီးမှ ပြန်မှာ"

ပြောပြောဆိုဆို လက်ဖက်အစ်ကို ကောက်ကိုင်လိုက်သော တွန့်မြူးမောင်ကိုကြည့်ပြီး နွေပြုံးလိုက်မိသည်။ အပြစ်တင်းသော ကလေးလေးတစ်ယောက်လိုပင်။

နွေ ရေနွေးငှဲ့ပေးလိုက်သည်။

"မင်းနဲ့ မသူက အဖေဘက်က တော်တာလား အမေဘက်ကတော်တာလား"

"အဖေဘက်ကပါ. . အဖေ့ညီရဲ့သားလေ မြူးကတစ်ကောင်ကြွက်မျက်နှာငယ်လေးပါ"

"ဟုတ်ရဲ့လား"

"ဘာကို ဆိုလိုတာလဲ"

"မျက်နှာငယ်လေးဆိုတာလေ တို့အမြင်တော့ မင်းမျက်နှာမငယ်ပါလား"

"အဟင်း. . ဟင်း. . ဟင်း. . မမက ရယ်စရာပြောတတ်သားပဲ ခံစားတတ်သေးတာကိုး"

"လူပဲကွာ ခံစားတတ်တာပေါ့"

ကွန့်မြူးမောင် လက်ဖက်အစ်ကို ချကာပြုံးလိုက်သည်။ သူ့အပြုံးသည် နှုတ်ခမ်းနှစ်လွှာ တင်းတင်းစေ့ပြီး ပြုံးသောအခါ တည်တံ့သောအပြုံး လျှို့ဝှက်မှုရှိနိုင်သောအပြုံးဟု နွေမှန်းဆမိသည်။

"မြူးက တစ်ကောင်ကြွက်ဆိုတော့ မမသူကိုလည်း အစ်မရင်းတစ်ယောက်လိုပဲ တွယ်တာမိတယ်၊ အစ်ကိုအရွယ်





တွေ့ရင် အစ်ကိုလို၊ အစ်မအရွယ်တွေ့ရင် အစ်မလို ချစ်ခင်မိတယ်၊ ဒါ မြူး အလွန်မဟုတ်ဘူး ထင်ပါတယ်၊ ဒါက တစ်ကောင်ကြွက်တွေရဲ့ တွယ်တာစိတ်ပဲ ထင်ပါတယ်နော် မမ"

"ကိုယ့်စိတ်နဲ့နှိုင်း မရိုင်းပါဘူး၊ တို့လည်းတစ်ကောင်ကြွက်ပဲ. . ဒါပေမယ့် မင်းလိုတော့ အတွယ်အတာ မများဘူး တစ်ယောက်တည်းနေရတာကိုပဲ သဘောကျတယ်"

"လူဆိုတာ ထီးတည်းနေလို့မရဘူး၊ ပတ်ဝန်းကျင်နဲ့ တင်းကွာနေတဲ့လူဟာ မှန်ကန်တဲ့အတွေးအခေါ်မျိုး ရှိလာမှာ မဟုတ်ဘူးလို့ မြူးထင်တာပဲ"

"ဒီလိုဆို လူဆိုတာပတ်ဝန်းကျင်၏ စိုးမိုးမှုကို ခံနေရတယ်လို့ မင်းဆိုလိုတာလား"

"အသေအချာပဲ. . ၊ စိတ်ဓာတ်ပျော့ညံ့သူတွေအတွက်တော့ ပတ်ဝန်းကျင်ဆိုတာ အကြီးမားဆုံး အုပ်ထိန်းသူပါ"

နွေငေးမောသွားမိသည်။ နွေပတ်ဝန်းကျင်၏ လွှမ်းမိုးမှုကို ခံနေရပြီလား။

ထိုစဉ် မမကြီးထွက်လာသည်။ အိမ်နောက်ဖေး ဗာရီယာတီစွတို့ ပြုတ်ခဲ့ဟန်တူသည်။

"စားလို့ကောင်းရဲ့လားဟေ့ မြူး"

"စားလို့လည်းကောင်း၊ စကားလည်းကောင်း နေတောင်ဝင်တော့မယ် မြူးသွားမှဖြစ်မယ်"

"ဘာဖြစ်လို့လဲ"

"အေးရိပ်ငြိမ်ဘက် စက်ဘီးလျှောက်စီးမယ်ဗျို့ ချိန်းထားလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူတွေနဲ့လဲ"

"ဒီရောက်ပြီးမှ မိတ်ဆွေဖြစ်လာတဲ့ သူတွေနဲ့ပါ၊ မမကြီး တို့ကော လိုက်ဦးမလား"

"တို့အတွက်တော့ စက်ဘီးစီးရတာ ရှိနေလို့ အပျော်ကြီးဆိုတာ မဖြစ်နိုင်တော့ဘူး၊ မင်းမမနွေကိုသာခေါ်"

ကွန့်မြူးမောင်က နွေ့မျက်နှာကို ခပ်ရဲရဲကြည့်ကာ. .

"မမ လိုက်မလား"

"မလိုက်တော့ပါဘူး၊ တို့စက်ဘီးမစီးတတ်ဘူး"

"ရန်ကုန်သူ စက်ဘီးမစီးတတ်မှန်း မြူးသိပါတယ်၊ မြူးခေါ်တာက မမကိုမြူး တင်နင်းသွားဖို့ပါ"

"ကျေးဇူးမဟာပါပဲ၊ ဝါသနာမပါဘူး"

ကွန့်မြူးမောင် ပြုံးလိုက်သည်။

"ဝါသနာပါလာတော့ ပြောနော်"

"သေတဲ့အထိ ပါမှာမဟုတ်ဘူး"

"စကားကို အကုန်မပြောနဲ့နော်၊ ဒါကြောင့် မမသူက ပြောတာ"

"ကြည့်စမ်း ဘာပြောသလဲ"

ကွန့်မြူးမောင်က ရယ်လျက် ခေါင်းခါရင်း အိမ်ရှေ့သံတံခါးကို တွန်းဖယ်လိုက်သည်။

နွေ မခံချိမခံသာဖြစ်ကာ. . .

"ဟော့. . ပြောလေ"

"ဟင့်အင်း မပြောတော့ဘူး၊ ပြောရင် မမစိတ်ဆိုးလိမ့်မယ်"





မမကြီးက နွေတို့နှစ်ယောက်ကိုကြည့်ကာ ရယ်မောလျက်

"နွေ့ကို အိပ်မပျော်အောင် ဖန်တီးသွားတာလားဟေ့"

ကွန့်မြူးမောင်က ဆလံပေးကာ. . .

"မဖန်တီးရက်ပါဘူးဗျာ၊ မသူကပြောတယ်. . နွေဟာ သလောက် အင်မတန်မာနကြီးတဲ့ မိန်းကလေးတဲ့"

ပြောပြောဆိုဆိုနှင့် လှစ်ခနဲ ထွက်သွားသောသူ့ကို နွေ ငေးလျက်သားကျန်ခဲ့သည်။ မမကြီးက မှတ်ချက်ချသည်။

"တော်တော်ခင်စရာကောင်းတဲ့ ကောင်ကလေး"

နွေတော့မထင်ပါ။ ဤအပြုအမူ အပြောအဆိုတို့သည် ယာများနေခြင်းဟူ၍သာ ထင်သည်။ မိန်းမများ မသိနိုင်စွမ်းသော ယောကျ်ားတို့၏မာယာများ ဖြစ်ကောင်းဖြစ်လိမ့်မည်ဟု ယုံကြည်သည်။

ယခု နွေစိတ်လှုပ်လှုပ်ရှားရှားဖြစ်အောင် သူပြောဆို သွားသည်။

စိတ်လှုပ်ရှားခြင်းသည် အချစ်၏ အခြေခံဟု အချို့က ဆိုကြသည်။

"အား"

တွေးရင်း အလှပန်းအိုးမှ နှင်းဆီခက်ကို ကိုင်လိုက်မိရာ သွားသည်။

"ဟင်. . ဘာဖြစ်လို့လဲနွေ"

"ဆူး စူးသွားလို့ပါ"

"ဩော်. . ဆူးကိုကိုင်ရင်တော့ စူးမှာပဲပေါ့၊ များသွားသ



www.burmeseclassic.com

www.burmeseclassic.com



လား”

နွေခေါင်းခါရင်း လက်ကိုင့်ကြည့်လိုက်သည်။

ဆုံးရှုံးသော အရာကိုကိုင်မိလျှင် ဆုံးရှုံးခံရမည်မှာ ဓမ္မ
တာပင်ဖြစ်သည်။ ‘ဆုံးရှုံးမခံလိုလျှင် ဆုံးကို ရှောင်ရှားရမည်ပင်







# အခန်း (၄)

တောရိုပ်တောင်ရိပ်၏ အေးမြမှုကို လှုပ်ရှားမှုတို့က
အနံ့တုလျှက်ရှိရာ နွေ ချွေးသီးချွေးပေါက်များ ထွက်လာသည်။

ရှေ့ရင်စို့ကို တက်ရမည့် လှေကားထစ်များကိုကြည့်ပြီး
အတယ်ပင် ရင်စို့လာသဖြင့် ခေတ္တမျှ အပန်းဖြေရန် ဝါးတန်း
သွားလေးထက် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

အေးမြသော လေတိုးမှုသည် နွေ့မျက်နှာတစ်ဝိုက်မှာ
ဖြစ်ပေါ်ရာ နွေဘေးသို့လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တင်"

"သိပ်မောသွားသလား မမ"

ကွန့်မြူးမောင်သည် သူ့ဦးထုပ်လေးဖြင့် နွေ့အားယပ်ခတ်ပေးလျက်ရှိသည်။

"မင်း. . မင်း"

တစ္ဆေသူရဲတွေ့သည့်နှယ် နွေလိပ်ပြာလွင့်မတတ် လန့်သွားသည်။ ဘယ်အချိန်က နွေ့အပါးရောက်လာမှန်း နွေမသိလိုက်. . . နွေ ဘေးတစ်တောင်ခန့်အကွာတွင် သူသည် မြိန့်မြိန့်ကြီးထိုင်လျက်ရှိသည်။ နွေ့အား ခပ်တည်တည်ကလေး စိုက်ကြည့်လျက်ရှိရာ နွေက တုတ်မျက်နှာပြုလျက်. . .

"မင်း ငါ့နောက်ကို တမင်လိုက်လာတာလား"

"ဟောဗျာ၊ မြူးက မမအရင် ဒီနေရာကို ရောက်နေတာ မမမောကြီးပန်းကြီး တက်လာပြီး မြူးဘေးမှာ ဝင်ထိုင်လိုက်တာ၊ အဲဒီတော့ ဘယ်လိုလုပ်ပြီး မမနောက်ကို မြူးလိုက်တာဖြစ်မလဲ၊ ဖြစ်ချင်းဖြစ် မြူးနောက်ကို မမလိုက်တာပဲ ဖြစ်မှာပေါ့"

"ဩော် ဟုတ်တယ်၊ မင်းနောက်ကို ငါက လိုက်ရမယ်"

နွေက ဒေါသဖြင့် ငေါ့လိုက်မိသည်။ တောက်တောက်ကျနေသော ချွေးများကို မွေးပွပဝါဖြင့် သုတ်လိုက်သည်။

"ဒါပေါ့ လူပျိုအမေ ဆန်တစ်အိတ်နဲ့ မန်းတောင်ရိပ်ခိုနေရတဲ့ခေတ်ကို"

"တော်စမ်း. . မောရတဲ့အထဲ ဘာတွေပြောနေမှန်းလဲ မသိဘူး၊ မင်းကို မသူမျက်နှာနဲ့မို့လို့ ဒီလောက်အထိ သည်းခံနေတယ်လို့မှတ်ပါ"





နွေ၏ မာန်မဲမှုစကားကို ကွန့်မြူးမောင်က ခပ်တည်တည်နှင့် ဆုံးအောင်နားထောင်သည်။ သူ့မျက်လုံးအစုံသည် မခံချင်စိတ်ဖြင့် မာနရောင်တောက်လျက်ရှိသည်။

"ဒီမှာမမ"

"ဘာလဲ"

"မမ စကားဆုံးပြီလား"

နွေခတ်မဆိတ်ပင် နေလိုက်သည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်း အမိပ္ပါယ်ဆောင်လေသည်။ နွေ ဘာမှမပြောသိုပါ။ ပြောလည်း မပြောချင်တော့။

"မမ တစ်ခုပဲ နားလည်ထားပေးပါ"

မျက်လုံးပေါ် အဖြေရှာမိသည်။ အစိမ်းရောင် တောက်နေသည်။ နွေမကြိုက်သော အပြုံးကို သူတစ်ချက်ပြုံးလိုက်လေသည်။ နှုတ်ခမ်းတင်းတင်းစေ့ကာ ပြုံးလိုက်သောအပြုံး။

"မြူး. . လောကမှာ မိန်းမတစ်ယောက်နောက်ကို တောက်ကောက်လိုက်ဖို့ အချိန်ဘယ်သောအခါမှ မပေးခဲ့ဖူး၊ ပေးမှာလဲ မဟုတ်ဘူးဆိုတာကိုပါ"

"ဘာ"

"မြူးစကားက ဒါပါပဲ"

နွေရင်ထဲ ခံပြင်းစိတ်ကြောင့် ဝုန်းခနဲ ထရပ်လိုက်မိသည်။

မိန်းမသားမာနကို စိန်ခေါ်ခြင်းပေလား။

"ဒီစကားအတွက် မင်းကို ကျေးဇူးတင်ပါတယ်၊ မင်းစကား မင်းမြဲမြဲမှတ်ထားပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို လှေကားထစ်များပေါ် ဒေါ်နှင့်တက်ခဲ့လေသည်။ ဒေါသဖြစ်ခြင်းသည် မောဟိုက်မှုကို ပိုစေတတ်သည်ထင်ပါသည်။ လေးငါးဆယ်ထစ် တက်ရုံမျှ ရှိသေးသည်။ မောဟိုက်နေပြီ။ သွေးကြောလှည့်ပတ်သံများကိုပင် ကျယ်လောင်စွာ ကြားနေရသည်။

ဒူးများ ညွှတ်ခွေကျမတတ် ညောင်းညာလာသည်။

မပွားက ရှေ့မှတက်သွားသည်ကို ဟန့်တားလိုသော်လည်း ကွန့်မြူးမောင်က အနားမှပါလာသဖြင့် မာန်မချလို။

"မမလေး ရသလား၊ ကျွန်မတွဲရမလား"

ခပ်လှမ်းလှမ်းမှနေ၍ လှည့်ကြည့်ပြီး မေးရှာသည်။

သို့သော် နွေ့ အဝတ်အပိုတစ်စုံနှင့် သူ့အဝတ်တစ်စုံကို ထည့်ထားသော ကျောပိုးအိတ်ကို လွယ်ထားသည့် မပွားကို ထပ်ဆင့်၍ ဝန်ပိုမပေးချင်တော့သဖြင့်. . .

'ရတယ်. . ဒါပေမယ် စောင့်ဦး. . 'ဟု ဖြေလိုက်သော်လည်း မပွားသည် မကြား၍လားမသိ ဆက်တက်သွားလေသည်။

"သိပ်ပင်ပန်းနေပြီလား၊ မြူး တွဲရမလား မမ"

ကွန့်မြူးမောင်အသံ အနားကပ်၍ပေါ်လာသဖြင့် နွေ့စိတ်တိုစွာ မော့ကြည့်လိုက်သည်။

အပြုံးဖြင့်. .

"မမသူငယ်ချင်းဆိုတော့ မြူးအစ်မပါပဲနော်၊ စေတနာနဲ့ မကြည့်ရက်လို့ ပြောတာ"

နွေ့ လက်တန်းကိုကိုင်ကာ အားပြုရပ်ရင်း ခေတ္တအ





မောဖြေပြီး. . .

"မိန်းမတစ်ယောက်နောက်ကို တကောက်ကောက်လိုက်ဖို့ ဘယ်သောအခါမှ အချိန်မပေးနိုင်ဘူးဆို၊ မင်းဘာသာခင်း ယောကျ်ားခြေလှမ်းနဲ့သွားတော့ ငါ့ကို စောင့်စရာမလိုဘူး"

မောဟိုက်သည့်ကြားက စိတ်ပေါက်ပေါက်ဖြင့် စကားကြောရှည်မိလိုက်သည်။

"ဩော် မမရယ်၊ မိန်းမတစ်ယောက်ဆိုတာ သူစိမ်းမိန်းမတွေကိုပြောတာ၊ စောစောက မြူးပြောပြီးပါပကော၊ မမသူငယ်ချင်းဆိုတာ မြူးအစ်မပါပဲလို့၊ ဒါကြောင့် မမအတွက်မြူးဟာ မောင်တစ်ယောက်အနေနဲ့ ကူညီနိုင်တယ်၊ အချိန်ပေးနိုင်တယ်၊ ပေးနိုင်အောင်လည်း တမင်လိုက်လာတာ"

"ဘာ. . တမင်လိုက်လာတာ"

ကွန့်မြူးမောင်က သွားစွယ်တန်းလေးများပေးအောင်ရယ်မောလိုက်သည်။ ဤရယ်မောမှုမှာ ပွင့်လင်းပြီး ကလေးဆန်သည်။ ရိုးသားဖြောင့်စင်းသည်ဟု နွေ့ထင်သည်။ နွေ့တဒင်္ဂငေးမောကြည့်လိုက်ပြီး ချက်ချင်းပင် မျက်နှာလွှဲလိုက်သည်။ လှေကားထစ်များကို ဆက်တက်ခဲ့သည်။

မြူးကထက်ကြပ်မကွာ လိုက်လာရင်း. .

"ဟုတ်တယ်မမ၊ မြူးတမင်လိုက်လာတာ မနက်စောစော မိုးလင်းမှာ ကော်ဖီသွားသောက်ရင်း ဈေးထဲရောက်တော့ကြီးက မမတောင်ပေါ်တက်သွားပြီလို့ သတင်းပေးတာနဲ့ မြူးအားချင်းလိုက်လာတာ၊ မမလိုအပ်တာတွေ အကူအညီပေးရအောင်လေ၊ ကြီးကြီးကလည်း လိုက်သွားလိုက်ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



နွေ ဘာမှမပြောသာတော့ ကွန်မြူးမောင် ထက်ကြပ်မကွာ လိုက်လာမှုကိုလည်း မပြောသာတော့ပေ။ ကြားထဲတမပွားကို စိတ်တိုမိသည်။ နည်းနည်းလေးမှ နောက်ကို လှည့်ကြည့်ဖော်မရတော့။ ကွန်မြူးမောင်ပါသည့်အတွက် စိတ်ချလက်ချဖြစ်သွားပုံရသည်။

ရွှေရင်စို့ကို မောဟိုက်ပင်ပန်းခြင်းကြီးစွာဖြင့် လွန်မြောက်လာသောအခါ ဝါးတန်းလျားလေး၌ ခြေကုန်လက်ပန်းကျစွာ ထိုင်လိုက်မိသည်။

"မမ ဘာလီသကြားလုံး ငုံလိုက်ပါလား"

"ရေသောက်ချင်တယ်"

မလွှဲသာတော့သဖြင့် သူ့အကူအညီကို နွေယူလိုက်ရသည်။

သူသည် သူ့ကျောပိုးအိတ်ထဲက ရေဘူးပြားကလေးကို ထုတ်စဉ်. .

"ဟင့်အင်း. . ဟိုရေအိုးထဲကရေပဲ သောက်ချင်တယ်"

တစ်ခွက် ၂၅ပြားဟု ရေးထားသော ရေအိုးကို ညွှန်ပြရင်းပြောလိုက်သည်။

"တောရိပ်တောင်ရိပ် ရေတွေမှာ ငှက်ဖျားပိုးပါရင် ဘယ်နှလုပ်မလဲမမ"

"အဓိပ္ပါယ်မရှိတာ တန်ခိုးကြီးဘုရားရဲ့ အရိပ်အောက်က ရေတွေမှာ ဘာရောဂါပိုးမှ မပါနိုင်ဘူး"

ကွန်မြူးမောင်သည် ဆင်ခြေထပ်မပေးတော့ဘဲ နွေ အလိုကျ သောက်ရေအိုးမှ ရေတစ်ခွက်ခပ်ပေးသည်။





နွေ ယူသောက်လိုက်သည်။ ရင်ထဲ အေးမြသွားသည်။ မဝသေး။

"ယူဦးမလား"

ကွန်မြူးမောင်က အလိုက်သိစွာမေးသည်။

"အင်း"

နောက်တစ်ခွက် ခပ်ပေးသည်။ သောက်လိုက်၏။ နွေကျပ်တန်ရှာစဉ်။ သူက ဆိုင်ရှင်ကို တစ်ကျပ်ပေးပြီးသွားလေပြီ။ သူကိုယ်တိုင်တော့ ဘူးပြားထဲတရေကို တစ်ငုံခပ်သောက်လိုက်သည်။ ပြီးလျှင် အိတ်ထဲပြန်ထည့်ပြီး နွေ့အား ဘာလီသကြားလုံးတမ်းပေးသည်။ အခွံပါ ခွာပေးသည်။

နွေက လှမ်းယူပြီး ငုံလိုက်သည်။ မထူးပါဘူး သူက အစ်မလို သဘောထားပါသည်ဟု ကြေညာပြီးနေမှတော့ မိမိက ဘာမှ တွန့်ဆုတ်နေစရာမလိုဟု နွေထင်သည်။

ဤကောင်လေးသည် လက်တွေ့သမား ဖြစ်ဟန်တူသည်။

ဘုရားရိပ်မှရေများသည် ငှက်ဖျားပိုး မရှိနိုင်ဆိုခြင်းကို သူယုံကြည်ဟန်မတူ. . .

"မြူးက ငှက်ဖျားအခံရှိတယ်မမ၊ ဒါကြောင့် ရေကျက်အေးပဲ သောက်လေ့ရှိတယ်"

နွေ့စိတ်ကို ဖောက်ထွင်းမြင်နိုင်သော အတတ်များရှိနေလေရော့လားမသိ။ နွေ့အတွေးကို ဖြေရှင်းချက် ထုတ်နေလေသည်။

"ဒါဖြင့် မင်းရေတွေငါသောက်လိုက်ရင် မင်းဘာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သောက်မလဲ"

"မသောက်ပဲ နေလိုက်မှာပေါ့၊ အဲ ရေနွေးဝယ်လို့ရရင် ရေနွေးဝယ်ရုံပဲရှိတယ်၊ ခက်တာလိုက်လို့ မမရာ"

'ဟုတ်သားပဲ' ဟု နွေပြုံးလိုက်မိသည်။

"အမောပြေရင် ဆက်တက်ရအောင်မမ ပူရင်ပိုမောမယ်"

"နေဦး မေးစရာကျန်သေးတယ်"

"ဘာလဲ မမ"

"ငါနောက်မှ လိုက်တက်တဲ့မင်းက ဘာလို့အရင်ရောက်နေတာလဲ"

"ဒါကတော့ ယောက်ျားခြေလှမ်းပဲ၊ မမကို အသာလေးဖြတ်ကျော်ခဲ့ပြီးမှ ပြန်စောင့်တာလေ"

"ဩော် ဒါဖြင့်လည်း ခု ငါ့ကိုမစောင့်ဘဲ တက်သွာပါလား၊ မင်း ခဏလေး ရောက်သွားမှာပေါ့"

"အဖော်နဲ့ဆိုတော့ စကားလေးတပြောပြောနဲ့ မောရမှန်းမသိ ပိုကောင်းတာပေါ့၊ မမကိုလည်း တမင်စောင့်ရှောက်ဖို့လိုက်တာပဲ၊ လာ. . ဆက်တက်ရအောင်"

နွေတို့ ဆက်တက်ခဲ့သည် လမ်းခရီး၌. . .

"သမီးတို့ လမ်းပြင်ထားပါတယ်၊ မုန့်ဖိုးလေး ထမင်းဖိုးလေး ပေးခဲ့ပါ"

လူမမယ် ကလေးအရွယ်များ၏ တောင်းရမ်းမှုကို နွေဘဝင်မကျနိုင်ချေ။

လမ်းပြင်ခြင်း၊ မြေဖို့ခြင်း၊ လှေကားထစ်ကလေးများ





ပြုလုပ်ပေးခြင်း၊ အမှိုက်သရိုက်များ လှည်းပေးခြင်းတို့ကို ပြုလုပ်ပေးပြီး အလှူခံပုံးများဖြင့် အလှူခံသူများကို ကြည့်မိတိုင်း နွေဘဝင်မကျနိုင်ခဲ့ပါ။

ကျောင်းနေချိန်တွင် ကျောင်းမနေဘဲ လွယ်လွယ်နှင့်ရသောငွေကြေးအပေါ် မက်မောတွယ်တာနေကြသည်။ ရေသာ့ခိုအချောင်လိုက်သော စိတ်ဓာတ်မျိုး ဝင်သွားပေတော့မည်။ နောင်ကြီးပြင်းလာသောအခါ ပညာမဲ့သဖြင့် အထမ်းသမားများ ဘဝဖြင့်သာ ပြီးဆုံးကြမည်လော။

နွေ သက်ပြင်းချလိုက်မိသည်။

"ဘာတွေများ ဘဝင်မကျ ဖြစ်နေတာလဲ မမ"

"ဩော် စောစောက ကလေးတွေလေ၊ ပညာသင်မယ့်အရွယ်မသင်ဘဲ လွယ်လွယ်နဲ့ရတဲ့ ငွေကြေးအပေါ် သာယာယစ်မူးပြီး ဘဝကို ကုန်ဆုံးပစ်ရမှာ နှမြောလို့ပါ၊ ငါတော့ အဲဒီလို အလှူခံနည်းမျိုး အားမပေးဘူး ဘယ်တော့မှလဲ မထည့်ခဲ့ဘူး"

ကွန့်မြူးမောင်က လက်ဖျောက်တစ်ချက် တီးလိုက်သည်။

"အိုကေ ကြိုက်သွားပြီး မြူးနဲ့မမ ခံယူချက်တူတယ်၊ တိုက်ထီးရိုးကို လာတိုင်းလာတိုင်း ဒီအချက်ကို မကြည်လင်ခဲ့ဘူး၊ မြန်မာလူမျိုးတွေက ဘာရယ်မဟုတ်ဘူး၊ လှူဒါန်းတယ်ဆိုတာ သဒ္ဓါစိတ်ပါရင် ပြီးတာပဲဆိုပြီး လွယ်လွယ်ကူကူလေး အကြွေစ ကျပ်တန်စ လှူလိုက်ကြတာပဲ၊ အဲ. . လှူသူအတွက် ဖြစ်လောက်တဲ့ အကြွေစေ့လေးတွေဟာ အဆိပ်ပင်ရေလောင်းလိုက်သလို ဖြစ်သွားကြမယ်လို့ မတွေးမိကြဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ဈတ်တောင်တစ်ခတ်ပဲ ကြည့်ချင်ကြတာကိုး မျက်စိတစ်ဆုံးမှ မကြည့်တာ၊ နားလည်တဲ့လူမျိုးတွေသာ ဆန့်ကျင်ကြမယ်ဆိုရင် အခြေမဲ့ကလေးတွေ ပပျောက်သွားနိုင်လိမ့်မယ် ထင်တာပဲလေ၊ ဟောကြည့် ဒီလိုလူမျိုးကျတော့ မမထူညီတယ်"

နွေသည် လက်တစ်ဖက်ပြွတ်နေသော်လည်း တစ်ဖက်တည်းနှင့် ကျောက်စွန်းတစ်ခုကို တူးဆွဖယ်ထုတ်နေသော သူ၏လမ်းပြင်လုပ်သား အလှူခံပုံးတွင် ကျပ်တန်အသစ်တစ်ရွက် ထည့်လိုက်သည်။

"မြူးလည်း ဒါမျိုးလှူတယ်"

ကွန့်မြူးမောင်တလည်း အားကျမခံ ကျပ်တန်အသစ်တစ်ရွက် ထည့်လိုက်သည်။

မသန်စွမ်းသူများ မျက်မမြင်များ သက်ကြီးရွယ်အိုများ၏ လမ်းပြင်ပေးမှုကို ကွန့်မြူးမောင်ကော နွေပါ စိတ်အားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြသည်။

အမှတ်မထင်သော စိတ်သဘောထား တိုက်ဆိုင်မှုလေးကပင်လျှင် နွေနှင့် ကွန့်မြူးမောင်ကို ရင်းနှီးခြင်းဟူသော တံခါးဝသို့ ပို့ဆောင်ပေးလိုက်သည့်နှယ် ဖြစ်သွားလေသည်။

"အမေ့"

မြေသားမှ စွန်းထွက်နေသော ကျောက်စွန်းတစ်ခုကို တိုက်လိုက်မိသဖြင့် နွေယိုင်သွားသည်။

သို့သော် နွေ့ကိုယ်လုံး မြေသားနှင့် မိတ်ဆက်ခွင့် မရလိုက်။ ကွန့်မြူးမောင်၏ လျင်မြန်ဖျတ်လတ်သောလက်ဝယ် အ





ရှပ်လေးသဖွယ် ပါသွားသည်။ နွေရပ်တည်သွားသည်နှင့် သူ့လက် ကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

"သိုင်းကျူး"

တဒင်္ဂလှုပ်ရှားသွားသော စိတ်ကို ထိန်းချုပ်ရင်း နွေ စကားဆိုလိုက်မိသည်။

"အဲဒီစကားက သူစိမ်းတွေကြားမှာသာ အနောက်တိုင်း ယဉ်ကျေးမှုအရ ကူးလူးဆက်ဆံနေတဲ့ စကားတစ်ခွန်းပါ၊ မမနဲ့ မြူးတို့ကြားသုံးဖို့ မလိုပါဘူး"

ကွန့်မြူးမောင်က နှုတ်ခမ်းတွန့်ရှုံ့ပြုံးပြီး ပြောလိုက်သဖြင့် နွေ နှောင်တရလိုက်မိသည်။ နွေသည်လည်း ဘယ်သောအခါမှ "သိုင်းကျူး" ဟူသော စကားကို မသုံးခဲ့ပါပဲလျက်။ ယခုမှ ညီကဲ့သို့ ထွက်သွားမှန်း မသိလိုက်ချေ။ ကျေးဇူးတင်ရှိခြင်းကို အပြုံးဖြင့်သာ ဖော်ပြခြင်းသည် လုံလောက်သော မြန်မာ့ဓလေ့ ဖြစ်သည်ဟု နွေထင်ပါသည်။

"ဟုတ်တယ် ငါမှားသွားတယ်၊ မင်းဟာ ငါ့မောင်ပဲ သူစိမ်းတွေမှ မဟုတ်ကြတာ"

နွေသည် အနာဂတ် ရှင်းသန့်စေသော စကားကိုဆိုလိုက်သည်။ ထိုအခါ ကွန့်မြူးမောင်သည် နွေမကြိုက်သော အပြုံးကို ပြုံးလေသည်။ နှုတ်ခမ်းကို ပိတ်ကာ တွန့်ရှုံ့ပြုံးလိုက်ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

"လိုအပ်ရင် မြူးကိုတောင်ဝှေးလေး တစ်ချောင်းလို သဘောထားပြီး တွဲနိုင်တယ်နော် မမ"

ကွန့်မြူးမောင် အပြောကို နွေ မသိကျိုးကျွံပြုထားလိုက်သည်။ နွေဝုန်းခနဲ ပစ်လှဲသွားချင် သွားပါစေ။ သူစိမ်းယောကျာ်း တစ်ဦးထံ အကူအညီ စတင်တောင်းခံလိမ့်မည် မဟုတ်ပါ။

မပွားကလည်း နွေ့အပါးမှာ ကွန့်မြူးမောင် ရောက်ရှိလာကတည်းက စိတ်ချလက်ချ ရှိသွားဟန်တူသည်။ အရိပ်





အရောင်မျှပင် မမြင်ရတော့။ သို့အတွက် သူမကို ပူပင်ရသော အလုပ်ပင် နွေ၌တိုးလာခဲ့သည်။

နဂါးပတ်ကွေ့အရောက် နေမင်း အစွမ်းကုန်ထွန်းလင်းလျက်ရှိရာ. . .

"မမ မြူးဦးထုပ် ဆောင်းလိုက်ပါလား"

"ရတယ်ကွ၊ တမင်မဆောင်းချင်လို့ မယူလာတာ ခေါင်းတိုလျှောင်ပိတ်ထားရင် ပိုမွန်းကျပ်လွန်းလို့ ခေါင်းမူးတတ်တယ်"

"ဟုတ်လား မြူးတော့ မမူးပါဘူး"

"ယောကျာ်းနဲ့ မိန်းမ ခံနိုင်ရည်ရှိမှုခြင်း ဘယ်တူပါ့မလဲ"

နွေ မောဟိုက်မှုကြောင့် အသာပင် ငြိမ်နေလိုက်သည်။ ကွန့်မြူးမောင်သည်လည်း အတန်ကြာနှုတ်ဆိတ်နေလေသည်။

"အား. . အား. ."

ပြော၍မှ မကြာသေး။ ညာဘက်ခြေထောက်ကို နာကျင်မှုသတ္တဝါဆိုးကြီးက ငုံခဲလေပြီ။ ရပ်တည်၍ပင် မရတော့။ ကိုယ်တွင်းချဉ်ဆီအားနည်းကာ အောက်ပိုင်း ချွေးထွက်နည်းသော နွေ့အတွက် မကြာခဏဖြစ်လေ့ရှိသော ကြွက်တက်ခြင်းဟူသော ဝေဒနာ နှိပ်စက်လေပြီ။

"ဟင်. . မမ၊ ဘာဖြစ်တာလဲ"

နွေ ထိုင်အချတွင် ကွန့်မြူးမောင် ပျာပျာသလဲဖြစ်ကာ ဒူးထောက်ထိုင်ချရင်း မေးလိုက်သည်။

နွေ မဖြေအား၊ ညာဘက်ခြေထောက်ကို အတင်းနှိပ်လိုက်သည်။ နာကျင်မှုအရှိန်ကြောင့် ချွေးသီးချွေးပေါက်တို့က မိုးအလား ရွှာသွန်းရင်းမျက်ရည်မိုးက စက်ကူချင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကွန့်မြူးမောင်က ခွင့်မတောင်းဘဲ. . .

"ကြွက်တက်တာလား၊ မြူးလုပ်ပေးမယ်"

နွေ့လက်ကို ဖယ်စေပြီး သူကိုယ်တိုင် နှိပ်ပေးသည်။

ထိုနာကျင်မှုကို ရှက်ကြောက်တုန်လှုပ်ခြင်းက အားဖြည့်ပေးနေသည်။

"အား. . ရတယ်၊ တို့ဘာသာနှိပ်မယ်"

နွေ့ ခြေထောက်ကို ပြန်ရုပ်သိမ်းယူသည်။

သို့သော် မရ။ နာကျင်မှုက မျက်ရည်ကိုပါ အဖော်ခေါ်လေပြီ။

"မြူးမှာ ဦးအုန်းစိန်ပါတယ်"

ပြောပြောဆိုဆိုနှင့် သူ့ကုဋ္ဌသယ ကျောပိုးအိတ်ထဲမှ ဦးအုန်းစိန် ကော်ပုလင်းလေးကိုနှိုက်ကာ နွေ့ခြေထောက်ကို ပွတ်လူးပေးလေသည်။

နာကျင်မှုဝေဒနာ သက်သာစတွင် နွေ့ ကွန့်မြူးမောင်ကို စေ့စေ့ကြည့်မိသည်။

နီထွေးသော နှုတ်ခမ်းကို တင်းတင်းစေ့ထားပုံမှာ ပိပိရိရိရှိလှသည်။ ယောကျ်ားတန်မဲ့ ဤလူဘာကြောင့်များ ဤမျှ ချောနေရပါလိမ့်။ သူ့လုပ်ဆောင်ပေးမှုသည် စေတနာပါကြောင်း တည်ကြည်သော မျက်နှာနှင့်လုပ်ရပ်က သက်သေခံနေသည်။

"အို. . မင်းလက်ကိုင်ပဝါနဲ့ ငရဲကြီးတော့မှာပဲ"

ကွန့်မြူးမောင်က သူ့လက်ကိုင်ပဝါနှင့် ကြွက်တက်သောနေရာ၌ ရစ်ပတ်ချည်နှောင်ပေးမှုကြောင့် အားနာစွာ ငြင်းပယ်လိုက်သည်။





"ငရဲကြီးရင် ငရဲကလေးကို နိုင်တာပေါ့၊ ကိုင်း ထကြည့်"

ကွန့်မြူးမောင်က ပြုံးရွှင်စွာပြောပြီး ထလိုက်သည်။ ပြီးတော့ နွေ့ကိုလက်ကမ်းပေးသည်။

ကမ်းလင့်သောလက်ကို နွေ မသိကျိုးကျွံ့ပြုလျက် မိမိဘာသာထလိုက်သည်။

"အိုကေ ရသွားပြီ"

ကွန့်မြူးမောင်က ပြုံးပြီး မလှမ်းမကမ်းရှိ ရေအိုးစင်ဆီသို့ လျှောက်သွားပြီး လက်ကို ရေဆေးလိုက်သည်။ တော်တော် စေ့စပ်သည့်လူဟု နွေ မှတ်ချက်ချလိုက်သည်။

"လျှောက်နိုင်ရဲ့လား"

"နိုင်ပါတယ်"

"ဖြည်းဖြည်းပဲလျှောက်"

"အင်း"

ကွန့်မြူးမောင် အကူအညီကို မလွဲမကင်းသာသဖြင့် နွေ သက်ခံလိုက်ရသော်လည်း နွေစိတ်ထဲ ဘဝင်မကျနိုင်ပါ။

'သည်ခြေထောက်ကလည်း နွေလယ်နေတောင် ကြွက်တက်ရတယ်လို့ ဖြတ်ပစ်လိုက်ရ' ဟုခြေထောက်ကို မကျေနပ်သလို. . 'အဲဒီမိပွားကလည်း အရေးဆို အနားမှာမရှိဘူး၊ ဒင်းသိမယ်' ဟု မပွားကိုပါ မကျေနပ်။

ယခုတော့ မရင်းနှီးချင်ဘဲ ရင်းနှီးခဲ့ရသည်။ မလိုချင်ဘဲ အကူအညီတွေ ရယူခဲ့ရသည်။ စိတ်ထဲ မွန်းကျပ်နေသည်။

ရွှေနန်းကျင် နတ်ကွန်းကို လွန်မြောက်သည်နှင့် ကျိုက်ထီးရိုးရင်ပြင်ကို တောက်လျှောက်မြင်နေရရာ နွမ်းနယ်မွတ်သိပ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်းခဲ့သမျှကို ယူပစ်လိုက်သည့်နှယ် ပျောက်ဆုံးသွားသည်။ အတော်ကြွလန်းဆန်း ကြည်ညိုသဒ္ဓါပွားခြင်းက စိတ်အစဉ်သို့ ဝင်ရောက်နေရာယူသွားလေပြီ။

ကွန့်မြူးမောင်ကို မသိမသာ ငဲ့စောင်းကြည့်လိုက်သည်။ စေတီကို လှမ်းကြည့်နေသော သူ့မျက်ဝန်းအစုံမှာ ဖိတ်ဖိတ်တောက်လျက်ရှိသည်။ ကြည်ညိုသဒ္ဓါပွားခြင်းဟူသော အရောင်က လင်းလက်လျက်ရှိသည်။ မျက်လုံးလှကာ စူးစူးရှရှရှိသည်။ နွေ တိတ်တဆိတ် မှတ်ချက်ချမိပြန်သည်။

"အမောကို ပြေသွားတာပဲနော် မမ"

"အင်း ဘုရားတန်ခိုးတော်ပေါ့"

ထိုစဉ် နွေတို့ဆီသို့ ကွန်ကရစ်လမ်းကလေးအတိုင်း ပြေးလာပြီး တစ်ခေါက်ပြန်လာကြိုသော မပွား၏ အပြုံးမျက်နှာလေးကို မြင်လိုက်ရသောတခဏ၌ နွေ၏ရင်တွင်း အဆိုင်အခဲတို့ ပျက်သုဉ်းသွားလေပြီ။

"မမလေးကို လာကြိုတာ"

"ရောက်နေတာ ကြာပြီလား"

"နာရီဝက်လောက်တော့ ရှိသွားပြီ၊ ရင်ပြင်တော်ပေါ်တော့ နှံ့သွားပြီး. . ပေး မမဖိနပ်"

ပျာပျာသလဲဟန်လေးဖြင့် နွေ့ထံမှ ဖိနပ်ကိုလှယူရာ. .

"နေပါစေ၊ ရပါတယ်"

ပေးပါ မမကလည်း ဆိုကာ အတင်းလုယူသွားသည်။ ပြီးတော့ ကွန့်မြူးမောင်ကိုပါ လှမ်း၍မျက်နှာလုပ်သည်။

"အစ်ကို ဖိနပ်ကော ပေးလေ"





"ရတယ်ချာတိတ်၊ လာလာဘုရားသွားဖူးကြရအောင်"

ကွန့်မြူးမောင်က မပေးဘဲ ရှေ့မှဦးဆောင်ထွက်သွားသည်။ ရင်ပြင်တော်အရောက်တွင် အာရုံခံတန်ဆောင်းသို့ ဝင်ကာ ခေါင်းချပြီး အာရုံပြု ဆုတောင်းမေတ္တာပို့ ရှိခိုးနေစဉ်. . .

ကွန့်မြူးမောင်ကတော့ ကျောက်တုံးကို ထိကပ်ပူဇော်ကန်တော့နိုင်လေသည်။ ယောကျ်ားနှင့်မိန်းမ ဘုန်းကံချင်းကမှ မတူညီနိုင်ဘဲ။

'ယောကျ်ားဘုန်းကံကို မိန်းမလိုက်မမီနိုင်ပါလား' ဟု နွေ တွေးမိကာ ယောကျ်ားဆုပန်မိလေသည်။ ကွန့်မြူးမောင်ကတော့ ဘုရားဆုပန်နိုင်ပေမည်။

တစ်ဆက်တည်း ဆုတောင်းမြဲဖြစ်သောဆုကို မမေ့မလျော့ တောင်းမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

"မမ"

"အင်"

ဘုရားရှိခိုးအပြီး ခြေပစ်လက်ပစ်ထိုင်ကာ မြင်တွေ့သမျှ မြင်ကွင်းများကို ငေးမောနေစဉ် ကွန့်မြူးမောင်ရောက်လာသည်။

"ဘယ်မှာတည်းမလဲ"

"ဩော် ဟုတ်သားပဲ၊ ဂေါပက အတွင်းရေးမှူးကတော့ စာရေးပေးလိုက်တယ်၊ တိဿမှာများ အခန်းရနိုင်မလား မသိဘူး"





နွေက စာထုတ်ပေးလိုက်သည်။ ကွန့်မြူးမောင်က လှမ်းယူရင်း. . .

"ရနိုင်ပါတယ် ဘုရားဖူး ပါးနေတာပဲ၊ ကျွန်တော်သွားသုပ်လိုက်မယ် မမနားနေခဲ့"

ပြောပြောဆိုဆိုဖြင့် သွက်လက်စွာထွက်သွားသော ကွန့်မြူးမောင်ကို နွေ တားဆီးခြင်းပင် မပြုလုပ်နိုင်လိုက်ချေ။ ငေးသျက်သားပင် ကျန်ခဲ့လေသည်။

သိပ်မစောင့်လိုက်ရ။ ချက်ချင်းပင် ပြန်ရောက်လာသည်။

သော့နှစ်ချောင်းအနက် နံပါတ်တစ်ဆယ်သော့ကို နွေ့အားပေးပြီး. . .

"ရော့ မမတို့က အခမဲ့ရခဲ့တယ်၊ အခန်းတစ်ဆယ်ယူအဲဒီကအလင်းရောင်းရတယ်၊ မြူးတော့ တစ်ရက်ခပေးပြီးငှားခဲ့တယ်၊ အခန်းဆယ့်တစ်၊ ကပ်ရက်ပဲ"

"မင်းသာ မိန်းကလေးဆိုရင်ကောင်းမှာ"

"ဗျာ ဘာဖြစ်လို့လဲ"

"ဩော် ငါးယောက်ခန်း တစ်ခန်းတည်းနဲ့ လုံလောက်သို့ပါ"

"မောင်နှမတွေဆိုလည်း ဖြစ်တာပဲမမရာ၊ ကိုင်း အခန်းမှာ ခဏနား ရေချိုးပြီး ထမင်းစားဆင်းရအောင် မြူးတော့ဆာနေပြီ"

နွေလည်း ဆာနေပြီ. . သို့သော်ညစ်ပတ်နေသော ခန္ဓာကိုယ်ဖြင့် ထမင်းမစားတတ်သောအကျင့်က ရှိနေသဖြင့် တည်းခို



www.burmeseclassic.com

www.burmeseclassic.com



ဆောင်၍ ရေအလျှင်ချိုးရန် ဆုံးဖြတ်လိုက်လေသည်။

အဆောင်ခန်းတွင်းသို့ရောက်တော့ ရေချိုးရန် အဝတ်အစားချွတ်စဉ် ခြေထောက်မှ လက်ကိုင်ပဝါကို နွေ့အသာဖြုတ်ယူလိုက်သည်။

နွေ့ ခြေထောက်ပတ်ပြီးသားကို ပြန်ပေး၍မသင့်တော်သဖြင့် နွေ့အဝတ်ဟောင်းနှင့်အတူ သိမ်းထားလိုက်သည်။

နောက်မှ အစားပြန်ဝယ်ပေးလိုက်သည်။

ရေချိုးပြီးနောက် ထမင်းဆိုင်များဘက်ဆင်းပြီး စားသောက်သည့်အခါ၌လည်း နွေ့တို့ကို သူပင်ဦးဆောင်သွားသည်။

ကျိုးကန်းပါးစပ်သို့ လိုက်ပို့ပေးပြီး မုဆိုးတောင်သို့တက်သည့်အခါ ကျဉ်းမြောင်းမတ်စောက်ပြီး၊ ချောက်ကမ်းပါးများလည်းရှိရာ ကွန့်မြူးမောင်၏ ဖေးမလက်တွဲမှုကို နွေ့လက်ခံလိုက်ရသည်။

ယောကျ်ားများသည် အဘယ်ကြောင့်များ ဦးဆောင်နိုင်သောစွမ်းအားကို ရရှိနေရပါလိမ့်ဟု နွေ့ တွေးရင်းမကျေမနပ်ဖြစ်နေသည်။ နွေ့တို့ မိန်းမသားများ၌ အမှောင်ခိုတတ်သောစိတ်ရှိ၍သာ ယောကျ်ားများ၏ ဦးဆောင်မှုကို လက်ခံနေမိခြင်းဖြစ်မည်။ သူတို့ အယုအယသည်မိန်းမသားများ၏ ကိုယ့်အားကိုယ်ကိုး စိတ်ကို အဆိပ်အတောက်ဖြစ်စေသည်ထင်။

ကွန့်မြူးမောင် တွဲထားသော လက်ကိုဖြုတ်လိုက်သည်။

သို့သော် ရှေ့သို့ သုံးလေးလှမ်းလှမ်းရန်ပင် နွေ့ခက်ခဲသွားသည်။ ကွန့်မြူးမောင်က လှမ်းဆိန်းကာ လက်တွဲလိုက်ပြန်သည်။





"မြူးကို အားနာနေသလား၊ မနာပါနဲ့ မြူးအတွက် မမကို တွဲရလို့ အပန်းမကြီးဘူး၊ မမက စိတ်က ဆောင်ပေမယ့် ခန္ဓာက မလိုက်နိုင်ဘူးဗျ"

ကွန့်မြူးမောင်အပြောကြောင့် မိန်းမသားများ၏ အသွေးအသားတည်ဆောက်ဖွဲ့စည်းပုံက ပျော့ညံ့၍အားကြီးသူယောကျ်ားများအပေါ် အလိုအလျောက်အားကိုးစိတ် ဝင်ခြင်းဖြစ်မည်။ သဘာဝကပေးသော အခြေအနေကြောင့် ဖြစ်ပေမည်ဟု နွေ့သည် ဖြေသာသော အတွေးဖြင့် ဖြေဖျောက်ကြည့်သည်။

နွေ့သက်ပြင်း ငွေ့ငွေ့ချလိုက်မိသည်။ နွေ့၏ ခံယူချက်တို့သည် ကွန့်မြူးမောင်နှင့်တွေ့မှ ပြောင်းစပြုလာခြင်းကို နွေ့ ရိပ်မိနေပြီ။ ဤအတွက် နွေ့ တုန်လှုပ်မိသည်. . ထို့ကြောင့် မလွဲသာ၍ယူမိသော ကွန့်မြူးမောင်၏ ယုယကူညီဖေးမမှုအပေါ် သာယာမှုမရှိစေရန် နွေ့ကိုယ်နွေ့ ဆုံးမရင်း ညဘက်၌ရင်ပြင်တော်ရှိ အာရုံခံတန်ဆောင်းတွင် အာရုံပြုအမိဋ္ဌာန် ပုတီးစိပ်နေလိုက်သည်။

ကွန့်မြူးမောင်လည်း နွေ့နည်းတူ စိပ်သည်ပင်။

ယခုခေတ် လူငယ်လူရွယ်တော်တော်များများသည် ဘာသာရေး၌ ယုံကြည်ကိုင်းရှိုင်းမှုရှိကာ လူကြီးများနည်းတူ ပုတီးစိပ်ခြင်း တရားထိုင်ခြင်းတို့ကို ရန်ကုန်ရှိ တရားရိပ်သာများ၌သည်းကောင်း၊ ဘုရားများ၌လည်းကောင်း နွေ့တွေ့မြင်ခဲ့ရသည်။

ကွန့်မြူးမောင်ကဲ့သို့ ခေတ်ဆန်ဆန်၊ ခပ်မြောက်မြောက်ပုံစံလေးသည်လည်း ဘာသာရေး၌ တလေးတစားရှိခြင်းကိုတော့ နွေ့အံ့သြခဲ့ရသည်။ မထင်မှတ်ခဲ့ပေပဲ။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီး၌ နွေမခန့်မှန်းနိုင်သော လူ့စိတ်များ အသွင်စရိုက်များ များစွာရှိနေပေလိမ့်မည်။

"လူရှင်းရင် ဆယ်နာရီဆို မီးပိတ်လိမ့်မယ် မမ၊ အခု ကိုးနာရီရှိပြီ ပြန်ရအောင်"

အရာရာကို သိရှိဂရုထားဟန်ဖြစ်သော ကွန့်မြူးမောင်ကို နွေအထင်မသေးဝံ့တော့ချေ။

"မနက်အာရုဏ်ဆွမ်း၊ ကပ်ဦးမလား မမ"

"အေး တို့အခန်းကို အသံလှမ်းပြုလိုက်၊ တို့ကစောစော မထတတ်လို့ ပြီးရင် တစ်ခါတည်းဆင်းမယ်၊ မင်းနေခဲ့ဦးမလား"

"မနေပါဘူး မမနဲ့လိုက်ဆင်းမှာပါ"

အဆောင်ဆီသို့ ပြန်ရင်း စကားပြောဖြစ်ကြသည်။

ရင်ပြင်ပေါ်တွင် ဟိုတစ်စု ဒီတစ်စုထိုင်ကာ စကားကောင်းသည့်ဝိုင်းကကောင်းသည်။ ကစားသည့်ဝိုင်းက ကစားနေကြသည်။

'အိပ်ရမှာတောင် နှမြောတယ်' ဟု နွေက စိတ်ထဲညည်းညူမှုကို ကွန့်မြူးမောင်က နှုတ်မှ ဖွင့်ဟလိုက်ရာ သူ၏အတွေးနှင့် ရှိနေခြင်းကိုပါ နွေအံ့သြရပြန်သည်။

"မြူးတော့ အိပ်ရမှာတောင် နှမြောတယ်"

"ဒါဖြင့် နေခဲ့လေ"

"မီးမပိတ်ခင် ဝင်တာပဲကောင်းပါတယ်"

သို့နှင့် အခန်းသီးသီးပြန်ခဲ့ကြသည်။

သို့သော် ထိုညက အိပ်ပျော်ခြင်းနှင့် နွေ ပဋိပက္ခဖြစ်ရသည်။ အာရုဏ်တက်ခါနီးမှ အိပ်ပျော်ခြင်းက နွေ့ကို အနိုင်ရ





သွားသည်။

"ဒေါက်. . ဒေါက်. ."

"မမ. . မမ. . အာရုဏ်ဆွမ်းကပ်ရအောင်လေ၊ ဆွမ်းဗန်းလာပို့နေပြီ"

ကွန့်မြူးမောင်အသံကြောင့် အိပ်မှုန်စုံမွှားနှင့် နွေ နိုးထလာခဲ့သည်။ မပွားကိုပါ နိုးပြီး. . .

"အေးအေး. . နိုးပြီ၊ တစ်ခါတည်း တန်းဆင်းရအောင်နော်"

"ဟုတ်ကဲ့. . မြူးတော့ အဆင်သင့်ပဲ"

နွေ ဝီရိယကောင်းသော ကွန့်မြူးမောင်ကိုပင် ကျေးဇူးတင်သွားမိသည်။ ယခင် မိမိတို့ချည်းလာစဉ်က အာရုဏ်ဆွမ်းကို အမြဲ မမီခဲ့ချေ။ အိပ်ရာထ နေမြင့်သွားသည်ချည်းပင်။

နွေတို့ ဘုရား၌ အာရုဏ်ဆွမ်းကပ် ရှိခိုးဆုတောင်း အမျှဝေပြီးသည်နှင့် တန်းဆင်းခဲ့ကြသည်။

ကွန့်မြူးမောင်သည် ဘုရားကို လှမ်းကြည့်ရင်း. . .

"တကယ်တမ်း ပြန်ရမယ်ဆိုတော့လဲ မပြန်ချင်သလိုပဲနော်"

"ဟုတ်တယ် တက်တုန်းကလည်း မောတယ် နောက်ဒီလောက်ပင်ပန်းတဲ့ခရီး ဘယ်တော့မှ မလာဘူး ဆုံးဖြတ်လိုက်ပေမယ့်၊ ဘုရားကိုမြင်လိုက်တာနဲ့ ပင်ပန်းသမျှတွေ ပျောက်သွားတော့တာပဲ ၊ ဆင်းလာရမှာလည်း မဆင်းချင်သလိုလို လွမ်းသလိုလို ခံစားရပြီး နောက်တစ်ခေါက် ထပ်မှန်းတော့ဒါပဲ"

နွေက ခံစားခဲ့ရသည်ကို အေးအေးဆေးဆေး ရှင်းပြ



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

ငါးနာရီပင် မထိုးသေးသဖြင့် မှောင်မိုက်နေသည်။ ကွန်မြူးမောင်က လက်နှိပ်ဓာတ်မီးဖြင့် နွေအား ဂရုတစိုက် လမ်းပြပေးလေသည်။

တောင်တက်ခရီးသည် မောဟိုက်မှုကို ပိုစေသကဲ့သို့ တောင်အဆင်းက ဒူးမခိုင် ခြေမခိုင် အရှိန်ဖြင့် ယိုင်လဲချင်သည်။ ခန္ဓာကိုယ် ထိန်းထားရသဖြင့် ခြေချောင်းကလေးများ နာကျင်လျက်ရှိသည်။

အပြန်ခရီး၌ ကွန်မြူးမောင် လမ်းထိန်းပေးသဖြင့် လဲမသွားခြင်းကို လေးကြိမ်တိတိ ခံခဲ့ရသည်။

စိတ်လှုပ်ရှားခြင်းနှင့် ကျေးဇူးတင်ခြင်းကို ရောထွေးကာ အပြုံးဖြင့် ကွန်မြူးမောင် ကူညီမှုကို အသိအမှတ်ပြု စကားဆိုလိုက်မိသည်။

"မင်းသာမပါရင် မမတော့ ဒူးပြဲပြီးပဲ ပြန်ရမလား၊ သွားကျိုးလေးနဲ့ပဲ ပြန်ရမလားတောင် မသိဘူးကွယ်"

"အဲ့ဒါ ဘုရားဖူးအဖော်ဆိုတာ လိုအပ်တယ်ဆိုတဲ့ သာဓကတစ်ခုပဲပေါ့နော်"

"မင်းက တို့စကားကို ပြန်ချေတာပေါ့ ဟုတ်လား"

"ချေပခြင်းတော့ မဟုတ်ပါဘူး၊ မမေ့သေးလို့ ပြောလိုက်မိတာ၊ မမ စိတ်ဆိုးသွားသလား"

"စိတ်ဆိုးတယ်ဆိုတာ မကျေနပ်မှ ပေါ်လာတာပဲ၊ မင်းပြောတာ မှန်နေတော့ စိတ်ဆိုးစရာ မလိုဘူးပေါ့"

နွေက အမှားကို ဝန်ခံလိုက်သည်။ ကွန်မြူးမောင်သည်





ပြုံးလျက်နှင့် ဝါးသေနတ်များရောင်းသော ဆိုင်ဆီသို့ ချဉ်းကပ်တာ. .

"သေနတ် ဝယ်ရဦးမယ်၊ အိမ်မှာ ချာတိတ်တွေ ရှိတယ်"

နွေကတော့. . .

"တို့ကတော့ ပြန်ခါနီးမှ ကျိုက်ထိုကပဲ ဝယ်တော့မယ် မိသူ လူဆိုးအတွက်လေ၊ မင်း ပြန်ခါနီးရင်လည်းပြော. . . တို့ လက်ဆောင်ပါးချင်လို့"

"ဟုတ်ကဲ့ မမ၊ လက်မြှောက်လိုက်"

နွေကို ဝါးစတင်းဂန်းနှင့် ချိန်ထားလေသည်။ နှုတ်ခမ်းကိုတင်းတင်းစေ့ပြီး ပြုံးနေသော ကွန်မြူးမောင် အပြုံးက နှစ်လိုဖွယ်အတိ။ သို့သော် သေနတ်ဒင်ကတော့ဖြင့် နွေကိုမျက်မှောင်ချီစေသည်။

"မချစ်ရင် သတ်ပစ်မယ်"

ဟူ၍ဖြစ်သည်။

"တို့က မချစ်ရင် မဟုတ်ဘူးလေ၊ နွေပါ"

"ဟုတ်လား"

ကွန်မြူးမောင်က သဘောကျစွာ ရယ်မောပြီး သေနတ်ကို တစ်လမ်းလုံး ဆော့ကစားလာသည်။ မိန်းမလှလေးများနှင့် လမ်းမှာဆုံလျှင် "ဒက်. . ဒက်" နှင့် ပစ်လိုက်သေးသည်။ တတယ်ကလေးတစ်ဦးလို လွတ်လပ်စွာ လှုပ်ရှားနေသည်ကို နွေ မသိမသာ အကဲခတ်နေမိသည်။

လူတစ်ယောက် ငါ့ကိုမချစ်ရင် နုတ်နုတ်စဉ်းမယ်ဟု ရေးထားသော ဓားတစ်စင်းနှင့် နွေမျက်နှာနား ရစ်ဝဲအပြီးတွင် ကွန်



www.burmeseclassic.com

www.burmeseclassic.com



မြူးမောင်က ထိုသူအား. .

"မထိန့် မင်းမိန်းမ မုဆိုးမ ဖြစ်သွားမယ်"

ဟု ရှုတင်းတင်းပြောပြီး သူ့ကျိုက်ထီးရိုး သေနတ်ကြီးနှင့် ချိန်ရင်း ပြောလိုက်သည်။ ထို လူငယ်က သူ့ဓားကိုပါ မြှောက်တာ. .

"မှားပါတယ်၊ ပိုင်ရှင်ရှိမှန်း မသိလို့ပါ၊ လက်နက်ကြီးတော့ အရှုံပေးပါတယ်"

ဟု ပြုံးတုံးပြုံးတဲပြောပြီး နွေ့တို့ရှေ့မှ ပြေးဆင်းသွားသည်။ သူ့အပေါင်းအသင်းများကလည်း ခုန်ပေါက် တွန့်လိမ်ရင်း ပြေးဆင်းသွားကြသည်။ ပါးစပ်ကလည်း ဟစ်အော်သွားကြသေးသည်။ 'ရ . . ဟု. . အု . . အု. . အု' ဟူသော လူရိုင်းတို့အသံ။

နွေ့က အသံထွက်အောင် ရယ်မောလိုက်ပြီးမှ သတိရကာ၊ ပါးစပ်ကို လက်ဝါးနှင့် ပိတ်လိုက်သည်။ ကွန့်မြူးမောင်ကို သတိရ၍ကြည့်လိုက်၏။ ထိုအခါ စူးစူးစိုက်စိုက် ငေးမောကြည့်နေသော ကွန့်မြူးမောင် မျက်လုံးနှင့် လှစ်ခနဲဆုံစည်းလိုက်ရသည်။

ကွန့်မြူးမောင်က ချတ်ချင်းပင် ဟက်ခနဲရယ်သံ ပြုလျက်. . .

"အဟတ်. . ကမ္ဘာမှာ ကိုယ့်ထက်ပေါရဲတဲ့သူတွေ ရှိပါသေးသလား"

ထိတ်ခနဲဖြစ်သွားသော ရင်အစုံသည် ကွန့်မြူးမောင် အပြောကြောင့် လွင့်ပြေးသွားပြန်သည်။ နွေ့သက်ပြင်းချလိုက်





ပြီး မျက်လုံးအစုံကို လမ်းသို့သာ ရှေ့ရှုလိုက်သည်။ ယခုခေတ်လူငယ်များ၏ ရဲတင်းသော သွက်လက်သော ပြောဆိုရဲသော အပြုအမူများအပေါ် လိုက်၍ စိတ်လှုပ်ရှားရမည်ဆိုလျှင် မလွယ်။ မိမိသာလျှင် ရူးသွားနိုင်လိမ့်မည်ထင့်။

သို့သော် ကွန့်မြူးမောင်သည် ထိုအရာကို ခပ်ပေ့ါပေ့ါလေးဖြင့် မေ့ပျောက်ပစ်မည့်လူစား မဟုတ်ကြောင်းကိုတော့ နွေ့မှန်းဆမိခဲ့သည်။ ကွန့်မြူးမောင်၏ အပြုံးနှင့် မျက်ဝန်း၌ ထူးကဲသော စွမ်းအားတစ်မျိုးရှိနေသည်ကို နွေ့ကိုယ်တွေ့ခံစားမှုဖြင့် နားလည်နေသည်။ နွေ့ရင်မှာ နွမ်းနယ်မောဟိုက်သည့်ပမာ ခံစားနေရသည်။ တောင်တက်၊ တောင်ဆင်း ခရီးပန်းမှုကြောင့်လား။

ဘာကြောင့်မှန်း နွေ့ မသိပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

“တင်. . မင်း မပြန်သေးဘူးလား”

စနေနေ့တိုင်း ကျိုက်ပေါလော၌ ပန်းသက်စေ့၊ ရေသက်စေ့ ကပ်လှူနေကြ ဖြစ်သည့်အတိုင်း ပူဇော်ခဲ့သည်။ ပြီးသည်နှင့် ကွန့်မြူးမောင်၏ စူးစိုက်သော မျက်လုံးအစုံနှင့် တန်းတိုးလေသည်။ ဤအကြိမ်တွင်တော့ နွေက ဦးအောင်နှုတ်ဆက်လိုက်သည်။

ကွန့်မြူးမောင်က အပြုံးအရယ်မရှိ ခပ်တည်တည်နှင့်

“မပြန်နိုင်သေးဘူး”





“ဘာဖြစ်လို့လဲ ဒီလော်ကပ်ပျင်းစရာကောင်းတဲ့ နေရာမှာကွယ် မင်းမို့နေနိုင်တယ်၊ ဒီကလူတွေတောင် ရန်ကုန်ကို သွားလည်နေကြတာ”

“မမကတော့ ဘာဖြစ်လို့ ဒီမှာလာနေသလဲ”

“ဒါက ငါ့အကြောင်းနဲ့ငါပါ”

“မြူးလည်း မြူးအကြောင်းနဲ့ မြူးပေါ့”

‘ဘာအကြောင်းလဲ’ ဟုမေးလိုက်သော်လည်း မမေးလိုက်တော့။

“ကျိုက်ထိုမြို့မှာ မြူးကို မပြန်နိုင်အောင် ဆွဲဆောင်နိုင်တဲ့ ဆွဲအားရှိနေတယ်”

“ဆွဲအား”

နွေသည် သံယောင်လိုက်ပြီးမှ ကွန့်မြူးမောင်၏ ဆိုလိုရင်းကို ရိပ်မိသလိုလိုရှိကာ စကားစ ပြန်ဖြတ်ရန် ကြိုးစားလိုက်သည်။ သို့သော် နောက်ကျသွားလေပြီ. .

“အဲ. . ယောကျာ်း တစ်ယောက်ရဲ့ ခြေထောက်တွေကို ချုပ်အောင် သွားအောင် လှုပ်ရှားပေးနိုင်ဆုံး ဆွဲအားဟာ ဘာလဲ၊ မသိတယ် မဟုတ်လား”

“မသိဘူး”

“အပေါင်း. . ဟင်း. . မမဟာ တော်တော်ဟန်ဆောင်ကောင်းတယ်”

နွေရင်ထဲ လှုပ်လှုပ်ခတ်ခတ်ကလေး ခံစားလိုက်ရသည်။ ထို့ကြောင့် ထပ်မံ ဝေဒနာ မတိုးပွားလာစေရန်။

“အေးလေ. . မင်းသိရင် ပြီးတာပါပဲ၊ ကိုင်း. . တို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



မယ်"

"ပြန်ပါ မမတို့အိမ်၊ မြူးအမြဲတမ်း ရောက်လာဦးမှာပါ"

"တို့အိမ်မဟုတ်ပါဘူး၊ ကြီးကြီးလဲ့အိမ်ပဲ မင်းသဘော ပေါ့"

နွေပြောပြောဆိုဆိုနှင့် လှည့်ထွက်ခဲ့သည်။ ကွန့်မြူးမောင် မည်ကဲ့သို့ ဖြစ်ကျန်ခဲ့သည်ကို နွေသိလိုသော်လည်း မကြည့်မိစေရန် လုံးဝ သတိထားလိုက်သည်။

ယောကျ်ားများအား ဆွဲဆောင်နိုင်ဆုံးအရာသည် မိန်းမဖြစ်သလို၊ မိန်းများအတွက် ဆွဲဆောင်နိုင်ဆုံးအရာသည် ယောကျ်ားဖြစ်သည်ဟု ကွန့်မြူးမောင် ဆိုလိုချင်ဟန်တူသည်။ မည်သို့ဖြစ်စေ နွေ ပြောလိုက်ချင်ပါသည်။ အရွယ်ရောက်ကာ ခံစားတတ်သော နှလုံးသားရှိသူ လူသားတစ်ဦး၏ ဘဝအစိတ်အပိုင်းကို ပြုပြင်ဖန်တီးနိုင်ဆုံး အရာတစ်ခုမှာ ၊ 'အချစ်' ဖြစ်သည်။ ထို့ကြောင့် နွေသည် 'အချစ်'ကို မုန်းတီးသည်။ လူတစ်ဦးဘဝပျက်အောင် ဖန်တီးနိုင်ဆုံးအရာမှာလည်း 'အချစ်' သာဖြစ်သည်။ အချစ်၏ ခါးသီးခြင်းကိုသာ ကြုံတွေ့နေရသော နွေ့အတွက် 'အချစ်' သည် မကောင်းဆိုးဝါးကောင်တစ်ကောင်သာ ဖြစ်သည်။

နွေ ခေါင်းကို မသိမသာ ခါယမ်းလိုက်သည်။ နွေ့ကားနောက်တွင် ကပ်ပါလာသော ကွန့်မြူးမောင် ဆိုင်ကယ်ကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွားသော နွေ့နှလုံးသားကို နွေသတိပေးလိုက်ခြင်းဖြစ်သည်။ ခေါင်းခါလိုက်ခြင်းဖြင့် နွေ နှလုံးသားပေါ်ခုန်တက်လိုသော အချစ်တို့ ပြုတ်ကျသွားမည်ဆိုပါက အဘယ်





မျှကောင်းလိမ့်မည်နည်း။

သို့သော် ကားကို ကျော်တက်ရင်း ဆလံပေးသွားသော ကွန့်မြူးမောင်ကို မကျေမနပ် မျက်မှောင်ချိကြည့်လိုက်မိ၏။ မကျေနပ်ခြင်းသည်လည်း စိတ်တွင်းလှုပ်ရှားမှုကို အသိအမှတ်ပြုခြင်း ခံစားချက်တစ်မျိုးပင်။

ကျိုက်ထီးရိုးပြတိုက်ကို လွန်လာပြီးမှ ဈေးသွားရန် သတိရလိုက်သည်။ ဈေးကြီးမှာ ဝယ်လိုက်လျှင်တော့ ရနိုင်သည်။ သို့သော် အသီးအနှံ လတ်ဆတ်ပေါများခြင်းသည် ရှမ်းဈေးမှာသာ ရှိနိုင်သဖြင့် ကားကိုကျောက်တိုင်စာကြည့်တိုက် ကြက်လျှာစွန်းအကွေ့တွင် လမ်းကြောင်းအတိုင်း ပြန်လှည့်လိုက်သည်။ သတိလက်လွတ် ဖြစ်မိကာ မိမိစိတ်ကိုလည်း နွေ မကျေမနပ်ဖြစ်မိသည်။

စိတ်ကို လွှတ်ပေး၍ မဖြစ်နိုင်တော့။ တရားစခန်းတွေဝင်လိုက်လျှင် ကောင်းမည်လား၊ စိတ်မပါလျှင် ကုသိုလ်မရဘဲ အကုသိုလ်တွေသာ ဖြစ်ဖို့များသည်။ ရှမ်းဈေး၌ ဈေးဝယ်ပြီး ပြန်လာသောအခါ အိမ်ရှေ့၌ ကွန့်မြူးမောင် ဆိုင်ကယ်ကို တွေ့လိုက်ရသည်။ စိတ်ရှုပ်ထွေးသွားသည်။

"ဟော. . မမလေးလာပြီ"

မပွားက နွေ့ဆီမှ ဈေးခြင်းကို အပြေးအလွှား လာဆတ်ကြိုဆိုလေသည်။ ဧည့်ခန်းထဲ နွေအရောက်၌ ကွန့်မြူးမောင်က မတ်တတ်ရပ်လိုက်ပြီး ခါးကို အနည်းငယ်ဆတ်၍ ညွတ်ကိုင်းလိုက်သေးသည်။ မလိုအပ်သော ဂါရဝပြုမှုအတွက် ... ချက်မုန်းကျိုးသွားသဖြင့် မျက်မှောင်ချိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အို. . ဘာကိစ္စ"

စောစောကတင် တွေ့ခဲ့ပြီးသောသူ အိမ်ရောက်လာခြင်းက သဘာဝမကျ။ မပြေမလည်စိတ်နှင့် မိုးတိုးမတ်တတ်ထနေလိုက်သည်။ ထိုင်နေလျှင် ဧည့်သည်က လေကြောရှည်နေဦးမည်။ သို့သော် ကွန့်မြူးမောင်က အကျအန ပြန်ထိုင်ရင်း. .

"ကြီးကြီးက မှာသွားတယ်၊ မင်းအစ်မတို့ပဲ ကျန်တယ်၊ မင်း မပြန်သေးရင် သွားစောင့်ရှောက်ပါ ဆိုလို့လာတာလေ"

ကြီးကြီးတို့ သားအမိသုံးယောက် မြန်မာပြည်အနှံ့ ဘုရားဖူးထွက်သွားကြသည်။ နွေ့ကို အိမ်စောင့်ထားခဲ့သည်။

"ဩော်. . ဩော်. . ကျေးဇူးတော်အထူး တင်ရမှာပေါ့"

နွေ့က ငေါ့လိုက်သည်ကို အပြုံးမပျက်. . .

"လူကြီးစကားဆိုတာ ရိုးမြေကျ နားထောင်သင့်တယ် မှတ်လား၊ ဒါကြောင့်ပါ"

"ကြီးကြီးတော့ သူမိုးစားရိုးကမ်းသွားပြီ ထင်တယ်"

နွေ့တမင်ပင် ဝိသလေးနှင့် ဘေးပစ်သော စကားမျိုးကို ပြောထည့်လိုက်သည်။ သို့သော် "နာ"ဟူသော စကားကို သူ တမင်ဥပေက္ခာ ပြုထားလိုက်ဟန်တူသည်။ အပြုံးမပျက်. .

"ဒါက မမအထင်ကို လူကြီးဆိုတာ လူငယ်တွေထက် အကဲခတ်တော်ပါတယ်၊ အတွေ့အကြုံကလည်း စကားပြောတယ်"

"ထားပါတော့၊ ကိုယ်ထင်ရင် ခုတင် ရှေ့နန်းပေါ့၊ ဒါပေမယ့် တို့ကိုစောင့်ရှောက်ဖို့ မလိုအပ်ပါဘူး၊ လောကကြီးမှာ မွေးလာကတည်းက တစ်ယောက်တည်းပဲ၊ သေသွားလည်း တစ်



ယောက်တည်းပဲ ခုလည်းအဖော်မလိုပါဘူး"

"လူရယ်လို့ဖြစ်လာရင် ပတ်ဝန်းကျင် အသိုင်းအဝိုင်းနဲ့ အဖော်ဆိုတာ ရှိတာပဲ၊ ကင်းကွာလို့ ရတာမှ မဟုတ်တာဗျာ၊ . . တစ်ယောက်တည်း မနေချင်ရင် ဘိက္ခုနီဝတ်ပြီး တောထွက်လိုက်ရုံပဲ ရှိတာပေါ့ဗျာ"

ကွန့်မြူးမောင်၏ အငေါ်အတူးစကားကို နွေ့က. .

"ဒီလောက်အထိ ပါရမီမရင့်သန်တော့ မင်းပြောသမျှ လိုက်ရတာပေါ့၊ ကိုင်း. . မင်းက အေးအေးဆေးဆေးနဲ့ ကြီးကြီးပေးအပ်တဲ့ တာဝန်ဝတ္တရားကို ထမ်းဆောင်တာဆိုရင် ထမင်းစားပြီးမှပြန်၊ တို့တော့ ချက်လိုက် ပြုတ်လိုက်ဦးမယ်"

လှပစွာ နှင်ထုတ်လိုက်မိသည်။

"မဟာကျေးဇူးပါပဲ၊ မစားတော့ပါဘူးမမ၊ မြူး ဒီအိမ်လာတာ အစားအသောက်အတွက် မဟုတ်ပါဘူး၊ မမအတွက်လာတာ"

"တို့အတွက်"

နွေ့က သံယောင်လိုက် လိုက်သည်။ ကွန့်မြူးမောင်က ပြန်ထပ်မပြောတော့ဘဲ ထကာ တံခါးဆီသို့ ခြေလှမ်းလိုက်သည်။ နွေ့ အသည်းယားသွားသည်။

"ဟိတ်. . ဒါဘာသဘောလဲ နေဦး"

"ဗျာ. . ဘာကိစ္စ ရှိသေးလို့လဲ"

မသိနားမလည်ဟန် မျက်နှာပေးဖြင့် နွေ့ဘက်လှည့်ကာ မေးလိုက်၏။ နွေ့ စိတ်ရှိလက်ရှိ ရိုက်ပစ်ချင်စိတ်ပေါက်သွားသည်။ သို့သော်. .

www.burmeseclassic.com

www.burmeseclassic.com



"မင်းစကားကို ဆုံးအောင်ပြောသွား"

"ပြီးပြီလေ"

"မင်း ဘာပြောသွားတာလဲ"

"ဟင်. . မမကို မြူးကနားပါးတယ် ထင်နေတာ"

"ငါ့နားက မင်းတို့လို ပရိယာယ်ကြွယ်တဲ့ စကားတွေ အတွက်ထုံထိုင်းနေတတ်တာ အမှန်ပဲ"

"မြူးပြောတာ ရှင်းရှင်းလေးပဲ၊ ဒါပေမယ့် မမ နားမဝ နိုင်ဘူးဆိုရင် ထပ်ပြောမယ်"

နွေ့ရင်ထဲ ခံစားမှုတို့ ပြင်းထန်နေသည်။ သူသည် နွေ့ အား ခံစားမှုအမျိုးမျိုးကို ပေးနေသည်ထင်။

"မြူးလာတာ မမအတွက်လို့"

"မလိုဘူး၊ ငါ့အတွက် လာစရာမလိုဘူးလို့ ငါပြောပြီး ပဲ၊ ငါ့ကိုယ်ငါ စောင့်ရှောက်လာတာ အသက်ပဲ အစိတ်ကျော်လ ပြီ"

"တိုးတိုးပြောပါ၊ သေမင်းကြားသွားမယ်"

နွေ့ စိတ်ရှိလက်ရှိ ကွန့်မြူးမောင်မျက်နှာကို ဆွဲကုတ် ချင်စိတ် ပေါက်လာသည်။ နွေ့စိတ်ကို အမျိုးမျိုး ဆွနေသည် လား။

"မမ တကယ်နားဝေးတယ်၊ မြူးဆိုလိုတာက မမသ ကို စောင့်ရှောက်ဖို့အတွက် လာတာလို့ပြောတာမဟုတ်ဘူး"

"ဒါဖြင့် ဘာလဲ"

"မမ စဉ်းစားကြည့်လေ စဉ်းစားတွေးခေါ် ဆုံးဖြ တတ်ခြင်းဟာ အသိဉာဏ်ကို ရင့်သန်စေတယ်တဲ့၊ ကဲ. . မြူး



ခွင့်ပြုပါဦးခင်ဗျာ"

"မင်း. . ပြောသွား"

ခါးကို ကိုင်းညွတ်ပြီး ခေါင်းတယမ်းယမ်း လုပ်ကာ. .

"မပြောချင်ဘူး"

"ငါ့ကို ဆန့်တငင်ငင်ဖြစ်အောင် လုပ်တာလား၊ ဒါဖြင့် မင်း ငါရှိရာနေရာကို ဘယ်တော့မှ မလာနဲ့တော့"

ကလေးဆန်စွာ နွေ့ပြောမိလိုက်သည်။

"သူတစ်ဖက်သားကို ဆန့်တငင်ငင်ဖြစ်အောင် လုပ်တာ မြူးဝါသနာလေ"

"မင်း. ."

နွေ့ ထိုင်၍ ငိုချင်စိတ်ပင် ပေါက်လာသည်။ သူ့ထံမှ တားကို နွေ့ ဘာကြောင့်များ မက်မက်မောမော ကြားချင်နေ ပါလိမ့်။

"မြူးကို ဘယ်သူမှ တားဆီးလို့ မရဘူးမမ၊ မြူးလာချင်မှ လာမယ်၊ သွားပြီ"

ပြောပြောဆိုဆို ချာခနဲ ပြေးဆင်းပြီး ဆိုင်ကယ်ကို က နှိုးထိုး မောင်းထွက်သွားသော မြူးကို မကျေမနပ်စိတ်ဖြင့် ဘတ်ခေါက်လိုက်သည်။

"တောက်. ."

အနိုင်နှင့်ပိုင်းသွားတာ၊ ကြောသွားတာဟူသော အ တွေးဆတို့ဖြင့် မကျေမချမ်း ဖြစ်ကျန်ခဲ့သည်။ တစ်ဆက်တည်း ကွန့်မြူးမောင်စကားတို့ကို ဉပက္ခာပြုရမည့်အစား အလေးအနက် ထားမိသောကြောင့် မိမိပင် အရှုံးဖြစ်ရသည်ထင့်။ သူက ယပ်ထွေ



www.burmeseclassic.com

www.burmeseclassic.com



ထေ့အပြုံး၌ အဆိပ်အခိုးအငွေ့များ ပါနေသည်ဟု နွေထင်နေ
သည်။

မိမိစိတ်ကို ပြန်လည်သုံးသပ်ကြည့်ကာ နွေအလွန်
ချည်းဟာ ထင်မြင်လာသည်။ နွေ သူ့စကားလမ်းကြောင်းထဲ
ဝင်သွားမိခြင်းက နွေ့အမှားသာ။ ယခုတော့ နွေသည် သူ၏
စကားကျော့ကွင်းအတွင်း လှလှပပကြီး သက်ဆင်းသွားမိလေပြီ
နွေ၏ ယခင်မာနနှင့် ဥပက္ခာတရားတို့သည် ဤချာတိတ်နှင့်မှ
ပျော့ကျရတော့မည်လား။

"မမလေး ဘာဟင်းချက်ရမလဲ"

"ချက်ချင်ရာချက်. . . သွား"

ကွန့်မြူးမောင်အပေါ် ထွက်နေသော ဒေါသ၊ မိမိကိုယ်
အပေါ် ထွက်နေသော ဒေါသစက်ကွင်းထဲသို့ မပွားဝင်ရောက်
လာသည်။

"ကြက်သားက ဆီပြန် ပြုလုပ်ထားရမလား၊ ပြုတ်ကြော်
လား"

"လုပ်ချင်ရာလုပ်၊ ငါ့လာမမေးနဲ့စမ်း. . သွား"

မပွား ခေါင်းကုတ်လေသည်။ အင်မတန် အစားအ
သောက်ဂျီးများကာ ကဂျီကချောင်ကြလွန်းသော နွေသည် ကိုယ်
တိုင်ချက်ရမှ ကျေနပ်လေ့ရှိသည်။ မချက်သည့်တိုင်အောင် ဩဇာ
ပေးလေ့ရှိသည်။ စီမံပေးလေ့ရှိသည်။

မပွားသည် အပြောင်းအလဲဖြစ်သွားသော နွေကို
ကြည့်ကာ စပ်ဖြဲဖြဲလေး ဖြစ်နေသည်။

အမှတ်မရှိ။





နွေကိုလည်း ချစ်သော မပွားက အအော်အငေါက်ကို
အပြုံးမပျက်ခံယူရင်း. .

"ဒီမနက် ကြက်သားတစ်မျိုးတည်းလား မမလေး"

"မပွား"

နွေစိတ်တိုစွာ အော်လိုက်မိသည်။

"ရှန်. . ."

နွေ မပွားမျက်နှာကို စေ့စေ့ကြည့်လိုက်တော့ မျက်
တောင်ကလေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ မျက်လုံးကလေး က
လည်ကလည်ဖြင့် ကြည့်နေသော မပွားသည် အပြစ်ကင်းစင်နေ
သည်။ နွေဒေါသတို့ ပြေပျောက်သွားသည်။ မဆီမဆိုင် လက်ပံ
သား စားနှင့်ချိုင်မိလေပြီ။

သက်ပြင်းမောတစ်ချက် ချလိုက်ပြီး. . .

"ကြက်သားကို ဆီပြန်ချက်၊ ဟင်းနုနွယ်ကြော်၊ ကန်း
စွန်းရွက်နဲ့ ပဒက်စာကို ဟင်းချိုချက်လိုက်တော့၊ ငါးဖယ်ကို အမြှု
ထည် ကြော်ထားလိုက်"

"ဟုတ်. ."

မပွားထွက်သွားမှ လေပူတစ်ချက် မှုတ်ထုတ်လိုက်
သည်။

"ဟူး. ."

အချိန်တွေကို သူစိမ်းယောကျ်ားတစ်ဦးအတွက် ဘာ
အတွက်များ ပေးမိနေလေသနည်း။ ထိုင်ရာမှ ထလိုက်သည်။
ဘုရားပန်းလဲလိုက်မည်။ အလုပ်တွေ ဆက်တိုက်လုပ်ပြီး စိတ်၏
လွတ်လပ်ခွင့်ကို ချုပ်ထိန်းပစ်လိုက်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com

သို့တိုင်အောင် နောက်တစ်ချိန် နွေထံ ကွန့်မြူးမောင် ရောက်လာပါက စကားတို့ အမှားအယွင်း မရှိအောင် သွေးအေး အေးဖြင့် ရင်ဆိုင်နိုင်စေရမည်ဟု ဆုံးဖြတ်လိုက်သည်။ မြို့မှ ဘာဖြစ်၍များ ကွန့်မြူးမောင်လာမည်ကို ထင်နေရသလဲ။ နွေ စိတ်တို့သည် ယောက်ယက်ခတ်လျက် ရှိနေပါလား။







# အခန်း ( ၈ )

"ပိုင်ရှင်...ရှိသေးတဲ့ အချစ်တစ်ခုလေးရယ်..
ပိုင်ရှင်..တိုယ်..ဖြစ်ဆိုတ်ချင်ပါတယ်..
ဒီတစ္ဆာခြေထဲဝယ်..ရှိသမျှထဲ..တစ်ခုထဲ
မင်းတို့ အမြဲတမ်းပိုင်ချင်တယ်"

နွေ မဂ္ဂဇင်းဖတ်နေရာမှ နားစွင့်မိလျက်သား ဖြစ်သွားသည်။ မနက်ခင်းက ကွန့်မြူးမောင်အပေါ် မကျေမနပ်မှုများက ညသို့တိုင်အောင် ပါလာဆဲဖြစ်ရာ အိပ်မပျော်နိုင်သေး၊ ဤ


www.burmeseclassic.com

www.burmeseclassic.com

ကြားထဲ လမ်းပေါ်မှ ပလက်ဖောင်းမင်းသားတို့၏ ဖျော်ဖြေရေး အစီအစဉ်တာ စ,နေသည်။

"ခွိ . . . ခွိ . . . ခွိ . ."

မပွား၏ ကျိတ်ရယ်သံကြောင့် နွေ မပွားရှိရာ လှမ်းကြည့်လိုက်သည်။ မပွားသည် မှောင်ရိပ်ကျကျ ပြတင်းပေါက်မှနေ၍ ခန်းဆီးလိုက်ကာပြင်ပကို ချောင်းကြည့်ပြီး ရယ်နေသည်။

"မပွား"

"ရှင်"

"ဘာကြည့်နေတာလဲ"

"ဟို . . ဟို . . အစ်ကိုမြူးတို့ ဆိုနေကြတာကို ကြည့်တာ"

"ဘာ"

နွေ ရုတ်တရက် အံ့အားသင့်သွားသည်။ မမျှော်လင့်သော ကိစ္စဖြစ်နေသည်။ ကွန့်မြူးမောင်သည် ဤမျှ ရဲတင်းလိမ့်မည်ဟု နွေမထင်ပါ။ ထိုင်ရာမှ ထလိုက်သည်။ မဂ္ဂဇင်းကို ပစ်ချလိုက်ပြီး အပြေးအလွှား စဉ်းစားလိုက်၏။ နွေဘာလုပ်ရမလဲ၊ ဘာလုပ်သင့်သလဲ၊ ဥပေက္ခာပြုရမည်။ သို့သော် ရုတ်တရက်တော့။

"ဘယ်နှစ်ယောက်လဲ"

"သုံးယောက်၊ အစ်ကိုမြူးက ဂီတာ တီးနေတယ်"

နွေ ရှိုကေ့ဆီသို့ လျှောက်သွားလိုက်သည်။ ကက်ဆက်ဖွင့်လိုက်သည်။ ပေါ့လ်ဂီတတေးသွားသက်သက် ဖြစ်နေသည်။ အခွေမပြောင်းဘဲ ခပ်ကျယ်ကျယ် ဖွင့်ထားလိုက်သည်။ ပြင်ပ





အသံများကို လွှမ်းမိုး အနိုင်ယူသွားလေပြီ။

"သွားကြည့်မနေနဲ့ မပွား"

"ဟုတ်"

"သွားအိပ်တော့"

"ဟုတ်"

မပွားကို ဣန္ဒြေမပျက် ဟန့်တား ပိတ်ပင်လိုက်ရသကဲ့သို့ ပြင်ပသို့ ကြည့်ချင်စိတ်များကို ထိန်းချုပ်ထားရ၊ စိတ်ကို ထိန်းချုပ်ထားရခြင်းသည် ရင်ကို လှိုက်ဖိုကာ မောဟိုက်လျက်ရှိချေသည်။

အာရုံတို့သည် မဂ္ဂဇင်းတွင်း၌ မြုပ်နှံ၍လည်း မရ။ ကက်ဆက်တေးသွားတွင်လည်း နားမဝင်။ တစ်ချက်တစ်ချက် ညင်သာစွာလွင့်ပျံ့လာသော ဂီတသံရှင်ထံ ရောက်သွားသည်။

"မပွား"

"ရှင်"

ကက်ဆက်သံကိုတိုးပြီး ခေါ်လိုက်သည်။ မပွားက အသံနှင့်အတူ လူရောက်လာသည်။

"မအိပ်သေးဘူးလား"

"ကာတွန်းဖတ်နေလို့"

'ဟိုကောင် ပြန်သွားပြီလား ချောင်းကြည့်လိုက်စမ်း' ဟု ပြောလိုသည့်စကားကို မျိုသိပ်လိုက်ပြီး။

"အဲ့ဒီအုပ်ပြီးရင် အိပ်တော့"

"ဟုတ်"

မပွား ပြန်ဝင်သွားသည်။ တခဏအကြာ မပွား အခန်း


www.burmeseclassic.com

www.burmeseclassic.com



မီးပိတ်သွားလေသည်။ (၆၀)တစ်ခွေစာ ဆုံးသွားဆဲပင် ဖြစ်သည်။ နာရီမော့ကြည့်လိုက်တော့ ဆယ်နာရီ ထိုးပြီးနေပြီ။ ကက်ဆက်ကိုမှ ပြီး အိပ်ခန်းထဲဝင်ခဲ့သည်။ မှန်တင်ခုံပေါ် တင်ကာ စိုင်းထီးဆိုင်၏ မောင့်အရိုင်းပန်း အခွေကို ထည့်ဖွင့်လိုက်သည်။

ပြင်ပမှအသံများ နွေ့အာရုံအတွင်း မဝင်အောင် တားဆီးလိုက်သည်။ သို့သော် ကြားအာရုံကိုသာ ရပေမည်။ မနော အာရုံကိုတော့ မတားဆီးနိုင်။

ကျိုက်ထီးရိုးတက်စဉ် အကြင်နာလက်ဖြင့် ဖေးမခဲ့သော ကွန့်မြူးမောင်သည် ယခု ဂီတလက်ဖြင့် နှလုံးသားတံခါးကို ခေါက်၍နေလေပြီ။

အချစ်ဆိုတာဘာလဲ. . .

စိတ်အာရုံကို စိုးမိုးနိုင်ခြင်းသည် အချစ်ပေလား။ အတွေးတို့ ဝင်ရောက်မွှေနှောက်မှုကို ခေါင်းခါခြင်းဖြင့် မောင်းထုတ်သည်။

နွေမှာ အချစ်မရှိပါ။

အချစ်သည် နွေ၏ မဟာရန်သူတော်ကြီး။

ရန်သူ၏ စိုးမိုးမှုကို နွေမခံနိုင်ပါ။ ဒေါသစိတ်ဖြင့် ထထိုင်လိုက်မိပြန်သည်။ ခေါင်းအုံးကို ထုရိုက်ပစ်လိုက်သည်။

နွေ့အတွက် အချစ်အလိုမရှိပါ။ နွေ ဘယ်သူကိုမှ မချစ်ဘူး။

ခေါင်းအုံးကို အဆက်မပြတ် ထုနေမိသော နွေ့လက်တို့သည် တဖြည်းဖြည်း နှေးသွားသည်။ မျက်ရည်တို့က နွေပါးပြင် တလိမ့်လိမ့်စီးဆင်းဖြတ်သန်းသွားသည်။ ခေါင်းကိုမော့





ကာ မျက်ရည်တို့ကို ခေါင်းခါယမ်းခြင်းဖြင့် မောင်းနှင်ပစ်လိုက်သည်။

နွေ စားပွဲအံဆွဲဖွင့်လိုက်သည်။ ငွေနားဘောင်ကွပ်ထားသော ဓာတ်ပုံလေးကို ယူကြည့်လိုက်သည်။

အင်မတန်ကြည့်၍ ကောင်းသော ယောကျ်ားနှင့် သာမန်လှရုံသာရှိသော အမျိုးသမီးတစ်ဦး၊ ယှဉ်တွဲရိုက်ထားသည်။ ယောကျ်ားလူချောကြီး၏ ရင်ခွင်ထဲ၌ ချီပိုးထားသည်က တစ်ခါလည် ကလေးလေးတစ်ဦး။

ဤ လူချောကြီးသည် နွေ ဖခင်ပင်။ ထိုဖခင်၏ အကြင်နာကို ဤဓာတ်ပုံလေး၌သာ တွေ့ရသည်။ ဤသည်ကလည်း နွေကို ချီထားသဖြင့် ကြံကြံဖန်ဖန် မှန်းဆသတ်မှတ်လိုက်ခြင်းဖြစ်သည်။

နွေမှာ သိတတ်စအရွယ်မှစ၍ 'ဖေဖေပြန်လာပြီ၊ ဖေဖေ ပြန်လာပြီ' ဟု သူများကလေးများနည်းတူ အော်ဟစ်ကြိုဆိုနိုင်မှု မရှိခဲ့ပါချေ။

တစ်ခါတစ်ရံမှ နွေအိပ်ပျော်နေချိန်လောက်တွင် ဒယ်ဒီသည် ရောက်လာဟန်တူသည်။ နွေ နိုးလာချိန်တွင် မရှိတော့ဘူး ဤသည်ကို ကလေးဘဝထဲက နွေသိမြင်ခံစားရသည်။ ဖခင်ရင်ငွေ့ကို တမ်းတခဲ့မိသော နွေ၏ ရင်၌ ဝေဒနာတစ်မျိုး အမြစ်တွယ်ခဲ့ဟန် တူသည်။

သို့သော် ငယ်စဉ်ကတော့ ဒယ်ဒီအလုပ်များနေ၍လားတူသော ကလေးအတွေးမျိုး တွေးခဲ့သော်လည်း နောက်ပိုင်း၌ နွေ အရာရာကို နားလည်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီသည် နွေ့ အန်တီလေးနှင့်လည်း အတူအိပ်သေးသည်။ ထို့အတူ အခြား၌လည်း သီးသန့်အိမ်များနှင့် အိပ်ဖော်မိန်းမတွေ အများကြီးရှိနေသည်ဟု နွေသိခဲ့ရသည်။

ကျောင်းနေစဉ်ဘဝမှ စ၍ အများနည်းတူ ဖခင်နှင့်ပတ်သက်၍ ခံစားလိုသော သာယာကြည်နူးမှု ဟူသမျှတို့သည် နွေ့ဘဝမှာ နွေလယ်အိပ်မက်နယ် ပျောက်ဆုံးနေခဲ့သည်။

နွေဆယ်တန်းအောင်သော နှစ်မှာပင် မာမီဆုံးသွားခဲ့သည်။

သေဆုံးသွားသော မယားကြီးမှာပင် ရက်လည်အောင် မနေနိုင်ခဲ့။ သင်္ဂြိုဟ်မည့်နေ့နှင့် ရက်လည်နေ့နှစ်ညသာ အောင့်အည်းနေခဲ့သော ဒယ်ဒီကို စိတ်နာစွာဖြင့် စေ့စေ့စပ်စပ်ပင် မကြည့်ခဲ့။ သို့သော် ရက်လည်နေ့ညက. . .

"သမီး နွေ . . လာဦး"

ဘီယာနံ့ သင်းပျံ့နေသော ဒယ်ဒီက နွေ့ကိုခေါ်သည်ကို. . .

"နွေ မအားဘူး"

နွေ၏ အကျေမနပ် တုံ့ပြန်မှုကို ဒယ်ဒီက သဘောကျစွာ ရယ်မောရင်း. . .

"တကယ်မအားတာလား၊ ဒီမှာ ဒယ်ဒီက သမီးဆယ်တန်းအောင်လို့ ဆုပေးမလို့၊ ဘာဆု လိုချင်သလဲဆိုတာ စဉ်းစားထား"

နွေရင်ထဲက ရှိတဲ့အတိုင်း ပြောလိုက်ရလျှင် ကောင်းမည်လား။ နွေလိုချင်သောဆုက နွေတို့အိမ်မှာ ထာဝရနေထိုင်





သွားရန် ဖြစ်သည်။ သို့သော် မဖြစ်နိုင်သော ကိစ္စပင်။

ထို့ကြောင့်. . .

"မစဉ်းစားဘူး၊ ဒယ်ဒီ ပေးချင်တာပေး"

ဟု မက်မောခြင်းမရှိစွာ နွေ ပြောခဲ့သည်။ တကယ်ဆို နွေလိုချင်သည်မှာ ဖခင်တစ်ဦး၏ မေတ္တာအကြင်နာနှင့်. . ယုယမှုများဖြစ်ကြောင်း မပြောဘဲ ဒယ်ဒီသိလျှင် အဘယ်မျှကောင်းလိမ့်မည်နည်းဟု နွေ မက်မက်မောမော တမ်းတခဲ့မိသည်။ သို့သော် ဒယ်ဒီသိအောင် နွေ ဖွင့်မပြောခဲ့။ ဖွင့်ပြောလျှင်လည်း ဒယ်ဒီ နားလည်မှုရှိမည်မထင်ပါ။ ဒယ်ဒီ၌ မေတ္တာမျှဝေပေးစရာ လူတွေအများကြီး ရှိနေသည်ပဲ။

သားသမီးမရှိသော နွေ့ကိုချစ်သော မာမီညီမ အန်တီလေးသည် မာမီကိုယ်စား နွေ့ကို စောင့်ရှောက်ခဲ့ပေသည်။ ဒယ်ဒီကလည်း အန်တီလေးဆီကိုတော့ လာမြဲပင် ဖြစ်သည်။

ဒယ်ဒီသည် သူ့ကတိအတိုင်း နွေဆယ်တန်းအောင်သည်နှင့် နွေ့အတွက် ဆန်နီတစ်စီး ဝယ်ပေးခဲ့သည်။ ဤသည်တိုင်ပင် နွေက မကျေမနပ်ဟန်ဖြင့်. .

"ဒယ်ဒီတို့ အန်တီလေးတို့ဆီမှာ နွေလတ်ဖြန့်ခံပြီး ကျောင်းစရိတ်တွေ မုန့်ဖိုးတွေ တောင်းမနေချင်ဘူး၊ နွေအတွက် ဘဏ်မှာ ငွေစာရင်းဖွင့်ပေးထားရမယ်"

"ဘဏ်မှာ ငွေထုတ်ရတာ ပိုပြီး စိတ်ရှုပ်စရာ မကောင်းဘူးလား"

"နွေတော့ အဲ့ဒီလို မထင်ပါဘူး၊ တစ်လတစ်ခါတော့ ဘယ်ထုတ်မလဲ၊ လေးငါးလစာ တစ်ခါထုတ်ထားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး သမီးရာ၊ ဒယ်ဒီလာတော့ ပေးမှာပေါ့။ မီးခံသေတ္တာထဲပဲထား"

"ဟင့်အင်း၊ နွေမထိန်းသိမ်းချင်ဘူး"

နွေ တမင်ကတ်ပြောနေခြင်း ဖြစ်သည်။ ဒယ်ဒီသည် ဘာလုပ်ငန်းနှင့် ကြီးပွားချမ်းသာနေသည်ကိုလည်း နွေ စိတ်မဝင်စား။ ဒယ်ဒီသည် အောင်မြင်သော စီးပွားရေးသမား ဖြစ်သည်ဟုသာ နွေမှတ်ယူထားလိုက်သည်။

နွေအတွက် ဘဏ်၌ ငွေစာရင်းဖွင့်ထားပေးခဲ့သည်။ ထို့အတူ နွေအတွက် လိုလေသေးမရှိ ဖန်တီးပေးခဲ့သည်။ ဘဏ်မှ ငွေကို နွေတစ်ခါမှ ထုတ်မယူခဲ့ရအောင် ဒယ်ဒီသည် အန်တီလေးထံ နွေ့အတွက် သီးသန့်ပေးထားလေ့ရှိသည်။

အန်တီလေးသည် သားသမီးမရှိသဖြင့် သူ့အချစ် ဟူသမျှတို့ကို ဒယ်ဒီနှင့် နွေအပေါ်၌သာ စုပြုံထားခဲ့လေသည်။

"သမီးနွေ လိုချင်တာရှိရင် ဒယ်ဒီကိုပြော ကြားလား၊ နွေက သိပ်အေးတာကိုး၊ အခြားသားသမီးတွေများကျတော့ ပူဆာလိုက်တာလွန်ရော၊ ငါ့သမီးလို တော်တဲ့သူကိုမှ ဒယ်ဒီက ဆုပေးချင်တာ၊ လိုတာကို မြိုမထားနဲ့၊ ဒယ်ဒီကို ပွင့်ပွင့်လင်းလင်းသာပြော ကြားလားနွေ"

နွေ ခေါင်းလည်းမညိတ်ခဲ့ ခေါင်းလည်း မခါခဲ့ဘဲ ဘာမှမပြောဘဲ နေလိုက်သည်။ ဒယ်ဒီ နွေ့အတွက် လိုလေသေးမရှိ လုပ်ပေးထားခြင်းသည် မေတ္တာပေလား ဒယ်ဒီက နွေကိုချစ်၍လားဟု နွေ တွေးကြည့်မိပြန်သည်။ မဟုတ်နိုင်။

ငွေကြေးစည်းစိမ်ပြည့်စုံအောင် ဖန်တီးပေးရုံဖြင့် မိဘ





တို့၏ ဝတ္တရားကျေပွန်ပြီဟု မယူချင်။

"မိန်းမတွေဟာ များသောအားဖြင့် ငွေမရှိရင် ပျက်စီးတတ်ကြတယ်၊ ယောကျာ်းတွေကျတော့ ငွေရှိရင် ပျက်စီးတတ်တယ်၊ ဒါသဘာဝပဲသမီး၊ ဒါကြောင့် ဒယ်ဒီ သမီးတွေကို မရှိဆိုတဲ့စကား မကြားရအောင် ဒယ်ဒီ ဖန်တီးပေးထားတာ"

တိုက်တိုက်ဆိုင်ဆိုင် ဒယ်ဒီ သည်လာချိန်နှင့် တိုးလျှင်တော့ ဒယ်ဒီသည် နွေ့အား စကားများများ ပြောတတ်သည်။ ထိုသို့ပြောသော စကားများမှာ ဒယ်ဒီရင်တွင်းမှ ပေါက်ပွားလာသော စကားဖြစ်လိမ့်မယ်ဟု နွေ မယုံကြည်။

အဘယ်ကြောင့်ဆိုသော် ဒယ်ဒီ ကိုယ်၌ ဘီယာနံ့ သင်းပျံ့နေတတ်သောကြောင့်ပင်ဖြစ်သည်။ ထို့ကြောင့် ဘီယာ စကားများဟု နွေယုံကြည်နေသည်။

နွေသည် ဒယ်ဒီနှင့်ပတ်သက်ပြီး ယောကျာ်းတွေအပေါ် ကျေမနပ် သံသယစိတ်ဝင်နေတတ်သည်။ ဒယ်ဒီ၏ အလှဟူသမျှတို့ကို အမွေရထားသော နွေသည်လည်း အချောအလှထွဋ်ခေါင် ဖြစ်ခဲ့သည်။ နွေအနီး ဝဲပျံလျှက်ရှိသော ပျားပိတုန်းများသာ ဒုနှင့်ဒေး။ သို့သော် ထိုသူများသည် နွေအလှကို မက်မောခြင်းသာဖြစ်ပေမည်။ အချစ်မပါဟု နွေယုံကြည်သည်။

နွေခံယူထားသည်တို့ရှိသေးသည် ဒယ်ဒီ၏ နံပါတ်စဉ်ပြိုင်များသည် ဒယ်ဒီလိုချင်တာထက် ဒယ်ဒီ့စည်းစိမ်နှင့် ဥစ္စာတို့ကို မက်မော၍ ဖြစ်မည်ဟု. . ။

အန်တီလေးကိုယ်တိုင်ပင် မာမီထံ ကျောင်းလာနေပြီး စာရေး လုပ်နေသည့်တိုင်အောင် ဒယ်ဒီ၏ ဆွဲဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com



ဝယ် မယားပြိုင်တစ်ဦးရာထူးကို ရယူသွားခဲ့သည်လေ။ အခြား လွတ်လွတ်ကင်းကင်းများနှင့် အိမ်ထောင်ပြုသင့်ပါလျက် မပြုဘဲ ဒယ်ဒီ၏ စည်းစိမ်ဝယ် နစ်မျောသွားခဲ့သည်။

ထို့ကြောင့် နွေ အန်တီလေးကို အစပိုင်း၌ စိတ်ဆိုးခဲ့ သည်။ အပြစ်တင်ခဲ့မိသော်လည်း ဒယ်ဒီနှင့် အန်တီလေးယူ လိုက်ခြင်းကပင် နွေ့အတွက် ဒယ်ဒီနှင့် အဆက်အသွယ်မပြတ် စေရေးအတွက် ကြမ္မာကပို့ဆောင်ပေးလိုက်သည့်ပမာ ဖြစ်နေ သည်။

"ဂျောက်"

ကက်ဆက် အလိုအလျောက် ခလုတ်ပိတ်သွားသံကြား မှ အချိန်တို့သည် စီခြောက်ဆယ်တစ်ခွေစာ ကုန်ဆုံးသွားသည် ကို သိလိုက်ရသည်။ အတွေးအိမ်၌ နစ်မျောရင်း အတိတ်ကို အလည်ရောက်သွားခဲ့သော နွေသည် နာရီကို ကြည့်လိုက်မိ သည်။ ည၌ (၁၂)နာရီကိုပင် ကျော်သွားလေပြီ။

ပြင်ပ၌ တိတ်ဆိတ်မှု ကြီးစိုးနေသည်။ ကျိုက်ထိုမြို့၏ နွေညကား ပြင်းထန်လွန်းလှသည်။ ချွေးနှင့်မျက်ရည် မဟာမိတ် ဖွဲ့နေသော မျက်နှာပြင်ကို ချွေးသုတ်လက်ကိုင်ပဝါဖြင့် သုတ်ပစ် လိုက်၏။

ခန္ဓာကိုယ်ပြင်ပ အစိတ်အပိုင်းများ၏ ပူလောင်မှုကို ဖြေ ဖျောက်နိုင်ရန် နည်းလမ်းအမျိုးမျိုးရှိသည်။ အတွင်းစိတ်၏ ပူ လောင်မှုကိုကော မည်သို့ဖြေဖျောက်ရမည်နည်း။ တရားနည်း ဖြင့်သာ ရှိပေသည်။

အိပ်ရာထက်၌ ညင်သာစွာ လဲလျောင်းရင်း တရားအ





တ်ကလေးဖြင့် 'ဖောင်းတယ် ပိန်တယ်' မှတ်ရင်း အိပ်ပျော် ခြင်းကို ဖိတ်ခေါ်ယူလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

စံပယ်ကြက်ရုန်းများက ခူး၍မနိုင်အောင်ပင် ပွင့်နေ
သည်။ နွေ နိုင်သံမှုခူးပြီး ထိုင်သိီနေစဉ် ဆိုင်ကယ်သံ ကြား
လိုက်ရသည်။

ကိုယ်တော်ချော ရောက်လာပြန်ပြီဟု သိလိုက်ရသည်
နှင့် စိတ်အေးအေးထားကာ ရင်ဆိုင်နိုင်အောင် ကြိုးစားနေရ
သည်။

"စံပယ်လိုသင်းပျံ့တဲ့ မင်္ဂလာနံနက်ခင်းပါ မမ ခင်ဗျာ"





စံပယ်နံ့အပြင် သင်းထုံမွှေးပျံ့သော ရနံ့များပါ ရလိုက်
သည်။

နှင်းဆီရနံ့. . .

နှင်းဆီရောင်စုံအစည်းကြီးကို စားပွဲပေါ်တွင် တင်လိုက်
ပြီး နွေနှင့် မျက်နှာချင်းဆိုင် ဆက်တီတွင် ဝင်ထိုင်လိုက်သည်။

"မနေ့က လက်ပြဘက် သွားမှာထားပြီး ဒီမနက်သွားယူ
ခဲ့တာ ကြီးကြီးက ညည်းလွန်းလို့ ပိုက်ဆံရှိပါရဲ့နဲ့ နှင်းဆီပန်း
တွေ လိုချင်သလောက် လိုချင်တဲ့အမျိုးအစားမရနိုင်ဘူးတဲ့လေ၊
ဒါကြောင့် မနေ့က မြူးလည်း သူငယ်ချင်းတစ်ယောက်နဲ့ စကား
စပ်မိတာနဲ့ လက်ပြမှာရတယ်ဆိုလို့ သွားမှာတာ၊ ကိုင်း. . ဘုရား
တင်လိုက်နော် မမ"

အချိန်ဒါန်းနှင့် ပန်းပေးရခြင်း ဋီကာကို ဖွင့်လိုက်သေး
သည်။

"ရတယ် သစ္စာပန်းတွေ တင်ထားတယ်၊ မင်းအိမ်ဖို့သာ
ယူသွား"

"မြူး တည်းတဲ့အိမ်က ခရစ်ယာန် မမရဲ့၊ ဒါကြောင့်
မြူးမှာ ဘုရားရှိခိုးချင်ရင် ကျိုက်ပေါလောကို ပြေးနေရတာ"

"ဒါဖြင့် ခုလည်း အဲဒီမှာ သွားကပ်လိုက်ပါလား"

"မမကလည်းဗျာ ကတ်စရာမရှိ ကြံဖန်ကတ်သတ်နေ
တယ်၊ ဒါဖြင့် မြူးကိုယ်တိုင် ခု ဘုရားပန်းလဲလိုက်မယ် မပွားရေ"

ကွန့်မြူးမောင်က ပြောသည့်အတိုင်း လုပ်မည့်ပုံနှင့်
ထိုင်ရာမှ ထလိုက်သည်။ ပန်းစည်းကိုပါ လှမ်းယူလိုက်သည်။

'ရှန်' ဟူသောအသံနှင့်အတူ မပွားရောက်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နွေကပင် ဦးအောင်. . .

"နှင့်အစ်ကိုဆီက ပန်းတွေယူပြီး ရေပုံးထဲမှာ စိမ်ထားလိုက်၊ နောက်ပြီးမှ ငါတင်မယ်"

"ဟုတ်"

"သြော်. . နှင့်အစ်ကိုအတွက် ကော်ဖီနဲ့မုန့်ပါ ယူခဲ့ပါဦး"

"ဟုတ်"!

မပွား ပြန်ထွက်သွားသည်။ နွေ ဘာကြောင့်များ စေတနာပိုမိသလဲ။ သူ မနက်စာ မစားရသေးသည်ကို နွေ မှန်းသိနေသည်။ အဘယ်ကြောင့်ဆိုသော် ညသန်းခေါင်းနီးပါးမှ ပြန်သွားပြီး မနက်စောစော လက်ပြဘက်သို့ ပန်းသွားယူသည်ဆိုသော သူသည် ဘာမှစားပြီးဟန် မတူ။

"မပွားရေ ကြောင်အိမ်ထဲမှာ ပဲပြုတ်နဲ့ နံပြားပါရှိတယ် ညှပ်ပြီးယူခဲ့နော်"

"ဟုတ် မမလေး"

ကွန့်မြူးမောင်သည် နွေအား အထူးအဆန်း သဖွယ် ကြည့်နေသည်။ ပြီးမှပြုံးလိုက်သည်။

"ဒီနေ့ ထူးဆန်းနေတယ်၊ နေပူမယ် ထင်တယ် အတော်ပဲ မြူးဘာမှ မစားခဲ့ရသေးလို့ ဆာနေတာနဲ့"

"အတုံ့အလှည့်ပေါ့ ကျိုက်ထီးရိုးမှာတုန်းက မင်းချည်းပဲ တကာခံသွားတာလေ အဲ့ဒီအကြွေး တို့ပြန်ဆပ်တာ"

"ဒီလိုဆို လိုသေးတယ်၊ အဲ့ဒီတုန်းက မြူးကျွေးတာ စေတနာမေတ္တာအကြင်နာတွေပါတယ်၊ အဲ့ဒါကို မမ ဘယ်လို





ဆပ်မလဲ"

တစ်ခါတလေပျဉ်ဖိုး နားလည်နေလေပြီ။ စိတ်ကို ထိန်းချုပ်ကာ စကားအမှားအယွင်းမရှိအောင် ဂရုစိုက်ရလေသည်။ ထို့ကြောင့် ခပ်အေးအေးပင်။

"စေတနာကို စေတနာနဲ့ပဲ ဆပ်တာပဲလေ"

ကွန့်မြူးမောင်သည် ခပ်တည်တည်ပင် နွေအား စူးစူးရဲရဲကြည့်နေသည်။

ပန်းသီနေသော နွေလက်ကို မတုန်ခါစေရန် သတိထားလိုက်ရသည်။ မေးချင်နေသောစကားတို့ကို မျိုသိပ်ထားရာမှ သိဟန်ဆောင်နေသည်မှာ ပင်ပန်းလွန်းလှပြီ။

တစ်ခါတစ်ရံ မိန်းမသားများက သိချင်၍ဖြစ်စေ၊ မကျေနပ်၍ဖြစ်စေ မေးလိုက်သော စကားများသည် ယောကျ်ားများ၏ အိပ်ပျော်နေသော နှလုံးသားကို ပုတ်နှိုးလိုက်သကဲ့သို့ ဖြစ်သွားတတ်သည်။ ထို့ကြောင့် နွေအဲတတ်နိုင်ဆုံး ဆင်ခြင်၍ နေလိုက်သည်။

တစ်ပွင့်ပြီးတစ်ပွင့် အပ်ချည်ကြိုးထဲ ရောက်ရှိလာသော ပန်းအရေအတွက်လေး များနေပြီ။ သို့တိုင်အောင် ကွန့်မြူးမောင်ထံမှ အသံထွက်မလာသေးပေ။ လွန်လွန်းပြီ။

နွေဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ လက်နှစ်ဖက်ကို ယှက်ကာ မေးထောက်ထားရင်း။ စူးရဲရဲပင် ကြည့်နေသော ကွန့်မြူးမောင် မျက်လုံးအစုံဖြင့် ထိပ်တိုက်ရင်ဆိုင်လိုက်ရသည်။ အကြည့်ရဲလွန်းလှသည်။

နွေ့ရင်ထဲ ဒေါသအိုင်လေး ဖြစ်ထွန်းသွားသည်။ ခပ်



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်း ပြန်ကြည့်ဖြစ်ကာ . . .

"ငါ့မျက်နှာမှာ အိုးမည်းပေးနေလို့လား ဒီလောက် တောင် ကြည့်နေတာ"

ဟု အလေးမထားသည့်လေသံနှင့် ပြောလိုက်မိသည်။

ကွန့်မြူးမောင်သည် ထောက်ထားသောလက်ကို ဖယ် ရှားကာ ကုလားထိုင်နောက်မှီသို့ လက်တင်လိုက်ပြီး. .

"ဟင့်အင်း. . မပေပါဘူး ဘာအပြစ်မှမရှိဘူး၊ ပစ်မျိုး မှည့်မတင် အလှဆိုတာမျိုး မြူးအခုမှ သဘောပေါက်မိလို့ ကြည့် နေတာပါ"

နွေ မည်သို့ အပြစ်ယူရမည်နည်း။ စိတ်ဆိုးမာန်ဆိုး ဟန် ဖြင့် ရိုက်နှက်ပစ်လိုက်ရမည်လား။ ထိုစဉ် မပွားက စတီးဗန်း ကလေးမကာ ရောက်လာသည်။ ကော်ဖီ၊ ကိတ်မုန့်နှင့် ပဲပြုတ် ဆီဆမ်းပန်းကန်၊ ညှပ်ပြီးသား နံပြားတစ်ပန်းကန်၊ လက်သုတ် ပဝါ ပန်းကန်တို့ကို အစီအရီထည့်လာသည်။ နွေက အာရုံလွှဲ ပြောင်းမည့် အနေဖြင့် စကားရှာကာ. .

"မပွားက တော်တော် တိုးတက်လာပြီပဲ၊ နောက် မျက် နှာလွှဲလို့ရပြီ ရေနွေးကြမ်းဓာတ်ဘူးနှင့် ပန်းကန်လုံးလဲ ယူခဲ့ဦး နော်"

"ဟုတ်"

နွေ့စကားကြောင့် မပွား ပျော်သွားပုံရသည်။ သွက် လက်စွာဖြင့် အိမ်နောက်ဘက်ခန်းသို့ အပြေးတစ်ပိုင်း ထွက်ခွာ သွားသည်။ အမှန်စင်စစ်နွေသည် ကွန့်မြူးမောင်၏ စကားညွှတ် ကွင်းအတွင်းမှ ရုန်းထွက်လိုက်ခြင်းဖြစ်ကြောင်း နွေသာလျှင်





သိလိုက်သည်။

"စားလိုက်ဦး ကွန့်မြူး"

"စိတ်ချ မြူးက ဟန်စား စားမှာမဟုတ်ဘူး တကယ် စားမှာ"

"စားပါ. . တကယ်စားရအောင် တကယ်ထည့်ပေးတာ ပဲ"

ကွန့်မြူးမောင်သည် ပဲပြုတ်နံပြားကို အရင်စားသည်။ ထည့်ထားသမျှ အကုန်စားသည် ပြီးမှ ကော်ဖီသောက်သည်။

"ကိတ်မုန့်စားဦးလေ"

ဟု နွေ့ပါးစပ်မှ အလိုအလျောက် ထွက်သွားမိသည်။ ဘာကြောင့်များ ဂရုတစိုက် ကြည့်နေပါလိမ့်ဟု နွေ မကျေမချမ်း ဖြစ်သွားသည်။

ဖျတ်ခနဲ မျက်လွှာပင့်ကြည့်လိုက်သော ကွန့်မြူးမောင် အကြည့်က အပြုံးအင်အားများပါနေသည်။

"မြူး ကိတ်မုန့်မကြိုက်ဘူး မမ"

တစ်ဆက်တည်း. . .

"မပွားရေ၊ မုန့်ဗန်းလာသိမ်းတော့"

နွေ့ကိုယ်စား သူကပင် အိမ်ရှင်အလား အော်ပြောလိုက် သည်။

အရာရာကို သွေးအေးအေးဖြင့် ပြောဆိုဆက်ဆံ လှ တတ်သော ကွန့်မြူးမောင်အပေါ် နွေအသည်းတယားယားဖြင့် ပြောဆိုချင်စိတ်ကို မျိုသိပ်ထားလိုက်သည်။

ရေနွေးတစ်ပန်းကန် သောက်ပြီးသည်နှင့်. . .



www.burmeseclassic.com

www.burmeseclassic.com



"သောက်လို့လည်းကောင်းတယ်၊ ချွေးလည်းထွက်လာပြီ၊ အိမ် ပြန်တော့မယ်"

ပြောပြောဆိုဆိုနှင့် ထလေသည်။ နွေ့ရင်ထဲ လစ်ဟာသွားသည်။ ဘယ်လိုလုပ် မေးရမည်နည်း။ ရုတ်တရက် နှုတ်ဖျားမှနေ၍ လွှတ်ခနဲ ခနဲ့လိုက်သည်။

"ရေမိုးချိုးပြီး တစ်ရေးလောက် အိပ်လိုက်ဦးပေါ့။ ညကျတော့ နှဖျော်ဖြေရေးရှိတော့ အိပ်ပျက်တယ် မဟုတ်လား"

"အား . . ဟုတ်သားပဲ မမသတိပေးမှ သတိရတယ်၊ အားမွေးထားလိုက်ဦးမှ၊ မမတို့ မျက်စောင်းထိုးအိမ်က ချာတိတ်မလေးတွေက မိတ်ယ်နော်၊ ဟတ် . . မြူးပြန်ပြီ"

သွားပြန်ပြီတစ်ချီ။ နွေခံလိုက်ရသည်ချည်းပင်။ နွေ့ကို စကားများဖြင့် အနိုင်ပိုင်းသွားသည်မှာ သုံးကြိမ်တိတိ ရှိနေပြီ။

မှန်းဆ၍ မသိနိုင်သော အမည်မသိ ဝေဒနာရပ်တို့၏ နှိပ်စက်မှုကြောင့် နွေနှလုံးသားက တဆတ်ဆတ်ခုန်ပေါက်၍ နေလေပြီ။

ကွန်မြူးမောင်ဆိုသော သတ္တဝါလေးသည် နွေ့ကို သက်သက်ဒုက္ခပေးဖို့ မွေးဖွားလာသော သတ္တဝါလေးများပေလား။







# အခန်း (၁၀)

နွေ့အနေနှင့် အတိအကျ ဘာကိုမှ မှန်းဆ၍မရနိုင်။ ကွန်မြူးမောင်သည် နွေ့အပေါ် တကယ်ရှိုးသားခြင်းဖြစ်သည်။ နွေ့တသာ တောင်တွေး မြောက်တွေးနှင့် စိတ်လှုပ်ရှားခြင်းများ ဖြစ်နေသည်။ အရာရာကို လျစ်လျူရှုပစ်လိုက်ချင်သည်။ ဘာကြောင့်များ နွေ့စိတ်တို့သည် တိမ်းလွှယ်ယိမ်းလွယ်နေရပါလိမ့်။

ညစဉ်မှောင်ရိပ်မှ ဂီတာသံပေးတတ်သော ကွန်မြူးမောင်သည် နံနက်ခင်း ရောက်လာသည်နှင့် နွေထံ ထင်ရှားစွာ ရောက်လာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးအပ်ထားလို့ ဝတ္တရားအရ လာတာနော်"

တစ်ဖက်သားကို ခံရခက်စေသောစကားမျိုး သူပြော လေ့ရှိသည်။

"ကို ဝတ္တရားကျေကြီးပေါ့နော်"

"ဒါပေါ့"

"ဘယ်အထိ တာဝန်ကျေပွန်တယ်ဆိုတာ နောက်မှ မမ သိမှာပါ"

"မသိချင်ပါဘူး"

"စိတ်ထဲပါလို့ ပြောတာဟုတ်ရဲ့လား မမ"

"အဓိပ္ပါယ်မဲ့စကားတွေ မင်း လာပြောနေသလား ကွန့် မြူးမောင်"

"မြူး ဒီနေ့အထိ အဓိပ္ပာယ်မဲ့ အလုပ်မလုပ်ဘူး. . . အဓိပ္ပာယ်မဲ့ မပြောဘူး မမ"

ထိုစကားကို မာနရောင်သန်းသော မျက်ဝန်းဖြင့် ပြော သည်။ နှုတ်ခမ်းကို တွန့်ရှုံ့ပြုံးထားပြီး တင်းတင်းစေ့ထားမှုက လျှို့ဝှက်မှုကို ဖော်ပြနေသည်။

"ဒါဖြင့် ညစဉ် ဂီတာလာတီးနေတာလည်း အဓိပ္ပါယ်မဲ့ မဟုတ်ဘူးပေါ့"

"အသေအချာပဲ"

"ဒါဖြင့် မင်းလာတာ မမအတွက် ဆိုတာကရော အဓိပ္ပါယ်နဲ့ အာချောင်သွားတာလား"

"ဟုတ်တယ်လေ၊ မြူးလာတာ မမလုံခြုံရေးအတွက် ကြီး ကြီးတာဝန်ပေးထားလို့ပါလို့ ပြောပြီးပြီ၊ မမက ဘာများ တွေး





ထင်နေလို့လဲ"

"မထင်ပါဘူး. . . ဒါပေမယ့် တာဝန်ပေးသူက တစ် ယောက် ဆိုတော့လည်း ကာယကံရှင်က မလိုအပ်ဘူးဆိုရင် မင်းလာစရာ မလိုဘူးပေါ့ မဟုတ်လား"

"ဟုတ်ပါတယ် ဒါပေမယ့် လူကြီးစကားဆိုတော့ မဖယ် ရှားကောင်းဘူးမဟုတ်လား၊ မြူး ကုသိုလ်ရချင်တယ်လေ၊ နောက် ပြီး မြူးက လူကြီးစကားကို ရှေ့တင်တစ်မျိုး ကွယ်ရာတစ်မျိုး လုပ်တတ်တဲ့လူစားမဟုတ်ဘူး"

စကားပရိယာယ်ကြွယ်သော ကွန့်မြူးမောင်ကို နွေ့ သက်လျှော့လိုက်သည်။

"ကောင်းပြီ၊ မင်းပဲ အမှတ်ယူတော့"၊

နွေ့ ကြည်ကြည်သာသာ အလျှော့ပေးလိုက်မှ ကွန့်မြူး မောင်သည် တိုးတိုးညင်သာ ရယ်မောလိုက်ပြီး. . .

"မြူးပြောနေတာတွေ အားလုံးဟာ ဆင်ခြေသက်သက် ပဲ၊ အမှန်တော့ မြူးကိုယ်တိုင် ဘယ်သူ့မှ မခန့်အပ်ဘဲ မမ တာ ဝန်တွေကို အပြည့်အဝယူချင်နေလို့ကို တမင်ထမ်းဆောင်နေ တာ ဆိုရင်တော့"

နွေ့ ရုတ်တရက် ဆွံ့အ သွားရပြန်သည်။ နွေ့ မျက်နှာကို စေ့စေ့ကြည့်ကာ စကားဆိုနေသော ကွန့်မြူးမောင်ကို သူ ပြန် ကြည့်ကာ . . .

"မင်း ဘာကို ဆိုလိုတာလဲ"

"မသိချင်ဟန်ဆောင်ခြင်းဟာ မိန်းမတွေရဲ့ မာယာတစ် မျိုးပဲ မမ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း စော်ကားလာပြီနော်"

"မြူး စကားလွန်သွားတယ် ဆိုရင်တော့ ဆောရီးပဲ၊ စောစောက မြူးဆိုလိုလိုက်တဲ့စကားက ရှင်းရှင်းလေးပဲ၊ ပိုရှင်းအောင် ထပ်ပြောရရင် မြူး မမဘဝ ရာသက်ပန်လုံခြုံရေးကို မြူး တာဝန်ယူချင်တယ်၊ ပြီးတော့ မမမျက်နှာကို ထာဝရမြင်ချင်နေတယ်၊ ဒါကြောင့် မြူး နေ့တိုင်းလာတယ်"

"ဒါဖြင့် မျက်စောင်းထိုး အိမ်က ကောင်မလေးတွေအတွက် ဖျော်ဖြေရေး အစီအစဉ်တွေကကော"

"ဒါက သက်သက်မဲ့ လူကြားကောင်းအောင် ပြောတာ၊ မမသိတ္တာကို ငဲ့ညှာထောက်ထား စာနာပြီး သူငယ်ချင်းတွေ မသိအောင် လမ်းလွှဲ၊ မျက်စိလွှဲပေးထားတာလေ၊ ကိုင်း မမ ဘာသိချင်သေးသလဲ"

"ငါသိချင်တာ တစ်ခုပဲ ရှိတယ်"

ခံစားမှု ကင်းမဲ့သူပမာ နွေသိလိုက်သည်။ နွေရင်ထဲ လှုပ်လှုပ်ရှားရှား ခုန်ပေါက်နေခြင်းကို နွေကိုယ်နွေသာလျှင် အသိဆုံးဖြစ်သည်။

"ဘာလဲ"

"မင်း ဘယ်တော့ ကျိုက်ထိုက ပြန်မလဲ"

"အဲ့ဒီ အဖြေက မမပေါ် မူတည်တယ်"

နွေကဲ့သို့ပင် ကွန့်မြူးမောင်ကလည်း ခပ်တင်းတင်း ခပ်တည်တည်နှင့် စကားဆိုလေသည်။ ချစ်ရေးဆိုသည်နှင့် မတူ၊ တာဝန်ကျေစကား ဆိုနေခြင်းများလားဟု နွေ ထင်နေသည်။

"ငါ့အပေါ် ဘာလို့ မူတည်ရမှာလဲ"





"မမရှိရာအရပ်မှာ မြူးရှိရမယ်၊ မမကျိုက်ထိုက ပြန်တဲ့နေ့ဟာ မြူးပြန်တဲ့နေ့ပဲ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေ့ါ၊ မြူး မမကို ဘာညာကွိကွ စကားဆိုပြီးပြီဆိုတော့ မမရဲ့တုံ့ပြန်မှုကို စောင့်ရမှာ မြူး တာဝန်လေ"

နွေပြုံးလိုက်သည်။ မဲ့ပြုံး ဖြစ်သွားလေပြီလား။ အမှန်စင်စစ် နွေ ခနဲ့တဲ့တဲ့ လေသံနှင့် ရယ်လိုက်ချင်သည်။ ရယ်၍မရ။ နွေရင်ထဲ မီးတောင်အသေး ပေါက်ကွဲနေသည်။

"ဒီလိုဆို စောင့်ဆိုင်းမနေနဲ့တော့ သူစိမ်းယောကျ်ားတစ်ဦးကို ချစ်တတ်တဲ့ နှလုံးသား ငါ့မှာမပါလာဘူး၊ မင်းကို သူမောင်မို့ လက်ခံခဲ့တာ၊ ခုလို မင်းက ငါ့အပေါ် မရိုးသားဘူးဆိုတော့လဲ ကိစ္စက ပြတ်နေပြီ၊ မင်းလမ်း မင်းပြန်ပေတော့၊ ငါ့တစ်သက်မှာ ယောကျ်ားတစ်ဦးအတွက် ဘယ်သောအခါမှ နေရာပေးလိမ့်မှာ မဟုတ်ဘူးဆိုတာ မြဲမြဲမှတ်ထားလိုက်ပါ"

"ခုလို ရှင်းရှင်းလင်းလင်း သိရတာ မြူး ကျေးဇူးတင်ပါတယ်၊ အမှန်တော့ မြူး ဖွင့်ပြောဖို့ မရည်ရွယ်ပါဘူး၊ ဒါပေမယ့် မမက သိပ်သိချင်နေတဲ့ပုံပေါက်တော့ မြူးလည်း ပြောမိသွားတယ်၊ အဲ . . မြူးက ရှေ့တိုးပြီးရင် နောက်ဆုတ်မယ့်လူစားမျိုး မဟုတ်ဘူး၊ နောက်ပြီး လိုချင်တာကို ရအောင်ယူတတ်တယ်ဆိုတာ မြဲမြဲမှတ်ထားပါ၊ မြူးပြန်မယ်"

ကွန့်မြူးမောင် ပြန်သွားချိန်တွင်တော့ နွေ သီနေသော ယ်ပန်းလေးများမှာ သွေးရည်ဝနေပြီး စိတ်လှုပ်ရှားမှုကြောင့် သိနေသော အပ်ဖျားသည် နွေလက်ထိပ်ကို မကြာခဏ ထိုး



www.burmeseclassic.com

www.burmeseclassic.com



ဆွမှုကြောင့် ဖြစ်၏။ ရင်မှာ နင့်နင့်သီးသီး ဆူးနှင့် နာကျင်လျက်ရှိချေသည်။

အချစ်နှင့် ပတ်သက်လာလျှင် ကြောက်လန့်စိတ်ဖြင့် "အချစ်" ဟူသောအရာကို နွေ့ဘဝထဲ အဝင်မခံဝံ့သဖြင့် နွေ့နှလုံးသားသည် မွေးကင်းစကလေး၏ ခံစားမှုမျိုးသာ ရှိချေသည်။

အချစ်သည် ခံစားမှုအမျိုးမျိုးကို ပေးနိုင်စွမ်းသောအရာပေလား။

ဒေါသစိတ်နှင့် ကြေကွဲစိတ် ဒွန်တွဲမှုကြောင့် မျက်ရည်တာ ကျိုးသွားလေသည်။

စံပယ်ပွင့်လေးများမှာ သွေးစက်အပြင် မျက်ရည်ကိုပါ သောက်သုံးခွင့် ရသွားလေသည်။







# အခန်း (၁၁)

အုံ့မှိုင်းနေသော မိုးသည် ရွာတော့မည့်ဟန်ချီနေသဖြင့် နေဝင်မှုကို စောစီးစွာ ပြီးဆုံးလေသည်။ အမှောင်ကာလကို မိုးသားတို့ ချီပိုးလာ၏။

ကွန်မြူးမှောင်ကြောင့် တစ်နေ့လုံး မရွှင်မလန်းနိုင်သော စိတ်တို့သည် ညသို့တိုင်အောင် ရောက်ရှိလာသည်။

နွေရာသီကာလကို မိုးထစ်ချုန်းသံများက နှုတ်ဆက်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကဆုန်လပြည့်ကျော်လာပြီဖြစ်၍ မိုးကို ကြိုဆိုနေလေသည်။ အမှောင်ဖုံးရာမှ အမှောင်ညသို့ ရောက်ရှိသွားခြင်းကို နွေငေးမောနေမိသည်။

စက်ဘီးကိုယ်စီဖြင့် ရောက်လာသော လူငယ်တစ်သိုက်ကို ဝိုးဝါးတား မြင်တွေ့လိုက်ရသည်။

ဖျော်ဖြေရေးအစီအစဉ် စပေဦးတော့မည်။ ထို့ကြောင့် အခန်းတွင်း ပြန်ဝင်ခဲ့သည်။ ရေမချိုးရသေးသည်ကို အခုမှ သတိပြုမိတော့သည်။

ဂီတာသံ ထွက်ပေါ်လာသည်။ ဘာသီချင်းတွေလဲဟု နွေအာရုံမပြုမိစေရန် ကက်ဆက်ကို ဖွင့်လိုက်သည်။ အေရိုးဗစ် တီးလုံးများ အခွေဖြစ်သည်။ နွေ အေရိုးဗစ် ကစားလိုက်သည်။ ရေမချိုးခင် သွေးပူလေ့ကျင့်ခန်းယူခြင်း ဖြစ်သည်။ ပြင်ပ အာရုံများ နွေထံသို့ မရောက်လာစေလိုပါ။

ပြင်ပ၌ နွေနှောင်းကို နှုတ်ဆက်သော၊ မိုးဦးကို ကြိုဆိုသော ကဆုန်မိုးတို့သည် သည်းသည်းထန်ထန် အစွမ်းပြနေလေပြီ။ ကွန့်မြူးမောင် ခု သိလောက်ပြီထင်ပါသည်။

တီးလုံးဆုံးသွားသောအခါ နွေ ကစားမှု ရပ်နားလိုက်သည်။ အသက်ကို ဝဝလင်လင်ရှူပြီး အမောပြေလိုက်သည်။

မိုးသံကို ဖောက်ထွင်း၍ ဂီတာသံက တစ်ချက်တစ်ချက် တိုးဝေ့လာဆဲဖြစ်ရာ နွေရင်ထဲ နင့်နင့်သီးသီး ဆို့တက်လာသည်။ မီးမှိတ်ပြီး လိုက်ကာကို အသာလှပ်ကာ ချောင်းလိုက်သည်။ လျှပ်ရောင်ဝင်းအလက်၌ ဂီတာကို သဲသဲမဲမဲတီးနေသော ကွန့်မြူးမောင် အသွင်သဏ္ဍာန်ကို လှမ်းမြင်လိုက်ရသည်။





အချစ်ကို ဂီတသံဖြင့် ဖော်ထုတ်ရန် ကြိုးစားနေတာ သလား။

နွေ ရင်ထဲ မောဟိုက်မှုနှင့်အတူ မျက်ရည်စက်များ ခွင့်မပြုဘဲ ခုန်ပေါက် ဆင်းလာကြပြန်သည်။ သောကဟူသည် ခံစားချက်တစ်မျိုး၊ နွေခံစားရအောင် သူ ပြုစားနေလေပြီ။

ခံစားခြင်းဟူသည် အချစ်မှ ပေါက်ဖွားလာခြင်း ဖြစ်သည်။ သို့ဆိုလျှင် နွေ ကွန့်မြူးမောင်ကို ချစ်မိနေပြီ ထင်ပါသည်။

စိုးထိတ်မှုများဖြင့် တုန်လှုပ်သွားသည်။

အချစ်တစ္ဆေခြောက်လှန့်မှုကို နွေ ခံစားနေရလေပြီ။

"ဟင်. . မမလေး ခုထိ ရေမချိုးသေးဘူးလား"

မပွားရောက်လာမှ နွေ လက်ရှိအနေအထားကို သတိရလိုက်သည်။ ချွေးပင် သိပ်နေလေပြီ။

"အေး. . ခုပဲချိုးမလို့"

ပြောပြောဆိုဆို ရေချိုးခန်းထဲသို့ ဝင်လိုက်သည်။ ရေချိုးခန်း၌ မိုးအတန်ငယ်စဲသွားလေပြီ။ ထိုအခါကျမှ ဂီတသံကို သဲသဲသာသာ ကြားနေရသည်။

"အအေးမိတော့မှာပဲ၊ သွားပြောရရင်ကောင်းမလား"

ဟူသော အကြံနာစိတ်က ဝင်ရောက်နေရာယူလာခဲ့ရာ နှုတ်အတင်း မောင်းနှင်ပစ်လိုက်သည်။ သောကကို ဖြေဖျောက်ရန် ဘုရားခန်းဝင်၍ ဘုရားရှိခိုးလိုက်သည်။ သို့သော် စိတ်ခံ့ဝယ် ရစ်ဝဲရစ်ဝဲပေါ်လာသော ကွန့်မြူးမောင်ကို နှင်ထုတ်ရသည့်အဆုံး နွေမျက်ရည် တာကျိုးသွားသည်။

ပခုံးပေါ်တင်ထားသော ယောဂီတဘက်ကလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်သုတ်ဖို့သက်သက် ဖြစ်သွားသည်။

မိုးက အားမွေး၍ တစ်ချီတစ်မောင်း သဲသဲမဲမဲ ရွာသွန်းလာပြန်သည်။

ကွန့်မြူးမောင် ပြန်မသွားသေး။ ဂီတာတီး၍ ကောင်းနေဆဲ။

နွေကလည်း မျက်ရည်ကျ၍ ကောင်းနေဆဲဖြစ်သည်။





# အခန်း (၁၂)

ကြီးကြီးတို့ပြန်ရောက်လာသည်နှင့် နွေခြေလှမ်းမြင်တော့သည်။

"နွေ ပြန်တော့မယ် ကြီးကြီး"

"ဘာဖြစ်လို့ ပြန်ရမှာလဲ ပျင်းနေပြီလား၊ စားဦး သမီး"

ကြီးကြီးက ဈေးကပြန်အလာ နွေကြိုက်သော အုန်းကြာဆံချက်ကို ဝယ်လာပေးသည်။ နွေ အစာစားချင်စိတ်တို့ ပျောက်ဆုံးနေသည်မှာ ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ကြီးကြီး . . နွေ ရင်ပြည့်နေလို့"

သောကလုံး၏ ဆို့တက်မှုသည် ရင်ကို တင်းကျပ်ဆို့နင့်အောက်သည် ထင်ပါသည်။ နွေရင်ထဲပူပန်မှု၊ ကြောင့်ကြမှုများဖြစ်လာကတည်းက နွေ စားချင်သောက်ချင်စိတ်များ ကုန်ခန်းသွားသည်။ အချစ်သည် လူကို စိုးမိုးတတ်သည်ပဲ။

နွေ့ကိုအချစ်စိုးမိုးသွားမှာ နွေ ကြောက်ပါသည်။ ထို့ကြောင့် အချစ်နှင့်ဝေးရာသို့ နွေ ရှောင်ပုန်းလိုပါသည်။

"နည်းနည်းတော့ ထပ်ထည့်ပါဦး၊ အစက သမီးပဲ ကြိုက်လှချည်ရဲ့ဆို"

"တော်ပြီ . . နွေ မစားနိုင်တော့လို့ပါ"

နွေပန်းကန်ယူပြီး မပွားကို ပေးလိုက်သည်။

"နွေ ပြန်ချင်တဲ့ဆန္ဒ သိပ်ရှိနေလို့လား"

"ဒီမှာ သိပ်ပူတယ်"

"ဟုတ်တယ် . . ဒီနှစ်က မကြုံစဖူး ကြုံနေရတယ်၊ တစ်ခါမှ ရေမခန်းဖူးတဲ့ တောင်သူစုပိုင်းက ရေတွင်းအချို့တောင် ရေခန်းလို့ ဘော်ဒါငှားနေကြတဲ့ ရပ်ဝေးက ဆရာမတွေတောင် ရေလည်ချိုးနေကြတယ်လေ"

"ဟုတ်တယ်နော်၊ နွေ ဒါကြောင့် ကလောဘက် သွားမလားတောင် စိတ်ကူးနေတာ"

"နွေတို့ကတော့ ပိုက်ဆံပါတော့ ဖြုန်းဖို့ပဲ စဉ်းစားနေတာပေါ့"

"နွေ တမင်ဖြုန်းပစ်တာ၊ ဒယ်ဒီငွေကို နွေတို့များများ ယူမသုံးရင် သူမိန်းမတွေပဲ သုံးနေမှာ၊ ပိုလျှံနေသေးရင် နောက်





ထပ် မိန်းမထပ်ယူဦးမှာပဲ၊ ဒါကြောင့် နွေ တမင်သုံးဖြုန်းနေတာ"

"ကလေးဆန်လိုက်တာ သမီးရယ်၊ ဪ . . ဒါထက် မှုတစ်ယောက်တောင် ဆိုင်ရောက်လာသေးတယ်၊ ငှက်ဖျားဖြစ်နေတယ် ဆိုလားပဲ"

နွေ့ရင်ထဲ ကြောင့်ကြမှုလေး ဝင်ရောက်လာသည်။ နေကောင်းရက်နှင့်တောင် ညက ဂီတာလာတီးသေးသည်။ သို့သော် ကြီးကြီးတို့ ပြန်ရောက်နေပြီဖြစ်၍ အိမ်မှာ ညီမတစ်သိုက်အတွေ့အကြုံများ ရှင်းလင်းခြင်း ရယ်မောခြင်းဖြင့် ပြင်ပအသံများကို အမှုမဲ့အမှတ်မဲ့ ဖြစ်သွားစေခဲ့သည်။ စကားသံအောက်သယ် ဂီတာသံကို ကွယ်ပျောက်သွားခဲ့သည်။

"ကြီးကြီးတို့ မရှိတုန်း အိမ်လာလည်သေးသလား"

"လည်ပါတယ် ကြီးကြီးမှာထားလို့ဆို"

"ဘာရယ်မဟုတ်ပါဘူး၊ မင်းအစ်မကို အိမ်စောင့်ထားခဲ့တယ်၊ ကြုံတဲ့အခါ ဝင်လည်လိုက်ဦးတော့ မှာလိုက်မိတယ်၊ ဒါပေမယ့် သမီးက လာလည်တာ မကြိုက်လို့ မလာတော့ဘူးဆို"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"ယောကျာ်းလေးတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် မနေချင်ပါဘူး၊ ကောင်းတဲ့ဟာတွေမှ မဟုတ်ပဲ"

"ဪ သမီးရယ် လက်တောင်မှ အတိုအရှည် ရှိသေးတာပဲ ယောကျာ်းတိုင်းဆိုးတယ်၊ ပွေတယ်လို့ ယူဆရမလား၊ မိန်းမတွေ ရှုပ်တာလည်းတာတွေကော ရှိနေတာပဲ သမီးရဲ့ . .



www.burmeseclassic.com

www.burmeseclassic.com



တစ်ယူသန် အစွဲအလမ်းတွေ ဖျောက်ဖို့လိုနေပြီ"

"နွေ . . အပူမရှာချင်ပါဘူး၊ အေးအေးပဲ နေချင်တယ်" ပြောသာပြောလိုက်ရသည် နွေ့ရင်ထဲ၌ စိုးရိမ်မှုလေး ဖြစ်ထွန်းနေသည်။

ညတမိုးရွာထဲ ဖွဲကောင်းကောင်းနှင့် ဂီတာထိုင်တီးနေသော ကွန့်မြူးမောင်ကို မြင်နေမိပြန်သည်။ ပင့်သက်မောဖြင့် ယောကျ်ားမာယာလက်နက်များဖြင့် သူ့နှလုံးသားကို နင်းခြေနေလေရော့သလားဟု တွေးလိုက်မိသည်။

"ကြီးကြီးတို့က မြူးကိုတောင် အံ့အားသင့်နေကြတယ်"

"ဘာဖြစ်လို့လဲ ကြီးကြီး"

ခံစားမှု ကင်းမဲ့နေသူပမာ မေးပြောနေရသည်။ ရင်တွင်းမှာတော့ မြားနတ်မောင် ဖမ်းစားနေလေပြီ။

"ဩော် ဒီလောက် ပျင်းစရာကောင်းတဲ့ ဒေသမှာ ဒါ ကိုယ့်ဇာတိ မဟုတ်ဘဲ လာနေနိုင်တယ်လို့လေ"

"အဲ့ဒါ ဘာခက်လို့လဲ မေမေရဲ့ အကြောင်းရှိလို့ အကျိုးတရားဆိုတာ ဖြစ်လာတာပဲ"

ဘယ်အချိန်က ရောက်လာမှန်း မသိသော မမကြီးက ဝင်ပြောလိုက်သည်။ ရှမ်းဈေး၌ ဆိုင်ခန်းတစ်ခန်း ယူထားပြီး အထည်ဆိုင်ဖွင့်နေသော ကြီးကြီးတို့ မိသားစုတွင် မမလေးက အရောင်းသမား၊ ကြီးကြီးက အဝယ်သမား မမကြီးက အိမ်တွင်းမှု ကိစ္စအဝဝ တာဝန်ယူသမားအဖြစ်နှင့် တက်ညီလက်ညီ လုပ်ကိုင်နေကြသည်။

"အကြောင်းတရားတွေကတော့ နွေလိုပေါ့လေ"





"အို . . နွေဘာဖြစ်နေလို့လဲ"

"ဘာတွေမလုံမလဲ ဖြစ်နေသလဲ နွေလေးရာ၊ ညီမက အဖေ့ကို မကျေမနပ်တိုင်း ခရီးတွေပဲလျှိမ့်ထွက်နေတယ်မှတ်လား"

"မထွက်တော့ပါဘူး၊ အခုပဲ ရန်ကုန်ပြန်တော့မလို့ ကြီးကြီးကိုပြောနေတာ"

"ဘာပြန်လုပ်မှာလဲ ကျောင်းလည်းပြီးနေပြီဟာ၊ ဘာလဲ အလုပ်လုပ်ချင်စိတ် ပေါက်လာလို့လား"

"အို . . မလုပ်ပါဘူး၊ ဒယ်ဒီပိုက်ဆံတွေ ထိုင်ဖြုန်းမှာပေါ့၊ တစ်ခုခု တက်မလားလို့ စိတ်ကူးတာနဲ့"

"ဘွဲ့တွေ ဒီပလိုမာတွေ ဘာလုပ်ဖို့အများကြီး ယူထားမလဲ"

"ဩော် . . လူဆိုတာ တာဝန်တခုခုရှိနေတော့ စိတ်မလေဘူးပေါ့"

"အသက် အစိတ်ကျော်အရွယ်ဟာ စိတ်လေရမယ့် အရွယ်လား ညီမ"

"စိတ်လေခြင်းဆိုတာ အသက်ပိုင်းအခြားနဲ့ မဆိုင်ဘူးထင်တယ်"

"မမကြီး စိတ်ကိုထိန်းချုပ်နိုင်ခြင်း စွမ်းအားနဲ့ ဆိုင်တယ်လို့ နွေတော့ထင်တယ်"

"စကားတတ်တိုင်း လျှောက်ပြောပေါ့၊ ဒီအပြောတွေနဲ့ ဘယ်နှယောက်များ ဖမ်းစားခဲ့ပြီးပြီလဲ မသိဘူး"

နွေကနာကြည်းစွာ ပြုံးလိုက်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com



"နွေခံစားချက်တွေကို သိရက်သားနဲ့ မမကြီးရယ်၊ ဖမ်းစားဖို့နေနေသာသာ သူတို့ညွှတ်ကွင်းကို ရှောင်ပုန်းရတာနဲ့၊ လူမှာ ပျော်စရာတွေတောင် ဆိတ်သုန်းနေခဲ့ရတယ်"

"ဒါက ညီမက တစ်ဖက်စွန်း ရောက်နေတာကို၊ လောကကြီးမှာက မျှတမှုရှိပါတယ်၊ အဆိုးနဲ့အကောင်းကို အမြဲတမ်း ဒွန်တွဲပေးထားတယ် လောကကြီးမှာ နေတတ်ရင် ပျော်စရာတွေ အများကြီးပါကွယ်. . မမကြီးတို့ သားအမိသုံးယောက်ကို နမူနာ ကြည့်စမ်းပါဦး"

ဟုတ်သားပဲ။ မမကြီးနှင့် မမလေးသည် ဆယ်တန်းကို (ခ)နှင့်သာ အကြိမ်ကြိမ်အောင်သဖြင့် ပညာရေးလောကကို ကြောခိုင်းပြီး မိခင်နှင့် မုဆိုးမ ကြီးကြီးနှင့်အတူ အထည်စများ ရောင်းချခြင်းဖြင့် စီးပွားရေးလောကသို့ ခြေချခဲ့လိုက်သည်။

ကြီးကြီးသည် သမီးနှစ်ယောက် လူမမယ်အရွယ် ကတည်းက မုဆိုးမ ဖြစ်ခဲ့ရသော်လည်း အားမငယ်။ ကိုယ့်အားကိုယ်ကိုးကာ ကြက်မကြီးသဖွယ် သမီးငယ်များအား ရင်ငွေ့အပြည့်အဝပေးကာ အစာရှာဖွေကျွေးနိုင်ခဲ့သည်။ မိန်းမသားများပင် ဖြစ်လင့်ကစား သားအမိသုံးယောက် ကောင်းမွန်စွာ နေနိုင်စားနိုင် လှူဒါန်းနိုင်ခဲ့သည်။

အေးချမ်းသော သားအမိသုံးဦးဘဝပင်။ မမကြီးနှင့် မမလေးတို့သည် အသက်သုံးဆယ်ကျော်သည့်တိုင် အိမ်ထောင်မပြုသေး။ ခေတ်ပေါ် အဆင်ဆန်းဆန်း မှန်သမျှတို့ကို ခါးပေါ်တင်ကာ ပျော်ရွှင်ရွှင် နေတတ်သည်။ အလှူအတန်း သာရေးနာရေးတို့တွင်လည်း သူတို့ညီအမ မပါလျှင် ပွဲမစည်သလောက်ပင်။





တို့အပြင် ကျိုက်ထိုမြို့က သစ်ဝိုင်တရားစခန်း၌ ဆယ်ရက်စခန်းကို ဖွင့်ပြန်လျှင်လည်း ကြီးကြီးက တရားဝင်သည်။ မမကြီးတို့က ဝေယျာဝစ္စ ကုသိုလ်ယူပြန်သည်။

တကယ့်ကို အေးချမ်းပြီး အကုသိုလ်တရားကင်းသည့် မိသားစုပင်။ သူတို့ဘဝသို့ နွေခဏလာခိုသည်နှင့် နွေအပူ သူတို့ကိုကူးစက်ကုန်ပြီထင်သည်။ နွေသည် ပညတ်သွားရာ ဓာတ်သက်ပါလေရော့လားမသိ။ နွေကိုအပူများဟပ်စေရန် ကွန့်မြူးမှောင် အချစ်မီးလာပုံရှိပေးနေပြီ။ နွေအားလောင်မြိုက်သောမီးအပူရှိန်သည် ကြီးကြီးတို့ကိုပါ ဟပ်စေသည်ထင်ပါသည်။

"မြူးမပြန်သေးတာ မရိုးသားဘူးလို့ မမကြီးထင်တယ်လေ"

"နွေတော့ မသိပါဘူး"

"ထားပါတော့လေ. . ဒါထက် မနက်ဖြန်ဈေးထဲက ရှင်ပြုတစ်ခုရှိသေးတယ် လိုက်ခဲ့မလား"

"မလိုက်တော့ပါဘူး"

"အေးအေး. . ကျပ်ကျပ်လူတွေနဲ့ ဝေးဝေးရှောင်ထွက်ဒါဟာ အမှန်တော့ အေးချမ်းမှုကိုရှာခြင်း မဟုတ်ဘူး သော်ကရှာတာပါ၊ စိတ်ဆိုတာ အလုပ်ပေးထားမှ. . အဲလူတွေအကြားမှာ သွားလာလှုပ်ရှားခြင်းဟာလဲ စိတ်အနားမရဘူး၊ အလုပ်လုပ်နေရတယ်၊ လက်တွေ့ကျကျ အလုပ်လုပ်ခြင်းပဲ၊ အဲ့. . . တစ်ယောက်တည်းနေတော စိတ်ကိုတွေးတော ငေးမောခြင်းနဲ့ ကျွေးနေတာ၊ လိုက်ခဲ့စမ်းပါညီမရာ ရန်ကုန်မှာတော ဒီလိုပါလား"

မကြာခင် မဟာသိပ္ပံဘွဲ့ကို ပိုင်ဆိုင်တော့မည်ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

နွေသည် ဆယ်တန်းပင် မအောင်သေးသော မမကြီးကဲ့သို့ အတွေးအခေါ်မျိုး မရှိပေ။ ဩော်. . . နွေသည် အတတ်ပညာကိုသာ တတ်မြောက်ခဲ့သူပေပဲ။ *အသိပညာကို မတတ်သေးပေ။* လောကကြီး၌ နွေမသိသေးတာတွေ အများကြီးရှိနေသည်။

"ရန်ကုန်မှာလလည်း ဒီလိုပဲ မမကြီး၊ ဒါပေမယ့် သူငယ်ချင်း အရင်းအချာတွေနဲ့ ပတ်သက်တဲ့ ကိစ္စတွေဘာတွေတော့ သွားလေ့ရှိပါတယ်၊ ဒါပေမယ့် များသောအားဖြင့်တော့ ရှောင်နေလိုက်တာပဲ၊ ကျောင်းနဲ့အိမ်. . . ကျောင်းစာတွေနဲ့ပဲ နွေဘဝကို မြှုပ်နှံထားခဲ့တာ. . ဒါအကောင်းဆုံးပဲ မှတ်ထား"

ကြီးကြီးက နွေတို့ညီအစ်မနှစ်ဦး အချီအချ ပြောနေခြင်းကို ဘာတစ်ခွန်းမျှ ဝင်မပြောချေ။ ကြီးကြီးပြီးတော့ မာမီနောက် အန်တီလေး ညီအစ်မသုံးဦး၏ ချစ်ကာမွဲမှုကို ကြီးကြီးက သိမြင်သနားနေသကဲ့သို့ နွေ၏ စိတ်အနာတရ ဖြစ်မှုကိုလည်း သိရှိထားလေသည်။ ထို့ကြောင့် သထုံရောက်လာသော နွေကို တတ်နိုင်သမျှ အလိုလိုက် အကြိုက်ဆောင်ကာ ပျော်ရွှင်မှုကို ပေးခဲ့လေသည်။

"ဟင်. . ကြာဆံချက်တွေ နွေမစားရသေးဘူးလား"

ဆန်ခေါက်ဆွဲဖတ်နှင့် အုန်းနို့ဟင်းချက်ကို ဤဒေသက အုန်းကြာဆံချက်ခေါ် လေသည်။ ရောက်ခါစက အထူးအဆန်းဖြစ်၍ နွေ ကြိုက်သည်ဟု ပြောခဲ့ဖူးသည်။ ထို့ကြောင့် မကြာခဏ ချက်ကျွေးလျှင်ကျွေး၊ မကျွေးနိုင်လျှင် ဝယ်ပေးလေ့ရှိသည်။

"စားပြီးပါပြီ"

"နည်းနည်းလေး စားတယ်လေ"





"ဘယ့်နှယ် ဖြစ်သွားရတာလဲ၊ အစက ကြိုက်လှချည်ရဲ့ဆို"

"အစကတော့ အထူးအဆန်းမို့လို့ ကြိုက်တယ်၊ အခုရိုးသွားပြီ သိပ်မကြိုက်တော့ဘူး. .

ဒီလိုပဲလေ ယောကျ်ားတွေကိုလည်း နွေတစ်သက်မယူပါ ဘူးဆိုနေမှ"

နွေက ပန်းဆီရောင် မျက်နှာလေးဖြင့် ပြောလိုက်သည်။ ရှတ်ခြည်းပင် အတွေးအိမ်၌ ကွန့်မြူးမောင် ပုံရိပ်ထင်လာသောအခါ အလိုလိုမောဟိုက်သွားသည်။

"ဖူးစာရှင် မတွေ့သေးတော့ ပြောသေးတာပဲ. . တွေ့ရင်တော့ တလောကလုံး မေ့သွားမယ်"

နွေပြုံးနေလိုက်သည်။ သို့သော် နွေမလုံဖြစ်မိသည်။ နွေ အပြုံးသည် မပြုံးမှား ဖြစ်နေမလားဟု တွေးမိ၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

ကော့စံနိုင်တံတား၌ လူရှုတ်ရှုတ် တွေ့ရသည်။ ကတက်ချောင်း ဒီရေတက်နေသည်ကို ကြည့်နေကြခြင်း ဖြစ်သည်။ ကျိုက်ထိုရောက်ကတည်းက ဤတံတား နေရာကျဉ်းမြောင်းမှုကို နွေမနှစ်သက်ခဲ့။ လူသွားလမ်းမရှိ။ ကားတစ်စီးဖြတ်သန်းသွားပါက လူမဖြတ်ရဲ တံတား သိမ့်သိမ့်တုန်ခါသွားရုံမျှမက လူတစ်ကိုယ် လွတ်လွတ်လပ်လပ် လျှောက်၍ မရချေ။ နွားလှည်း၊ ဆိုက်ကား၊ စက်ဘီးများ ဖြတ်နေသဖြင့် နွေကားကို





ဖြည်းညင်းစွာ မောင်းခဲ့သည်။

စစ်တောင်းမြစ်ဝကျယ်မှ ဒီရေတက်လာသောအခါ လှိုင်းခေါင်းဖြူတို့အမြေးအလွှား ခုန်ပေါက်ယိမ်းကမှုသည့်အင်ဆောန်လှပသော မြင်ကွင်းဖြစ်သည်။

ဖြတ်သန်းသွားလာသူတို့ ရပ်မကြည့် မနေနိုင်အောင် သဘာဝ အလှတရားက ဆွဲဆောင်မှု အပြည့်ရှိသည်။ သို့သော် ပေါက်ပြဲအိုမင်း ချည့်နဲ့နေသော တံတားအိုနှင့်ကား ပနံမရလှ။

ရှေ့မှ နွားလှည်းအား စောင့်ရင်း ကားမောင်းနေသော နွေသည် လှိုင်းခေါင်းဖြူတို့ ကကြိုးစဉ်မှုကိုပါ တစေ့တစောင်း ငေးမောကြည့်နေမိသည်။ သဘာဝအလှတရားတို့၏ ကြည်နူးမှုသည် နွေ့ဘဝင်ကို လှုပ်ခတ်စေသည်။

"ညနေဘက်ကြီး မသွားပါနဲ့ သမီးရယ်၊ စစ်တောင်းတံတားက ခြောက်နာရီဆိုရင် ဖြတ်ခွင့်ရတာမှ မဟုတ်ဘဲ၊ လမ်းမှာ ကြီးကြီးစိတ်မချပါဘူး"

ဟု ကြီးကြီးတားသည့်ကြားက နွေ ထွက်ထွက်ခဲ့သည်။

ကွန်မြူးမောင် နေမကောင်းဖြစ်ပြီး လမ်းမသလားနိုင်သော အချိန်မျိုး၌ နွေထွက်လာနိုင်ကာမှ တန်ကာကြမည်။ အခွင့်ကို ရင်ဆိုင်ရမည်စိုးသဖြင့် အချစ်နှင့်ဝေးရာသို့ ပြေးထွက်ခဲ့သော နွေသည် ရင်မှာလေးလံထိုင်းမှိုင်းလျက် ရှိသည်။

အချစ်ဟူသည် အစိုင်အခဲမဟုတ်. , ထားခဲ့၍ ရသောအရာမဟုတ်ပေ။ နွေ၏ ဝိညာဉ်ကို စိုးမိုးလိုက်ပါလာသည်။

ကော့စံနိုင် အ. ထ. က။ အမှန်တော့ အ. ထ. က (၂) ကျိုက်ထိုပင်။ ကော့စံနိုင်ရပ်ကွက်တွင် တည်ရှိလာသောကျောင်း

www.burmeseclassic.com



ဖြစ်၍ ရပ်ကွက်ကို အစွဲပြုရာမှ အ. ထ. က ကော့စံနိုင် ဟုသာ အမည်တွင်ရစ်သည်။ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် သစ်လွင်ကာ ကျက်သရေဆောင်နေသော ကျောင်းဝန်းဘေး ဖြတ်ကျော်လာပြီး အေးရိပ်ငြိမ်ရပ်ကွက်သစ်ကို လွန်မြောက်လေခဲ့သည်။

ထိုမှ လက်ပြရှာကို ကျော်လွန်ပြီး ဘိုကွားအရောက်တွင်. . .

"မမလေး"

"ဘာလဲ"

"နောက်မှာ ကိုမြူးလိုက်လာပြီ"

"ဘာ"

စတီယာကိုင်ထားသော နွေ့လက်သည် တုန်ခါသွားသည်။ ကားနောက်ကြည့်မှန်မှ ကြည့်လိုက်တော့ ဟုတ်ပေသည်။ ကွန့်မြူးမောင်။ ဟဲလ်မတ်ဆောင်းထားသော်လည်း ကွန့်မြူးမောင်မှလွဲ၍ မည်သူမျှ မဖြစ်နိုင်။

နွေ့ ကားစက်အရှိန်ကို မြှင့်လိုက်သည်။ ဆိုင်ကယ်ကလည်း အရှိန်မသေးလှ နွေ့ကားနောက်မြီးနားပွတ်ကာသီကာလိုက်နေသည်။ နွေ့ ကားအရှိန်ကို လျှော့ပြန်တော့ သူကျော်တက်သွားသည်။

တဒိတ်ဒိတ် ခုန်နေသော ရင်ခုန်သံသည် နွေ့အား အနှောင့်အယှက် ပြုလျက်ရှိသည်။

ဆိုင်ကယ်သည် နောက်ချန်လိုက်။ နွေ့ကားနှင့် ပွတ်ညိပ်ဖျှဉ်လိုက်၊ ကျော်တက်သွားလိုက်နှင့် နွေ့အားအမျိုးမျိုး ကလိနေလေပြီ။





မုပ္ပလင်အရောက်တွင် နွေ့ ထမင်းဆိုင်၌ ကားရပ်လိုက်သည်။ ဆိုင်ကယ်ကို ယှဉ်လျက် လာရပ်သည်။ နာရီကြည့်လိုက်သောအခါ လေးနာရီ လေးဆယ်ရှိနေပြီ။ စစ်တောင်းတံတားကို ဖြတ်ကျော်နိုင်ရန် အရေးကြီးသဖြင့် မနားတော့ဘဲ ဆက်မောင်းရန် ဆုံးဖြတ်လိုက်စဉ်. . .

"မမ. ."

ကားပြတင်းပေါက်မှ မျက်နှာတင်ပြီး ခေါ်လိုက်သော ကွန့်မြူးမောင်အသံကြောင့် နွေ့ ရုတ်တရက် လန့်သွားသည်။

မြူးသောအသားများမှာ အနီရောင် ပြေးနေသဖြင့် အသားအရှိန် မသေးလှကြောင်း နွေ့သဘောပေါက်မိသည်။

"မင်း ဘာလိုက်လုပ်တာလဲ"

"နှုတ်မဆက်ဘဲ သွားလို့ရတမ်းလား"

"ငါသွားချင်တဲ့အချိန် သွားမှာ. . မင်းကို သံတော်ဦးတင်ရဦးမှာလား"

"ဒီလောက်အထိ ကိုင်းရှိုင်းဖို့ မလိုပါဘူး၊ နှုတ်ဆက်ရုံသောက်ဆိုရင် လုံလောက်ပါတယ်"

"ကိုင်း. . ငါနှုတ်ဆက်ပါပြီတဲ့ မင်းဘာလုပ်မလို့လဲ"

"ခုလိုပဲ လိုက်မလို့ပေါ့"

"ဩော်. . ခုကော မလိုက်ရလို့လား၊ မင်း ဘယ်လိုလုပ်ပြီးသွားသလဲ"

"ဒါတော့ ဖူးစာရေးနတ်က မြူးကိုလာနှိုးပြီး မင်းမငင်သွားပြီ လိုက်တော့လို့ပြောလို့ လိုက်လာတာ"

"တဲ. . ရစ်မနေနဲ့တော့ ဖယ်ကွာ ကားထွက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ"

ကွန့်မြူးမောင်က တင်ထားသောလက်ကို ရုပ်သိမ်း ဖယ်ရှားပေးလိုက်သည်။ နွေ ရုတ်တရက် မထွက်နိုင်သေး။ အသည်းကြားက လှစ်ခနဲ ထွက်လာသော အကြင်နာ ညှောင့်ကလေးမြုဆို့လာသဖြင့်. . .

"မင်း ဖျားနေတယ် မဟုတ်လား"

"ဟုတ်တယ် ဖျားနေတယ်၊ ဒါပေမယ့် အဲ့ဒီအပေါ်ယံအဖျားထက် အရေးကြီးတဲ့ အချစ်ဖျားကို မြူးဦးစားပေးရမယ်"

"မင်း ပြန်တော့ကွာ"

ရွက်ပုန်းသီး ကရုဏာလေးဖြင့် တုန်ယင်စွာ စကားဆိုမိသည်။ သို့သော်. . .

"ဆောရီး မမ. .၊ မြူးက နောက်ဆုတ်တတ်တဲ့ လူစားမဟုတ်ဘူး"

နွေ ထပ်မံပြောလိုသော အင်အား မရှိတော့သဖြင့် ကားမောင်းထွက်ခဲ့သည်။ ကွန့်မြူးမောင်ကလည်း ထက်ကြပ်မကွာ လိုက်လာလေသည်။

မျက်ရည်စက်တို့က နွေ့အား ခွင့်မတောင်းဘဲ ထွက်လာကြသည်။ အချစ်သည် အင်မတန် ကြောက်လန့်စရာ ကောင်းသော တစ္ဆေတစ်ကောင်နှယ် နွေ့အား ခြောက်လှန့်နေလေပြီထင့်။

နွေ့ကားသည် သိမ်ဇရပ်ကို လွန်မြောက်ပြီး စစ်တောင်းတံတားကို ငါးနာရီကျော်ကျော်ခန့်တွင် ဖြတ်ကျော်လာနိုင်ခဲ့သည်။





ကွန့်မြူးမောင်ကလည်း ထက်ကြပ်မကွာ လိုက်ပါလာလေသည်။

ဝေါ်၌လည်း နွေ မရပ်နားတော့။ ဝေါ်ကို လွန်မြောက်သာချိန်တွင် ကားရှင်းချိန်၌ နွေကားကို ဖြတ်ကျော်ပြီး ကွန့်မြူးမောင်၏ ဆိုင်ကယ်သည် ကန့်လန့်ဖြတ် ရပ်ထားလေသည်။ နွေကားကို ဘရိတ်အုပ် ရပ်လိုက်ရသည်။

"မင်း သေချင်လို့လား ကွန့်မြူး"

"မသေချင်သေးဘူးမမ၊ မြူး ခေါင်းတွေ တအား အုံခဲသာဖြီး ချမ်းလည်းချမ်းတယ်၊ ငှက်ဖျားတက်ပြီထင်တယ်၊ မကားနဲ့ လိုက်ခဲ့ပါရစေ"

နွေ အံကို တင်းတင်းကြိတ်ကာ ယတိပြတ်ဆုံးဖြတ်ချက်ချလိုက်သည်။

"မင်း ဒုက္ခမင်းရှာတာ သေသေ၊ မင်းကိုငါ မခေါ်သွားနိုင်ဘူး"

"ဗျာ. ."

"ဖယ်ပေး. . စမ်း"

နွေ ဟွန်းကို အဆက်မပြတ်တီးပစ်လိုက်သည်။ ကွန့်မြူးမောင်က မချိပြုံးနှင့် ဆိုင်ကယ်ကို ပြန်လှည့်ကာ မောင်းနှင်သွားသည်။ နှေးလိုက်၊ မြန်လိုက်၊ ကွေ့လိုက်၊ သွားလိုက်ဖြစ်နေသော ကွန့်မြူးမောင်ဆိုင်ကယ်ကို ဘုရားတကာ ကြည့်ရင်းလိုက်ပါလာခဲ့သည်။

ဘုရားကြီးလမ်းဆုံကို လွန်မြောက်ပြီးနောက် နွေမင်းက နောက်ဘက်ခြမ်းသို့ မေးတင်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘေးသို့ ဆိုင်ကယ်ထိုးရပ်လိုက်သည်နှင့် တစ်ပြိုင် နက်လိုလို ကွန့်မြူးမောင်လည်း လမ်းဘေးသို့ ဖြုတ်ခနဲပစ်လဲ သွားသည်ကို မြင်လိုက်ရသည်။

နွေမှာ စိုးထိတ်မှုဖြင့် ကားကိုရပ်လိုက်ရသည်။

ကွန့်မြူးမောင်မှာ လှုပ်လှုပ်ရှားရှားမှုမရှိ။ နွေ ဆိုင်ကယ်ကို ကျော် လွှန်ပြီး ဘေးသို့ချရပ်လိုက်ရသည်။ ကားပေါ်မှဆင်းကာ. . .

"ကွန့်မြူး"

ကွန့်မြူးမောင် အနားသို့ ချဉ်းကပ်လိုက်သည်။ ဟဲလ် မက် ဆောင်းထားသော ကွန့်မြူးမောင်၏ ဦးခေါင်းကို အသာ မ,ထူရင်း ဦးထုပ်ချွတ်ပေးလိုက်သည်။ ချစ်ချစ်တောက် တုန်ယင် နေသော အပူငွေ့တို့သည် နွေ့အား ဟပ်လေပြီ။

"မြူ . . မြူး. . "

လှုပ်ရမ်းခေါ်ကြည့်ရင်းမှ နွေ မျက်ဝန်းတို့သည် ဝေဝါး လာသည်။ နွေ ငိုမိလေပြီ။ နွေ့အသည်းတံခါး ပွင့်ထွက်သွား ပြီထင့်။

"မြူး . . မြူး. . မပွား လုပ်စမ်း. . ဘေးဘီ အကူအညီ တောင်းစမ်း"

"ဟုတ်"

ကွန့်မြူးမောင်ကို ရင်ခွင်မှာပိုက်ရင်း နွေ့မှာ ပျာယာ ခတ်ရသည်။ ရင်တွင်းလှိုက်ပူ ဘလောင်ဆူမှုကို နွေမည်ကဲ့သို့ ဖြေရှင်းရမည်နည်း။ သောကမီးတို့က ဟုန်းဟုန်းတောက် လောင် လျက်ရှိ၏။

ယာသိမ်း ပြန်လာဟန်တူသော လယ်သမားကြီးများ



မြင်ရချိန်တွင် နွေ အားတက်သွားသည်။ မြူး မသေနိုင်ပါဘူး။ အို . . မသေရဘူး။ မာန်တင်းသော မေတ္တာမျက်ရည်စက်တို့ သည် မြူးမျက်နှာပေါ်သို့ ကူးလူးယှက်သန်းသွားသည်။

အချစ်ခြေသံ ကြားရုံမျှဖြင့် စိုးထိတ်ကြောက်လန့်ခဲ့ သော နွေသည် ရှောင်ပုန်းရ ကြိုးစားရင်းဖြင့် အချစ်စက်ကွင်း တွင်းမှ မလွတ်မကင်း ဖြစ်မိလေပြီထင့်။



www.burmeseclassic.com

www.burmeseclassic.com




## ချစ်သူမိုးစက်ပွင့်

မိုးပွင့်တစ်စက်
ဖတ်ခနဲ ထိမှန်
ဆတ်ခနဲ တုန်ခါ
နှလုံးသားမှာ
ကမ္ဘာကသိ လိုက်ဖမ်း
မှန်းဆ မရခင်
ပျောက်ကွယ်သွားသည့်
လေနှင့်ပါသော မိုးစက်ပမာတည်း။ ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

စွန့်စွန့်စားစား ထွက်လာသောခရီးဖြစ်၍ နွေ့မှာ မေး မြန်းစုံစမ်းရသည်။ နှင်းပုလဲဘူတာမှ ဘီးလင်းကို မြင်းလှည်း ငှားသွားရဦးမည်တဲ့။

"တစ်ယောက် ရှစ်ကျပ်"

"ရတယ်၊ တက် . . မပွား"

နွေ ငြင်းဆန်မနေ။ နော်မူတို့အိမ် နွေရောက်လိုလှ၏။

"ဘီးလင်း သကြားစက်ကတော"





"လမ်းမှာပဲ၊ အဲဒီကို သွားမလို့လား"

"ဘီးလင်းသကြားစက်မှာ အလုပ်လုပ်တဲ့ ဒေါ်ရီတို့အိမ် သွားမလို့ မြို့ထဲမှာပဲနေသလား တိတိကျကျတော့မသိဘူး၊ ဂိတ်ဝရောက်ရင် စုံစမ်းကြည့်ချင်တယ်"

"ဟုတ်ကဲ့၊ ဆိုက္ကားသမားတွေ မေးလိုက်ရင်သိပါတယ်"

ခရီးသည် ရှစ်ဦးပြည့်သည်နှင့် မြင်းလှည်းထွက်သည်။ တခဏချင်းပင် ဘီးလင်းသကြားစက်ကို လှမ်းမြင်လိုက်ရသည်။

"နီးနီးလေးပဲ"

"မြို့ထဲရောက်ဖို့ လိုသေးတယ်"

"ဩော်"

ဘီးလင်းစက်ဝန်းအတွင်းသွားရန် ဆိုက္ကားဂိတ်၌ စုံစမ်းကြည့်သည်။

"အဖိုးကြီးဒေါ်ရီက ဒီမှာမနေဘူး၊ မြို့ထဲမှာနေတာ"

တိုက်တိုက်ဆိုင်ဆိုင် ဆိုက္ကားသမားတစ်ဦးက သိနေသည်။

"ကျွန်တော်သကြားစက်မှာ လုပ်လို့သိတာ၊ နေတဲ့လမ်းကိုတော့ တိတိကျကျမသိဘူး၊ ရပ်ကွက်တော့သိတယ်"

"ဒါဖြင့် ကျွန်မတို့ကို ပို့ပေးနိုင်မလား"

"ရပါတယ်"

နွေမြင်းလှည်းခကို ဆစ်မနေတော့ပဲ အပြည့်ပေးလိုက်ပြီး ဆိုက္ကားဆီသို့ ပြောင်းခဲ့သည်။ သကြားစက်ကိုလွန်ပြီး အိမ်ခြေများကို မြင်ရတော့ ရောက်ပြီထင်သည်။ သို့သော် မရောက်သေး ရန်ကုန်-မူတ္တမ အဝေးပြေးလမ်းမကြီးကိုလည်းမြင်လိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဘီးလင်းမြို့၏ မပြီးပြတ်သေးသော အားကစားကွင်းဆောက်ရုံ စသည်တို့ကို လွန်မြောက်လာသည်။ ဟိုမေး သည်မေးဖြင့် အဆုံးမတော့ ဆရာစံရပ်ကွက်၊ ရန်အောင်လမ်းရှိ အပျိုကြီး ဒေါ်ရီတို့အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားလေသည်။

"ညှော်သည်"

ဒေါ်ရီအမေနှင့် အဒေါ်အပျိုကြီးတို့သည် အိမ်ဆိုင်ဖွင့်လှစ်ရောင်းချထားရာမှ မှန်ဝေစွာ ကြည့်နေသည်။

"ဆရာမ နော်မူနဲ့တွေ့ချင်လို့ပါ"

"ရှိတယ် ရှိတယ်၊ ဆရာမရေ"

ရှေးရိုးမြန်မာအိမ်မျိုး ခပ်ကြီးကြီးတွင်ပြုပြင်သူ ယောက်ျားမရှိသဖြင့် ဟောင်းနွမ်းယိုင်နွဲ့နေသည်။ နော်မူသည် အိမ်နောက်ဖေးမှ အူယားဖားယားပြေးထွက်လာပြီး. .

"ဟယ်. . နွေ၊ လာ"

ဝမ်းသာအားရ နွေ့ထံမှ အထုပ်အပိုးတွေကို ဆွဲယူပြီး အိမ်နောက်ဘက်သို့ ခေါ်ဆောင်ခဲ့သည်။ မြို့ပတ် ရှာဖွေခဲ့ရသဖြင့် ဆိုက္ကားခကို (၁၅)ကျပ် ရှင်းခဲ့ရလေသည်။ ဓာတ်ဆီဈေးခေါင်ခိုက်နေသော ကာလ၌ လူ့လုပ်အား၊ ချွေးထွက်ခအတွက်လည်း တန်ပါတယ်လေဟု နွေတွေးပြီး ဈေးမဆစ်တော့ပြန်။

"ဘယ်လိုဖြစ်တာလဲ နွေ၊ ကားမပါဘူးလား"

ရန်ကုန်၌ကားပေါ်က မဆင်းသောနွေ့အား နော်မူသည် အထူးအဆန်းဖြစ်နေသည်။





"ဒီလိုပဲ ဆူငယ်ချင်း၊ ဘဝဆိုတာ တစ်သမတ်တည်းသွားနေရင် ငြီးငွေ့စရာပဲ မဟုတ်လား၊ ဒါကြောင့်အပြန်အလှန် အပြောင်းအလဲလေး လုပ်ပေးရတယ်"

သောကအပူမီး ဟူသမျှတို့ကို ရင်တွင်း၌ မြှုပ်နှံထားပြီး လောကကြီး၌ နေတတ်အောင်နေရန် ကြိုးပမ်းနေသော နွေသည် ဟန်ဆောင်ပြုံးရယ်နေလေသည်။

"အေးအေးဆေးဆေးပဲလား"

"ဆိုပါတော့"

"ဒါ တို့အစ်မလေ"

"ဟုတ်တယ်၊ သကြားစက်မှာလုပ်တဲ့ အပျိုကြီးဒေါ်ရီဆိုတဲ့ သဲလွန်စတစ်ခုတည်းနဲ့ ဒီကိုရောက်လာခဲ့တာ"

ရိုးသားဖော်ရွေသော မိသားစုအတွင်း ခေတ္တခိုဝင်ခွင့်ရသူနွေ့အတွက် အေးချမ်းမှု ရလိမ့်မည် ထင်ပါသည်။

"ကိုင်း နားနားနေနေ နေတော့နွေ၊ အားမနာနဲ့ ရေချိုးချင်သလား၊ ရေတွင်းကရေကောင်းမှကောင်း"

"ရတယ်၊ နွေအတွက် ဘာမှမပူနဲ့၊ နွေ နေတတ်အောင်နေမယ်၊ နွေကသာ အားနာတာ. ."

"အားနာတယ်ဆိုတဲ့စကား တို့ကရင်တွေကို လာမပြောနဲ့"

နွေရယ်နေလိုက်သည်။ နွေ့မျက်နှာကို အတတ်နိုင်ဆုံးကြည်လင်အောင်ထားသော်လည်း ရင်တွင်းအပူမီးလောင်မြိုက်နေသူတို့၏ မျက်နှာသည် အဘယ်ကြောင့်မှ ကြည်လင်နိုင်ပါအံ့နည်း။



www.burmeseclassic.com

www.burmeseclassic.com



မှိုင်းမှုန်ရီဝေနေသော နွေ့မျက်နှာကို နော်မူက ရိပ်မိဟန်တူသည်။ ညရောက်သည်နှင့် မီးပူတိုက်ရင်း တီတိုးမေးတော့သည်။ ဘီးလင်း၌ လျှပ်စစ်မီးကို ညဘက် (၆)နာရီမှစရပြီး မနက် (၆)နာရီတွင် ရပ်ဆိုင်းလေ့ရှိသည်။

"နွေ နင်ဘာဖြစ်လာသလဲ"

ငိုချင်ရက်လက်တို့လေပြီထင်။ မျက်ရည်တို့ ပြိုးပြိုးပေါက်ပေါက် ကျလာသည်။

"ထင်တယ်၊ နင့်မျက်နှာမှာ သောကရိပ်တွေ ထင်နေတယ်လို့၊ ပြောစမ်းပါဦး နင့်ဒယ်ဒီ နောက်တစ်ယောက်ယူမြန်ပြီလား"

ဒယ်ဒီ နောက်ထပ်မိန်းမများ ဘယ်လောက်ယူယူ နွေပူတော့မည်မဟုတ်ပါ။ နှလုံးသားကို အချစ်ဟူသော ဝရဇိန်လက်နက်ဖြင့် အခွင်းခံရပြီးမှတော့ ကျန်အရာဟူသမျှသည် သာမညဖြစ်သွားလေပြီ။

ခေါင်းခါယမ်းလိုက်သည်။ အသံမထွက်စေလိုသဖြင့် ကြိတ်၍ ငိုရှိုက်ရခြင်းက ပင်ပန်းလွန်းလှသည်။ စကားပြောနိုင်သောအင်အားမရှိတော့သဖြင့် မိမိအတွက် ပေးထားသောအိပ်ခန်းအတွင်း ဝင်အိပ်ပစ်လိုက်သည်။

နင့်နင့်သီးသီး ကြေကွဲနေသူအဖို့ အိပ်ပျော်ခြင်းကို ရရှိနိုင်ပါမည်လား။

နွေ့အာရုံသို့ ကွန့်မြူးမောင်ရောက်ရှိလာသည်။

ဘုရားကြီး မြို့အလွန်၌ ကွန့်မြူးမောင် အဖျားအရှိန်ဖြင့် သတိလစ်သွားခဲ့သည်ဖြစ်ရာ နွေနှင့်မပွားသည် အနီးပတ်ဝန်း





ကျင်မှ လယ်သမားများ အကူအညီယူကာ ကားပေါ်ဆိုင်ကယ်ရောလူပါ တင်ပြီး၊ ပဲခူးဆေးရုံသို့ မောင်းခဲ့သည်။

ပဲခူးဆေးရုံ၌ သူငယ်ချင်းဆရာဝန်ကလည်း ရှိနေသဖြင့် အတော်ဖြစ်ကာ နွေ ကွန့်မြူးမောင်ကို ဆေးရုံတင်ပေးခဲ့သည်။ စပယ်ရှယ်နာ့စ် ငှားပေးပြီးနောက် ရန်ကုန်ကို ဖုန်းဆက်ကာ မသူထံ အကြောင်းကြားပေးခဲ့သည်။

မသူတို့ချက်ချင်းလိုက်လာမည်ဟု ပြောသဖြင့် နွေ စိတ်အေးသွားသည်။ သို့သော် နွေ စိတ်မချသေး။ မသူတို့အလာကို ဆေးရုံပြင်ပ တစ်နေရာမှ စောင့်ကြည့်ပြီး မသူနှင့်အခြားလူများ ရောက်လာသည်ကိုမြင်မှ နွေ ရန်ကုန်သို့ ခရီးဆတ်ခဲ့သည်။

နွေနှင့် ကွန့်မြူးမောင် ဆက်သွယ်မှုကို နွေအတတ်နိုင်ဆုံးပြည်ဖုံးကား ချလိုက်ခြင်းဖြစ်သည်။

သို့သော် နှလုံးသားသို့ နက်ရှိုင်းစွာ ဝင်ရောက်နေသော ခံစားမှု အစုစုကိုနွေ မည်ကဲ့သို့ဖြတ်တောက်နိုင်ပါမည်နည်း။

ဖွင့်ဟ မချစ်မိခင်ကတောင်၍မျှ အသည်းကျွမ်းအောင် ခံစားနေရပါလျှင် ဖွင့်ဟချစ်ခင်ကြည်ဖြူမိပါက နွေ့နှလုံးသားတို့ မွမွကြေပျက်သုန်းကာ ဖုန်းဖုန်းကျသေပွဲဝင်ရလိမ့်မည် ထင်ပါသည်။

မိမိကိုယ်ကို အသည်းမာလှချည့်ရဲ့ဟု အထင်ကြီးကာ မိမိအချစ်ကိုမရရင် ကြေကွဲပူဆွေးရပါသည်ဆိုသော သူတို့၏ခံစားမှုကို အပိုဟုထင်ကာ ရယ်မောဟားတိုက်သော နွေဝဋ်လည်ပြီထင်ပါသည်။

နွေမအိပ်သေးဘူးအထင်နှင့် မရီလှမ်းပြောသည်ကို နွေ



www.burmeseclassic.com

www.burmeseclassic.com



တုံ့ပြန်ပြောနိုင်သော အင်အားမရှိသဖြင့် ငြိမ်နေလိုက်သည်။

နော်မူက. . .

"နွေ အိပ်ပြီအစ်မ"

"သြော်. . ငါမသိလို့"

တကယ်တမ်းအိပ်ပျော်ဖို့အတွက် နွေဖြေရှင်းရပေဦးမည်။

ဗေလီယံဖိုက်တစ်ပြားသောက်လိုက်သည်။

စိတ်ကြောင့်အိပ်မပျော်နိုင်ခြင်းကို စိတ်ကိုချုပ်တည်းနိုင်ခြင်းဖြင့် ဖြေရှင်းရမည်ကို နွေသိပါသည်။ သို့သော် လောလောဆယ်အားဖြင့်တော့ ဖြတ်လမ်းနည်းဖြင့်သာ ဖြေရှင်းလိုက်ရသည်။

စားစားသွားသွား၊ နားနားနေနေ သတိတရရှိနေတတ်ခြင်းသည် အချစ်ကြောင့်ပဲ ထင်ပါသည်။

မှုးမှုးယစ်ယစ်နှင့် အိပ်ပျော်သွားခဲ့သည်။ အိပ်ပျော်ခြင်းရောက်ခါနီး နောက်ဆုံးစက္ကန့်အထိ ကွန့်မြူးမောင်ကို မြင်ယောင်ဆဲပင်. . . .







# အခန်း (၂)

ဒေးခင်တောင်၊ ကြားခဲ့ဖူးသည်။ လုံးချင်း ခေါင်းစဉ်တစ်ခုထင်သည်။ 'ဒေးခင်တောင်ကုန်းက လွမ်းအောင်ဖန်သည်'ဟု စာရေးဆရာကတော့ မမှတ်မိတော့ချေ။ တစ်ယောက်ယောက်ပြောသံ ကြားခဲ့ဖူးခြင်းဖြစ်သည်။ နွေ လုံးချင်းဝတ္ထုမဖတ်တတ်ခဲ့။ မဂ္ဂဇင်းကိုလည်း ဟိုလှန်သည်လှန်နှင့်သာ ပြီးပြတ်ခဲ့သည်။ ဝတ္ထုအပေါ် ခံစားတတ်သော နှလုံးသားမရှိခဲ့သူ နွေသည် ယခုကြုံကြိုက်သောအခါ ခေါင်းစဉ်ကလေးကိုပင် သတိရကာ လွမ်းဆွတ်



www.burmeseclassic.com

www.burmeseclassic.com



တွေဝေနေမိသည်။

တကယ်လည်း မြင်မြင်သမျှတို့သည် အလွမ်းကိုသာ သရုပ်ဖော်ဆောင်နေလေပြီ။

ဘီးလင်းချောင်းနံဘေး တည်ရှိပြီး တောင်ပတ်လည် ဝန်းရံနေသော ဘီးလင်းမြို့ကလေးကို ဒေးခင်တောင်စွန်းမှ ထိုင်ပြီး နွေ ငေးမောကြည့်နေမိသည်။

ဒေးခင်စေတီမှ ဆည်းလည်းသံကလေးများကလည်း အလွမ်းကို ဆွပေးနေလေပြီ။

"နှင့်ဟာကလည်းကွယ်၊ ကိုယ့်ဒုက္ခကိုယ်ဝယ်ယူနေသလိုများ ဖြစ်နေပြီလား"

"ငါမပြောတတ်တော့ဘူးဟာ၊ ငါဘာလုပ်လုပ်သူ့ကို သတိရနေတယ်"

"အဲဒါ အချစ်ရဲ့မာယာတစ်မျိုးပဲ၊ ချစ်စရာရှိပြန်ချစ်လိုက်ပေါ့ဟာ၊ နောင်အခါ နောင်ခါတော့ချေးပဲ၊ အချစ်မှာ စွန့်စားရဲတာဟာလည်း တစ်မျိုးကောင်းတယ်၊ တွန်းဆုတ်နေရင်တော့ အဖို့ကြီးပဲဖြစ်မှာပဲ"

"အပျိုကြီးလုပ်တာ မအေးဘူးလား"

"ခံစားချက်ကင်းမဲ့တဲ့သူတွေ အပျိုကြီးလုပ်တာ ဘာမှပြဿနာမရှိပေမယ့်၊ လှုလည်းလှ ခံစားတတ်တဲ့လူတွေ အပျိုကြီးလုပ်တာ ပြဿနာရှိတယ်"

"ဘယ်လို ပြဿနာလဲ"

"လောလောဆယ် ရင်ထဲ မချိမဆံ့ခံစားနေရပြီး မဟုတ်လား၊ နောက်ပိုခံစားရမယ်"





နွေ နားလည်ပါပြီ၊ အချစ်နိဒါန်းပျိုးရုံရှိသေးသည်။ ရင်တွင်းဘလောင်ဆူမှုဖြင့် တွယ်ရာမဲ့လွင့်မျောနေသော နွေ ဘဝကို နွေအံ့အားသင့်စွာ ခံစားနေရသည်။

"မြင်တောင်သွားဦးမလား နွေ"

ယှဉ်လျက်ရှိသောတောင်သည် ဒေးခင်တောင်ထက် ပို၍မြင့်သည်။

ဒေးခင်တောင်ကိုတောင်မှ အမြင့်အားဖြင့် နိမ့်နိမ့်လေးဟုတက်ခဲ့သော နွေမှာ ဒူးများပင်ညွတ်ခွေချင်အောင် ပင်ပန်းကြီးစွာ တက်ခဲ့ရသည်။

တောင်တက်ခရီးစဉ်ဆိုတော့လည်း ကျိုက်ထီးရိုးဘုရားခရီးစဉ်က မေ့မခဲ့သော ကွန့်မြူးမောင်ကို တမ်းတမ်းတတဖြစ်ခဲ့သည်။

ယခုလည်း ဒေးခင်တောင်စွန်းဆီမှ ဘီးလင်းချောင်းစိမ်းခွေစီးဆင်းနေခြင်းသည်လည်းကောင်း၊ ညို့ညို့မှိုင်းမှိုင်းတောင်တန်းကြီးသည်လည်းကောင်း၊ အုန်းပင်များ အုပ်မိုးကာငြိမ်သက်စွာ ရပ်တည်နေသော ဘီးလင်းမြို့လေးသည်လည်းကောင်း၊ ထည်ထည်ဝါဝါ ဘီးလင်းသံကြားစက်သည်လည်းကောင်း၊ နွေ့အား အလွမ်းကိုသာ ပေးဆောင်နေချေပြီ။

"ဟင် . . နွေ မြင်တောင်သွားဦးမလား"

နွေ့အား မကြားဘူးအထင်နှင့် နော်မူကထပ်မေးလေသည်။

"မသွားတော့ပါဘူး မောတယ်၊ နောက်အားတဲ့ရက်တွေသွားမယ်နော်၊ နွေ ဘုရားရှိခိုးလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆည်းလည်းသံတချင်ချင်ကို နားဆင်ရင်းဒေးခင်စေတီကိုဝပ်တွားဦးချလိုက်သည်။ တောင်းလိုသော ဆုတွေ များပြားနေလေပြီ။ ယခင်အမြဲတောင်းခဲ့သောဆုကို မတောင်းတော့ဘူးဟု ဆုံးဖြတ်လိုက်သည်။ သို့ဆိုလျှင် နွေဘာဆုတောင်းရမည်နည်းလောလောဆယ်တော့ နွေ့ရင်တွင်း မချိမဆံ့ဖြစ်ပေါ်နေသောဝေဒနာရပ်ကိုသာ ထွက်ပေါက်ပေးလိုက်မိသည်။

"မဟာကရုဏာတော်ရှင် ဗုဒ္ဓမြတ်စွာဘုရား . ဘုရားတပြည့်တော်မအား အလွမ်းနှင့် ကင်းဝေးအောင်ဆောင်မပေးမူပါဘုရား" ဟုသာ။

ကြွေလုလုမျက်ရည်စက်ကို မျက်တောင်ပုတ်ခတ်တားသိမ်းဆည်းလိုက်သည်။

'ဒီစေတီက ဆုတောင်းပြည့်တယ်'ဟု နော်မူပြောထားသဖြင့် ဆုတောင်းပြည့်ဝချင်ပါသည်။

ဘုရားရင်ပြင်တော်ကျဉ်းကျဉ်းကလေးတွင် ဇရပ်ဆောင် ခပ်ကြီးကြီးတစ်ခုသာရှိသည်။ ဓမ္မာရုံသဘောဖြင့် လပြည့်လကွယ်ဥပုသ်လာစောင့်သူများအတွက် ကွန်းခိုရာဖြစ်သည်။

ရေလှကားထစ်လေးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ပြီးတောင်တက်လမ်းခရီးလေးကိုသာ ငေးကြည့်နေမိသည်။

"ဟင်"

နွေ့စိတ်သည် မှုမှန်မှ ဟုတ်ပါလေစ။ ဘုန်းကြီးကျောင်းဝန်း ကွက်လပ်၌ ဆိုင်ကယ်တစ်စီးရပ်ထားသည်။ ကွန်မြူးမောင်၏ဆိုင်ကယ်နံပါတ်ကို မမြင်ရသော်လည်း အရောင်အဆင်းနှင့်





မျိုးအစားက တူညီသည်။ လူမတွေ့ရ။ မဟုတ်နိုင်ပါ။ နွေ့င်တို့ တဒိန်းဒိန်းခုန်လာသည်။ အချစ်နတ် ဖမ်းစားမှုသည် နွေ့အမြင်အာရုံကိုပါ ထင်ယောင်ဝိုးတဝါးဖြစ်စေသည်ထင်။

ကြေကြေကွဲကွဲ မျက်ရည်ပွင့်တို့ ကြွေလွင့်လာသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃)

အလွမ်းဝန်ထုပ်ဝန်ပိုးကိုချီရင်း ဆင်းလာရသူ နွေသည် လေးလံထိုင်းမှိုင်းလျက်ရှိသည်။ အတက်အဆင်း ထင်းစည်းလေ များကို ထမ်းပိုးသယ်ဆောင်နေသူကလေးတွေကိုမှ အားမနာ နွေ ခြေလှမ်းတို့ မသယ်ချင်။

အပြေးအလွှားတက်လာသူတစ်ဦးနှင့် လမ်းမှာဆ သည်။

"မမ"





"ကွန့်မြူး"

ကွန့်မြူးမောင်မှ ကွန့်မြူးမောင်အစစ်။ ရင်ခွင်သို့ ပြေး ခိုလှုံလိုက်ချင်ပါဘိ။

"မမ"

ကွန့်မြူးမောင်က မျက်နှာချင်းဆိုင်ရပ်ကာ နွေ လက် ဆင်းရင်းနှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ထားသည်။

နွေမျက်နှာကို ပျောက်ဆုံးမှာစိုးသည့်အလား တမေ့တ ကြီး ကြည့်နေသည်။ နွေလည်း ထို့အတူပင်။ ကြည်နူးမှု ရည်ပွင့်တို့ လန်းဆန်းစိုပြည်လာသည်။

"မမ"

"မြူး လိုက်လာတယ်"

ချစ်သူနှင့် ဆုံစည်းခွင့်ရခြင်းလောက် ကြည်နူးဖွယ်ရာ တကမှာ ရှိနိုင်ပါမလား။

"မမ မိုးအဆုံး မြေအနှံ့ ပုန်းစမ်း၊ မြူးကတွေ့အောင် ကိုရှာမှာပဲ"

ရစ်ဝဲနေသော မျက်ရည်စတို့ကိုညင်သာစွာသုတ်ပေး သူပြောလိုက်သည်။ နွေပြုံးလာမိသည်။ ချစ်သူ၏ အယု အကြင်နာတို့သည် အားဆေးတစ်မျိုးဖြစ်သည်။

"ဘယ်လိုလုပ် သိလာတာလဲ"

"သတ္တဘာဂနတ်မင်းကြီး လမ်းညွှန်ပေးလိုက်လို့လေ"

"လုပ်ပြီကွာ"

ပျော်မွေ့ရွှင်သာသော စကားသံတို့ကြောင့် ဒေးဒင် ဆင်ဖွန်းသည် အလွမ်းနှင့်ဝေးသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ဆင်းကြမှာလား"

နော်မူ အသံထွက်လာမှ သူနှင့်မပွားကို သတိရမိသည်။ သူတို့ မျက်နှာတို့လည်း ရွှင်ပျနေသည်။

"ဩော်. . . ဟုတ်ပါရဲ့ မြူး ဒါ တို့ကျောင်းတုန်းက သူငယ်ချင်း နော်မူတဲ့ မမ သူတို့အိမ်ကို လာလည်တာ"

"လာလည်တာလား ၊ လာပုန်းတာလား"

နော်မူက ကျီစယ်လိုက်သည်။

"နှစ်မျိုးစလုံးပဲ"

"ကဲ. . ကိုမြူးမောင် ဘုရားတက်ဖူးလိုက်ပါဦး၊ ကျွန်မ တို့ ဒီမှာစောင့်နေမယ်"

"မဖူးတော့ပါဘူး၊ ကျွန်တော်က ဘုရားဖူးဖို့ လာတာ မဟုတ်ပဲ"

"ကြည့်. . ငရဲကြီးတော့မှာပဲ၊ မရဘူးသွားဖူး"

နွေက ကွန့်မြူးမောင် ကြည့်သည်ကို ကြည့်ရွှင်စွာ ပြ လိုက်ရင်း. .

"ဒါဖြင့် မမပါ လိုက်ခဲ့လေ"

နွေ ရုတ်ခြည်းပင် ခေါင်းညိတ်လိုက်မိသည်။ စောစော က မောဟိုက်ပင်ပန်းကြီးစွာ တက်ခဲ့ရသော တောင်အပေါ် စိတ်ပျက်ချင်းတို့သည် အဘယ်သို့ လွင့်ပါးသွားသည်မသိ။

လက်ကမ်းလာသော ကွန့်မြူးမောင် လက်ကို တွဲရင်း နော်မူကို မလုံမလဲ ကြည့်လိုက်သည်။ ချစ်ဦးသူ ရှိခဲ့ဖူးသော ပြီးတော့ လွဲခဲ့ဖူးသော နော်မူက နွေကို စာနာ နားလည်စွာ မသိကျိုးကျွန်ပြုကာ. . .





"လိုက်သွားလိုက်လေ၊ နော်မူနဲ့မပွား အိမ်ကစောင့်နေနှင့်တော့မယ်၊ ကိုကွန့်မြူးမောင်လည်း အိမ်မှာပဲတည်းမှာမဟုတ်လား"

"ဒါတော့ ခွင့်လွှတ်ပါ ခင်ဗျာ၊ ကျွန်တော့သူငယ်ချင်းက ဘီးလင်းသကြားစက် အက်စ်အေအီးပါ။ သူ့ဆီမှာပဲတည်းတယ်"

"ဒါဖြင့် ဒီညနေစာတော့ စားသွားရမယ်နော်"

"နောက်ကြုံတော့ စားမှာပါ လာနေဦးမှာပဲ၊ ဒီနေ့တော့ တိုက စီစဉ်ထားလို့ပါ"

"ကျွန်မတို့ သွားနှင့်မယ်၊ အိမ်မှတ်မိတယ်နော်"

"မှတ်မိပါတယ်"

ကွန့်မြူးမောင်နှင့် နော်မူ အချီအချ စကားပြောနေသည့်ကြားသို့ နွေတစ်ခုမှ ဝင်မပြောဘဲ ပြုံးနေလိုက်သည်။ နော်မူနှင့်မပွား ဆင်းသွားသောအခါမှ မောင်ကွန့်မြူးမောင် မျက်နှာကို စေ့စေ့ကြည့်လိုက်မိသည်။ အပြုံးလတ်လတ်က မေတ္တာရောင်များ ဖိတ်ဖိတ်တောက်နေခြင်းလား။

"မမ မြူးကို ထားသွားရက်တယ်"

"မထားရက်ဘဲ ထားခဲ့ရတာပါကွယ်"

"တကယ်ပြောတာလား"

"တကယ်ပေါ့"

"ဒီလိုဆိုရင် အဲဒီ အပြောလေးနဲ့တင် သေလုမြောမြီး ခံစားခဲ့ရတာတွေ ပြေပျောက်သွားပါပြီ"

"လာ. . မမ"



www.burmeseclassic.com

www.burmeseclassic.com



တယုတယ လက်တွဲခေါ်ငင်သော ကွန့်မြူးမောင်အပါး နွေ ကြည်မွေ့စွာ လိုက်ပါလာခဲ့သည်။

စောစောက တက်စဉ်က အမောအပန်းတို့သည် မည်ကဲ့သို့ ပျောက်ဆုံးသွားသည် မသိ။ အချစ်၏ စွမ်းအားက မောင်းနှင်ထုတ်လိုက်သည်ထင်ပါသည်။

"မမ ခု မြူးကို မမုန်းတော့ဘူးပေါ့နော်"

"ဘယ်တုန်းကမှ မမုန်းခဲ့ပါဘူး"

"ဒါဖြင့် မြူးကို ဘာလို့ မောင်းထုတ်ခဲ့သလဲ၊ ခပ်တည်တည်ကြီး လုပ်ခဲ့သလဲ၊ ပြီးတော့ ထားခဲ့ရသလဲ"

"အံမယ်လေးဟဲ့ မေးခွန်းတွေကလည်း များလိုက်တာ၊ ဘယ်က စဖြေရမှန်းတောင် မသိတော့ဘူး"

"မသိရင်လဲ မဖြေနဲ့တော့"

"မဖြေဘဲနဲ့ မင်းသိရင်လည်း ပြီးသွားတာပဲပေါ့လေ"

"မမဟာ လူကြီးဆန်မလိုလိုနဲ့ တကယ်တော့ ကလေးတစ်ယောက်လိုပဲနော်"

ကွန့်မြူးမောင်က နွေအား ငဲ့စောင်းကြည့်ရင်း လေးနက်စွာ မှတ်ချက်ချလိုက်သည်။

"ဟုတ်တယ်မြူး၊ အချစ်နဲ့ပတ်သက်ရင် တို့ဟာ သုံ့ညက စရလိမ့်မယ်၊ ဘာမှမသိတာ အမှန်ပဲ"

"မြူး သင်ပေးမယ်လေ"

"မင်းက အချစ်ပရော်ဖက်ဆာကြီးလား"

"ဆိုပါတော့"

နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ပြုံးလိုက်သူ ကွန့်မြူးမောင်





ကို ကြည့်ပြီး နွေ့ရင်တို့ တဒိန်းဒိန်းခုန်လာသည်။ နွေ အချစ်ကြီးချစ်မိသူ၏ အကြောင်းဇာစ်မြစ်ဟူသမျှတို့ကို နွေဘာမှမသိသေးပါလား။ မိမိသည် အချစ်မျက်ကန်းတစ္ဆေကဲ့သို့ ဖြစ်နေပြီ။

"ထိုင်လေ မမ"

နွေအတွက် ဖျားကြမ်းပေါ်မှာ တစ်နေရာစာကို တယုတယ ဖုန်ခါပေးသော ကွန့်မြူးမောင်ကို နွေ မည်ကဲ့သို့များ တောက်ချက်ချရပါ့မည်နည်း။

အို . . ချစ်ပြီးမှတော့ ပြန်လည်ရုပ်သိမ်းလို့ ရကောင်းသောအရာမဟုတ်ပေဘဲ၊ နှလုံးသားသည် အချစ်အတွက် ဝင်လမ်းသာရှိသည်။ ထွက်လမ်း မရှိပေ။

မိနစ်ပိုင်းခြား ကာလလေး၌ ဒုတိယမွှ ပုဆစ်ဒူးတုပ်ထိုင်လိုက်မိပြန်သည်။

ဘုရားသွား ကျောင်းတက်ဟူသော စကား၏ အဓိပ္ပါယ်ကို နွေ နားလည်မိသည်။ ချစ်သူနှင့်အတူ ဘုရားသွား တောင်းဆုသူရသည်မှာ ပျော်ရွှင်ကြည်နူးဖွယ်ရာအတိ ဖြစ်နေ၏။

စောစောက တောင်းခဲ့သောဆုသည် လက်ငင်းပြည့်ဝသွားလေပြီဖြစ်သဖြင့် ယခုတစ်ဖန် တစ်မျိုး တောင်းလိုက်ရသည်။

"ချစ်သူမြူးနှင့် စိတ်ချမ်းသာ ကိုယ်ချမ်းသာဖြင့် ရာသက်ပန် ပေါင်းဖက်ရလို၏ အရှင်ဘုရား"

ဝပ်တွား ဦးချအပြီး ခေါင်းအမော့၌ မိမိအား မမှိတ်မသုန် ကြည့်နေသော ကွန့်မြူးမောင်ကိုတွေ့လိုက်ရသည်။

ကျိုက်ပေါလော့ ဘုရားမှာ စတင်တွေ့စက အကြည့်



www.burmeseclassic.com

www.burmeseclassic.com

ကိုသတိရလိုက်မိသည်။ ထိုစဉ်တုန်းကတည်းက မှတ်မှတ်သားသား လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့သော ရင်အစုံသည် ယခုအခါတွင်တော့ ပျော်ရွှင်မှု မြူးနှတ်မောင်နှတ်တို့ ဖမ်းစားလေပြီ။

"ဘာဆုတောင်းလဲဟင် မမ"

"မြူး တောင်းတဲ့ ဆုမျိုးပဲပေါ့"

"မြူး ဘာဆုတောင်းသလဲ မမသိလို့လား"

"ချစ်သူတိုင်း တောင်းတဲ့ဆုကို မြူးတောင်းလိမ့်မယ် လို့ မမ ယုံကြည်ပါတယ်၊ ကဲ ဆင်းကြရအောင်နော်မြူး"

"နေပါဦး မမ၊ ဘီးလင်းမြို့ မြင်ကွင်းကို ကြည့်ပါရစေဦး"

စောစောက အလွမ်းမျက်လုံးဖြင့် ကြည့်ခဲ့သဖြင့် လွမ်းမျက်ရည်တွေ ခွေနေသော ဘီးလင်းချောင်းသည်လည်းကောင်း အလွမ်းမြူခိုးတို့ ရစ်သိုင်းထားသဖြင့် မှိုင်းမှုန်ရီဝေနေသော တောင်တန်းသည်လည်းကောင်း၊ ငူတူတူ ငိုင်တိုင်တိုင် အလွမ်းဘီးလင်းမြို့သည်လည်းကောင်း၊ သက်ဝင်လှုပ်ရှား ကြည်ရွှင်ရယ်မော နေသယောင်ယောင် နွေ့ခံစားရလေပြီ။

အချစ်သည် လောကကြီးကို အလှတန်ဆာဆင်တတ်ကြောင်း နွေအခု သိလေသည်။







# အခန်း (၄)

ဘီးလင်းချောင်းဘေး ထွန်းနေသော သောင်မှာ ဖြူးနေသည်။ ထိုသဲသောင်ရွှရွှပေါ် လမ်းလျှောက်ရသည်က အရသာတစ်မျိုးပင်။

ချစ်သူလက်မောင်း၌ မည်မျှ စွမ်းရည်သတ္တိများ ရှိသည် မသိ။ တွယ်မိလျှင် မခွာချင်။ ထာဝရခိုတွဲထားချင်စိတ်များ အလိုလို ပေါ်လာသည်။

"မြူး . . ."


www.burmeseclassic.com

www.burmeseclassic.com



"မမ. ."

"ကျိုက်ထို ဘယ်တော့သွားမလဲ"

"ဘယ်တော့မှ မသွားဘူး"

"ဘာဖြစ်လို့"

"ရှက်လို့"

"ဘာဖြစ်လို့ ရှက်ရတာလဲ"

"ယောက်ျား မုန်းကြောင်း ကြွေးကြော်ခဲ့တဲ့သူက အချစ်ရဲ့ ကျေးကျွန် ဖြစ်နေရတာကို ကြီးကြီးတို့ဆီမှာ ရှက်လို့"

"ချစ်တာ ရှက်စရာလား၊ လူမှန်လျှင် အချစ်နဲ့ကင်းကြတာမှ မဟုတ်တာ၊ အချစ်ဟာ ရှက်စရာ ကြောက်စရာ ရွံ့စရာ မုန်းတီးစရာမှ မဟုတ်ဘူး၊ နှစ်သက်မြတ်နိုးစရာကောင်းတဲ့ အရာ တစ်ခုပဲဟာ"

"ဒါတွေကို တို့နားမလည်ပါဘူး၊ တို့က အခုမှ ချစ်ဖူးတာလေ"

နွေ၏စကားအပေါ် ကွန့်မြူးမောင်က မချင့်မရဲဖြစ်သည့်အခါတွင် နွေက မျက်လုံးအစုံ ဝိုင်းဝိုင်းလည်သွားပြီး ဘေးဘီကြည့်ကာ. . .

"သူများတကာတွေ မြင်ကုန်တော့မှာဘဲ မြူးရယ်"

"မြင်သွားတော့လဲ ကိန္နရာမောင်နှံ ဘီးလင်းချောင်းကို အလည် ရောက်လာသလားလို့ ထင်သွားကြမှာပေါ့၊ ဘာဖြစ်လဲ"

"စကားတတ်လိုက်တဲ့ မိကျောင်းသားလေး"

"အချစ်သည် လူတိုင်းကို စကားတတ်စေတယ်တဲ့. . .၊ မိကျောင်းသားရဲ့ချစ်သူ မမရဲ့"





"သွား. . ."

နွေက အင်အားမပါ ရုန်းကန်တွန်းထုတ်မှုကို ကွန့်မြူးမောင်က ဖယ်ရှားမပေးပဲ ပိုမိုတင်းကျပ်နေသည်။

"မြူးသွားချင်တဲ့နေရာကို တကယ်သွားရမလား"

"အင်း. . ဘယ်နေရာကိုလဲ"

"မမရင်ခွင်ဆီကို"

"အို. . ."

ရှက်သွေးနှင်းဆီပါးပြင် ပွင့်လန်းမှုကို ကွန့်မြူးမောင်က ငေးမောမိလိုက်သည်။ နွေက ရှက်စနိုး. . .

"ဘာကြည့်တာလဲ. ."

"လှလို့. ."

"ဘာလဲမြူးက တို့ကို လှလို့ချစ်တာလား"

"ဒါလည်း တစ်စိတ်တစ်ဒေသ ပါမယ်ထင်တယ်"

"မမသိအောင် မြူးမရှင်းတတ်ဘူး၊ မမကကော မြူးကို ဘာဖြစ်လို့ ချစ်တာလဲ"

"နှလုံးသားရဲ့တိုက်တွန်းနှိုးဆော်ချက်ကြောင့် ချစ်တာ"

"ဒါဖြင့် မြူးကိုရင်ထဲ နှလုံးထဲကကို ချစ်တာပေါ့ ဟုတ်လား"

"အချစ်ဆိုတာ နှလုံးသားထဲကမလာဘဲ ချစ်လို့ရသလားဟင်မြူး၊ မြူး မမကို နှလုံးသားထဲက မပါဘဲ ပါးစပ်ဖျားလေးနဲ့ ချစ်နေတာလားဟင် မြူး"

ကွန့်မြူးမောင်သည် သိုင်းဖက်ထားသောလက်ကို ရုတ်သိမ်းကာ နွေ့အား မျက်နှာချင်းဆိုင် ရပ်စေသည်။ မြင့်မားသော

www.burmeseclassic.com

www.burmeseclassic.com



သူ့အရပ်က နွေ့အား မိုးလျက်ရှိသည်။ နွေ့မေးဖျားကို ဆွဲမော့ကာ စေ့စေ့ကြည့်သည်။ နောက် နွေမကြိုက်သော အပြုံးကို သူပြုံးသည်။ နှုတ်ခမ်းနှစ်လွှာကို လိုင်းတွန့်ကလေးများသဖွယ် တွန့်ရုံ့ သူပြုံးလိုက်ခြင်းမျိုးဖြစ်သည်။ နွေ့ရင်ထဲ ကျလိကျလိ ဖြစ်လာကာ. . .

"ပြောလေ၊ မင်း မမကို ပါးစပ်ဖျားလေးနဲ့ ချစ်နေတာလား"

"အဲဒီလိုဆိုရင် ဘယ်လို ခံစားရမလဲ"

"ဘာ"

နွေ့နားတွင် မိုးကြိုးလိုင်း ဝင်သွားလေပြီ။ နွေ နားနှစ်ဖက်ကို ယောင်ယမ်းပိတ်လိုက်သည်။ ရင်မှာ နင့်နင့်သီးသီး ဆို့တက်မောဟိုက်လာသည်။ မျက်ရည်ခိုင်သည်။ အသည်းမာသည်ဟု ကမ္ပည်းထိုးခံခဲ့ရသော နွေတစ်ယောက် မျက်ရည်မိုးတို့ ဖြိုင်ဖြိုင်ကျနေလေပြီ။

ဤအဖြစ်ကို ကွန့်မြူးမောင်က. . .

"ဟတ်. . ဟား ဟား ဟား မမရယ်"

ဟားတိုက်ရယ်မောပြီး နွေကို ရင်ခွင်တွင်းဆွဲသွင်း မျက်ရည်သုတ်ပေးလာမှုကို နွေရုန်းပစ်ပြီး သူနှင့်အဝေးဆုံး ပြေးထွက်လိုပါသည်။ သို့သော် နွေ၏ နှလုံးသားက ခွင့်မပြုပါ။ နွေ သူနှင့်ဝေးရာ ပြေးမထွက်နိုင်ပါ။

နွေးထွေးကျယ်ပြန့်သော ကွန့်မြူးမောင်၏ ရင်ခွင်၌ မျက်နှာအပ်လိုက်ရခြင်းကပင်လျှင် နွေအတွက် လုံခြုံနွေးထွေး အင်အားသစ်တွေ ဝင်ရောက်လာသလို ခံစားရသည်။





နေလုံးနီနီက ဒေးခင်တောင်တန်း၌ မေးတင်နေလေပြီ နယ်မြေလုံခြုံရေးအတွက် ဘီးလင်းမြို့ပတ်ပတ်လည်ကို ဝါးချွန်များဖြင့် ဝန်းခတ်ထားသဖြင့် ဘီးလင်းချောင်းဝန်း ပြင်ပမှ အပယ်ခံကျွန်ရစ်ရှာသည်။

"ယုံလားဟင်. . မြူး မမကို ပါးစပ်ဖျားလေးနဲ့ချစ်နေတယ်လို့ ပြောရင် မမယုံမလား"

"မမေးပါနဲ့ အဲ့ဒီအမေးဟာ မမနှလုံးသားကို ဓားထက်ထက်နဲ့ ပါးပါးလှီးလိုက်သလိုပါပဲ"

"သိပ်နာကျင်သွားမှာပေါ့နော် မမ"

ပြုံးဖြဖြလေးနှင့် စလိုက်သောကြောင့် ကွန့်မြူးမောင်ရင်ကို နွေလက်သီး ဆုပ်ဖြင့် ဖွဖွထုကာ. .

"မင်း သိပ်ဆိုးနေပါလား မြူး၊ မစနဲ့ကွာ အစွဲအလမ်းကြီးတဲ့ မမနှလုံးသားက စကားလေးကိုတောင် တကယ်လားဆိုတဲ့ သံသယနဲ့ အရမ်းကို ထိခိုက်ခံစားရတယ်မြူးရယ်၊ မမကို ချစ်ရင် မစ,ပါနဲ့ကွယ်"

"မမကလည်းဗျာ၊ စ,တယ် ကျီစယ်တယ်ဆိုတာ ချစ်ခြင်းရဲ့ သင်္ကေတတွေပဲ မဟုတ်ဘူးလား၊ မြူးကချစ်လို့စတာပဲ"

"ဟုတ်ပါတယ်၊ ဒါပေမယ့် မြူးရယ်၊ နင့်နင့်သီးသီးကို ခံစားပြီးမှ ဖြစ်ပေါ်လာရတဲ့ မမအချစ်ကလေ ကြီးမားလွန်းတော့ ထိလွယ်ရှလွယ် ခံစားလွယ်လွန်းလို့ပါ၊ အချစ်နဲ့ ပတ်သက်လာရင် မမခံနိုင်ရည် မရှိဘူးထင်တယ်၊ စ,တာလေးတောင် မခံနိုင်ဘူးကွယ် အရမ်းကို ခံစားရတယ်၊ ဒါကြောင့် မမကို သိပ်မစပါနဲ့ ကလေးရယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"မမရယ်"

နေဝင်ရီသရော ကျွဲနွားများ ဘီးလင်းချောင်းကို ဖြတ်ပြီး အိမ်ပြန်လာကြသည်မှအပ လူသူရှင်းသော ဆိတ်ငြိမ်သော၊ သာယာသော နေရာလေးလည်းဖြစ်လေရာ၊ ကွန့်မြူးမောင်၏ မချင်းမရဲ သိုင်းဖက်ပြီး မျက်နှာပြင်အနှံ့ အနမ်းမိုး သည်းထန်မှုကို နွေ ခံစားလိုက်ရသည်။

"အို.. ပြန်စို့ကွယ်"

ရင်ခုန်လှိုက်မောမှုဖြင့် အနမ်းမိုးကို စဲစေပြီး ကွန့်မြူးမောင် ရင်ခွင်ထဲမှ ထွက်လိုက်သည်။

"မပြန်ချင်တော့ဘူး မမရယ်၊ မြူး မမကိုခွဲပြီး မနေချင်တော့ဘူး"

"သြော်.. မြူးရယ်၊ မမလည်း ဒီလိုပါပဲ"

ဟု ရင်တွင်း၌သာ ပြောလိုက်သည်။ နွေရင်တွင် ဆန္ဒများစွာရှိပါသည်။ မိန်းမသားများ ချစ်မိပြီဆိုလျှင် ရာသက်ပန် အတွက် ရည်စူးပြီး ချစ်ကြခြင်းသာ ဖြစ်ကြပါသည်။

"ခွဲမနေချင်ရင် မြူး ကြိုးစားပေါ့"

"ဘာကို ကြိုးစားရမှာလဲ"

နွေ အော်ဟစ်ပြီးသာ ငိုလိုက်ချင်တော့သည်။

"ပြန်စို့ မြူးရယ်"

"ပြန်လေ"

လက်ချင်းတွဲကာ ဘီးလင်းချောင်းနံဘေးမှသည် ဘီးလင်းမြို့ထဲသို့ ဝင်လာခဲ့ကြသည်။ ဆက်သွယ်ရေး အဆောက်အအုံဟောင်းနှင့် အားကစားရုံအပြိုင်အပျက်တို့သည် မြို့၏လုံခြုံ





ရေးအခြေအနေကို ဖော်ဆောင်သကဲ့သို့ဖြစ်နေသည်။

"မြူး တို့ ပြန်ကြရအောင်လား မမ"

"ခု ပြန်နေတာပဲလေ"

"မဟုတ်ဘူး၊ ရန်ကုန်ကို ပြန်ကြရအောင်"

"မမ ရန်ကုန်မှာနေလို့လား"

"ရန်ကုန်မှာ မြူး အိမ်တစ်လုံးရှိတယ်၊ အဲ့ဒီမှာ ပြန်နေကြရအောင်"

နွေမှာ ချစ်သူရည်စား ပူပူနွေးနွေးနှင့် ပတ်သက်ပြီး အားသင့်စရာ၊ ရင်မောစရာ၊ စိတ်ထိခိုက်စရာတွေနှင့် ပြွန်း နေတတ်ကြောင်း တွေးမထင်မိခဲ့ခြင်းကို သိလိုက်ရလေပြီ။

"မြူး မင်း ဘာကိုဆိုလိုတာလဲ"

"သြော်.. မြူး နဲ့ မမ ခွဲမနေချင်ရင် အတူနေလိုက်ကြရအောင်လေ၊ မြူး ဘက်ကအဆင်သင့်ပဲ၊ ဘာကြိုးစားစရာ လိုသလဲ"

"မြူး..."

နွေ လက်ဖျားခြေဖျားတို့ အေးစက်ကုန်သည်။

ဒေါသစိတ်တို့ ဆူဝေခံစားလိုက်ရသည်။ ကွန့်မြူးမောင် တိုဖြတ်ကာ ဖယ်ချထွက်ခဲ့သည်။ နွေ ကွန့်မြူးမောင်ကို လည်နိုင်တော့ပါ။ ကွန့်မြူးမောင်၌ နွေမသိသေးသော စရိုက် ပြုမူမှုတွေ အများကြီး ရှိနေလိမ့်မည်ဟု နွေ မမျှော် ခဲ့ပါ။

"မမ"

နွေ့ကို အမီလိုက်ပြီး လက်မောင်း တစ်ဖက်ဆွဲကာ ဟန့်



www.burmeseclassic.com

www.burmeseclassic.com



တားလိုက်မှုတွင် နွေက အသံကိုထိန်းကာ. .

"မင်း မမကို လျှော့တွက်ထားသလား မြူး"

"မတွက်ပါဘူး"

"ဒါဖြင့် မင်းပြောလိုက်တဲ့စကားတွေဟာ ဘယ်အတိုင်းအတာအထိ ရောက်သွားသလဲဆိုတာ မင်းသိရဲ့လား မြူး"

"မသိဘူး"

ကွန့်မြူးမောင် မျက်နှာစွေစွေကြည့်မိသည်။ နှုတ်ခမ်းနှစ်လွှာ တင်းတင်းစေ့ထားပြီး လင်းလက်နေသော မျက်လုံးအစုံက စကားပြောနေသည်။ နွေ သက်ပြင်းချလိုက်ပြီး. .

"မမဟာ လွတ်လွတ်လပ်လပ် သွားလာလှုပ်ရှားတတ်ပေမယ့် ကာယိန္ဒြေကိုတော့ လွတ်လပ်ခွင့် မပေးနိုင်တာ မြန်မာမိန်းကလေးတစ်ယောက်ဆိုတာ မင်းမြဲမြဲ မှတ်ထားလိုက်ပါ"

"မြူးက မမကို ခေတ်မီတယ်လို့ ထင်နေတာ"

"ဘာရယ်၊ ခေတ်မီတယ်ထင်နေတာ ဟုတ်လား"

နွေ အံ့သြကြီးစွာဖြင့် သံယောင်လိုက်လိုက်ပြီးတွင် မရယ်ချင့်ရယ်ချင် ရင်နာစွာ ရယ်မောလိုက်မိသည်။ ခနိုးခနဲ့ ရယ်သံအသွင်ဆောင်နေသည်။ တကယ်တော့ နှလုံးသား၏ အက်ကွဲသံဖြစ်ကြောင်း နွေ့ကိုနွေ အသိဆုံးဖြစ်နေသည်။ နွေ သိပ်ချစ်၊ သိပ်မြတ်နိုး၊ သိပ်တန်ဖိုးထားရသော ချစ်သူ။ သူသည် နွေထင်သလို အရည်အချင်းတွေနှင့် ပြည့်ဝမှု မရှိပါလား။ သို့တည်းမဟုတ် သူမကိုပဲ သွေးတိုးစမ်းနေခြင်းလော။

"အဟင်း . . ဟင်း၊ လက်မထပ်ဘဲ အတူတကွ နေထိုင်ခြင်း. . နေတတ်မှာ ခေတ်မီတာလား၊ တို့တော့ အဲ့ဒါ ခေတ်မီ





တာမဟုတ်ဘူး၊ ဖျက်စီးတာလို့ပဲ မြင်တယ်၊ မင်းဒီအတွက် မကျေနပ်ဘူးဆိုရင် မမကို ထားသွားနိုင်တယ်"

"မြူး ထားသွားရင် မမ မခံစားရဘူးပေါ့ ဟုတ်လား"

"မခံစားရဘဲ နေပါ့မလား၊ ချစ်တယ်ဆိုတာ ခံစားမှုကို အခြေတည်ပြီးမှ ဖြစ်လာတာပဲမြူးရယ်၊ ဒါပေမယ့် လက်မခံနိုင်တဲ့ အယူအဆတစ်ခုအတွက်နဲ့ ဘဝကို ပုံအပ်မလိုက်လျောနိုင်ဘူး၊ ချစ်လို့လွမ်းလို့ အသည်းကျွမ်းချင်ကျွမ်းသွားပါစေ၊ သေချင်လဲ သေသွားပါစေ၊ အချစ်ကို နောက်ဆုံးထွက်သက်အထိ ရင်မှာထာဝရ မြတ်မြတ်နိုးနိုး သိမ်းဆည်းသွားလိုက်မယ်"

"မမရယ်. . မြူး ဘာပြောရမှန်းတောင် မသိတော့ဘူး"

"မသိရင်တော့လည်း မပြောပါနဲ့တော့ကွယ်၊ တစ်ခါတစ်ရံ စကားမပြောဘဲ နေခြင်းဟာ ပြောခြင်းထက် ကောင်းမွန်သွားတတ်ပါတယ်၊ မင်းပြောမယ့်စကားတွေဟာ မမရင်ကို ထိခိုက်နာကျင်စေမယ့် စကားတွေက များနေပြီ မြူးရယ်"

"ချစ်လို့ စတာပါ မမရယ်"

"ဒီစကားလေးတစ်ခုနဲ့ပဲ ဖြေဖျောက်ရမှာပေါ့ မြူးရယ်"

ဘီးလင်းမြို့ထဲ ဝင်လာပြီဖြစ်၍ နှစ်ကိုယ်ကြားစကား တ်ထိုးမှု မပြုတော့ဘဲ ကူန္ဒြေရရပင် လက်ချင်းဆုပ်ကိုင်လျှက် လျှောက်လာခဲ့ကြသည်။

ဖျက်ခနဲ လမ်းမီးတို့ လင်းလာသည်တွင် ခြောက်နာရီ းသွားပြီဟု သိလိုက်ရသည်။ သို့သော် အားအင်ပြည့်ဝသော အလင်းမဟုတ်သေး။

ချည့်ချည့်နဲ့နဲ့ အလင်းရောင်မျှသာ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ကွန့်မြူးမောင်၏ အချစ်နှင့်ပတ်သက်၍ ပြည့်ပြည့်ဝဝ ယုံကြည်မှု မရရှိသေးသော နွေနှလုံးသားမှာ နာလန်ထနှယ် ချည့်နဲ့လျက်ရှိသည်။





# အခန်း (၅)

ထန်းပင်တို့က မိုးထိုးနေသည်။ ညနေစောင်း၌ ထန်းတောသို့ လူစည်ကားနေလေသည်။

"ရှင်ဥပဂုတ် သွားဖူးမလား"

နော်မူကမေးသဖြင့် နွေကလည်း လိုလားစွာပင် သွားချင်သည်ဟု ဆိုသဖြင့်နော်မူ၊ မမရီနှင့် မပွားတို့ပါ လိုက်ကြသည်။ ထုံးစံအတိုင်း နွေတို့အတွဲကို ချန်ခဲ့၍ သူတို့ရှေ့မှ သွားနှင့်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကျောင်း" ကျောင်းတော်ဝန်းနှင့် ကပ်လျက်တွင် ရှိသော ကြေးသွန်းဘုရားကြီးအနီးတွင် ရဟန္တာရှင်ဥပဂုတ် မထေရ် ကိန်းဝပ်နေရာ၌ ဟာလာဟင်းလင်းဖြစ်နေသဖြင့်. . .

"ဟင် ဘယ်ကလာပင့်သွားတာလဲမသိဘူး"

"ဒီလိုပဲ ပင့်ဖိတ်လို့ရတယ်လား"

နွေက နားမလည်သဖြင့် နော်မူကိုထပ်မေးလိုက်သည်။

နော်မူကလည်း. . .

"ဒီလိုပဲ အနီးအနားတွေက ပင့်ဖိတ်သွားတဲ့အခါ သွားတာပဲ၊ အရင်ကတော့ ပုံတူတစ်ဆူ ပူဇော်ထားတယ်၊ အခုတော့ မထားဖြစ်တော့ပါဘူးထင်တယ်၊ နော်မူတို့လည်း မရောက်တာကြာပြီ၊ သေသေချာချာမသိဘူး"

ဟုဆိုသဖြင့် ရှင်ဥပဂုတ်ပလ္လင်တော်ကိုသာ ကြည့်ရှုပြီး ကြေးသွန်းဘုရား ပရိဝုဏ်အတွင်းမှ ပြန်ထွက်ခဲ့သည်။

ထန်းတောနှင့် နေဝင်ရီသရောကာလ တွဲဖက်ညီနေသည်။ မမရီက. . .

"ကိုမြူး ထန်းရေသောက်ဦးမလား"

"အားနာပါတယ်ဗျာ"

နွေ့မျက်နှာကိုကြည့်ပြီး ကွန့်မြူးမောင်က ပြောလိုက်သည်။ နွေက. . .

"အားနာစရာမလိုပါဘူးမြူး၊ ဒါ လူတစ်ယောက်ရဲ့ လွတ်လပ်တဲ့ ကိုယ်ပိုင်အခွင့်အရေးတစ်ရပ်ပဲ၊ မမတို့တောင် ထန်းရည်ချို သောက်သေးတာပဲလေ၊ ဘယ်အရာမဆို အလွန်အကြူး အစွဲအလမ်းမဖြစ်ရင် ပြီးတာပါပဲ၊ ကိုယ့်စိတ်ကိုယ် နိုင်နင်း





ဖို့သာ အဓိကပါ"

"ဒါဖြင့် မြူးသောက်မယ်နော်၊ မသိပါဘူး မမက အခြားချစ်သူတွေလိုများ၊ ဆေးလိပ်မသောက်ရဘူး၊ အရက်မသောက်ရဘူး၊ ဆံပင်တိုတိုညှပ်၊ ဘာညာကွိကွတွေများ ပြောမလားလို့ သောက်ချင်ရက်နဲ့ ငြင်းကြည့်တာ"

"လိုက်လည်း လိုက်တဲ့လူတွေ"

နော်မူက သဘောကျစွာပြောလိုက်သဖြင့် နွေတို့ ကြည်နူးစွာ ရယ်မောမိကြသည်။

တကယ်ပင် မမရီက ဦးဆောင်ပြီး ထန်းရည်တဲရှေ့ ကွပ်ပျစ်ကလေးတွင် ထိုင်မိကြသည်။ ဝါးကျည်တောက်ကြီးနှင့် ဖန်ခွက်သာသာ ဝါးကျည်တောက်ကလေး လာချပေးသည်။

ကွန့်မြူးမောင်က ရယ်ရယ်မောမောဖြင့် ကောက်ကိုင်လိုက်ကာ. . .

"မမကော သောက်ပါလားဟင်"

မမရီကလည်း 'ဆီးကောင်းတယ်ဟေ့'ဆိုကာ တစ်ခွက်တော့သောက်လေသည်။ 'ပိုင်'နှင့်'ဂျာ' ကို တစ်ခါတစ်ရံ သောက်လေ့ရှိသော နွေက ခေါင်းညိတ်လိုက်သည်။ ၎င်းသည်ကို ကွန့်မြူးမောင်က မယုံကြည်နိုင်သည့်အလား. . .

"တကယ် မမတကယ်သောက်မယ်"

"ဒါပေါ့ မင်းသောက်မှတော့ မမလည်းသောက်မှာပေါ့"

"ဟာ ဒါဆိုရင် မြူးမသောက်တော့ဘူး"

နွေ တအံ့တဩဖြစ်သွားသည်။ ကွန့်မြူးမောင်ကို အကြည့်အားဖြင့် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြူး မမကို စတွေ့တဲ့အချိန်က စိပ်ပုတီးလေး စိပ်နေတယ်၊ မျက်လွှာလေးချပြီး ပုတီးစိပ်နေတဲ့ မမလက်ဟာ ထန်းရည်ခွက်ကိုကိုင်မှာ မြူးမလိုလားဘူးဗျာ"

"ဒါကတော့ အခြေအနေ ပေးလာတဲ့အခါမျိုးမှာ ပြောင်းလဲသွားတတ်တာပေါ့မြူးရယ်၊ မမလည်း ဘယ်သောက်ချင်ပါ့မလဲ၊ ဒါပေမယ့် . . ထန်းရည်ဆိုတာ အဖော်ပေါင်းကလေးနဲ့မှ သောက်တော့ ပိုကောင်းတာ မဟုတ်လား၊ ဒါကြောင့် . . မြူးကို ပါရမီ ဖြည့်ပေးတာလေ"

"တော်ပါတော့ဗျာ၊ ကိုင်း သွားကြရအောင်"

ထန်းရည်များကို တစ်ခွက်မျှသာ သောက်ပြီး ရှင်းပေးခဲ့ကာ လမ်းဆက်လျှောက်ခဲ့ကြသည်။

"မမဟာစိတ်ကို သိပ်လွှတ်မပေးလွန်းဘူးလား"

"မပေးပါဘူး၊ ဘာဖြစ်လို့လဲ"

"ခုန ထန်းရည်လိုက်သောက်မယ့် ကိစ္စမျိုးဟာ စိတ်ကို လွှတ်ပေးတာ မဟုတ်ဘူးလား"

"စိတ်ဆိုတာ တင်းကျပ်လွန်းအားကြီးရင် ပိုခံစားရတယ်၊ ဒါကြောင့် တစ်ခါတလေ လွှတ်ပေးရတယ်၊ ဒါပေမယ့် အကျိုးမဲ့ ဖြစ်လောက်အောင်တော့ မလွှတ်ပေးရဘူးပေါ့၊ ထန်းရည် တစ်ခွက်တစ်ဖလားလောက်ကတော့ ကျန်းမာရေးအတွက်နှောင် ကောင်းသေးတယ် မဟုတ်လား၊ ဒါကြောင့်ပါ"

မမရီတို့က နွေတို့အားချန်ခဲ့ကာ ရှေ့မှ သွားနှင့်ကြလေသည်။

"ဒါကြောင့် အချို့ယောက်ျားတွေဟာ အသည်းကွဲ





ဝေဒနာကို ယစ်ရွှေရည်စိမ်ကြခြင်းနဲ့ ဖြေရှင်းကြတာပေါ့နော် မမ"

"အင်း ဟုတ်မှာပေါ့၊ မမက ယောက်ျားမဟုတ်တော့ မသိဘူး၊ မင်းအသိဆုံး နေမှာပေါ့"

"မြူးမှ အသည်းမကွဲဖူးဘဲ၊ မမတို့ မိန်းမတွေကတော့ အသည်းကွဲဝေဒနာကို ဘယ်လိုနည်းနဲ့ ဖြေရှင်းတတ်သလဲ"

"မျက်ရည်နဲ့လေ၊ မျက်ရည်အဖော်ပြုပြီး ဖြေရှင်းကြတယ်၊ အဲဒီမျက်ရည်နောက်ကွယ်က ကပ်ငြိပါလာတဲ့ မစားနိုင် မသောက်နိုင်၊ ချစ်တဲ့စိတ္တဇတွေကိုပါ အလူးအလဲ ခံစားရတာပါ"

"မမ ခံစားဖူးတယ်ပေါ့"

ကွန့်မြူးမောင်က ရုတ်တရက်ရပ်ပြီး နွေအားစူးစမ်းစွာ ကြည့်လိုက်သည်။ နွေက ကျီစယ်ပြုံးဖြင့် ခေါင်းညိတ်လိုက်သည်။

"ဘယ်တုန်းကလဲ၊ ဘယ်သူနဲ့ကွဲလို့လဲ၊ မသူပြောတော့ မမက သန့်သန့်လေးဆိုဗျ"

ကျွဲမြီးတိုသံနှင့် ပြောလိုက်သော ကွန့်မြူးမောင်ကို ကြည့်ကာ နွေက တိုးတိုးကျိတ်၍ ရယ်လိုက်သည်။ ပြီးတော့မှ မပြောဘဲ ဆက်လျှောက်ခဲ့သည်။ ထို့နောက် . . .

"ဟာ ကြည့်စမ်း၊ ခြသေ့်ကြီးနှစ်ကောင်က အကြီးကြီး ပဲနော်"

"မမ"

မကျေမနပ်မျက်နှာနှင့် လိုက်ပါလာရင်း ကွန့်မြူးမောင်က ခပ်ဆတ်ဆတ် ခေါ်လိုက်သည်။

"ဘာလဲ ခြသေ့်ကြီးနှစ်ကောင်ဟာ ဘယ်လောက်အထီးလဲ



www.burmeseclassic.com

www.burmeseclassic.com



အမလဲ ခွဲခြားရဦးမှာလား"

ကွန့်မြူးမောင်အရွဲ့တိုက်ပြောမှုကို နွေက ရယ်မောလျက်. . .

"ခွဲလေ၊ သီဟာဗာဟုဟာ မြူးလက်ထက်ကျမှ အမဖြစ်သွားရင်ပေါ့"

"ဟာဗျာ၊ စကားလမ်းကြောင်း မလွှဲနဲ့ ပြောဗျာ၊ မမဘယ်တုန်းက ရည်းစားနဲ့ ကွဲခဲ့သလဲဆိုတာ"

ကွန့်မြူးမောင် မျက်နှာ၌ တကယ်ပင် အလိုမကျဟန်ပေါ်လွင်နေသည်။ နွေ ကြာရှည် မကျီစားရက်ပါ။ ချစ်သူ နှလုံးသား၌ ခေတ္တခဏ ခံစားနေရခြင်းကိုပင် မကြည့်ရက်အောင်စာနာချစ်မိလေသောကြောင့်။

"မြူးကိုထားပြီး ကျိုက်ထိုက ထွက်သွားတဲ့အချိန်မှာ မမနှလုံးသားတွေ မွမွကြေသွားပြီလေ၊ အချစ်ဆိုတာ ဖွင့်ဟကြေညာမှ ချစ်သူအဖြစ် ကမ္ပည်းတင်နိုင်တာမဟုတ်ပါဘူးကွယ်၊ မကြေညာဘဲ ချစ်သူတွေ တစ်ပုံကြီးပါ၊ မြူးဟာ မမနှလုံးသားမှာချစ်သူအဖြစ် ထင်နေတာကြာပြီ၊ အဲ့ဒီချစ်သူကို စွန့်ပြေးရတဲ့မမဟာ အချစ်အတွက် အသည်းမွမွကြေကွဲဖူးပါတယ် မြူးရယ်"

"ဒါတောင် ပဲခူးဆေးရုံမှာ ထားရက်ခဲ့တယ်လား"

"မြူးရဲ့ အုပ်ထိန်းသူက အစုံအလင်ရောက်လာမြီး စိတ်ချရတဲ့ အနေအထားနဲ့မှ မမ ပြန်လာတာပါကွယ်၊ ထားသာထားခဲ့ရတယ်၊ မမအသည်းက မြူးဆီမှာထားခဲ့ရတာ မြူးမသိဘူးလား"

"အဲ့ဒီ မမ အသည်းက လမ်းညွှန်လိုက်လို့ မြူး မမဆီ





ရောက်လာတာ"

"တတ်တယ်"

ကွန့်မြူးမောင်မျက်နှာ ကြည်လင်ဝင်းပသွားပြန်တော့လည်း နွေ စိတ်ချမ်းသာရပြန်လေသည်။ ချစ်သူမျက်နှာသည်နှလုံးသား၏ ကြေးမုံတစ်ချပ်လိုပါပဲလားဟု နွေ တွေးလိုက်မိသည်။

"အဲဒါ အောင်စကြာဘုရားလေ၊ ဝင်ဖူးကြဦးမလား"

"မဖူးတော့ပါဘူး"

"ဆက်လျှောက်ကြဦးမလား၊ ဝန်းပြင်ရောက်သွားမယ်"

ဘုရားပရိဝုဏ်အတွင်းတွင် တပ်စိတ်တစ်စိတ် နေရာယူထားသည်ဖြစ်သည်။ အောင်စကြာဘုရားလွန်သည်နှင့် ဝါးချွန်များဖြင့် ဝန်းခတ်ထားသော ဘီးလင်းမြို့ပြင်ပသို့ ရောက်ရှိသွားစေတော့သည်။ လုံခြုံရေးတာဝန်ယူထားသော တပ်ကင်းကိုအကြောင်းကြားပြီးမှ ထွက်ရမည်။

"မသွားတော့ပါဘူး ပြန်ကြရအောင်၊ မြူးလည်းပြန်ရဦးမယ်"

နွေက ပြောလိုက်သဖြင့် ပြန်လှည့်လာကြသည်။ ကွန့်မြူးမောင်က ဘီးလင်းသကြားစက် သူ့ သူငယ်ချင်းအိမ်၌သာတည်းသည်။ သို့သော် အချိန်ပြည့်လိုလို နွေရှိရာ မမရီတို့အိမ်တို့ ရောက်လာတတ်သည်။

"မြူး မမကို ရထားလက်မှတ်ဝယ်ပေးတော့ကွာ"

"ဘာဖြစ်လို့လဲ၊ ပြန်တော့မလား"

"ပြန်တော့မယ်လေ၊ သူများအိမ်မှာ အကြာကြီးနေလို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ် မမရိတို့ ကြီးကြီးတို့တွေက ဘယ်လောက်ပဲ သဘောကောင်းကောင်း နွေတို့ အလိုက်သိရမယ် နောက်ပြီး ရှေ့ရေးရှိသေးတယ်လေ”

“မမကလည်း အဘွားကြီးလေး ကျနေတာပဲ၊ ရှေ့ရေးတွေ နောင်ရေးတွေ ဘေးချိတ်ထားစမ်းပါ။ မြူးနဲ့နေရတုန်း ပျော်ပျော်ပဲနေနော်”

“သိပ်မပျော်ရဲပါဘူးကွယ်၊ အပျော်လွန်ရင် ငိုရတတ်တယ်တဲ့”

ကွန့်မြူးမောင်က တိုးတိုးတိတ်တိတ် ကျိတ်၍ ရယ်မောလိုက်သည်။

“မမက အစွဲအလမ်းတွေ များလှချည်လား”

“များဆို တစ်သက်မှာ တစ်ခါတည်းချစ်၊ တစ်ယောက်ကိုပဲ ချစ်တတ်တဲ့ သူဆိုတော့ မိုးပြိုမှာကြောက်တဲ့ တစ်တီတူးလို စိုးရိမ်လွန်ကဲမှုဆိုတဲ့ အစွဲအလမ်းတွေ ဖြစ်နေတာပေါ့”

“မမ စိုးရိမ်လွန်တဲ့အတိုင်း ဖြစ်လာရင် မမ ဘယ်လို ခံစားရမလဲ”

နွေရင်ထဲ နာနာကျင်ကျင် ခံစားလိုက်ရသည်။ ကွန့်မြူးမောင်မျက်နှာ ကြည့်တော့လည်း ပကတိ ရိုးသားနေပြန်သည်။

“ဟင်. . မမ”

“မင်းက မမကိုပစ်ဖို့ ရည်ရွယ်ထားလို့ မေးတာလားဟင်”

“ဟာ. . မဖြေရင်နေဗျာ၊ မြူးကို မစော်ကားနဲ့”

ရှူတင်းတင်းလေး ပြောလိုက်သော ကွန့်မြူးမောင်





ကြောင့် နွေသံသယစိတ်တို့ မြူမြူမတင် ပျောက်ကွယ်သွားလေသည်။

“မဟုတ်ပါဘူး၊ မြူး မမကို ဘယ်တော့မှ ပစ်ခွာမပြေးဘူးလို့ မမ ယုံကြည်ထားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မေတ္တာဟာ ရောင်ပြန်ဟပ်တတ်တဲ့ သဘောရှိတယ်၊ မမရဲ့ မေတ္တာရောင်ပြန်ဟာ ကြီးမားနက်ရှိုင်းလွန်းတော့လေ၊ မြူးထံကလည်း အဲ့ဒီလို ရောင်ပြန်ဟပ်လိမ့်မယ်လို့ ယုံကြည်တယ်၊ မေတ္တာဟာ စွဲအားရှိတယ်၊ အသွားအပြန်ရှိတယ်၊ ကိုင်း. . . မြူးမေးတာ မမ ဖြေမယ်၊ မျက်နှာကြီး သုန်မထားပါနဲ့ဦး”

နွေက ကွန့်မြူးမောင် လက်မောင်းကလေးကို မသိမသာ ဆွဲဆိတ်လိုက်ရင်း ပြောလိုက်ရာ. . .

“အား . . .”

ကွန့်မြူးမောင်က အသံကျယ်ဖြင့် အော်လိုက်၏။ ရှေ့မှ မမရီနှင့် နော်မူတို့က လှည့်ကြည့်ကာ. . .

“ဘာဖြစ်လို့လဲ”

ကွန့်မြူးမောင်က ရယ်မောလျက်. . .

“ပုရွက်ဆိတ်ကိုက်လို့”

“အမယ်လေး ကင်းကိုက်သလား ထင်ရတယ်”

နွေက ထပ်ဆိတ်ကာ. . .

“အရှက်ကိုမရှိဘူး”

“အချစ်မှာ မျက်စိမှမရှိတာ အရှက်ကော ရှိပါ့မလား”

“သွား . . ဒါဆိုရင် မပြောတော့ဘူး”

မူနွဲ့ခြင်းသည်လည်း အချစ်၏ သင်္ကေတများပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

"ပြောပါမမရယ်၊ ချစ်လို့ ကျီစယ် နောက်ပြောင်ခြင်းဆိုတာ ဖြစ်မှုတစ်ခုမှ မဟုတ်ဘဲဗျာ"

"မိကျောင်းသားလေး အဲဒီလိုအပြောတွေနဲ့ မမဘဝကို နှောင်ဖွဲ့ပြီးမှ ပစ်ခွာသွားရင်တော့လေ မမ. ."

နွေစကားဆက်ရန် အင်အားပင် ပျောက်ဆုံးသွားခဲ့သည်။

"ဘာလဲ ဝမ်းဂိုးစ် တူးကမ်းလား"

"ဟုတ်မယ် အားကြီးကြီး၊ ကိုယ့်စိတ်နဲ့နှိုင်းပြီး လိုက်မပြောနဲ့"

"ဒါဖြင့် ဘာဖြစ်သွားမှာလဲဟင်"

"သေသွားမှာပေါ့၊ မြူးနဲ့လွဲရင် မမ သေသွားလိမ့်မယ်ထင်တယ်"

တိုးညင်းသာယာပြောပြီး ကွန့်မြူးမောင် လက်မောင်းကို ပါးအပ်လိုက်မိသည်။ မျက်ရည်က နှလုံးသားမှ စိမ့်ထွက်လာ ပြန်သည်။

ဘာကြောင့် ဤမျှချစ်မိသွားသည်ကို နွေ့ကိုယ်နွေပင် ပြန်မေး၍ မရအောင်ဖြစ်နေသည်။

"မမရယ် အနာဂတ်ကို မတွေးနဲ့ဗျာ"

ဩော်. . ချစ်သူကျေနပ်အောင် ချော့သောအတတ်ကို မြူးတတ်ဟန်မတူဘူးဟု နွေရှာကြံဖြေသိမ့်ပြီး၊ မိမိခံစားချက်ကို မိမိဘာသာ ဖြေရှင်းယူရသည်။

နေလုံးဝင်သွားလေပြီ။





မြူးသည် နွေ့ဘဝတွင် ရှင်နေမင်းပါ။ ဘယ်သော အခါမှ ရာသက်ပန် ပျောက်ကွယ်သွားမှာ မဟုတ်နိုင်ဘူးဟု နွေ ယုံကြည်ပစ်ပြီး အားမာန်သစ်တွေ မွေးဖွားယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

မိဘမေတ္တာတရားကို နွေ့ မစော်ကားရဲတော့။ ဒယ်ဒီ့ . သမီး ဘီးလင်းမှာရှိနေတယ်၊ ကားလိုချင်တယ် လာပို့ပေးပါဆိုသည်နှင့် လိပ်စာမေးပြီး နောက်နေ့တွင် သူ့အလုပ်သမား တစ်ဦးအား လာပို့ခိုင်းခဲ့သည်။ ငွေလိုသေးသလားဟုလည်း မေးလိုက်သေးသည်။

လိုလေသေးမရှိ ငွေကြေးစည်းစိမ် ဖန်တီးပေးခြင်းသည် မိဘမေတ္တာပေလား။ တစ်စိတ်တစ်ဒေသတော့ ပါကောင်းပါပေ





ည်။ သူ့ခံယူချက်နှင့်သူပဲ၊ မေတ္တာလိုသူကို မေတ္တာပေးခြင်းက ၍ အံ့ဝင်ခွင်ကျဖြစ်ပေမည်။

"မမအဖေက မမကို သိပ်ချစ်ပုံ ရတယ်နော်"

"ပတ်ဝန်းကျင်ကတော့ ပြောကြတာပါပဲ၊ မမတော့ အဲ့ သို့ မထင်ဘူး၊ ဒယ်ဒီဟာ သူ့ကိုယ်သူ ချစ်လို့ သူ့သာယာမှု ရှာပြီး မိန်းမတွေ ယောတစ်ယောက် ယောတစ်ယောက် နေတယ်လို့ထင်တယ်"

"သမီးချင်း စာနာစိတ်မရှိဘူးလား"

နွေ့ရင်ထဲ ခုလိုဆိုတော့လည်း ဖခင်ဘက်မှ မခံရပ်နိုင် ကလေးဝင်သွားသည်။

"ပေးသူယူသူ ကြည်ဖြူမှုကြောင့်သာ ဒယ်ဒီ မိန်းမများ ဖြစ်မှာပါ၊ အလိုမတူဘဲနဲ့တော့ ခုခေတ်ကြီးမှာ ဘယ်မိန်းမ သိမ်းပိုက်လို့ရတာမှ မဟုတ်ဘဲ မြူးရာ၊ မမ ဒယ်ဒီကို စိတ်နာ ယ်၊ မျက်နှာများတာကို မကြိုက်ဘူး၊ ဒါပေမယ့် သူ့ ဝါသနာနဲ့ သူမှာ မျှဝေစရာအချစ်တွေ ပေါများနေတော့လည်း မမတို့ တတ်နိုင်မှာလဲ"

ကွန်မြူးမောင်က ဘာမှထပ်မပြောဘဲ ငြိမ်သက်သွားသည်။ နွေ့ ဆန်နီပစ်ကပ်ကားကလေးကို မြူးက မောင်းပြီး ဘာ ပခုံးထက်ခေါင်းတင်ကာ လိုက်ပါလာသည်။ မပွားက ဘာ့ ပစ္စည်းများနှင့် ဆိုင်ကယ်ကို ထိန်းရင်း နောက်ခန်း၌ အိပ် သိုက်ပါလာပုံရသည်။

စောစောကလေး ထွက်လာသည်။ ကျိုက်ထို၌ ခဏဝင် ည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေးခင်တောင်ကို နှုတ်ဆက်လိုက်ပါဦး မြူးရယ်"

နွေက လက်အုပ်ချီကာ အာရုံပြုပြီး ပြောလိုက်သည်။ ကွန့်မြူးမောင်က ပြုံးရုံပြုံးနေသည်။

"ဒီတောင်လေးပေါ်မှာ မမမြူးကို နှုတ်ကဖွင့်ပြီး မပြောဘဲ နှလုံးသားချင်း အလိုအလျောက် ချစ်ပန္နက်ရိုက်ခဲ့ဖူးတဲ့ အတွက် မမတစ်သက် ဘယ်တော့မှ မေ့တော့မှာ မဟုတ်ဘူး"

ကွန့်မြူးမောင် အသံထွက်မလာ။ နွေ့စကားများကိုသာ ပြုံး၍ နားထောင်နေသည်။

"မြူးနဲ့မမ ဟန်းနီးမွန်းခရီးကြရင် ဒီကိုလာဖြစ်အောင် လာဦးမယ်နော်"

တုံ့ပြန်မှုမလာသဖြင့် နွေ ကွန့်မြူးမောင် ပခုံးထက်မှ ခေါင်းကို ရုတ်သိမ်းကာ ကွန့်မြူးမောင် မျက်နှာကို စေ့စေ့ကြည့် အကဲခတ်လိုက်သည်။

"ဘာကြည့်တာလဲ၊ ငါ့ချစ်သူက သိပ်ချောပါလားလို့ မှတ်ချက်ချနေသလား၊ ကိုယ်ထင် ခုတင်ရွှေနန်းဖြစ်နေဦးမယ် နော်"

ရယ်ရောပြော နှုတ်ခမ်းနီထွေးထွေးက တွန့်သယောင် ပြုံးသွားသော်ငြားလည်း မျက်လုံးတို့က လိုက်ပါပြုံးမလာချေ။

"ဟုတ်ပါတယ်၊ အဲ့ဒီ ချောလွန်းတဲ့ မျက်နှာကို ကြောက် လန့်ခဲ့တဲ့ မမဟာ ချော်လွန်းတဲ့လူနဲ့မှ ဖူးစာလာဆုံတယ်ကွယ်"

"နေပါဦး မမက ဘီးလင်းကို ကားမယူလာဘဲ ဘာစ တန့် ထွင်လာတာလဲ ဟင်"

"မေးရက်လိုက်တာ၊ မင်းနဲ့ပတ်သက်ပြီး ခံစားရလွန်းလို့





စိတ်တွေ သိပ်လှုပ်ရှားပြီး ကားမမောင်းရဲတော့ဘူး၊ ဒါကြောင့် ဘားခဲ့တာ"

"ကလောကိုသွားမယ်လို့ သတင်းလွှင့်ပြီး ဘီးလင်းဘက် ထွက်လာတာကကော"

"ခုမှပဲ မင်း ဒါတွေ မမကို စစ်ဆေးဖို့ သတိရတယ်လား"

"မမမျက်နှာမြင်ရရင် မေးမယ်ဆိုတဲ့စကားတွေ အကုန် ပျောက်ပျောက်သွားကုန်လို့ပါ"

"မြူးရယ်"

နွေက မချင့်မရဲ မြူးပခုံးစွန်းကို ခပ်ဖွဖွကိုက်လိုက်ပြီးမှ ခေါင်းမှေးတင်လိုက်သည်။ ရောင်နီပြိုးလာမှုက မိမိတို့ကားလေး ကို ဆလိုက်ထိုးလိုက်သည့်နှယ် ဖြစ်နေသည်။ အစွမ်းကုန် ပွင့် လန်းရန် တာစူနေသော နေမင်းကို ကျောခိုင်းကာ လာရသူ နွေတို့အတွက် သွားလာရ အဆင်ပြေနေသည်။

"မြူး"

"ဗျာ. . မမ"

"မင်း. . မမကို တကယ်ချစ်ရဲ့လားကွယ်"

"မမက ဘယ်လိုထင်နေလို့လဲ"

"မင်း မမကို ပြန်မမေးနဲ့၊ မမမေးတာ ဖြေ"

ကွန့်မြူးမောင်က ရယ်မောရင်း. .

"ချစ်တယ်ဆိုတာထက် လေးနက်တဲ့ စကားလုံးတစ်လုံး ရှိသေးလားဟင်မမ"

"ဘာလုပ်ဖို့လဲ"

"အဲ့ဒီစကားနဲ့ မြူး မမကို အဖြေပေးချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"တတ်တယ်"

နွေ ကျေနပ်လိုက်ရပါသည်။ နွေလိုလားသော အဖြေကို တိုက်ရိုက်မရသော်လည်း သွယ်ဝိုက်သောနည်းအားဖြင့် ရလိုက်သည်ဟု နွေမှတ်ထင်မိပါသည်။

"မြူး မမကို သီချင်းဆိုပြပါလားဟင်"

"ဟင့်အင်း၊ မြူးမဆိုချင်ဘူး၊ မြူးက ဂီတာတီးပြီးဆိုနေကြဆိုတော့ ကားမောင်းရင်း ဆိုရမှာ တစ်မျိုးဖြစ်နေတယ်၊ မမ ဆိုပြပါလား"

"မမမှ မဆိုတတ်ပဲကွယ်"

"မြူးကို မမမှမချစ်ပဲ၊ မမကို မြူး ညစဉ်ညတိုင်း ရွှေနားတော်သွင်း ချင်းတွေကို သီဆိုပေးခဲ့ပါတယ်၊ ဒါကို မမက ရက်ရက်စက်စက် ဥပေက္ခာပြုခဲ့တယ် မဟုတ်လား"

"ချစ်မိမှာကို ကြောက်လန့်လို့ ရှောင်ရှားခဲ့ခြင်းပါ မြူးရယ်"

"ခုကော"

"အချစ်ဆိုတာ ရှောင်ရှားလို့၊ ပုန်းအောင်းလို့ ဥပေက္ခာပြုလို့ ရကောင်းတဲ့အရာ မဟုတ်မှန်းကိုလည်း မမ နားလည်ပါပြီးကွယ်"

"ဒါဖြင့် မြူးကိုချစ်သက်သေ သီချင်းတစ်ပုဒ် ဆိုပြပါလား မမရယ်၊ မမအဖေဟာ အဆိုကောင်းအပြောကောင်း တစ်ယောက်ပါ၊ အဖေတူသမီး မမမှာလည်း အဆိုဗီဇလေးတော့ ရှိမှာပါ"

"မိကျောင်းသားလေး၊ အရာရာ သူသိနေတာချည်းပါ





ပဲလား"

"ဒါပေါ့ ယောက်ျားလေးရှင်ဆိုတော့ နာဘက်ကချည်းပဲ မဟုတ်လား၊ စုံစမ်းရတာပေါ့"

နွေက နှစ်ခြိုက်စွာ ရယ်မောလိုက်သည်။ ကွန့်မြူးမောင်က ကားမောင်းမပျက်မှ နွေ့နဖူး ဆံစလေးများကို နမ်းလိုက်ရင်း. .

"ဆိုလေ၊ မြူးကိုချစ်ရင် ဆိုပြပါ"

"မမ တစ်သက်မှာ ဘယ်သူ့ကိုမှ သီချင်းဆိုမပြခဲ့ပါဘူး၊ ခု မြူးကို ချစ်လွန်းလို့ သီချင်းဆိုပြမယ်၊ မကဲ့ရဲ့ရဘူး၊ မ,စ ရဘူးနော်"

"မမချစ်သက်သေကို မြူးက မခန့်လေးစား လုပ်ရက်ပါ့မလားဗျာ"

နွေက အရှိန်ယူသည့်အနေဖြင့် မြူးလည်တိုင်ကို အသာနမ်းလိုက်ပြီးမှ နှစ်ကိုယ်ကြားသံကို အနည်းငယ် မြှင့်ပြီး

*"မောင့်မျက်နှာ xxx တစ်ရွာမှတ်ထင် xxx အချစ်မခတ် ရစ်ပတ်မိရင် xxx ကြာလေလေ ခိုင်မြဲလေလေ xxx အမြစ်မပြတ်ရပဲ xxx အသည်းထဲ စွဲကာပင် xxx ဖွတ်နှစ်ပြီး ချစ်ရတော့မယ် xxx အားနွဲ့သူပါရှင် xxx ဆူးကျလည်း ဖက် xxx ဖက်ကျလည်းဖက် xxx နာဘက်ကမှိုင် xxx မွေးလွန်တော့လူရာဝင် xxx နောင်တွင်ရှိမယ်ဖွဲ့ကာ xxx ပစ်မှာစိုး xxx အမျိုးမျိုး ပူတယ်ရှစ် xxx စကားတွေ ဖောင်ဖွဲ့လို့ ချစ်မတဲ့ယုံ အောင်ပင် xxx တစ်ဦးသဘော တစ်ဦးပြော၍*



www.burmeseclassic.com

www.burmeseclassic.com



*မနေချင် xxx တကယ်တမ်းမေတ္တာစစ်နဲ့ ချစ်ကြဖို့ပါပဲ*
*လွှန်းဖောင်တင် ကျစ်တဲ့ကြိုးလို ပမာပင် xxx နှစ်နှစ်*
*ကာကာတူတူပင် xxx သက်ဆုံးတိုင် ခိုင်မြဲချင် xx*
*ချစ်လျှင်အကျိုး xxxမြတ်နိုးသဒ္ဒါ xxx ရွှေမေတ္တာ*
*တူဆိုရင် xxx တဲအိုပျက်ထဲ မှာပင် xxx ပန်းမွေ့ရာ*
*ကျဲတယ်ထင် xxx ချစ်သူနဲ့လွဲခဲ့ရင် xxx ရွှေဘုံလည်း*
*ဖွဲ့အိတ်ထင် xxx ချစ်ငွေ့ကြူကြူ xxx ချစ်သူသာလျှင်*
*ဘဝတိုင်း ဖြစ်လေရာဆုံပါတော့ ဆုံပါတော့နှစ်*
*ကိုယ်ယှဉ် xxx စားစားသွားသွားအတူပင် xx*
*သက်လုံးမောင်ကြင် xxx မေတ္တာရေစင် မွှန်းအောင်*
*ချစ်လွမ်းတင် xxx”*

ရင်လှိုင်းခတ်သံနှင့် လှိုက်လှိုက်လှဲလှဲ သီဆိုမိလိုက်သော နွေသည် မျက်ရည်စများ သီသီဝေ့လျက်ရှိသည်။

ကွန့်မြူးမောင်သည် ကားကို အသာရပ်လိုက်ပြီး နွေ အား ဖက်ကာ မျက်နှာအနှံ့သို့ ကမူးရှူးထိုး အနမ်းပွင့်များ ဖြန့်ကျဲ လိုက်သည်။

“အို . . မြူးရာ၊ ဆိုးလိုက်တာ၊ မပွားတွေ့တော့မှာပဲ”

ကွန့်မြူးမောင်သည် နွေ့စကားကို ဥပက္ခာပြုလျက် စိတ် တိုင်းကျနမ်းရှိုက်ပြီးမှ လွှတ်လိုက်သည်။

“ခင်ဗျား မပွားက အိပ်မက်တောင် ဘယ်နှစ်ခါ မက်နေ သလဲမသိဘူး”

“သွား လူဆိုး ကားတွေ့ရှင်းလို့တော်ပါသေးရဲ့”

နွေက ပွသွားသော ဆံပင်များကို အသာသပ်ပြီး ပြော





လိုက်သည်။ ချစ်မျက်စောင်း လှလှလေးကိုလည်း နွေ တတ် မြောက်စွာ အသုံးချတတ်နေလေပြီ။

ကွန့်မြူးမောင်က မျက်စိတစ်ဖက်မှိတ်ပြပြီး ပြုံးရယ် လျက် . . .

“အသည်းခိုက်အောင် ဆိုတတ်တဲ့မမကို မြူးက အနမ်း ဆုချတာလေ”

“တတ်တယ် မိကျောင်းသားလေး”

ကားကို မောင်းထွက်ခဲ့လေသည်။ ကွန့်မြူးမောင် သက် ပြင်းချလိုက်သည်ကို ပခုံးထက်မှီနေသူ နွေက သိရှိလိုက်သည်။

“ချစ်သူနဲ့အတူ သွားနေတဲ့အချိန်မှာ သက်ပြင်းချ လောက်စရာ သောကတွေ ဝေနေစရာရှိသလား မြူး၊ မမ မျှဝေ ခံစားချင်လိုက်တာကွယ်”

“စိတ်သာချမမ၊ နောက် မြူးအတွက် မမခံစားရမှာ၊ အဲဒီတော့မှ မြူးမျှဝေလိုက်တဲ့ ဒုက္ခက ကြီးမားလိုက်တာဆိုပြီး”

နွေက သူ၏ဖယောင်းလက်ကလေးများဖြင့် ကွန့်မြူး မောင်နှုတ်ဖျား အသာပိတ်လိုက်သည်။

“မဟုတ်တာ မြူးရယ် မမကလေ မြူးဆီက သောက ထက် ဒုက္ခကိုသာ ကျေကျေနပ်နပ် လွှဲပြောင်းယူမယ်ဆိုရင် ပို တယ်များ ထင်နေမလားဟင်”

“မထင်ချင်ပါဘူး၊ မြူး မမစကားနဲ့ပြောရရင် မြူး ယုံ ကြည်လိုက်ချင်ပါတယ်မမ”

တံတားဖြူလေးကို လွန်မြောက်သည်နှင့် ကိုကြိုက်ထိုထဲ ဝင်လာလေပြီ။ အောင်သပြေ ရေခဲစက်အနီး ခြံများ၌ ကျွဲကော



www.burmeseclassic.com

www.burmeseclassic.com



သီးတို့ သန္တေတည်စပြုနေသည်ကို တွေ့ရသည်။

"ကွဲကောသီးပေါ်ချိန်ဆိုရင် ဆင်းဝယ်လို့ရတယ် မမ"

ဟု ကွန့်မြူးမောင်က ပြောလိုက်သေးသည်ကို နွေက 'အင်း' ဟုသာ အဖြေပေးလိုက်သည်။

နွေပဲ စိတ်ထင်၍လားမသိ။ ကွန့်မြူးမောင်မျက်နှာ မကြည်မသာဖြစ်နေသည်ဟု ထင်သည်။ တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးနေသောအသွင် ဆောင်နေသည်။

"ကြီးကြီးတို့အိမ် အရင်သွားမလား၊ ဘုရားသွားမလား ဟင်... ဒီနေ့ စနေနေ့လေ"

"မြူးရယ်"

မြို့ထဲဝင်လာပြီဖြစ်၍ ကွန့်မြူးမောင် ပခုံးထက်မခွာ ချင်ခွာချင် ခွဲခဲ့ရသော နွေသည် ကွန့်မြူးမောင် ရင်ခွင်ထဲ တိုးဝင်ချင်စိတ်ပင် ပေါက်သွားသည်။

မိမိနှင့်ပတ်သက်ပြီး အလေးအနက် ထားတတ်ပါလား။

"ငါးနာရီခွဲပဲရှိသေးတယ်၊ ဘုရားက ဖွင့်ပါ့မလား"

"လေးနာရီဆိုဖွင့်တယ်မြူး၊ ဘုရားပဲ အရင်သွားတာပေါ့ အမှတ်တရပေါ့နော်"

"ကောင်းပြီလေ၊ မမ သဘောပဲ"

ကန့်ကော်လမ်းအတိုင်း လာခဲ့သည်။ အိပ်ရာမှ နိုးထစ ကျိုက်ထိုမြို့သည် တစ်နေ့တာအတွက် လှုပ်ရှားသက်ဝင်စ ပြုနေပြီ။

ကျိုက်ပေါလော မုဲ့ရှင်တော် ဘုရားရှင်တော်ရှေ့သို့ ကွန့်မြူးမောင်လက်ကိုမှီတွဲလျက် နွေလျှောက်ခဲ့သည်။ ကွန့်မြူးမောင်





သည် ဘုရားဈေးသည်ထံမှ ဝယ်ခဲ့သော အောင်သပြေစည်းများကို တစ်ဖက်ကကိုင်၊ တစ်ဖက်က နွေအား တွဲလျက်ရှိသည်။

"တစ်ချိန်က မမ မြူးကို ဒီစကြံလေးမှာ ချန်ရစ်သွားခဲ့တယ်နော်၊ မှတ်မိရဲ့လား"

"သူစိမ်းတစ်ယောက်ကို ချက်ချင်းခေါ်သွားရလောက်အောင် မမ မရဲတင်းဘူးကွယ်"

နွေတို့ ဘုရားရှင်တော်ရှေ့သို့ ရောက်လာကြလေပြီ။

"သပြေပန်းကိုကိုင်ပြီး ရှိခိုးမှာလား"

"ပန်းအိုးမှာသာ စိုက်လိုက်ပါ"

ဘုရားပန်းအိုးတစ်အိုး၌ ကွန့်မြူးမောင်သပြေပန်း သွားထိုးသည်ကို နွေ ငေးမောကြည့်နေမိသည်။ တည်ငြိမ်ရင့် ကျက်သော အသွင်ကိုဆောင်နေသည်။ နွေနှင့် ဖျတ်ခနဲအကြည့်ချင်းဆုံချိန်တွင် ပြုံးလိုက်သည်က နှုတ်ခမ်းနှစ်လွှာ တွန့်ရုံမျှသာဖြစ်သည် အပြုံးက မတောက်ပချေ။

နွေ ညာဘက်တွင် လာထိုင်ချိန်၌ ...

"မြူးကို ဘာလို ဒီလောက်တောင် ကြည့်နေတာလဲ"

"မျက်စိအောက်က အပျောက်မခံချင်လို့ပေါ့ကွယ်"

ဟု နွေကပြောပြီး လက်အုပ်ချီကာ ဘုရားကို အာရုံပြုလိုက်သည်တွင် ကွန့်မြူးမောင်ထံမှ သက်ပြင်းချသံ ကြားလိုက်ရသည်။

မျက်လွှာချပြီး ဘုရားထံသို့သာ အာရုံရောက်အောင် မနည်းပို့ဆောင်လိုက်ရသည်။

ရှိခိုးနေကျ ဘုရားစာများကိုတော့ စုံစေ့အောင် စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွင်းရှုတ်ဆို အာရုံပြုလိုက်သည်။

ပန်းကပ်၊ ဆီမီးကပ်ဖြင့် တဒင်္ဂတော့ ကွန့်မြူးမောင်ကို မေ့နေလေပြီ။ သို့သော် ဆုတောင်းသည့် အခါတွင်တော့ ကွန့်မြူးမောင်သည်သာ ဦးစွာ နေရယူလာလေသည်။ အချစ်စွမ်းအားသည် အင်မတန် ကြီးမားကြောင်း နွေခံစားသိဖြင့် နားလည်လိုက်လေပြီ။

နာရီဝက်ကျော်ကြားမှ နွေ ဘုရားရှိခိုးခြင်းအမှု ပြီးလေသည်။ ပြီးသည်နှင့် ဘုရားမျက်နှာတော်ကို ကြည်ညိုသဒ္ဒါပွားစွာ မော်ဖူးစဉ် ညာဘက်ဘေးမှ လစ်ဟာလျက်ရှိသည်ကို သတိထားလိုက်မိသည်။ မဲ့ရှင်တော် ရွေ့လျားမှု ရှိမရှိကိုတောင် ကြည့်ရန် မေ့လျော့သွားခဲ့ပြီး ငဲ့စောင်းကြည့်လိုက်သည်။ မရှိတော့။ ကွန့်မြူးမောင် နွေ့ဘေးတွင် မရှိတော့ပါ။

ရှင်ဥပဂုတ္တရဟန္တာမြတ်နေရာသို့ မျက်စိကစားလိုက်သည်။ မရှိ။ ဘေးဘီပတ်လည်ကို ဝေ့ဝိုက်ကာ ကြည့်မိသည်။ မတွေ့ပါ။ ကျောက်လှည်းဘီးနားတွင်လည်း မရှိ။

နွေအသာ ထလိုက်သည်။ ကျဉ်နေသော ခြေကြောင့် မယိုင်လဲစေရန် သတိထားလိုက်ရသည်။ အသာကြွလှမ်းရင်း ရင်ထဲ လစ်ဟာလျက်ရှိချေပြီ။ အားကိုးတကြီး တွယ်လိုသော လက်မောင်းရှင် ဘယ်ရောက်နေသလဲ။

ယောက်ျားများသည် ဘုရားရှိခိုးကြာရှည်ခြင်းကို စိတ်မရှည်တတ်သဖြင့် ပန်းခြံထဲများ လျှောက်ကြည့်နေလေမလားဟု တွေးရင်း ဘိုးဘိုးကြီး နတ်ကွန်းဘက်သို့ အသာထွက်ခဲ့သည်။ မရှိပါ။ ကွန့်မြူးမောင် ဘယ်ရောက်နေသလဲ။ နွေ ကားဆီ





သို့ပြန်လာသည်တွင် ပစ္စည်းများကြောင့် ကားပေါ်မှာ စောင့်ကျန်ခဲ့သော မပွားမှာ ကားအောက်ဘက်နားတွင် ရပ်လျက် လည်တဆန့်ဆန့် ဖြစ်နေသည်။

"သွားပြီ"

"ဘာကိုလဲ၊ နှင့်အစ်ကိုမြူးကော"

"အစ်ကိုမြူးကို ပြောတာ၊ ဆိုင်ကယ်ချပြီး ထွက်သွားပြီ"

"ဟင်.."

နွေရင်ထဲရှိ ကလီစာတို့ ထွမ်းထိုးမှောက်ခုံ ဖြစ်ကုန်သည်။ လူတစ်ကိုယ်လုံး လွင့်ပါးပေါ့ပါးလာသည့်နှယ် ခံစားလိုက်ရသည်။ သို့သော်ဇဝေဇဝါစိတ်ဖြင့်...

"ဘယ်သွားတာလဲ"

"ဒီမှာ မမလေးကို စာပေးသွားတယ်"

နွေ မပွားပေးသော စာအိတ်ကို ကမန်းကတန်း ဖောက်ဖတ်လိုက်သည်။

နွေ...

*ခင်ဗျားအမေကို မေးကြည့်လိုက်ပါ၊ မိုးရည်မောင်ကို သိသလားလို့၊ သိတယ်ဆိုရင် မိုးရည်မောင်ရဲ့ မောင် ကွန့်မြူးမောင်က နွေ့ကို ထားသွားခဲ့ပါပြီလို့၊ အစကတော့ ဒီအတိုင်း အတာလောက်နဲ့ ထားသွားဖို့ မရည်ရွယ်သေးပါဘူး၊ ဒါပေမယ့် ဒီလောက်နဲ့ပဲ ထားသွားလိုက်ပြီ။*

*ကွန့်မြူးမောင်*



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်မိုး သည်းထန်မှုကြောင့် စာရွက်ကလေး ရွဲရွဲ စိုသွားလေပြီ။

"မမလေး ၊ လူတွေကြည့်ကုန်ပြီ"

မပွားက တို့ရင်းသတိပေးမှ အရာရာကို သတိဝင်လာသည်။ ကားထဲဝင်ထိုင်လိုက်သည်။ တုန်ယင်နေသောလက်၊ မှုန်ဝေနေသော မျက်လုံး၊ လှုပ်ရှားနေသော စိတ်အစုံ၊ ကြေကွဲနေသော နှလုံးသားဖြင့် နွေ့ ကားမောင်းနိုင်ပါ့မလား။

မရပါ နွေ့တစ်ကိုယ်လုံး ဟာင်းလင်းပြင်နှယ် ရောက်ရှိလွင့်ပါနေသည်။ ခန္ဓာကိုယ်ရပ်တည်မှုကို ထိန်းချုပ်ခြင်းပင် မစွမ်းနိုင်တော့ပါ။

နွေ့ဘာလုပ်ရမလဲ၊ နွေ့ဘာဆက်လုပ်ရမလဲ၊ တွယ်ရာမဲ့ လွင့်မျောမှုကို မခံနိုင်သည့်အဆုံး စတီယာတိုင်ပေါ် မှောက်ချလိုက်သည်။

အချစ်ဟူသော အရာသည် နွေ့ဘဝတစ်ခုလုံးကို ဤမျှ စိုးမိုးချုပ်ကိုင်သွားလိမ့်မည်ဟု နွေ့မထင်မှတ်ခဲ့ပါ။

ခုတော့. . နွေ့သည်. . .



www.burmeseclassic.com








# အခန်း (၁)

"မြူး တယ်လီဖုန်း"

ကက်ဆက်သံကြောင့် ကွန့်မြူးမောင် တော်ရုံနှင့်မကြား မေမေက စိတ်မရှည်စွာ အနားကပ်ပြီး အော်မှ ကွန့်မြူးမောင် ကြားသည်။ ကက်ဆက်ကို လှမ်းပိတ်လိုက်ပြီး. .

"ဘယ်သူ ဆီကလဲ"

"အတာတို့ဆီက နေမှာပေါ့"

အတာဆိုလျှင် တစ်နေရာရာကို သွားလည်ဖို့ ခေါ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်ဖို့များသည်။ သူစိတ်မပါ။ ဘယ်ကိုမှ သွားလာချင်စိတ်မရှိ။ ယခင်ကလို အပေါင်းအသင်းများနှင့် ဝိုင်းဖွဲ့ကာ ဟိုလက်ဖက်ရည်ဆိုင်ထိုင် သည်လက်ဖက်ရည်ဆိုင်ထိုင်လည်း မလုပ်ချင်တော့ပါ။

"သား မရှိဘူး ပြောလိုက်မေမေ"

"ဟင် ဘယ်ဖြစ်မလဲ၊ မေမေက သားရှိတယ်၊ ခေါ်ပေးမယ်လို့ ပြောလိုက်တာ"

"ပြဿနာပဲ"

ကွန့်မြူးမောင်က မထ,ချင် ထချင် ထ,လိုက်ရသည်။ ဧည့်ခန်း တယ်လီဖုန်းစင်ရှိရာသို့ လျှောက်သွားရသည်ကိုပင် မလျှောက်ချင်လျှောက်ချင် ဖြစ်နေသည်။ ခြေလက်တို့ မသယ်ချင်။

"ဟဲလို တော"

"ခွေးကောင် မြူး၊ မင်းပြန်ရောက်လာတာ ဘာဖြစ်လို့ ငါကိုယ်တော်မြတ်ကို သံတော်ဦး မတင်သလဲ"

"စိတ်ညစ်ရတဲ့အထဲကွာ"

"ဘာ. . စိတ်ညစ်တယ်၊ ဟေ့ကောင် မြူး၊ မင်း ဘယ်တွေ လျှောက်လိမ့်ပြီး ဘာတွေဖြစ်လာလဲ'

ကွန့်မြူးမောင်ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ ထိုသို့ ခံစားရခြင်းကိုပင် လက်မခံချင်အောင် ဖြစ်သွားကာ. .

"အလကားပါ၊ ဆို. . ကိစ္စက"

"မင်း ရောက်ပြီဆိုရင် အိမ်လာခဲ့ကွာ၊ အိမ်မှာ ခဲမလောက်ဝိုင်း လုပ်ကြရအောင်"





ဘွဲ့ရပြီး အလုပ်စောင့်ကြသူ သူတို့အတွက် ဂီတာတီးတာ အပန်းဖြေကြသည်။ ဟိုသည် အချိန်ဖြုန်းကြသည်။

"တော်ပြီကွာ ၊ ငါဖေဖေ့ လုပ်ငန်းကို ဝိုင်းကူပေးတော့မယ် မအားဘူး"

ကွန့်မြူးမောင်စိတ်ထဲ အပျော်ဟူသမျှတို့သည် သူ့စိတ်ကို ပျော်ရွှင်အောင် ဖန်တီးပေးနိုင်တော့မည် မဟုတ်ကြောင်း သိနေသည်။ ထို့ကြောင့် လုပ်ငန်းထဲ၌ မြှုပ်နှံကြည့်ချင်လာသည်။

"မတ်ချွတ်ဖျား၊ ကမ္ဘာကြီး ဖောက်ထိုးဖြစ်ကုန်ပြီထင်တယ်၊ နားရှိလို့သာ ကြားလိုက်ရတယ် မြူးရယ်၊ အရင်တုန်းကများ မင်းကချည်းပဲ ဦးဆောင်သွားတာ"

"အေး ဟုတ်တယ်၊ ခု ကျွတ်ချိန်တန်ပြီ ဆိုပါတော့ကွာ၊ ဂီတာတီးလိုက်၊ ပိုကာဒေါင်းလိုက်နဲ့ အချိန်းတွေ အလဟဿ ဖြုန်းတီးနေမယ့်အစား အကျိုးရှိအောင်တော့ တစ်ခုခု လုပ်သင့်တယ်ထင်တယ်၊ မင်းပြောစရာကုန်ပြီလား၊ ငါ ချလိုက်တော့မယ်"

"နေပါဦး၊ ငါ အခုလာခဲ့မယ်၊ ပြောင်းလဲလာတဲ့ မင်းမျက်နှာကို ငါဖူးဦးမယ်"

"လာလေကွာ"

ကွန့်မြူးမောင်က ဖုန်းချလိုက်သည်။ အနီးရှိ ဒရင်းဘက်ပေါ်၌ ခြေပစ်လက်ပစ် လဲလျောင်းရင်း ငြိမ်သက်နေမိသည်။

ဖခင်ကို သူပြောလိုက်တော့မည်။

"ဖေဖေ့ လုပ်ငန်းတွေ သားဝိုင်းကူတော့မယ်"

ဟု အဘယ်မျှ ဝမ်းသာပေမည်နည်း။ နောက်ဆုံးနှစ်



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲ ဖြေပြီးကတည်းက သူ့အား. . .

"ဖေဖေနဲ့ ပိုင်းကူကွာ၊ နောက် သားပိုင်မယ့်လုပ်ငန်းတွေ နားလည်ထားတော့ ပိုကောင်းတာပေါ့"

ဟု ပြောခဲ့စဉ်က အရေးမလုပ်၊ အစိုးရဝန်ထမ်းပဲ လုပ်မယ်လို့လို့ သတင်းလွှင့်ကာ လည်ပတ်၍ကောင်းတုန်းပင်။ သို့သော် ပျော်ရွှင်မှုကို ဖန်တီးယူသော်လည်း သူ့မေ့မရသော အရာတစ်ခုက ရင်မှာ အနာတရ ဖြစ်နေဆဲပင်ဖြစ်သည်။

ထိုအနာဂတ်ကို ပျောက်ကင်းရန် ဆေးရှာဖွေမိပါသည်။ အနာထက်ဆေးက ပိုလေးရသည့်အဖြစ်နှင့် ကြုံနေလေပြီ ထင်ပါသည်။

"သား. . နေမကောင်းဘူးလား"

ဒရင်းဘက်ပေါ် မျက်လုံးစုံမှိတ်ပြီး ငြိမ်သက်နေသူ သူ့အား မိခင်က နဖူးလာစမ်း၍ မေးလိုက်သောအခါ သူပြုံးသည်။

"နေကောင်းပါတယ် မေမေ"

"သား ဘာဖြစ်နေသလဲ၊ ခုတလော ရန်ကုန်က ပြန်လာပြီးကတည်းက မှိုင်နေတယ်"

"မမ့်ကို သတိရလို့ပါ"

"မမ"

ဟု အစ်မရင်း မိုးရည်မောင်ကို ရည်စူးပြီး ပြောလိုက်သော်လည်း ထပ်ဆင့်သုံးခဲ့သူ၊ နွေဟူသော 'မမ'ကို သတိရသွားရပြန်ခလေသည်။

"ဪ. . သမီးဆုံးတာ ငါးနှစ်တောင် ပြည့်တော့မှာပါ





သား၊ ဆွမ်းကျွေးဖို့ စီစဉ်ရဦးမယ်"

မိခင်ကပါ သတိရ လွမ်းဆွတ်သွားဟန်ဖြင့် မျက်နှာသေး ညှိုးငယ်သွားသည်။ သေသောသူကြာလျှင် လုံးဝမေ့သည် ဟု ဆိုစကားလည်း မှန်ပါသလား။ ယခုထက်ထိ သူ မမကို မေ့နေပါ။

ရှားရှားပါးပါးရှိသော မောင်နှမနှစ်ယောက် အလွန်ချစ်ကြပါသည်။

မမသွားစရာရှိ၍ အလှပြင်မပြီးသေးလျှင် သူပါ ဝိုင်းပြင်ပေးခဲ့သည်။ မမကို ရည်စားစကားလိုက်ပြောလျှင် သူနှင့်ရန်ပွဲဆင်နွှဲခဲ့ရသည်။

မမသိပ်မှ သူအိပ်ခဲ့သည်။ စီးပွားရှာနေသော ဖေဖေနှင့် ရုံးဝန်ထမ်းမေမေသည် သူတို့မောင်နှမနှစ်ဦးအား အချိန်ပြည့် ဂရုမစိုက်နိုင်ခဲ့။

ရန်ကုန်တက္ကသိုလ်၌ ဥပဒေဘာသာရပ်ယူသော မမသည်၊ သူနှင့်ဝေးကွာသွားခဲ့သည်။ တစ်ပတ်တစ်ခါကျ စာများသည်။ နှစ်ပတ်တစ်ခါ ထိုမှ တစ်လတစ်ခါ နောက်ပိုင်း ကျဲသွားခဲ့သည်။

ပထမနှစ်ပြန်လာပြီး မရွှင်လန်းသော မမသည် ဒုတိယနှစ်နှင့် ပြန်အတက်တွင် လက်ထပ်လိုက်ပြီဟု သတင်းရလိုက်သည်။

လက်ထပ်လိုက်သည်ကလည်း လူပျိုလူလွတ်မဟုတ်၊ အိမ်ထောင်ရှိသော ယောကျ်ားတစ်ဦးနှင့်သာဖြစ်သည်။ မိဘများ ရှင်ကျိုးကာ လိုက်လံ၍ ပြန်သိမ်းရန် ကြိုးစားသော်လည်း. .



www.burmeseclassic.com

www.burmeseclassic.com



မအောင်မြင်ခဲ့။ တရားဝင်လက်ထပ်ပြီး ဖြစ်နေသည့်အဖြင့် မမကိုယ်တိုင်က ထိုသူကို တမ်းတမ်းဆွဲကာ မခွဲနိုင်မခွာရက် ဖြစ်နေသည်။ မေမေကလည်း ရင်ထုမနာဖြင့်. . .

"အဖေလောက်ရှိတဲ့ သူကိုမှကွယ် သမီးရယ် ဖြစ်ရလေ တယ်"

"သူထက်သာတဲ့လူ အဆပေါင်းများစွာ သမီးကို ချစ်တဲ့ လူနဲ့ မေမေ ပေးစားပါ့မယ်ကွယ်"

အချစ်မှာ မျက်စိမရှိဘူးဟူသောစကားကို ကွန့်မြူး မောင် လက်မခံချင်။ ဦးနှောက်မရှိတာ။ မိုက်မဲတာ။ ကိုယ့်စိတ် ကိုကိုယ် အလိုလိုက်တာ။ အသက်ကြီးလျှင် ပိုဆင်ခြင်သင့်သည် ထင်ခဲ့သည်။ ဦးသီဟဆိုသော သူကိုလည်း သတ်ပစ်ချင် လောက်အောင် ဒေါသထွက်ခဲ့သည်။

ဖခင်ကတော့ အရှက်ဒေါသဖြင့် မမမိုးရည်မောင်ကို အိမ်ရိပ်ပင် မနင်းစေရဟု အမိန့်ထုတ်သတ်မှတ်ကာ ဥပေက္ခာ ပြုခဲ့လေသည်။

မိခင်ကတော့ သမီးကိုမပစ်ရက်၊ ဖခင်မသိအောင် ခိုး တွေ့ပြီး အကြင်နာပေးကာ ဦးသီဟနှင့် ကွာဖို့အရေး နားသွင်း ရှာသည်။

သို့သော် ဦးသီဟကလွဲရင် ဖွဲနှင့်ဆန်ကွဲထင်သော မိုးရည်မောင်က သူ့ထံ အလှည့်ကျရောက်လာမည့် ဦးသီဟကို စောင့်စားရင်း အချစ်စိတ္တဇနာ ဖြစ်ခဲ့သည်။

ခံစားမှုအစုစုဖြင့် မစားနိုင် မအိပ်နိုင်ဖြစ်ပြီး နှလုံးရောဂါ ရလာသည်။ မိခင်မှာ သမီးဆီပြေးလိုက် ရုံးကခွင့်ယူရသည်





သည်း ခဏခဏ၊ ယောက်ျားဖြစ်သူကို ဖုံးဖိလိမ်လည် ထွက်ရ သည်ကလည်း မကြာခဏနှင့်၊ ယခင် ဝဖြိုးလှပသော မိခင်မှာ အမယ်ကြီးအို ပေါက်စနှယ် ရုပ်ကျဆင်းသွားသည်။

မမ မိုးရည်မောင်နှင့် ဦးသီဟ အိမ်ထောင် တစ်နှစ် ကျော်ကျော်အကြာတွင် ဦးသီဟ နောက်တစ်ယောက်ယူသည် ကြားလိုက်ရပြန်သည်။

မမမိုးရည်မောင်မှာ အချစ်ကိုသာ ကိုးကွယ်တတ်သူ ဖြစ်ရာ အချစ်၏ ဥပေက္ခာတရားကြောင့် အိပ်ရာထဲလဲရသည့် အဖြစ်နှင့် ကြုံတွေ့ရလေသည်။ အလှအပကိုသာ ကိုးကွယ်တတ် ရသော ဦးသီဟသည် မမာကျန်းသူ တစ်ဦးကို ပြုစုဖို့ အချိန် မပေးတော့။

ထိုအခါ မမမိုးရည်မောင်သည် နောက်ဆုံးထွက်သက် အထိ သူချစ်သော ဦးသီဟကိုတရင်း တမလွန်သို့ ကျောခိုင်း သွားသည်။

လူ့ဘဝ၏ ပျော်စရာအကောင်းဆုံး အချိန်ကာလ အသက် (၂၀)မှာမှ မမမိုးရည်မောင် ရေတိမ်နစ်သွားခဲ့ရသည်။

ကွန့်မြူးမောင် တစ်သက်မမေ့ခဲ့။ လူသားစားဘီလူး ဦးသီဟကို မမကိုယ်စား မွှမွှချေချင်သည်။ သမီးချင်း စာနာ တရား ကင်းမဲ့လွန်းလှသော ဦးသီဟကို ပညာပေးချင်သည်။ နောက်ဆုံးနှစ်စာမေးပွဲအပြီးတွင် ရန်ကုန်သို့ ဆင်းလာသည်။ အစ်မဝမ်းကွဲ မမေမြတ်သူတို့အိမ်၌ တည်းစဉ် တိုက်တိုက်ဆိုင် ဆိုင် မမသူ့ အချစ်ဆုံးသူငယ်ချင်းမှာ အင်မတန်လှသော သူဖြစ် ရာ စိတ်ဝင်စားမိသဖြင့် မေးကြည့်တော့ 'နွေ' ဟုသိရသည်။



www.burmeseclassic.com

www.burmeseclassic.com



နွေသည် ဦးသီဟ၏ အချစ်ဆုံးသမီးဖြစ်ကြောင်း သိရပြန်တော့ ကွန့်မြူးမောင် အကြံရလိုက်သည်။ ဦးသီဟကို စာနာတတ်စေရန် ပညာပေးရမည်။

ထိုရည်ရွယ်ချက်ဖြင့် နွေထံ ဖွတ်ချည်းကပ်ရင်း၊ ကြိုးစားရင်း နွေ့အချစ်ကို ရခဲ့လေပြီ။

သို့သော် နွေ့အချစ်ကို ရပြီးပါမှ ကွန့်မြူးမောင် ရည်ရွယ်ချက်ကို ဆက်လက် အကောင်အထည်ဖော်ရန် ခက်ခဲသွားသည်။

မမမိုးရည်မောင်ကို မမေ့စေရန်နှင့် မမမိုးရည်မောင်အတွက် နွေ့အား ချစ်သည်ကို သတိရစေရန် ရည်ရွယ်ပြီး မမမိုးရည်မောင်ကို ခေါ်သည့်အတိုင်း နွေကိုလည်း 'မမ'ဟု ခေါ်ခဲ့သည်။

နွေကိုလက်ထပ်ပြီးမှ ပစ်ထားခဲ့ဖို့အထိ သော်လည်းကောင်း၊ လက်မထပ်ဘဲ အတူနေပြီးမှ ပစ်ထားရန်သော်လည်းကောင်း ရည်ရွယ်သည်။

သို့သော် ရည်ရွယ်ချက်တို့ အကောင်အထည်မဖော်ဆောင်နိုင်မီ ကွန့်မြူးမောင် ထွက်ပြေးခဲ့ရသည်။

အချစ်သည် အင်မတန် သိရခက်ခဲသော နက်နဲသော အကြောင်းအရာတစ်ခု ဖြစ်နေသောကြောင့်ပင်။

အချစ်သည် ကြောက်လန့်စရာကောင်းသော သတ္တဝါတစ်ဦးဖြစ်နေသည်။

"ဟော့ကောင် ငမြူး"

မိမိပခုံးကို ဆတ်ခနဲ ပုတ်ခတ်ခံလိုက်ရမှာ ကွန့်မြူး





မောင် အတွေးအိမ်က လွန့်မြောက်လာသည်။

"မင်း ဝေါ်လှချည်လား"

အတာနှင့် ဖုန်းဆက်ပြီးကတည်းက ဒရင်းဘက်ပေါ်မှာ လှဲချနေခဲ့သောသူသည် ယခုမှ လှုပ်ရှားရန်သတိရတော့သည်။

"မင်းထင်လို့ပါကွာ၊ လာထိုင်"

"မထိုင်တော့ဘူး၊ ရာဇူးဘက် သွားရအောင်ကွာ"

"ဘာသွားလုပ်မှာလဲ"

"မျက်စိစားပွဲ သွားထိုင်မှာပေါ့၊ အထူးအဆန်းလုပ် မနေစမ်းပါနဲ့"

"ဖေဖေ့ဆီ လိုက်သွားမလားလို့ စိတ်ကူးတယ်၊ မင်းလိုက်မလား"

"နေစမ်းပါဦး၊ မင်းဘာဖြစ်လာသလဲ၊ တစ်ခုခုတော့ ဖြစ်ပြီထင်တယ်၊ ငါ့ကို ပြောစမ်းကွာ"

ရင်ထဲမှာ ဝေဒနာရပ်များကို တစ်ပါးသူအား မျှဝေပေးလိုက်ခြင်းသည် ခံစားရသက်သာစေတတ်ကြောင်း သူသိပါသည်။ သို့သော် အတိတ်ကို ပြည်ဖုံးကား ချထားလိုက်ခြင်းသည်သာ၍ ကောင်းမွန်မည်ဟု သူဆင်ပါသည်။

"ဘာမှမဖြစ်ပါဘူးကွာ၊ အချစ်ဆိုတာ ဖန်တီးယူလို့ ရတဲ့အရာမှ မဟုတ်ဘဲ၊ ဖူးစာပါရင် သူ့ဘာသာသူဖြစ်လာလိမ့်မယ်၊ ရာဇူးသွားပတ်နေမှ မဟုတ်ပါဘူးကွာ၊ ဒါကြောင့် ငါတော့ လုပ်ငန်းထဲမှာပဲ အခြေချတော့မယ်၊ လာ. . မင်းကော လိုက်ခဲ့ပါလား"

"သွားလေ. . . လိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကွန့်မြူးမောင်ဆုံးဖြတ်ချက်တို့သည် ပကတိ ခိုင်မာသွားသည်။ အလုပ်လုပ်ခြင်းသည် အသက်ရှည်ခြင်း၏ သင်္ကေတဖြစ်သည်။ ထို့ကြောင့် သူ့ဘဝကို လုပ်ငန်းထဲ၌သာ မြှုပ်နှံထားလိုက်တော့မည်။







# အခန်း (၂)

စိန်ကဲကျောက်ကဲထက် လူ့ကဲခတ်ရခက်သည်။ ကွန့်မြူးမောင် ရွှေဘုံသာလမ်းတွင်ရှိသော ဆေးခန်းသို့ ခေတ္တဝင်ရသည်။ လူနာရှိနေသဖြင့် အပြင်၌ ထိုင်စောင့်နေ၏။

ခန်းဆီး လှစ်ဟပြီး ထွက်အလာတွင် ကွန့်မြူးမောင့် အလိုလို ရပ်မိလျက်သား ဖြစ်သွားသည်။

"မမနွေ မမနွေ"

ရင်တွင်းတအံ့တသြ ခေါ်လိုက်မိသည်။ မမ အတော်



www.burmeseclassic.com

www.burmeseclassic.com



ပိန်သွားသည်။ ဖြူဖျော့သော အသားအရေက သွေးမှ ရှိပါလေစဟု သူတွေးလိုက်သည်။

နွေ၏ အံ့အားသင့်သွားသော မျက်လုံးအစုံ၌ မျက်ရည်တို့ ရစ်သိုင်းလာသည်။ တစ်ဆက်တည်း နှုတ်ခမ်းသားများ တဆတ်ဆတ် တုန်ယင်လာသည်။ တစ်စုံတစ်ခုကို တမ်းတမ်းတတခေါ် ချင်ဟန်တူသည်။

တဒင်္ဂလေးပါ။ မျက်လုံးထဲ၌ ကြေကွဲရိပ်များ ဝေသွားပြီး ချာခနဲ သူ့အဖါးမှ ဖြတ်သွားသော မမ၏ ကိုယ်သင်းရနံ့သည် သူ့အား ပုတ်ခတ်သွားလေသည်။

ယခင်ကထက် သိသာထင်ရှားစွာ ပိန်ကျသွားသော်လည်း အလှမပျက်ဘဲ ရှိနေသော မမနွေ့ကိုယ်နောက်ပိုင်းကို မျက်စိထဲမှ ပျောက်ကွယ်သွားသည်ထိ သူငေးမောကျန်ခဲ့သည်။

မမ ကားကို ကိုယ်တိုင် မမောင်းတော့ပါ။ အမျိုးသမီးတစ်ဦးမောင်းသည်။

ယခင်ကားလည်း မဟုတ်တော့ချေ။

"ဟော့ . . မြူး"

သူငယ်ချင်း ဒေါက်တာကြည်စင်က ထွက်လာပြီး သူ့အား ခေါ်လိုက်မှ လက်ရှိအနေအထားကို သတိရလိုက်သည်။ ဒေါက်တာကြည်စင်နှင့် အတူသည် တလောကမှ လက်ထပ်သွားခဲ့သည်။ အတူလည်း ရန်ကုန်မှာပင် လာအခြေချသည်။

"ဘာငေးနေတာလဲ"

"နှင့်ပေးရှင့်ကိုပါ"

"သြော် . . မမနွေကို ပြောတာထင်တယ်"





"အင်း . ."

"ဘာရောဂါလဲ"

"နှလုံးရောဂါ အရိပ်အယောင် တွေ့တော့တွေ့နေတယ်၊ စိတ်နဲ့လည်း ဆိုင်တယ်ထင်တယ်၊ မစားနိုင် မအိပ်နိုင်ဖြစ်နေတယ်"

"နှင်နဲ့ ခင်လို့လား"

"အင်း . . ငါ့သူငယ်ချင်းအစ်မပဲ၊ နှင်က စိတ်ဝင်စားလှချည်လား၊ နှင်နဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

"မြင်ဖူးသလိုလိုရှိလို့ မေးကြည့်တာပါ၊ အသာထား၊ နှင့်ကိုငါလာကြို့တာ၊ တောက မအားလို့ ငါ့ကိုလမ်းကြုံရင် ကြိုပေးပါဆိုလို့လာကြို့တာ၊ ကိစ္စပြီးပြီလား၊ ပြီးရင်သွားရအောင်"

"အိုကေ၊ ပြီးပြီ"

ကွန့်မြူးမောင် ဒေါက်တာကြည်စင်ကို လိုက်ပို့ပေးရင်း တစ်လမ်းလုံး နွေနှင့်ပတ်သက်၍ မေးလာသည်။

"မမနွေဟာ မောင်နှမအရင်းအချာမှ မရှိပဲ နှင်ကဘယ်လိုလုပ် သူညီမသူငယ်ချင်း ဖြစ်ရတာလဲ"

"သူ့အဖေတူ အမေကွဲ ညီမကိုပြောတာပါ"

"သူ့အဖေက မိန်းမများတယ်လေ နေပါဦး မြင်ဖူးသလိုရှိတယ်ဆိုတဲ့နှင်က မမနွေအကြောင်း သိလှချည်လား"

"စိတ်ဝင်စားခဲ့ဖူးတဲ့လူတစ်ယောက်ဆိုပါတော့ လှလည်းလှတာကိုး"

"ဟုတ်တယ်၊ တက္ကသိုလ်မှာတုန်းက ကွင်းပဲ၊ ဒါပေမယ့် ဘယ်သူမှ အနားနားမသီနိုင်အောင် မာနကြီးလွန်းလို့ ငါတို့



www.burmeseclassic.com

www.burmeseclassic.com



တောင် အမြင်ကတ်ခဲ့ရသေးတယ်၊ ခုတော့လဲ သနားစရာပါပဲ"

"ဘာဖြစ်လို့လဲ"

"သူ့မိထွေးက. . အဲ မိထွေးဆိုတာလဲ သူ့အဒေါ်အရင်းပဲလေ၊ သူ့အဒေါ်မိထွေးနဲ့ သူ့အဖေကိုယ်တိုင် အိမ်ကိုပင့်တာ၊ အကျိုးအကြောင်းလည်း ရှင်းပြထားတယ်လေ၊ ခုဟာက လမ်းကြုံလို့ ဝင်လာတာ၊ အစားအသောက်ကမဝင်တော့ အားနည်းနေလို့ အားဆေးထိုးပေးနေရတယ်"

ကွန့်မြူးမောင်ရင်ထဲ တစ်မျိုးခံစားနေရသည်။ သူပင်လျှင် မောဟိုက်နွမ်းနယ်လာသကဲ့သို့ ခံစားလိုက်ရသည်။

"နင်ကို ဘယ်လိုအကျိုးအကြောင်း ရှင်းပြထားလို့လဲ"

"ဪ. . . အချစ်ရေး အဆင်မပြေဖြစ်နေတယ်ဆိုတဲ့ အကြောင်းလောက်ပါ ဘာဖြစ်လို့ နင်ဒီလောက်သိချင်နေတာလဲ"

"စိတ်ဝင်စားလို့ပါလို့ ပြောပြီးပြီပဲ"

"ဒါဖြင့် ငါ အင်ထရီလုပ်ပေးရမလား"

"မလိုပါဘူး"

ဒုံးတိတိဖြေလိုက်ပြီး နှုတ်ဆိတ်နေလိုက်သည်။ ဒေါက်တာကြည်စင်ကလည်း ကွန့်မြူးမောင်နှင့် အထက်တန်းကျောင်းသားဘဝကတည်းက သူငယ်ချင်းဖြစ်ခဲ့သဖြင့် အထာလည်း သိနေသည်။ မျက်မှောင်ချီပြီး ငြိမ်သက်နေပါက သူအတွေးနှင့် သူနေရမှ ကျေနပ်သူဖြစ်သည်။ ခုနေသူ့ကို စကားသွားပြောလျှင် မကြိုက်ပဲ ဘုဘောက်ပြောတတ်သည်။

မကြာခင် သူ့အိမ်ရောက်လာသည်။





"သွားမယ်မြူး ကျေးဇူးပဲ"

"အပိုတွေလုပ်မနေနဲ့ . . . ဪဒါထက်. ."

ကွန့်မြူးမောင်က မေးသင့် မမေးသင့် ချိန်ဆနေဟန်တူသည်။

"မမနွေ အရင်အိမ်မှာပဲလား"

"အရင်အိမ် ဟုတ်မဟုတ်တော့မသိဘူး"

ဘောက်ထော် ပြည်သာယာလမ်းထဲမှာပဲနေတယ်။

"သွားမယ်"

ကွန့်မြူးမောင် ဘာမှထပ်မပြောပဲ ထွက်ခဲ့သည်။ ရင်ဝယ်လေးလံလျက်ရှိသည်။ သူကအဆိုင်အခဲသည် ရင်မှာလာရောက်ကိန်းအောင်း နေလေရော့သလား၊ တမင်မေ့ပျောက်ထားခဲ့သောသူသည် ရင်မှာစွဲငြိလျက် အတိတ်ကိုခေါ်ဆောင်လျက်ရှိသည်။

မိမိ၏ ဘယ်ဘက်ပခုံးမှာ နွေးထွေးလာပြီး တိုးတိတ်ညင်သာသာ ကရုဏာတေးသွားသံ သဲ့သဲ့ကို ကြားနေရသည်။ နွေ နားခိုးခဲ့သည့် ပခုံးပေါ်လား. . .

*"မောင့်မျက်နှာ xxx တစ်ရှာမှတ်ထင် xxx အချစ်ဓာတ် ရစ်ပတ်မိရင် xxx ကြာ့လေလေ ခိုင်မြဲလေလေ xxx အမြစ်မပြတ်ရပဲ xxx အသည်းထဲ စွဲကာပင် xxx ရှုတ်နှစ်ပြီး ချစ်ရတော့မယ် xxx အားနွဲ့သူပါရှင် xxx"*

ရင်မှာ စူးရှနာကျင်လာသည်။ ခေါင်းကိုခါယမ်းလိုက်မိသည်။

ရင်ဝယ်တတ စိုးရိမ်ခြင်းသည် အချစ်ကြောင့်ပဲလား



www.burmeseclassic.com

www.burmeseclassic.com



ကွန့်မြူးမောင် မတွေးတတ်တော့ပါ။ နွေကိုမေ့ပျောက်ရန် ကြိုးစားရင်း သတိရတမ်းတ နေတတ်သည်ကတော့ အမှန်ပင်။

ဤသည်ကို လွမ်းဆွတ်ခြင်းဟု ခေါ်မည်ထင်ပါသည်။





# အခန်း (၃)

"ဦးသီဟပါလား"

ရင်တွင်း၌ လွတ်ခနဲ အာမေဍိတ် ထွက်သွားပြီး၊ စေ့စေ့ကြည့်လိုက်သည်။ ဦးသီဟ ကားသည် ကုက္ကိုင်းမီးပွိုင့်၌ သူကားနှင့် ယှဉ်ရပ်ထားသည်။ ငါးဆယ်ကျော်လာသည့်တိုင်အောင် နုပျိုနေဆဲ၊ ခန့်ညားနေဆဲဖြစ်သည်။ သူ့နံဘေး၌ သူနှင့်ရွယ်တူ အမျိုးသမီးတစ်ယောက်ပါသည်။ ကြည်လင်ရွှင်ပြနေသော သူတို့နှစ်ဦးကို ကြည့်ရင်း ကွန့်မြူးမောင် ရင်ထဲမှ မကျေမချမ်း ဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခုတ်ရာတခြား၊ ရှရာတခြား"

ဖြစ်နေပြီထင်ပါသည်။ နွေ၏ ညှိုးငယ်သော မျက်နှာနှင့် ဆန့်ကျင်ဘက်ဖြစ်သော ဦးသီဟ၏ ကြည်လင်ရွှင်ပြသော မျက်နှာသည် သူ့အားလှောင်ပြောင်လျက်ရှိချေသည်။

"တီ. . တီ. . တီ. . တီ"

အနောက်မှ အဆက်မပြတ်တီးလာသော ဟွန်းသံကြားမှ ကားကိုမောင်းထွက်ရန် သတိရလိုက်သည်။

ဦးသီဟတောင် သူ့အား ငဲ့စောင်းကြည့်သွားလေသည်။ ဦးသီဟကတော့ သူ့အား မိုးရည်မောင်၏မောင် သူ့သမီးနွေအား ချစ်ဟန်ဆောင်ကာ ပစ်ပယ်ခဲ့သူအဖြစ် သိရှိလိမ့်မည်လေ ဟုတ်၊ ဒီကောင် ငူလှချည်လားဟူသော ကောက်ချက်ချသွားပေမည်။

သိချင်စိတ်တို့ ပြင်းထန်လာသည်။ နွေဘယ်သို့ရှိနေသနည်း။ အိမ်ရောက်ရောက်ချင်း အတာတို့အိမ်သို့ ဖုန်းကောက်ဆက်လိုက်သည်။

"ဟဲလို"

တစ်ဖက်ထူးသံသည် မိန်းမသံဖြစ်နေသဖြင့် ဒေါက်တာကြည်စင်မှန်း သိလိုက်သဖြင့် ပို၍ အဆင်ပြေသွားသည်။

"ကြည်စင်လား"

"အေး. . မြူးလား၊ ဆို ဘာကိစ်္စ အတာမရှိဘူး"

"သူနဲ့တွေ့ဖို့မဟုတ်ဘူး နင်နဲ့တွေ့ဖို့ပဲ"

"မမနွေအကြောင်း သိချင်ပြန်ပြီလား"

ကွန့်မြူးမောင်ရင်ထဲ တဒိန်းဒိန်း မြည်ဟည်းလာသည်။





အတတ်သိလှချည်းလားဟု မေးချင်လာသည်။

"ဆိုပါတော့ သူနေကောင်းရဲ့လား"

"အချစ်နာဆိုတော့ အချစ်နဲ့ကုမှရတာပေါ့"

"အချစ်နာ"

"ဟုတ်တယ် တစ်နေ့က သူ့ဆီ ငါ့ဆေးသွားထိုးပေးတော့ နင်မေးတဲ့အကြောင်းတွေ ငါပြောပြလိုက်မိတယ်"

"ဟင်. . ဒီတော့"

ကွန့်မြူးမောင် ဒေါက်တာကြည်စင်ကို မပိတ်ပင်မိခြင်းအတွက် နောင်တရသွားသည်။

"ဒီတော့ အသည်းအသန်ငိုတော့တာပေါ့၊ သွေးပေါင်အောင် အတော်ကျသွားတယ်၊ ငါလည်းမေးတာပေါ့။ ဒါပေမယ့်ဘာမှမပြောဘူး"

ကွန့်မြူးမောင် ပင့်သက်မောချလိုက်မိသည်။ လက်ဖျားခြေဖျားတို့ပင်လျှင် အေးစက်လာသည်။ စကားစ ရှာမရသကဲ့သို့ဖြစ်သွားသည်။

"သူကောနင်ပါ ဘာမှမပြောပေမယ့် ငါရိပ်မိလိုက်ပါပြီ၊ နွေ့ကိုပစ်ပြေးတဲ့ ချစ်သူဟာ နင်ပဲဖြစ်လိမ့်မယ်ဆိုတာ"

ကွန့်မြူးမောင် ဘာမှ ခွန်းတုံ့မပြန်တော့. . .

"မြူး"

"ဘာလဲ"

"တိတ်လှချည်လား ဆွေးသွားပြီလား"

"မဆွေးပါဘူး ဆွေးလောက်စရာ အကြောင်းလည်းမရှိပါဘူး"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာလို့ငြိမ်နေတာလဲ ငါနဲ့အတာတောင် နင့်ဆီ လာတွေ့ဦးမလို့"

"ဘာဖြစ်လို့လဲ"

"နင်တို့နှစ်ဦးကြားမှာ ကြားခံနယ် လိုနေသလားလို့"

"မလိုပါဘူးဟာ၊ ဇာတ်လမ်းကပြီးဆုံးနေပြီပဲ၊ ငါလည်း ဝေဒနာ ထပ်မယူချင်တော့ဘူး၊ သူလည်းပဲ ဒီထက်မက မခံစား စေချင်တော့ပါဘူး"

"ဒါကြောင့် အတာကပြောတာ"

"ဘာပြောသလဲ"

"နင်ဟာ သိပ်လျှို့ဝှက်မှုနိုင်တာပဲတဲ့"

"ဒါကတော့ လျှို့ဝှက်ချက်ဆိုတာ လူတကာလိုက်ပြော လို့ရတဲ့အရာမှမဟုတ်ဘဲ"

"ဒါပေမယ့် ခေါင်းတစ်လုံးထက် ခေါင်းနှစ်လုံးက ပိုပြီး မှန်ကန်တယ်ဆိုတဲ့စကားလည်း ဘယ်သွားထားမလဲ"

"နင် ဆရာဝန်မလုပ်နဲ့တော့ ရှေ့နေပဲ လုပ်ပါလား၊ ငါ လည်း စဉ်းစားထားပါတယ်၊ အတာ့ကို ပြောပြမလို့၊ ဒါပေမယ့် ဇာတ်လမ်းက ပြီးပါပြီလို့ စာတမ်းထိုးပြီးမှ ဘယ်လိုလုပ်ဆက်စပ် တော့မလဲ၊ တောအားရင်သာ ငါ့ဆီလွှတ်လိုက် နင် လိုက်မလာနဲ့ နင်ပါတော့ ပြောရခက်တယ်"

"အမယ်လေး၊ အခုမှ နင်က ကြီးကြီးကျယ်ကျယ်၊ ငါက တော့ မမနွေငိုလေ နင့်ကို အမြင်ကတ်လေပဲ"

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ မိန်းမသားတွေဟာ ဘယ်လောက်အခွံ





အလမ်းကြီးတယ်ဆိုတာ အချင်းချင်းပဲ သိကြတယ်"

"မမနွေလိုလူစားမျိုးက နင့်နင့်သီးသီး မခံစားရပဲနဲ့တော့ ဘယ်တော့မှ မျက်ရည်မကျဘူးဆိုတာ ငါသိပါတယ်၊ ဒါကြောင့် နင့်ကို ဒေါသထွက်တာ"

ကွန်မြူးမောင်သက်ပြင်းချလိုက်သည်။ ရွှေဘုံသာလမ်း က ဆေးခန်းတွင် တွေ့ရသော နွေ၏ငိုရိပ်ဆန်သော ရုပ်သွင်ကို မြင်လျှက်ရှိရာ သူပင်လျှင် နွမ်းလျခွေယိုင်ချင်လာသဖြင့်. .

"ဒါပဲဟာ၊ တောအားရင်သာ ငါ့ဆီလွှတ်လိုက်"

"စိတ်သာချ၊ အားအား မအားအား လွှတ်လိုက်မယ်"

စကားပြောခွက်ကို ချလိုက်ပြီးနောက် ထုံးစံအတိုင်း ဒရင်းဘက်ပေါ် လဲလျောင်းနေလိုက်သည်။

ဖခင်၏ စိန်ရွှေရတနာ ရောင်းဝယ်ရေးလုပ်ငန်းကို သူ ကူညီလိုက်သောအခါ ဖခင်က ရန်ကုန်တွင်ရှိသောဆိုင်ကို သူ့ အား အပ်နှင်းလိုက်သည်။ ဖခင်ကတော့ မန္တလေးရှိဆိုင်ကိုသာ တာဝန်ယူလေသည်။ ထို့ကြောင့် သူရန်ကုန်တွင်ပင် သောင်တင် နေလေသည်။

ရန်ကင်းတိုက်ခန်းတစ်ခန်းကို အပြတ်ဝယ်ယူကာ သူ အတွက် နေထိုင်ရေး ဖန်တီးပေးထားသည်။

ဒရင်းဘက်ပေါ် လဲလျောင်းကာ ငါးသုံးလုံးကို ဖွာရှိုက် နေမိသည်။ စီးကရက်သောက်လျှင် ရောဂါရမည်စိုးသည်။ မျက် နှာရင့်မှာလည်း မကြိုက်သဖြင့် သူမသောက်ခဲ့။ သို့သော် ယခု တွေး ချင်ငေးချင်းတိုင်း သူစီးကရက်ဖွာနေမိသည်။

ယခုတလော သူ့သူငယ်ချင်းများ ရောဂါသ,နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ နိုင်ငံခြားသွားဖို့ ရောဂါဖြစ်သည်။ သူကတော့ အစက စိတ်ကူးမရှိခဲ့။ ကြီးပွားရုံသက်သက်ဖြင့် ဤနိုင်ငံမှ စီးပွားရှာလည်း ရသည်ပဲ။ ဒေသန္တရ ဗဟုသုတလည်းရ၊ ဒေါ်လာလည်းရသည့် အပြင် စိတ်ပြေလက်ပျောက်အဖြစ်တော့ သူသွားချင်သည်။

တစ်မြေစီခြားသွားလျှင် အလွမ်းအားတွေပို၍ လျော့ပါးနိုင်မည်လား။

လက်ချောင်းပူခနဲဖြစ်သွားမှ စီးကရက်မီးသည် အစီခံ နားရောက်နေကြောင်း သိရသဖြင့် ထိုးချေလိုက်သည်။ နောက် တစ်လိပ်ယူရန် လက်လှမ်းလိုက်သည်။

"တူတူ့ . . တူတူ့ . . တူတူ"

တယ်လီဖုန်းမြည်သံကြောင့် သူစီးကရက်ဘူးကို အသာ ပြန်ချလိုက်သည်။ နွေ ထံကများဖြစ်နေမလားဟု သူမျှော်လင့် မိသည်။ သို့သော် . .

"ချစ်တယ်ဆိုတာ ခံစားမှုပေါ် အခြေတည်ပြီးမှ ဖြစ် လာတာပဲ မြူးရယ်၊ ဒါပေမယ့် လက်မခံနိုင်တဲ့ အယူအဆ အ တွက်နဲ့တော့ ဘဝကိုပုံအပ် မလိုက်လျောနိုင်ဘူး ချစ်လို့လွမ်း လို့ အသည်းကျွမ်းချင် ကျွမ်းသွားပါစေ၊ သေချင်သေသွားပါစေ အချစ်ကို နောက်ဆုံးထွက်သက်အထိ ရင်မှာထာဝရ မြတ်မြတ် နိုးနိုး သိမ်းဆည်းသွားလိုက်မယ်"

ဘီးလင်းချောင်းနံဘေး လမ်းလျှောက်စဉ်က နွေ ပြောခဲ့ သော စကားတို့သည် သူ့နှလုံးသား၌ ပဲ့တင်ထပ်လျက်ရှိရာ ကွန့် မြူးမောင်ရင်မှာ နာကျင်လာသည်။

"တူတူ့ . . တူတူ့ . . တူတူ"





တယ်လီဖုန်းမြည်သံ ထပ်ပေါ်လာသောအခါ လက်ရှိ အနေအထားကို သတိရကာ တောက်ကိုင်လိုက်သည်။

"ဟဲလို"

"ငမြူးလား"

"ဪ . . ငတာ မင်းပြန်ရောက်ပြီလား"

"အေး . . ငါအခု ရေချိုးထမင်းစားပြီးရင် လာခဲ့မယ်၊ မင်း ရှောင်မနေနဲ့ဦး"

"ယောက်ျားစကားပါကွာ၊ တွေ့ချင်လို့ ခေါ်ထားပြီးပြီပဲ၊ ဘာကိစ္စငါက ရှောင်ရမှာလဲ"

"အေး . . ဒါဖြင့်ပြီးရော၊ ငါလာခဲ့မယ်"

"အိုကေ"

ဒီတစ်ချီတွင်တော့ သူ ငူမနေတော့ပါ။ သွက်လက်စွာ ပင်ထပြီး ရေချိုးခန်း ဝင်ခဲ့သည်။ တစ်ကိုယ်ရေတစ်ကာယသမား ဖြစ်သောသူသည် စိတ်လိုလက်ရရှိသည့်အခါ ထမင်းချက်စားပြီး စိတ်မပါသည့်အခါလည်း ဆိုင်၌သာ ကိစ္စပြီးလေ့ရှိသည်။

များသောအားဖြင့်တော့ အိမ်၌သာ ချက်စားလေ့ရှိ သည်။ အလုပ်လုပ်နေမှဖြစ်မည်။ မလုပ်လျှင် သူ့အတွေးအိမ်သို့ နွေသည် မဖိတ်ခေါ်ဘဲ အမြဲရောက်လာတတ်သည်။

ရောက်လာပြီးလျှင်လည်း ဘယ်သောအခါမှ နှင်ထုတ် ၍ မရတတ်၊ အိပ်ပျော်ခြင်းကိုပါ အနိုင်ယူသွားတတ်သည်။

ယခုလည်း ရေချိုးနေရင်း နွေ့အား သတိရနေပြန် သည်။

*"မွေးတုန်းတော့လူရာဝင် xxx နောင်ကို ငိုမယ်ဖွဲ့ကာ*



www.burmeseclassic.com

www.burmeseclassic.com



*ပစ်မှာစိုး xxx အမျိုးမျိုးပူတယ်ရှင် xxx"*

ပစ်မှာစိုး၍ အမျိုးမျိုးပူခဲ့သူ နွေသည် ယခုအခါ ပစ်ပယ်ခြင်းကို လက်တွေ့ခံစားရသောအခါ မည်သို့ရှိချေမည်နည်း။ အလူးအလဲ ခံစားနေရရှိလေသလား၊ ကရုဏာမိုးက သူ့ရင်တွင်း တစိမ့်စိမ့် ဖြစ်ထွန်းနေချေပြီ။







# အခန်း (၄)

"အဲဒါပဲ၊ သူ့ကိုငါ ချစ်မိမှာကြောက်တဲ့အတွက် ငါ့ ရည်ရွယ်ချက်ကို အကောင်အထည် မဖော်တော့ဘဲ သူ့ကို ထားရစ်ခဲ့လိုက်တယ်"

"အဲဒီလို ထားခဲ့ရတာ မင်း စိတ်ချမ်းသာသလား"

အဲ့တော့အမေးကြောင့် သူ့ရင်ထဲ စူးရှရှလေး ဖြစ်သွားသည်။ ကျိုက်ပေါ်လော ဘုရားရှင်တော်ရှေ့တွင် မျက်ခွံတံခါး ပိတ်ကာ ဘုရားရှိခိုးနေသော နွေအား နောက်ဆုံးတစ်ချက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး မထချင်ထချင်နှင့် အသာထလိုက်သည်။

ထို့နောက် လှည့်မကြည့်တမ်း ကျောခိုင်းခဲ့သော်လည်း ဖိနပ်ချွတ်နား အရောက်တွင် သူ ပြန်လှည့်ကြည့်မိပြန်သည်။

နွေ၏ကျောပြင်ကိုကြည့်ပြီး သူဆုံးဖြတ်ချက်တို့ ပြင်ရန် စဉ်းစားလိုက်မိသည်။ သို့သော် သူဆုံးဖြတ်ချက် မပြင်တော့ပါ။ ကားပေါ်မှဆိုင်တယ်ကို ပန်းဆိုင်မှလူငယ် အကူအညီဖြင့် ချပြီး မပွားကို စာတစ်စောင်ရေးကာ ပေးခဲ့သည်။ ထို့နောက် ဆိုင်ကယ်ကို မောင်းထွက်ခဲ့သော်လည်း ပြန်လှည့်ရန် အကြိမ်ကြိမ် ဖြစ်ခဲ့သဖြင့် မိုင်ကုန်မောင်းခဲ့သည်။ မျက်လုံးတို့ပင် မူးချင်သလို လို ဖြစ်ခဲ့သည်။ မျက်ရည်စဲခြင်းပေလား။ သူတစ်သက် မခံစားဖူးသော ဝေဒနာတစ်ရပ်သည် သူနှင့်အဖော်အဖြစ် လိုက်ပါလာခဲ့လေသည်။

"ဟော့ကောင်. . မေးတာဖြေဦးလေကွာ"

"မင်းမေးတော့ ငါ သူ့ကိုထားခဲ့တုန်းက ခံစားခဲ့ရတာကို သတိရသွားလို့ပါကွာ၊ အကြိမ်ကြိမ် ပြန်လှည့်ဖို့အထိ ငါစဉ်းစားပါသေးတယ်၊ ဒါပေမယ့် မမ မိုးရည်မောင်ရဲ့ မျက်နှာကို မြင်ယောင်ပြီး ငါ သူ့ကိုထားရစ်ခဲ့လိုက်တယ်"

ပြောရင်း ရင်တွင် မချိတင်ကဲ ဖြစ်လာသဖြင့် စီးကရက်တစ်လိပ် ယူဖွာလိုက်ပြန်သည်။

"မင်း စီးကရက် သောက်တတ်နေပြီလား"

"ဆိုပါတော့"

"ဒါလည်း စိတ်ဖြေရာ ရှာတာပဲလား"

"ဖြစ်နိုင်တယ်. . ဒါပေမယ့် မသောက်ပဲနဲ့လည်း နေနိုင်





ပါတယ်"

ပြောမည့်သာပြောရသည် ခံတွင်း၌ အလိုလိုဖြစ်လာသည့်အခါ စီးကရက် ကောက်သောက်လိုက်လျှင် ပြေသွားတတ်သည်ကို သတိထားလိုက်မိသည်။ စီးကရက်ကများ မိမိကို အနိုင်ယူသွားမှာလား။ ထိုသို့တော့အဖြစ်မခံနိုင်ပါ။ စီးကရက်ကို ဘူးထဲ ပြန်ထည့်ပြီး ဘူးကို အံဆွဲထဲထည့်ပိတ်လိုက်သည်။

သူ အပြုအမူများကို အတာကကြည့်ကာ ခေါင်းတညိတ်ညိတ် ဖြစ်နေရာမှာ. . .

"မင်းကိုငါ တစ်ခွန်းပဲမေးမယ် . , မှန်မှန်ဖြေ"

"ဘာမို့လဲကွ"

"သေသေချာချာ စဉ်းစားပြီးမှဖြေ"

"အရစ်ရှည်လှချည်လား"

သူအတာကို စိတ်မရှည်ချင်တော့။

"ချစ်မိမှာကြောက်လို့ မင်းက မမနွေကို ရှောင်ထွက်ခဲ့တယ်လို့ မင်းပြောတယ်နော်"

"အင်း"

သူ အတာ့ကို မျက်မှောင်ချီ၍ ကြည့်လိုက်မိသည်။

သူ့ရင်ခုန်သံတို့သည် သူ့ နားကို ကျယ်ကျယ်လောင်လောင် နှောင့်ယှက်လျက်ရှိသည်။

"ရှောင်ထွက်လာတဲ့မင်းဟာ သူ့ကိုချစ်မိမှာကြောက်တဲ့ အချစ် ပျောက်သွားသလား"

"ဘာ"

အတာမေးခွန်းကို သူနားလည်ပါသည်။ သို့သော် တုန်



www.burmeseclassic.com

www.burmeseclassic.com



လှုပ်မှုဖြင့် အာမေဋိတ်သံ ထွက်သွားသည်။

"ငါမေးတာ ရှင်းရှင်းလေးပါ မြေးရာ"

အတာက သူဝယ်ခဲ့သော ဘဲကင်ကို အချဉ်ဖြင့်တို့စားရင်း ပြောလိုက်သည်၊ ကွန့်မြူးမောင် သက်ပြင်းချလိုက်ပြီး ဆိုဖာပေါ်၌ လဲလျောင်းချလိုက်သည်။ သူမည်သို့ ဖြေရမည်နည်း။ နွေ့ကို သူမေ့ပျောက်ရန် ကြိုးစားလေလေ သတိရလေလေ ဖြစ်သည်။ သတိရပြန်သောအခါ လွမ်းဆွတ်သော ဝေဒနာရပ်တသူ့အား နှိပ်စက်ကလူ ပြုလေသည်။

"ဖြေလေကွာ"

"ပျောက်ဖို့နေနေသာသာကွာ တစ်နေ့တခြား သူ့ကို သတိရတဲ့ ဝေဒနာ တိုးတိုးလာတယ်"

"ဒါဆိုရင် မင်းသူ့ကို ချစ်တယ်ပေါ့"

"လွမ်းဆွတ်သတိရခြင်းဟာ အချစ်ကြောင့်ဆိုရင် ငါသူ့ကိုသိပ်ချစ်တယ် ဖော"

ဤစကားကို လေးလေးနက်နက် ပြောလိုက်မိသည်။

"တွေ့ချိန်နည်းနည်းလေးနဲ့ကွာ"

"အချစ်ရဲ့ အနုအရင့်ကို ကာလအပိုင်းအခြားနဲ့ သတ်မှတ်လို့ မရဘူးထင်တယ် အတာ ရှေးအဆက်ဆက်ချမှတ်ခဲ့ဖူးတဲ့ ချစ်ပန္နတ်လည်း ပါလိမ့်မယ် ထင်တယ်၊ သူ့ကိုမြင်ကတည်းက ငါ့ရင်ထဲမှာ ထူးထူးကဲကဲ လှုပ်လှုပ်ရှားရှားကို ဖြစ်သွားခဲ့မိတယ်"

"ဟူး . . မင်းဟာက မလွယ်ပါလား ချစ်မှန်းသိရင်လည်း ချစ်လိုက်တော့ပေါ့"

"မဖြစ်ဘူး ဦးသီဟ သမီးတို့ ငါလက်ထပ်ဖို့ဆိုတာ ဘယ်





နည်းနဲ့မှ ဖြစ်နိုင်မှာမဟုတ်ဘူး၊ ဒီတော့ ငါနွေ့ကို မေ့ပစ်အောင် ကြိုးစားနေတယ်"

"ဒါပေမယ့် မင်းမေ့မရဘူးဆို"

"အေးလေ မရသေးဘူး၊ ဒါပေမယ့် နောက်တော့ ရသွားလိမ့်မယ်ထင်တယ်"

"အဲ့ဒါကိုက မင်းရဲ့ မပြတ်သားတဲ့စိတ်ပဲ မေ့ချင်ရင် အစကတည်းက မေ့လို့ရတာပဲကွာ လေးငါးလကျော်လာတဲ့အထိ မေ့မရနိုင်သေးဘူးဆိုတာ နောင်လည်း မေ့လို့မရနိုင်မယ့် အလားအလာပဲကွ"

"အစားထိုးနည်းနဲ့ဖြေဖျောက်ဖို့ ငါစဉ်းစားသေးတယ်"

သူ့ကိုအတာက အံ့အားသင့်သလို ကြည့်လိုက်သည်။ ပြီးမှ . . .

"ရသလား"

"မဖြစ်နိုင်ဘူးဆိုတာ ကိုယ့်ဘာသာကိုယ် သိနေတယ် ချစ်သောသူနဲ့ ကွေကွင်းရတဲ့ ဒုက္ခအပြင်၊ မချစ်မနှစ်သက်သော သူနဲ့ပါ ပေါင်းဖော်ရတဲ့ ဒုက္ခဝေဒနာတ ပိုလာနိုင်တယ်၊ ဒါ တို့ဆယ်တန်းတုန်းက သင်ရတဲ့ သိယ်သူသမီး ကျောက်စာထဲက လိုပေါ့ကွာ၊ ခု ငါ ကွေကွင်းနေရတဲ့ ဆင်းရဲအပြင် ထပ်မံမခံစားချင်တော့ဘူး၊ ဒါကြောင့် မိဘတွေသဘောကျ စီစဉ်ပေးတာကိုလည်း ငြင်းပစ်လိုက်မိတယ်"

"မင်းလိုပဲပေါ့ မြူး၊ မမနွေ့ကိုလည်း သူ့အဖေနဲ့ အစေါ်တာ အိမ်ထောင်ချပေးချင်ကြတယ်၊ ဒါကို မမနွေ့က လက်မခံဘူး"

သူယုံကြည်ပါသည်။ သူ့အပေါ် ချစ်စိတ်ကို နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ထွက်သက်အထိ ထိန်းသိမ်းသွားမည်ဟု ပြောခဲ့သော နွေ့စကားကို သူအကြွင်းမဲ့ ယုံကြည်ပါသည်။ နွေသည် သူ့ကို အချစ်ဦးမို့ အရှုံးအမူး ချစ်သွားခဲ့သည်။ အစွဲအလမ်းကြီးပုံရသော နွေသည် ချစ်မိပြန်တော့လည်း တစ်သက်တာအတွက် တစ်ယောက်တည်းကိုသာ အချစ်ပုံလိုက်ပုံရသည်။

"သူ ငါ့ကို သိပ်ချစ်တယ်ဆိုတာ ငါက သိနေတော့ ပိုခံစားရတာပေါ့"

"ချစ်ခြင်းကို ဥပက္ခာပြုရတာလောက် စိတ်ဆင်းရဲစရာကောင်းတာမရှိဘူးကွာ"

ဟု သူထပ်ပြောပြီး မျက်လုံးမှိတ်ကာ ငြိမ်သက်နေလိုက်သည်။ ထိုအခါကျမှ အတာက သူ့အား ကရုဏာသက်စွာ ကြည့်ရင်း. . .

"မင်းဟာက ဝံပုလွေ့က သိုးငယ်တို့ အပြစ်ရှာသလိုမျိုး ဖြစ်နေပြီထင်တယ်၊ နင်မဟုတ် နင့်အဖေပဲ၊ နင့်အဖေအပြစ်နင်ခံရမယ် ဆိုသလိုပေါ့ကွာ၊ ခု မင်းလည်း ဦးသီဟကို နာကြည်းမုန်းတီးတာနဲ့ပဲ မဆီမဆိုင် မမနွေသာ ဓားစားခံဖြစ်သွားရတယ်၊ တော်တော် သနားဖို့ကောင်းတယ်ကွာ၊ အလှုဂုဏ်မောက်ပြီး မာနကြီးခဲ့တာ မဟုတ်ပေမယ့်၊ သူ့ကို အကြောင်းမသိသူတွေက အလှုဂုဏ်မောက် ဘဝင်မြင့်တယ်လို့တောင် ထင်ကြတယ်၊ တကယ်တော့ ယောကျ်ားတိုင်းကို သူ့အဖေလိုထင်ပြီး ချစ်ရမှာကြောက်လန့်ခဲ့လို့ အချစ်ကိုရှောင်ရှားနေသူကိုမှ မင်းက ဝေဒနာပေးသွားရက်တယ်ကွာ၊ မမနွေဟာ အတော်သနားဖို့ ကောင်းပါတယ်"





"မင်းတို့တောင် သနားကြရင် ငါကဘယ်လိုနေမလဲ စဉ်းစားကြည့်စမ်း တော"

ကွန့်မြူးမောင်က ထိုင်လိုက်ပြီး ပြောလိုက်သည်။ ကွန့်မြူးမောင် ရင်တွင်းမှာ နွေနှင့်ပတ်သက်၍ ကရုဏာ သမုဒ္ဒရာဖြစ်ထွန်းနေကြောင်း ကာယကံရှင်ထက် မည်သူမျှ မသိနိုင်။

"ဒီလိုဆိုရင်လဲကွာ၊ အိမ်ထောင်တစ်ခု တည်ဆောက်တဲ့နေရာမှာ ကာယကံရှင်နှစ်ဦးထက် ဘယ်သူက ပိုပြီးအရေးမကြီးနိုင်ပါဘူးကွာ"

"လောကကြီးမှာ မိဘဆွေမျိုးသားချင်းဆိုတာ မေ့ပြစ်ထားလို့ ရတဲ့အရာတွေမှ မဟုတ်ပဲ"

"နှစ်ဦးနှစ်ဖက် မိဘ သဘောမတူလို့ စွန့်ပစ်ထားတဲ့ အိမ်ထောင်သည်တွေ တစ်ပုံကြီးပါကွာ၊ မင်း မမနွေကို သွားတွေ့ကြည့်ပါဦး"

ကွန့်မြူးမောင် ခေါင်းယမ်းလိုက်သည်။

"တည်ငြိမ်နေတဲ့ ကန်ရေပြင်ထဲ ခဲမချပါရစေနဲ့ကွာ"

"တည်ငြိမ်နေပြီလို့ မင်း ပြောနိုင်မလား မြူး"

"ကြာရင် မေ့သွားနိုင်မှာပါ၊ အချစ်နာကို အချစ်နဲ့ကုလို့ ရပါတယ်ကွာ"

"အေးလေ မင်းကိုမင်း ကုလို့ရတဲ့အခါမှ မမနွေလည်း တုစားလို့ရသွားပြီလို့သာ မှတ်ယူလိုက်ပေါ့ ဟုတ်လား"

ပြောရင်းဖြင့် စကားတို့သည် လည်ပတ်လျက်ရှိသည်။ ကွန့်မြူးမောင်ရင်ထဲ ဆန္ဒတစ်ခုတော့ရှိသည်။ ထိုဆန္ဒက. . .

"မမကို ငါကြိုးစားပြီးမေ့မယ်၊ မင်းကိုဖွင့်ပြောရတာက



www.burmeseclassic.com

www.burmeseclassic.com



လည်း ကြည်စင်က သူ့ဆရာဝန်ဖြစ်နေလို့၊ ကုစရာ အဖြေလေးဘာလေး ရှာတွေ့ပါစေတော့လို့ ရည်ရွယ်ပြီးဖွင့်ပြောတာ၊ အချစ်နာကို အချစ်နဲ့ အစားထိုးကုကြည့်လို့ ရတန်ရလိမ့်မယ်ကွာ”

မဖြစ်နိုင်ဘူးထင်လျက်နှင့် သူ ဇွတ်နှစ်ပြောလိုက်မိသည်။ အတာက မသက်မသာအသွင်နှင့် သူ့အားကြည့်ကာပြုံးလျက် ဟာသစွက်လိုက်သည်။

“တကယ်လို့ ဦးသီဟ သေသွားရင်ကောကွာ”

‘အဲဒီလိုပုဂ္ဂိုလ်မျိုးက အသက်တိုခဲတယ်ကွ’ ဟု စိတ်တိုစွာ သူပြောလိုက်သည်။ အတာက သူ့ကိုသဘောကျသည့်အလား ရယ်မောလျက်ရှိသည်။ သူကတော့ မရယ်နိုင်ပါ။ ကြည်နူးရွှင်ပြ ရယ်မောခြင်းသည် သူ့ထံမှ ပျောက်ဆုံးနေသည်မှာကြာလေပြီ။

အတာကို ရင်ဖွင့်လိုက်လျှင် ပေါ့ပါးသွားမည်ထင်သောရင်တွင်းသောကခဲသည် အခုမှအလေးချိန် ပိုစီးလာသည်ထင်၏။ နွေ့ကိုတွေ့လည်းတွေ့ချင်သည်။ တွေ့လည်း မတွေ့ရက်ပါ။

မမမိုးရည်မောင်ကို ပြန်လည်မြင်ယောင်တမ်းတကြည့်မိသည်။ သို့သော် မမမိုးရည်မောင်၏ မျက်နှာသည် မှုန်ဝါးကာနွေ့သာ သူ့အတွေးအမြင်၌ ကိုယ်ထင်ပြနေလေသည်။

အချစ်သည် လူ့စိတ်ကိုဤမျှအထိ ဖမ်းစားတတ်ကြောင်းသူမသိခဲ့ပါချေ။





# အခန်း (၅)

“မမ”

ရင်တွင်းအာမေဍိတ်သည် ရုတ်တရက်နှုတ်ဖျားသို့ရောက်သွားသည်။

ရန်တင်းနှင့်ဘောက်တော်ပြည်သာယာသည် နီးနီးကလေးဖြစ်ရာ သူနွေ့အိမ်ဘက်သို့ ခြေဦးလှည့်လိုက်မိသည်။ မမသည် သူ့ကဲ့သို့ပင် အိပ်မပျော်သေးချေ။ တရုတ်စကားပင်အောက် ဒရင်းဘက်ပေါ်တွင် ငြိမ်သက်စွာ လဲလျောင်းနေသောမမသည် ဘာတွေ တွေးတောနေမည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



ခြံတွင်း မီးရောင်နှင့် လရောင်အောက်မှ နွေ့ပုံရိပ်ကို တွေ့မြင်ရသော်လည်းသိသာထင်ရှားစွာတော့ မမြင်နိုင်ချေ။

အသက်ပင် ရှူပါလေစဟုထင်ရလောက်အောင် လှုပ်ရှားမှုကင်းမဲ့နေသည်။ ကားတွင်းမှ သူသည်လည်း အသက်ရှူရန်ပင် မေ့လျော့နေသည်။ အောက်တိုဘာမိုး၏ နှုတ်ဆက်မိုးဖွဲကလေးများ ရွာသွန်းလာသောအခါ. . .

"မမ မိုးရွာနေပြီလေ"

စိတ်တွင် အားမလိုအားမရပြောပြီး ကားတံခါးမှ ဖွင့်ထွက်ပြီး ပြေးသွားပွေ့ချီချင်စိတ်ပင် ပေါက်နေသည်။

ထိုစဉ် အိမ်ထဲမှ အမျိုးသမီးတစ်ဦးနှင့် မပွားထွက်လာသည်။ နွေ့အား ထီးမိုးပေးပြီး နှစ်ဦးတွဲညှပ်တွဲခေါ်သွားသည်ကို တွေ့ရသည်။

ထိုအခါကျမှ ရင်ထဲကအလုံးကျသွားတော့သည်။ မမအိမ်ခန်းဖြစ်ဟန်တူသောအခန်းမီး မီးရောင်လင်းသွားသည်ကို တွေ့လိုက်ရသည်။ ထိုမီးရောင်သည် တော်ရုံနှင့်မပျောက်ကွယ်သွားတော့မည် မဟုတ်ကြောင်း ကွန်မြူးမောင်သိနေသည်။

ကားကိုအသာပြန်မောင်းထွက်ခဲ့သည်။ သူကားပြည်သာယာလမ်းမှ အထွက်တွင် ဦးသီဟကားချိုးဝင်လာသည်ကို တွေ့လိုက်ရသည်။

ဩော် နွေ့အဒေါ်ထံတွင် နေအလှည့်ကျသည်ထင်ပါရဲ့ ဟုသူတွေးရင်း မဲ့လိုက်သည်။ ဖြစ်နိုင်လျှင် ဦးသီဟကားကို မီးမီးကားခေါင်းနှင့် ဝင်ကျုံးပစ်လိုက်ချင်သည်။ သို့သော် စိတ်ကိုအံကြိတ်ကာထိန်းပြီး အိမ်ပြန်ခဲ့ရသည်။





ဘယ်ဘက်ပခုံးသား နွေးထွေးလာပြန်သည်။ နွေ၏ အာသံလေးက သူ့ရင်တွင်းဖောက်ထွင်း ဝင်ရောက်လာသည်။

*". . ချစ်လျှင်အကျိုး. . . မြတ်နိုးသဒ္ဒါ. . ရွှေမေတ္တာဘူတူဆိုလျှင်. . တဲအိုပျက်ထဲမှာပင်. . ပန်းမွေ့ရာကျဲထင်တယ် ချစ်သူနဲ့လွဲခဲ့ရင်. . . ရွှေဘုံလဲဖွဲ့အိတ်ထင်. . ချစ်ငွေကကြူကြူ ချစ်သူသာလျှင်. . ဘဝတိုင်း ဖြစ်လေရာ ဆုံပါတော့. . နှစ်ကိုယ်သျှဉ် စားစားသွားသွား. . . တူတူပင် သက်ဆုံးမောင်ကြင်. . . မေတ္တာခရေစင် မွှန်းအောင်ချစ်လွန်းတင်. ."*

မျက်လုံးပင်လျှင် ပူလောင်လောင်ဖြစ်လာသည်။ ငိုမိနေသလား။ သူသည် မျက်ရည်ကျတတ်သော လူစားမဟုတ်ယောကျ်ားမျက်ရည်ကျတယ်ဆိုတာ အင်မတန် စိတ်ပျော့ညံ့သော လူစားတို့၏ အလုပ်ပင်ဖြစ်သည်။ သူဘယ်သောအခါမှ မျက်ရည်ကျကာ ငိုကြွေးလိမ့်မည်မဟုတ်။ သို့သော် နှလုံးသားမှာတော့ အလွမ်းမိုးတို့ သဲသဲမဲမဲ ရွာသွန်းနေလေပြီ။

နိုင်ငံခြားသို့ ထွက်သွားရန် ဆုံးဖြတ်လိုက်သည်။

ဖေဖေတို့ကိုလည်း သနားသည်။ သို့သော် လောလောဆယ်တော့ သူ့ဝေဒနာကို ဤနည်းဖြင့်ကုစားလိုက်မှဖြစ်ပေလိမ့်မည်။ ဖွဲမိုးလို တငွေ့ငွေ့လောင်ကျွမ်းနေသော နှလုံးသားနှင့် နွေနှင့် အဝေးတကာ့အဝေးဆုံးနေရာသို့သာ သူထွက်ပြေးရှောင်တိမ်းနေချင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

"မမ"

မြရတနာတွင် ဒေါက်တာကြည်စင် သားဦးရတနာ ဖွားမြင်သည်။ ကွန့်မြူးမောင်ကအဝင် နွေကအထွက်နှင့် ကြုံသည်။ တိုက်မိမလိုဖြစ်သွားသဖြင့် ရှောင်တိမ်းလိုက်သော နွေသည် ဟန်ချက်ပျက်ကာ ယိုင်လဲမလိုဖြစ်သွားသည်။

ကွန့်မြူးမောင်က သွက်လက်စွာလှမ်းထိန်းရင်း နှုတ်ဖျားမှလည်း အာမေဋိတ်ထွက်သွားသည်။ အကျႌလက်ရှည် ဝတ်ထား





သော်လည်း မမလက်မောင်းသားမှာ အေးစက်နေလေသည်။

"မမ"

နွေသည် မရှုန်းမဖယ် ကျောက်ဆစ်ရုပ်အလား ငြိမ်သက်နေလေသည်။ သို့သော် မျက်လုံးအစုံ၌ မိုးရိပ်ဆင်းလာသည်။ နှုတ်ခမ်းသားတို့ တဆတ်ဆတ်တုန်ခါမှုက သောကအစိုင်အခဲပိတ်ဆို့မှုကြောင့် စကားသံတို့ ထွက်လမ်းမရှိရှာခြင်း ဖြစ်သည်။

"ဟာ အတော်ပဲမြူးရေ မမနွေကော ခဏပြန်ထိုင်ပြန်ဦး။ နည်းနည်းနေမကောင်းရင် မြူးကိုလိုက်ပို့ပေးခိုင်းရမယ်၊ နွေကို ကားပေးမမောင်းချင်သေးဘူး"

နွေနောက်ပါးမှ ကပ်ပါလာသော အတာက သူတို့နှစ်ဦးကို မြင်သွားချင်းချင်း လှမ်းပြောလိုက်သည်။

နွေကသူ့အား လှမ်းကြည့်နေသည်။ ပြေရာပြေကြောင်း တောင်းပန်နေသော မျက်လုံးများလား၊ တမ်းတလွမ်းမောခြင်း အရိပ်တွေလား၊ မာနရိပ်တွေလား၊ မြူးဘာကိုမှ မခွဲခြားတတ်ပေ။

သက်ပြင်းတစ်ချက်ချလိုက်ပြီး. . .

"ဟုတ်သားပဲ မြူးလိုက်ပို့ပေးမယ်၊ ခဏနေ ကြည်စင်ကို ဝင်တွေ့လိုက်ဦးမယ်"

သူပြောတော့ နွေခေါင်းခါသည် ပြီးမှလက်မောင်းကို ဆုပ်ကိုင်ထားသော ကွန့်မြူးမောင်လက်တို့ကို သာယာစွာဖယ်ချသည်။ ဤသည်ကို ကွန့်မြူးမောင်ခွင့်မပြုချင်ပါ။

"မမပါ ပြန်လိုက်ခဲ့ပါဦး"

သူ၏ ညင်သာစွာ ဆွဲခေါ်မှုကို ငြင်းဆန်နိုင်ရန် အင်



www.burmeseclassic.com

www.burmeseclassic.com



အားမရှိတော့သည့်အလား လိုက်ပါလာသည်။

"လာ ထိုင်သူငယ်ချင်း ထိုင်ပါမမနွေ"

အတာက ခုံများချပေးသည်။ ဒေါက်တာကြည်စင်က ကြည်လင်ဝင်းပစွာဖြင့် ရှိနေချေပြီ။ သားသမီးရတနာသည် မိဘများအတွက် အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးဖြစ်ရာ မပျော်သူမိဘ ရှိနိုင်ပါ့မလား၊ အတာမှ ကလေးကိုငုံ့ကြည့်ရင်း ပီတိဖြာဝေနေလေသည်။

"တွေ့လားဟေ့ သူများသားသမီးတွေ တိုးတက်နေတာ"

အတာက သူ့သားကိုပြသဖြင့် ကွန့်မြူးမောင် မလွှဲရှောင်သာ၍ ထကြည့်လိုက်ရသည်။ နွေကိုသာ ငေးမောကြည့်နေချင်သည်။

'တော်တော် ပိန်သွားတာပဲ' ဟု မှတ်ချက်ချလိုက်မိသည်။ သူ့အား ငေးမောကြည့်နေသော မျက်လုံးသူခိုးနှင့် ဆုံမိသောအခါ မျက်လွှာအချ၌ မျက်ရည်တစ်စက် ခုန်ပေါက်ပြေးဆင်းသွားသည်ကို တွေ့ရသည်။

သုံးဦးသားမျက်ဝန်းက နွေထံသို့ စုပြုံရောက်မှုတို့ သိမ့်ဟန်တူသည်။ အသာထကာ ပြတင်းပေါက်၌ သွားရပ်လေသည်။

ကြည်စင်က ကွန့်မြူးမောင်ကို မေးငေါ့ပြသည်။ သွားချော့လေဟူသော သဘောဖြစ်ပေမည် သူက ခေါင်းအသာညိတ်ပြလိုက်သည်။ ကလေးပုခက်နားမှခွာကာ ပြတင်းပေါက်နားသွားရပ်လိုက်သည်။ မျက်လုံးမှ မျက်ရည်များကို မျက်တောင်ခတ်ကာ သိမ်းဆည်းနေသော နွေသည် သူ့အား ပြုံးတစ်ဝက်မဲ့တစ်ဝက်ဖြင့်ကြည့်သည်။ သူ့ရင်၌ နင့်နင့်သီးသီးနာကျင်လာ





သည်။ ရင်တွင် ထွေးပိုက်အနားယူစေလိုသည်။ လက်ဖျားကလေးကို ဆွဲယူဆုပ်ကိုင်ရန် လက်လှမ်းပြီးမှ ဦးသီဟ၏ မျက်နှာကို ပြေးမြင်လိုက်မိသဖြင့် လက်ကိုပြန်ရုပ်သိမ်းလိုက်သည်။

တစ်ခွန်းမှ ပြောမထွက်သေးသော နွေကိုကြည့်ပြီး သူ့ခင်ထဲ မချိတင်ကဲဖြစ်နေမိသည်။

နွေက အားတင်းကာ ပြုံးလိုက်သည်။ ပြီးတော့ . .

"နေကောင်းရဲ့လား မြူး၊ နည်းနည်း ကိုယ်ရေစစ်သွားတယ်နော်"

"မမရယ်"

ကွန့်မြူးမောင် ရင်လှိုက်ခတ်သံထွက်သွားသည်။ သူ့ရင်ထဲက မေးနေသောစကားကို နွေကဦးအောင်မေးသွားသည်။ နွေအကြင်နာသည် သူ့အပေါ် တည်နေဆဲပါတကား။

"မင်းမမနွေကို ပြန်ပို့ပေးချင်ပို့လိုက်တော့ကွာ၊ မင်းအားထားခဲ့၊ ငါတစ်ယောက်ယောက်နဲ့ မမနွေအိမ်ကို ပို့ပေးလိုက်မယ် မင်းအဲဒီကစောင့်နေပေါ့"

အတာက လမ်းခင်းပေးသည်ကို နွေကအားနာစွာ ပြုံးမိ၏။

"နွေ့ကားကိုပဲ ထားခဲ့ပါ့မယ်၊ မြူးကိုအားနာစရာများဖြစ်နေမလားပဲ"

ယခင်ကဲ့သို့ လေသံနှင့်မဟုတ်ဘဲ လေသံပျော့ပျော့ နှင့်သာ ပြောဆိုနိုင်သောနွေကို သူကရုဏာမျက်ဝန်းနှင့် ကြည့်နေသည်မှအပ သူဘာမှ မပြောနိုင်ချေ။ ပြောစရာ စကားလည်းသည်၌မရှိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကားနဲ့ပဲ မမကိုပို့ပေးလိုက်မယ်၊ ဒါဖြင့် ငါပြန်တော့မယ်နော်ကြည်စင်၊ နောက်မှ ငါအိမ်လာခဲ့မယ်"

"အေး အေး၊ မမနွေကို စိတ်ချမ်းချမ်းသာသာနဲ့ အိမ်အရောက်ပို့ပေးလိုက်နော်၊ ငါစိတ်ချပါရစေ"

ကွန့်မြူးမောင်က နှုတ်ခမ်းတွန့်ရုံပြုံးကာ ခေါင်းညိတ်လိုက်ပြီး

"ငါ နားလည်ပါတယ်"

တစ်ဆက်တည်း နွေ့ဘက်စောင့်ငဲ့ကြည့်ကာ . .

'သွားကြရအောင် မမ' ဟု ဆိုလိုက်သည်။

နွေက ခပ်မဲ့မဲ့အပြုံးနှင့် ခေါင်းညိတ်ကာ ကြည်စင်ကို နှုတ်ဆက်ပြီး သူ့နောက်မှ လိုက်ခဲ့လေသည်။

သူ ရန်ကုန်ရောက်ပြီးမှ ဆိုင်ကယ်မစီးဖြစ်တော့ဘဲ ပထမ ပလေကာ နောက်ပွင့်ထစ်စီးသာ စီးဖြစ်လေသည်။

နွေအတွက် ကားတံခါးကိုဖွင့်ပေးလိုက်သည်။ နွေက ညင်သာစွာ ဝင်ထိုင်လိုက်သည်။ နွေမျက်ဝန်းရိပ်၌ မဝံ့မရဲမေး မရဲအရိပ်များ လွှမ်းမိုးလျက်ရှိလေသည်။

ချိုင်းခနဲတံခါးကိုပိတ်ပြီးမှ သူဘေးခေါင်းကိုကွေ့ပတ်ကာမောင်းသူနေရာတွင် ဝင်ထိုင်လိုက်သည်။ ကားကို ညင်သာစွာ မောင်းထွက်ခဲ့သည့်တိုင် စကားစရန် တစ်ခွန်းမှ ရှာမရချေ။

"မြူး"

နွေက တုန်ယင်လှိုက်လှဲစွာ သူ့ကိုခေါ်သည်။ သူ ငဲ့စောင်းကြည့်လိုက်သည်။ မျက်ဝန်း၌ သောကမိုးတို့သည်ထဲ စွာ ရွာနေလေပြီ။





"မမ. ."

"မမကို ခွင့်ပြုပါ"

နွေက ခွင့်တောင်းပြီးမှ မြူး၏ပခုံးစွန်းကို ခေါင်းတင်လိုက်သည်။ နွေ အပြုအမူသည် သူ့နှလုံးသားကို မွှမွှကြေစေလေပြီ။

"မမရယ်၊ မြူးလေ မြူး. . မမကို. ."

နွေးထွေးစိုစွတ်နေသော သူ့ပခုံးစွန်းထက်မှ နွေခေါင်းသည် အသာကြွလာပြီး

"မမနားလည်ပါတယ်မြူး"

"မမမြူးကို ခွင့်မလွှတ်သင့်ဘူး"

"မြူးမှာ အပြစ်မှမရှိဘဲ"

"ဘာရယ်၊ မြူးမှာ အပြစ်မရှိဘူးဟုတ်လား မမ"

ကွန့်မြူးမောင်သည် ကားကို အရှိန်လျှော့လိုက်သည်။ အခြားကားများ ကျော်တက်နိုင်စေရန် နေရာပေးလိုက်သည်။

"မြူးမှန်ပါတယ်လေ၊ မြူးနေရာမှာ မမဆိုရင်လည်း မမမြူး ထက်ဆိုးရွားတဲ့အလုပ်မျိုး လုပ်မိမှာပဲ"

နွေကို ငဲ့စောင်းကြည့်လိုက်မိသည်။ နွေသည် တစ်ဖက်သို့တိုးရွှေ့ထိုင်လိုက်ပြီး မျက်လုံးသို့ လက်ကိုင်ပဝါစွန်းနှင့် အသာသုတ်လိုက်သည်။ နှလုံးသားမျက်ရည်စက်ကို လက်ကိုင်ပဝါက တားနိုင်ပါမည်လား။

"တည်ငြိမ်နေတဲ့ မမနှလုံးသားကို မွှေနှောက်ခဲ့တဲ့ မြူးကိုတော့ ခွင့်လွှတ်နိုင်တယ်နော်"

"ခွင့်လွှတ်ခြင်း၊ အပြစ်မယူခြင်း၊ အနစ်နာခံခြင်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းရဲ့ အနက်ရှိုင်းဆုံး သင်္ကေတတစ်မျိုးပေါ့ မြူးရယ်၊ တို့တ မြူးဘာပဲလုပ်လုပ် ခွင့်လွှတ်နေနိုင်တယ်၊ အဲဒါကလည်း မြူးကို တို့ သိပ်ချစ်ခဲ့လို့ပါ”

ပြောရင်း စကားသံတို့ တိမ်ဝင်သွားသည်။ ကွန့်မြူး မောင်ကားကို အသာရပ်လိုက်သည်။ ဗဟန်း(၃)လမ်းနားရောက် နေပြီ။

“မမ မြူး တောင်းပန်ပါတယ်၊ တကယ်တော့ မြူး အမှား ကြီးပါဘဲ၊ မရင့်ကျက်သေးတဲ့ ခံယူချက်နဲ့ မြူးထင်ရာ ဇွတ်လုပ် ခဲ့မိတယ် ဒီအတွက် မြူးလည်း မမထက် မလျော့ဘဲ ခံစားမှုတွေနဲ့ ခံစားနေရလေလေ မြူးစိတ်ထိခိုက်ရလေလေပဲ”

ကွန့်မြူးမောင် နွေ့ကိုကရုဏာသက်စွာ တစိမ့်စိမ့်ကြည့် ရင်း တောင်းပန်လိုက်သည်။

နွေ့က မျက်ရည်သုတ်ကာ ဟန်လုပ်ပြုံးသည်။

“ပြီးသွားပါပြီ၊ မမ မြူးကို နားလည်ပါတယ်၊ ခွင့်မလွှတ် စရာ အကြောင်းလည်းမရှိပါဘူး၊ ခွင့်လွှတ်တယ်၊ မမလည်း ကြိုး စားပြီး နေကောင်းအောင်နေတော့မယ်၊ ဒါပေမယ့်မြူးရယ်. . . သဏ္ဌာန်လုပ်သရုပ်တူစေ ဆိုသလိုမျိုး မြူးက ခပ်ပေါ့ပေါ့လေး လှည့်စားသွားနိုင်ပေမယ့် မမတစ်နေ့မှ မေ့မရနိုင်တာကတော့ အမှန်ပဲ”

ကွန့်မြူးမောင်ဆက်ပြောရန် အင်အားမရှိတော့ပါ။

“မြူးက မမကိုသဏ္ဌာန်လုပ်သရုပ်တူစေသဘောနဲ့ ခပ်ပေါ့ပေါ့လှည့်စားခဲ့တယ်လို့ ထင်သလား”

“မဟုတ်လို့လား”



“အဲဒီလို ထင်ခဲ့ရင် မမမြူးကို နာကြည်းသင့်တာပေါ့ မုန်းသွားသင့်တယ်”

“ချစ်တယ်ဆိုကတည်းက မုန်းဖို့မှမဟုတ်ပဲ မြူးရယ်”

ကွန့်မြူးမောင် အသက်ရှူပင်ရပ်ဆိုင်းသွားလေသလား ထင်မှတ်လိုက်ရသည်။ အရာရာကို မေ့ပစ်လိုက်ချင်သည်။ မမ မျိုးရည်မောင်ကိုကော ဦးသီဟကိုပါ။ သို့သော် မေ့မရနိုင်သေး။ နွေ့၏ ရုပ်အသွင်ကလည်း ဦးသီဟနှင့် ချိတ်စွပ်တူနေသည်။

ကားကို အသာပြန်မောင်းထွက်ခဲ့သည်။ အရှိန်ကိုလည်း မြှင့်တင်လိုက်သည်။ ကမ္ဘာ့ရှုံးထိုးမောင်းထွက်လာသော မိုင်နှုန်း မြှင့်တင်မှုအတွက် နွေ့ထိတ်လန့်သွားမလားဟု စိုးရိမ်မိသည်။ နွေ့ ကိုငဲ့စောင့်ကြည့်လိုက်သောအခါ ခိုးကြည့်နေသော မျက်ဝန်း ရိပ်နှင့် ဆုံစည်းမိသည်။ တစ်ဖက်သို့ ချက်ခြင်းပင် လှည့်သွား သည်။ ကွန့်မြူးမောင် သက်ပြင်းချလိုက်သည်။ ကားကိုလည်း ဝီယာပြန်လျှော့လိုက်သည်။

“မြူးတော့ ဘာမှ ထပ်မပြောချင်တော့ဘူး၊ ဖြစ်နိုင်ရင် ကားမှောက်သွားအောင် မောင်းလိုက်ချင်တယ်၊ မမကောပါ တစ်ခါတည်းသေသွားမယ်ဆိုရင်တော့ မြူးမိုင်ကုန်မောင်းပစ် လိုက်မယ်”

ပျော့ညံ့ပြီး မူမမှန်သော စကားကိုပင် သူပြောထွက်မိ လေပြီ နွေ့က မဲ့ပြုံးနှင့်. . .

“မမသေသွားလို့ရှိရင် အကြောင်းမဟုတ်ပါဘူး၊ မမက သေချင်နေတဲ့လူပဲ၊ လောကကြီးမှာ ချစ်သူနဲ့ကွေ့ကွင်းရခြင်း ဆိုတဲ့ ဆင်းရဲဒုက္ခနဲ့ ရင်ဆိုင်နေရသူမှ မသေချင်ချင် ဘယ်သူ



www.burmeseclassic.com

www.burmeseclassic.com



သေချင်ပါ့မလဲ”

ကွန့်မြူးမောင် စကားပင် ထပ်မဟတ်တော့ချေ။ ရင်မှာ တနုံ့နုံ့နှင့် ခံရခက်နေလေပြီ။

“လူဆိုတာ မျှော်လင့်ချက်နဲ့ အသက်ရှင်နေတာ မဟုတ်လား၊ မျှော်လင့်ချက် ကင်းမဲ့တဲ့သူဟာ သေလူနဲ့မခြားတော့ပါဘူး၊ သေလူဆိုတာ သေခြင်းတရားကို ဘယ်ကြောက်မလဲ”

“တော်ပါတော့မမ”

“ဆောရီးပဲ မြူးရယ်၊ မမရင်တွင်းစကားတွေဟာ မြူးကို ထိခိုက်စေလိမ့်မယ်လို့ မမ မထင်ခဲ့လို့ပါ”

“မမ”

“ဘာလဲ မြူး”

“မမနဲ့မြူး ရှေ့ဆက်လို့ မဖြစ်နိုင်တော့ဘူးဆိုတာ မမ သဘောပေါက်ရဲ့လား”

ကွန့်မြူးမောင်က စိတ်ကို တတ်နိုင်သမျှ အတည်ငြိမ်ဆုံးထားကာ မေးလိုက်သည်။ နွေက ခပ်အေးအေးပင်ဖြေလိုက်သည်။

“မြူးဘက်က မမတွေးကြည့်ပြီး ဖြေရင်တော့ ဟုတ်ပါတယ်၊ မြူးပြောတာ ဟုတ်ပါတယ်၊ မှန်တဲ့စကားပါမြူး”

နွေ ဤမျှ စကားပရိယာယ်ကြွယ်လိမ့်မည်ဟု ကွန့်မြူးမောင် မထင်မှတ်ခဲ့ပါ။ ယခု နွေ့စကားတို့သည် သူ့နှလုံးသားကို ဓားသွားထက်ထက်နှင့် ထိုးနှက်သည့်အလား ပြောဆိုနေသည်။

“ဒါဖြင့် မမဘက်ကတွေးကြည့်ရင်ကော”





“လောကကြီးမှာ ဆက်လက်အသက်ရှင် နေထိုင်ချင်သေးတယ်ဆိုရင်တော့ လက်မ မကောင်းရင် လက်မ၊ ခြေမ မကောင်းရင် ခြေမ ဖယ်ရှားပစ်ပြီး ရှေ့ဆက်နိုင်တယ် ထင်တာပဲလေ”

ကွန့်မြူးမောင် ပင့်သက်မောသာချလိုက်သည်။ စိတ်တွင်း၌လည်း ဦးသီဟဆိုတဲ့ မမအဖေဟာ ခြေမ၊ လက်မမှ မဟုတ်ဘဲ ဖြတ်တောက်ပစ်လို့ ရနိုင်ပါ့မလားဟု တွေးပြီး. . .

“လောကကြီးမှာ အချစ်တစ်ခုတည်းနဲ့ တည်ဆောက်လို့မှ မရတာပဲ”

ကွန့်မြူးမောင် ခပ်လေးလေးဖြေလိုက်သည်။ နွေက မဲ့ပြုံးလေးဖြင့် အသံကို မတုန်ခါစေရန် အားယူထိန်းသိမ်းပြောဆိုရှာသည်။

“ဒါပေမယ့် အချစ်တစ်ခုတည်းနဲ့ အရာရာကို ရင်ဆိုင်နိုင်တဲ့ အင်အားတွေ အလိုလို ဖြစ်ထွန်းလာတတ်ပါတယ်”

နွေပြောသလို သူခံယူလိုက်ချင်ပါသည်။ သို့သော် မမမိုးရည်မောင်က သူ့ကိုဟားတိုက် လှောင်ပြောင်နေတော့မည်။ ဦးသီဟကလက်ပိုက်ကာ နှုတ်ခမ်းကို အလှပဆုံးတွန့်ရှုံ့ပြုံးကာ သူ့အား ကြည့်နေပေတော့မည်ထင့်။

ထို့ကြောင့် နှလုံးသားကို ထိမှန်လာသော နွေ့စကားများကို နာကြည်းမှုအရိပ်ဖြင့် ဖယ်ရှားပစ်လိုက်လေသည်။

“ရောက်ပြီလေ မြူး”

ပြည်သာယာလမ်းထဲ ရောက်လာသည်ကိုပင် သတိမထားမိလိုက်။



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ နွေရှိနေသည်ကို ကြောက်ရွံ့သည်။ သို့သော် ဝေးသွားရမည်ကိုလည်း လက်မခံချင်သကဲ့သို့ ဖြစ်နေသည်။

နွေအိမ်ခြံဝင်းအတွင်းသို့ ကားကိုချိုးကွေ့ကာ ပေါ်တီကို အောက် ကားရပ်ပေးလိုက်သည်။ နွေက မဆင်းသေးဘဲ ငြိမ်သက်စွာထိုင်နေသည်။

ကွန့်မြူးမောင် ဘာဆက်လုပ်ပေးရမည်နည်း။ ကားတံခါးကို ဆင်းဖွင့်ပေးလိုက်လျှင်လည်း နွေကို အမြန်ဆုံးခွဲခွါစေလိုသည်ဟု ထင်သွားပေလိမ့်မည်။

တံခါး မဖွင့်ပေးပါကလည်း နွေအပေါ် ယုယမှု မရှိဟု ထင်ပေလိမ့်မည်။

ကွန့်မြူးမောင် စိတ်လှုပ်ရှားခြင်းကြီးစွာဖြင့် နွေ့အား ငဲ့စောင့်ကြည့်လိုက်သည်။

နွေသည်သူ့အား မကြည့်ပဲ ပြင်ပကို ကြည့်နေသည်။ သို့သော် ပတ်ဝန်းကျင်တစ်ခုလုံးသည် သူ့အမြင်အာရုံ၌ထင်ဟန် မတူချေ။

မျက်ရည်ဥတို့က တလိမ့်လိမ့်ဖြတ်သန်း စီးဆင်းလာမှု၏အရောင်ဟပ်မှုကြောင့် နှုတ်ခမ်းသားတို့ တဆတ်ဆတ် တုန်ခါလာသည်။

သူကတော့ ဘာထူးပါအံ့နည်း။ နှလုံးသား၌ သွေးစိမ်းရှင်ရှင် ထွက်နေလေပြီ။ နွေ၏ မျက်ရည်တစ်စက်သည် သူ့နှလုံးသွေးတစ်စက်ဖြစ်မှန်း သူနားလည်လေပြီ။

"မ. . မ"

မည်သည့် ကာလကတည်းက သနွေတည်ခဲ့မှန်းမသိ





သောအခေါ် အဝေါ် လေးသည် နှလုံးသားမှ ထွက်ပေါ်လာသည်။

"မ. . . မ"

ဒုတိယမိ ထပ်မံခေါ်ပြီး လွတ်ထွက်သွားမှာ စိုးကြောက်သည့်အလား ရင်ဝယ်ထွေးပိုက်အငမ်းမရ နမ်းရှိုက်စဉ်. . .

"မောင်"

သူ့နည်းတူ နှလုံးသား၌ ကိန်းဝပ်နေသော အသုံးအနှုန်းတို့ ခုန်ပေါက်ထွက်သွားသည်။

ချော့သူအားပေးသူ နှစ်သိမ့်သူရှိလျှင် ပိုမိုကြေကွဲတတ်သည်က လူ့သဘာဝဖြစ်ရာ နွေမျက်နှာတစ်ပြင်လုံး မျက်ရည်မိုးတသည်းသည်းဆင်နေသည်။ ဤသည်ကို ကွန့်မြူးမောင်က အနမ်းမုန်တိုင်း တိုက်ခိုက်နေသည်။

"မရယ်. . မကို သိပ်ချစ်တယ်ထင်တယ်"

"ထင်တယ်တဲ့လား"

"ဟုတ်ဖူးချစ်တယ်၊ ဟုတ်ပါတယ် ချစ်တယ်၊ မြူး သိပ်ချစ်တယ်"

"မောင်ရယ်"

အနမ်းမိုး စဲသွားချိန်တွင်တော့ ကွန့်မြူးမောင်သည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ နွေမကြိုက်သော အပြုံးကိုပြုံးလေသည်။

မျက်ရည်မိုး သွန်းလျက်ရှိသောနွေ မျက်နှာမှုန်ဝါးဝါးကို ခပ်စိမ်းစိမ်းကြည့်လိုက်သည်။

"ဒါပေမယ့် ကျွန်တော် ခင်ဗျားကို ဘယ်တော့မှမယူဘူး၊ ဦးသီဟသမီးကို ကျွန်တော် မယူဘူးဆိုတာ ခင်ဗျား မှတ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၊ ဒါပါပဲ”

နှလုံးသားကို အစိတ်စိတ်အမြွာမြွာ ခွဲအထုတ်ခံရပြီး သူ ပြောလိုက်သည်။ ပြီးတော့ နွေ့ကိုကျော်ကာ တံခါးကိုလှမ်း တွန်းဖွင့်ပေးလိုက်သည်။

အံ့အားသင့်ခြင်း ကြေကွဲခြင်းဖြင့်ကြည့်နေသော နွေ့ကို သူထပ်မကြည့်ရဲတော့။ ထို့ကြောင့် စတီယာတိုင်ပေါ် မျက်နှာ အပ်လိုက်သည်။

“မောင် ဆုံးဖြတ်တာမှန်ပါတယ်၊ မောင်စိတ်ချမ်းသာသ လိုနေနိုင်အောင်ကြိုးစားပြီး နွေကိုမေ့ပစ်လိုက်ပါ”

ခေါင်းကိုမော့လျက် ကွန့်မြူးမောင်အား မကြည့်ပဲ စိတ် ကိုရှိရှိသမျှသော အင်အားတို့ဖြင့် ထိန်းချုပ်ကာ ပြောပြီးလျှင် ကားတွင်းမှ ချာခနဲပြေးထွက်သွားသည်။

ကွန့်မြူးမောင် ဆတ်ခနဲ ခေါင်းထောင်ကာ ကြည့်လိုက် သည်။ နွေ၏မျက်ရည်စက်တို့သည် ကမ္ဘာမြေထုကို သက်သေပြု သွားလေ၏။

လက်သီးကို တင်းတင်းဆုပ်ကာ စတီယာတိုင်ကိုထု လိုက်မိ၍ ဟွန်းကိုနှိပ်မိလျက်သား ဖြစ်သွားသည်။

“တီ::::. . .”

အံကိုကြိတ်ကာ လက်ကိုပြန်ရုပ်ပြီး ကားကို ကမူးရှူး တိုးမောင်းထွက်ခဲ့လေသည်။

ပါးပြင် နွေးခနဲဖြစ်နေသည်။ ဘာဖြစ်တာလဲ. . .

မျက်ရည်ကျနေတာလား။

မဖြစ်နိုင်ဘူး ထင်ပါသည်။ ယောကျ်ားမျက်ရည်ဆိုတာ





လုံးဝကျကောင်းသည်မှ မဟုတ်ပဲ။

သို့သော် သူ့အမြင်အာရုံ ဝေဝါးနေသည်ကတော့ သေ ချာသည်။

ရှေးလူကြီးများ ဆိုရိုးပြုကြသည်။

‘နတ်နှင့် နဂါး မလှည့်စားနှင့်’ ဟူ၍

ကွန့်မြူးမောင်က ထပ်တိုးချင်နေသည်။ အချစ်ကို မလှည့်စားပျံနှင့် လှည့်စားပါက ပြုသူသာလျှင် ‘ခိုက်’တတ်သည် ဟူ၍သာ။



www.burmeseclassic.com

www.burmeseclassic.com




# အချစ်မသိအလွမ်းနှင့်ညှို

အသည်းတံခါးကို အတင်းဖွင့်
အက္ခရာရေးထွင်းသွားသည့်
"အချစ်" တဲ့ကွယ်...
အချစ်ပင်ပွားများပြားလာပြီး..
ကွယ်တာမြတ်နိုး
အကြင်နာမိုးနှင့်
သမုဒယမိုးတော
အချစ်ဝိညာဉ်များ
နှလုံးသားမှာ နေရာယူသွား
အသည်းကိုထုဆစ်
ဓာမှည်းတင်ရစ်ပြန်သည်...
ဘာတဲ့ ကြော် "အမုန်း" တဲ့လား..
အား...အမုန်းအဆိပ်
စရိပ်ရိပ်စတက်တော့
အလွမ်းရင့်ကြူး
လွှင့်လွှင့်လူးလူး
ခုမှုမတတ် လွန်ခံစားရ..။
ဤသည်ခစ်သိမ်း အချစ်ကြောင့်လား..။
နှုန်းဆမသိ..လွမ်းရငါ။
ထို့ကြောင့် ရာသီမသိ ဝန်းနှင့်ညှိုသည်..
"အချစ်မသိ အလွမ်းနှင့်ညှို" ဟုသာ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

အလုပ်လုပ်ခြင်းသည် အသက်ရှင်ခြင်း၏ သင်္ကေ[illegible] ဖြစ်သည်။

နွေစိတ်ကို ကုစားရန်နည်းသည် အလုပ်လုပ်ခြင်းမှအ[illegible] အခြားမရှိနိုင်တော့ပြီ။

အချစ်ကို အချစ်နဲ့သာကုစားနိုင်သည်ဟု ဆိုကြသည်။

တစ်ဘဝမှာ တစ်ယောက်တည်းကိုသာ တစ်ချစ်တည်း ချစ်တတ်သည့်နွေ့အတွက် ကွန့်မြူးမောင်နှင့်အတူ အချစ်ပါ[illegible]





သွားပြီး ဖြစ်၏။ ထို့ကြောင့်အချစ်ကို ကုစရာအချစ် မရှိပါ။

အချစ်ကို အစားထိုး ချစ်ခြင်းသည်လည်း မူလလက်ဟောင်း အချစ်စစ်ကို ရမည်မဟုတ်ပါ။ ထို့ကြောင့် ရင်တွင်းအချစ် ဝေဒနာကိုကုစားရန် အလုပ်လုပ်မှ ဖြစ်တော့မည်။

တစ်နွေလုံး အိပ်မောကျနေခဲ့သော ကျောင်းတော်ကြီးသည် ဇွန်လဆန်း နှုတ်ခွန်းဆက်သည့် မိုးပြေးလေးများနှင့်အတူ နိုးထလာလေပြီ။

တူညီဝတ်စုံ အဖြူအစိမ်းလေးများနှင့် 'အနာဂတ်'ပန်းတို့သည် 'ကျောင်း' တည်းဟူသော 'ဥယျာဉ်တော်'ကြီးကို အလှဆာဆင်ရန် ဝင်ရောက်လာကြလေပြီ။

ထိုအနာဂတ် ပန်းတို့၏ ဖူးပွင့်ဝေဆာစေရန်၊ မြူစုပျိုးဆောင်ရမည့် တာဝန်မှာ ဥယျာဉ်မှူးဆရာ့တာဝန်သာ ဖြစ်ချေတော့သည်။

နွေသည် ထိုဥယျာဉ်မှူးထဲတွင် တစ်ယောက်အပါအဝင် ဖြစ်လာချေပြီ။

စက်ဘီးကိုယ်စီဖြင့် တစ်လီ၊ ခြေကျင်ဖြင့်တစ်သွယ်၊ ကျောင်းဝင်းသို့ ရောက်ရှိလာသော အနာဂတ်ပန်းလေးများကို နွေ ငေးကြည့်နေမိသည်။

အောင်သူတို့၏ အပြုံးပန်းဝေဆာမှုက ယခုနှစ်ဦး စာသင်နှစ်ကို အားသစ်လောင်းပေးနေသကဲ့သို့ ကျုံးသူများကသည်း အနိုင်မခံ အရှုံးမပေးစိတ်ဖြင့် ဒုတိယမွှ ကြိုးပမ်းမှုအတွက် နှစ်သစ်သို့ဖွဲ့နှင့်ချီလျက် အသီးသီးဝင်ရောက်လာကြသည်။

နွေကျောင်းသူဘဝသို့ ပြန်လည်ရောက်ရှိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲတစေ ဒရိုင်ဘာပို့ပေးသောကားဖြင့် လသာ(၂)အ. ထ. က သို့ သွားခဲ့ရသည်။ ကားရပ်ရာနေရာမှာ ကားရပ်လျှင်ရပ်ခြင်း နှုတ်ဆက်စရာလူမရှိ၊ ခြောက်သွေ့စွာဖြင့် ကျောင်းဝင်းအတွင်း သို့ ဝင်ရောက်ခဲ့ရသည်များကို သတိရမိလိုက်သည်။

"မေမေ စောစောလာကြိုနော် ဒါမှ ကားနေရာရမှာ ဒယ်ဒီ အပြန်ကြေးအိုးလိုက်တိုက်နော်"

"ဒယ်ဒီ ဖေဖေရုံးဆင်းမှ လာမကြိုနဲ့ ဒရိုင်ဘာနဲ့ပဲလွှတ် လိုက်၊ ပြီးမှ ဒယ်ဒီရုံးကိုလာမယ်"

ရသည်ဖြင့် မှာမဆုံးသည့်သူများအကြား နွေသည် တေမိဖြစ်ခဲ့ရသည်။

ယခုကြည့်စမ်း၊ ဘယ်သူလာပို့သလဲ၊ သူငယ်တန်းတ လေးတွေတောင် ခမောက်ကလေးတွေဆောင်းလျက် မိုးဖွဲဖွဲ ကြားက ကျောင်းတက်နေသည်။

မိဘမေတ္တာကို လိုအပ်သည်ထက် ပို၍နွေလိုချင်ခဲ့မိ သည်။ တမ်းတခဲ့မိသည်။ တကယ်တမ်းတော့ မလိုအပ်ပါ။

ယခုနွေ အထက်တန်းပြအဖြစ် တာဝန်ကျသော အ-ထ-က ကော့စံနိုင်မှ ကျောင်းသူ၊ ကျောင်းသားများကို ကြည့်၍ နွေ၏အားနည်းချက်ကို သုံးသပ်မိသည်။

ရန်ကုန်-မုတ္တမ အဝေးပြေးကားလမ်းမဘေးတွင် သစ် လွင်သေသပ်စွာဖြင့် ကျက်သရေရှိ ရပ်တည်နေသော ကျောင်း ကြီးကို ခေါင်းလောင်းဖြင့် ပုတ်ခတ်လိုက်သည်။

အတတ်ပညာဖြစ်သော ဘာသာရပ် အမျိုးမျိုး၏သင် ကြားပို့ချသံ၊ စာအံသံတို့သည် ကျောင်း၏ဂုဏ်အင်္ဂါရပ်ကို ဖြည့်





စွမ်းပေးချေတော့သည်။

နွေရုံးခန်းများနှင့် ဆရာများ နားနေခန်းရှိရာ ကုံကော် ဆောင်မှ ကိုးတန်းရှိရာစံပယ်ဆောင်ဘက်သို့ ထွက်ခဲ့သည်။

ဉယျာဉ်မှူးဖြစ်သော နွေသည် တွေဝေငေးမောနေရုံ ဖြင့်တော့ ပန်းများ ဖူးပွင့်ဝေဆာမှုကို လျစ်လျူရှုရာ ရပေတော့ မည်။

"သွားတော့မလား ဒေါ်နွေ"

ရန်ကုန်မှ မိမိကဲ့သို့ပင် လာရောက်အမှုထမ်းသူ ဆရာမ ဒေါ်နှင်းဆီက မေးလိုက်သည်။

"ဟုတ်ကဲ့"

"ပန်း ပန်ဦးမလား"

အမည်နှင့်လိုက်စွာ နှင်းဆီပန်းအမြဲတမ်း ပန်ဆင်တတ် သူဒေါ်နှင်းဆီက နွေအား နှင်းဆီတစ်ပွင့်ပေးရင်း မေးသည်။

နွေက ညင်သာစွာ ခေါင်းခါယမ်းလိုက်သည်။

ပန်းပန်တယ်ဆိုတာ ကြည်သာရွှင်ပြနေသူတွေ အတွက် သာကောင်းလိမ့်မည်ထင်ပါသည်။ နွေကတော့ အချစ်မှုဆိုးမပါပဲ အချစ်သေဆုံးနေသူ နွေကတော့ မည်သည့်အခါမှ ပန်းပန်လိမ့် သည်မဟုတ်။

ဒေါ်နှင်းဆီနှင့်အတူ နွေတို့ ကိုးတန်းစာသင်ဆောင်ရှိ ရာစံပယ်ဆောင်ဘက်သို့ လျှောက်ခဲ့လေသည်။

"ဒေါ်နွေ၊ ဘာ ဘာသာရပ် သင်ရမလဲ"

"ရူပဗေဒ"

"မေဂျာလား"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ မေဂျာက ဓလေ့တူပေဒ၊ ဒါပေမယ့် အဲဒီဘာသာကလက်ရှိ သင်ကြားနေသူရှိပြီးသားဆိုတော့ လိုအပ်တဲ့ ဘာသာတိုပဲ တာဝန်ယူလိုက်ရတယ်"

"နှင်းဆီလည်းဒီလိုပဲ၊ မေဂျာက သမိုင်းလေ၊ ဒါပေမယ့် မြန်မာစာလိုတယ်ဆိုလို့ မြန်မာစာပဲ သင်ရတော့မယ်"

"မိုင်နာ ဘာသာလား"

"မဟုတ်ဘူး"

"ဒါဆိုရင် သင်နိုင်ပါ့မလား၊ မြန်မာစာက ခက်တယ်နော်"

နွေက စာစီစာကုံးကိုဖြောင့်အောင်တောင် မရေးနိုင်သူဖြစ်သဖြင့် ကိုယ်ချင်းစာစွာမေးလိုက်မိသည်။ ထိုအခါ ဒေါ်နှင်းဆီက ရယ်မောလျက်. .

"ကိစ္စမရှိပါဘူး၊ နှင်းဆီက ဝါသနာပါလို့ ဆယ်တန်းကို ဆိုင်းရင့်နဲ့အောင်ခဲ့ပေမယ့် ဝိဇ္ဇာတွဲကို ပြောင်းယူခဲ့တယ်လေ အခုတော့ အတော်ပဲ၊ ပိုလေ့လာဖြစ်တာပေါ့"

ကျရာဘာသာရပ်ကို မညည်းမညူ တာဝန်ယူကြသည်။ နွေကိုယ်တိုင် ဆရာဘဝကိုရောက်လာတော့မှ နွေတို့ဆရာပြောဖူးသောစကားကို သတိရလိုက်မိသည်။

"လီနင်တောင် ပြောဖူးသေးတယ်လေ၊ ဆရာဆိုတာ ဦးသုပ်ကိုချွတ်၊ ဦးခေါင်းကိုညွှတ်ကာ အလေးပြုထိုက်သောလူမျိုးကို ခေါ်တယ်လို့"

နွေကိုယ်တိုင် ညစဉ်အိပ်ချိန်ကိုလျှော့ကာ သင်ကြားမည့်သင်ခန်းစာတို့ကို ကျွမ်းကျွမ်းကျင်ကျင်ရှိစေရန် လေ့လာခဲ့



သည်။ ဆရာမများ၏ နာသုံးနာကို သဘောပေါက်မိသည်။

စက်ဘီးရပ်နားရာ နေရာကိုကျော်ဖြတ်ပြီး ကော်ရစ်တာနားတွင် စားပွဲကုလားထိုင်ထုတ်ကာ ကိုးတန်းဆရာ ဆရာမများနားနေရာ၌ နွေတို့ ထိုင်မိကြသည်။

"ဒေါ်နှင်းဆီတို့ ငှားနေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် အဆောင်သဘော အခန်းဖွဲ့ပေးထားတယ်လေ၊ ကျဉ်းတာကလွဲရင် ကိုယ့်အခန်းနဲ့ကိုယ်ဆိုတော့ လွတ်လပ်တယ်"

နွေက ကြီးတော်အိမ်ရှိနေသဖြင့် နေထိုင်ရေးနှင့် စားသောက်ရေး အခက်အခဲမကြုံရ။

"နွေတို့ကျောင်းကပဲ ဆရာမသုံးယောက် ရှိတယ်နော်"

"ဟုတ်တယ်၊ အခြားစာရေးမလေးတွေလဲ ရှိသေးတယ်"

"လိုအပ်တာရှိရင် နွေ့ကိုပြောပါ"

"မိဘအိမ်၊ ကိုယ့်အိမ်ကိုယ့်ယာထက်တော့ ဘယ်မှာမှ အဆင်မပြေနိုင်ပါဘူး၊ ဒါပေမယ့် ရပ်ဝေးကလူလွတ်သမားတွေအတွက် ကွာတာတွေဟာ အမြို့မြို့အနယ်နယ်မှာရှိရင် သိပ်ကောင်းမှာပဲ၊ အနယ်နယ်အရပ်ရပ်က ဆရာ/ဆရာမတွေ ဝန်ထမ်းတွေဟာ ကိုယ့်ဇာတိမြေကိုပဲ ပြန်ပြန်ပြေးကြတာထင်တယ်"

"ဒေါ်နှင်းဆီက ပြန်ပြေးချင်ပြီလား"

"အချိန်တန်ရင်တော့ အိမ်ပြန်ရမှာပေါ့၊ သူများရပ်ရွာမှာ ဘယ်လောက်ကောင်းကောင်း မိဘအရိပ်ထက် အေးမြတဲ့ အရိပ်မရှိနိုင်ဘူး ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နွေ့ရင်ထဲ စူးနင့်နာကျင်သွားသည်။ မိစုံဖစုံရှိသူများ၏ စကားမျိုး နွေပြောချင်ပါသည်။ သို့သော်. . နွေမှာ ပြောစရာမရှိပါ။

နွေ၏အလယ် မွန်းတည့်နေရောင်ခြည်အောက်က ပတ်ကြားအက်နေသော နွေ၏ ကန္တာရနှလုံးသားသည် စစ်စစ် မြည်နာကျင်နေကြပြီ။

ဒေါ်နှင်းဆီက စကားစဖြတ်ပြီး သူသင်ကြားရမည့် မြန်မာစာအတွက် ပြဋ္ဌာန်းစာအုပ်များကို လေ့လာဖတ်ရှုနေသောအခါ နွေလည်း ဝန်းကျင်သို့ မျက်စိဝေ့ဝဲကြည့်နေမိသည်။

နာကျင်နေသော နှလုံးသားကို အလွမ်းဆင့်စေအောင် ဝန်းကျင်တစ်ခုလုံး လှပနေသည်။ ရထားလမ်းနှင့် ကောထင်းရှူး မှုန်ပြပြ၊ ကုက္ကိုလှည်းလမ်းနှင့် လယ်ကွင်းပြင် ရေဖွေးဖွေးတ တစ်မျှော်တစ်ခေါ်။ ကျောင်းရှေ့ သရက်ပင်အို ပင်ပျိုနှင့်အုန်း ပင်တို့က လက်ညှိုးထိုးကာ ကျီစယ်နေလေရော့လား။

မျက်ရည်မကျစေရန် မာန်တင်းလိုက်သည်။ နွေ တအားလွမ်းနေပါသည်။

ကွန့်မြူးမောင်သည် နွေအား သူ့နှလုံးသား၌ အမုန်း ကမ္ဗည်းထွင်းရစ်လေပြီ။ အမုန်းကိုကြေညာပြီးသူ့ထံမှ အချစ်တို့ မျှော်လင့်ခြင်းလောက် ရူးသွပ်မိုက်မဲသူ ကမ္ဘာမှာမရှိနိုင်ပြီ။

သို့သော် နွေ မျှော်လင့်ပါသည်။

ကွန့်မြူးမောင်တစ်ယောက် မျက်စိလည်လမ်းမှားကာ နွေ့ထံသို့ ရောက်လာပါလျှင် လောကကြီး၌နွေ နေထိုင်ရကျိုး နပ်မည်ထင်ပါသည်။





"ဒေါ်နွေ အတန်းဝင်စရာမရှိဘူးလား"

"ဟင် အချိန်ပြောင်းသွားပြီလား"

"ပြောင်းသွားပြီ၊ အတွေးအိမ်ထဲ နစ်မျောသွားတာနဲ့ မကြားလိုက်ဘူး ထင်တယ်"

နွေရှက်ပြုံးနှင့် ဝန်ခံလိုက်ရင်း ရှက်ရမ်းရမ်းကာ. . .

"ဒေါ်နှင်းဆီကလည်း မြန်မာစာဆရာမ မပြောရဘူး၊ ပြောတတ်လိုက်တာ၊ နွေလည်း ဝင်ရမယ်"

"လာ. . လာ အတန်းရှေ့သွားရပ်နေမှ၊ ဒါမှ အားနာပါးနာနဲ့ ထွက်လာရမှာ"

နွေကပြုံးလိုက်မိသည်။

"ဟော့ တို့ဆရာလောကမှာ ခိုးစရာဆိုလို့ အချိန်ပဲရှိတယ် ဟော့ ခိုးသာခိုး၊ သူ့အချိန်ကိုယ်ခိုး ကိုယ့်အချိန်သူခိုးပဲ ဘာဖြစ်သလဲ"

တစ်ကျောင်းလုံးတွင်မှ အက်စ်အေတီပိုင်း၌ ရှားရှားပါးပါးရှိသူ အင်္ဂလိပ်စာပြ ယောကျ်ားသားဆရာက အာဝဇ္ဇန်းရွှင်စွာ ပြောလိုက်သဖြင့် နွေတို့ပြုံးကာ သက်ဆိုင်ရာ အခန်းအသီးသီးသို့ ဦးတည်လိုက်သည်။

တာဝန်ချိန်အတွင်း၌ နစ်မျောခြင်းသည် အလွမ်းကို ခေတ္တမေ့ထားနိုင်လိမ့်မည်ဟု နွေယုံကြည်ပါသည်။ သို့သော်. .

အချစ်ဟူသည် မေ့ပစ်၍ရသောအရာမှ မဟုတ်ပေသဲ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

ကွန့်မြူးမောင် ခလုတ်တိုက်မိသည်။

'နွေ' ဘာများဖြစ်နေသလဲ။ သူ့ကို တမ်းတမ်းတတ လွမ်းနေပြီလား။ အန္တရာယ်တစ်ခု ရင်ဆိုင်နေရပြီလား။ အဘွားနှင့် အမေ ရင်ခွင်၌ ကြီးပြင်းလာသူ ကွန့်မြူးမောင်သည် ဂမ္ဘီရဆန်ဆန် အတွေးမျိုးတွေးနေမိသည်။

အစွဲအလမ်းအကြီးဆုံး အချစ်ဆုံးသူများ၏ စိတ်စွဲလမ်းမှုသည် တစ်ဖက်သူအပေါ် ထိခိုက်စေတတ်သည်။ ညကလည်း





နွေကို အိပ်မက်မက်သည်။

ဗိုလ်အောင်ကျော်လမ်းတွင် ခြေကျင်းလိမ်မှု အလုပ်ရှုပ်နေသောသူသည် ဘာမဟုတ်သော သစ်မြစ်စွန်းကလေးနှင့် ခလုတ်တိုက်မိသည်။ ခြေမစွန်း၌ သွေးစို့သွားသည်။

"ဟယ်. . . မြူး"

မျက်နှာချင်းဆိုင် ပက်ပင်းကြီးတိုးတော့ ကွန့်မြူးမောင် မရှောင်သာတော့။

နွေနှင့် ပတ်သက်သူမှန်သမျှ ရှောင်ရှားခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ရှက်ပုန်းသီးလိုဖြစ်နေသော နှလုံးကားအက်ကွဲမခံလို၍ ဖြစ်သည်။

ယခုတော့ နွေနှင့် ပတ်သက်သူမှ အရင်းအချာဖြစ်သော နွေ့ဆီပို့ပေးခဲ့သော 'မမသူ' ဖြစ်နေခြင်းကြောင့်ပင်။

"မမသူ. . ."

"အိမ်ကိုလည်း ပေါ်မလာ၊ ဖုန်းဆက်တော့လည်း နင့်အသံမှန်း သိရက်နဲ့ မရှိဘူးလို့ ပြောင်ညာလိုညာနဲ့၊ နင်ဘယ်လိုဖြစ်နေသလဲ မြူး"

"ကျွန်တော် ကိစ္စရှိသေးတယ် မမသူ"

ဇွတ်ပစ် ငြင်းဆန်ရန် ကြိုးစားလိုက်သည်။ သို့သော် မမြတ်သူက သူ့လက်ကို မလွှတ်။ အတင်းပင် ဆုပ်ကိုင်ထားသည်။

"နင်နော်. . ငါ ကလေးအငယ်နဲ့မို့ အိမ်လာတိုင်းလည်း သော့နဲ့ပဲ ကြုံနေလို့ လှည့်ပြန်ရတဲ့အခေါက်ပေါင်း မနည်းတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲ"

မေမြတ်သူက ရှူးရှူးရှားရှားဖြစ်ကာ . .

"ဘာ . . ဘာကိစ္စ ရှိလို့လဲ ဟုတ်လား"

"ဟုတ်တယ် မမသူလုပ်ပုံက မဟုတ်သေးပါဘူး၊ အေး အေးဆေးဆေးပြောလည်း ရပါတယ်၊ ပတ်ဝန်းကျင်က တစ်မျိုး ထင်ကုန်ဦးမယ်"

"သြော် . . ဒါတော့ နင် ရှက်တတ်သလား၊ ဒါဖြင့်လာခဲ့ တစ်နေရာရာ သွားစကားပြောမယ်"

နီးစပ်ရာ လက်ဖက်ရည်ဆိုင်သို့ ဆွဲခေါ်သွားသည်။

"ဒုက္ခပါပဲ၊ ကြွေးရှင်ကြနေတာပဲ၊ ထွက်မပြေးပါဘူးဗျာ"

နာကျင်ခြင်းကို ရယ်မောခြင်းဖြင့် ဖြေဖျောက်ရန် သူ ကြိုးစားသည်။

ရွက်ပုန်းသီးဝေဒနာ နိုးထလာလေပြီ။

"နင် နွေ့ကို ဒုက္ခပေးသွားတယ်"

"ဒီအကြောင်း ပြောဆိုရင်တော့ ကျွန်တော့်ကို ခွင့်ပြုရင် ကောင်းမယ်"

"နေဦး၊ အဲဒီအကြောင်းက အဓိကပဲ"

စိတ်ရှိလက်ရှိ ဟုန်းအော်ပစ်လိုက်ချင်သည်။

"မပြောပါနဲ့ဗျာ၊ မပြောနဲ့၊ ကျွန်တော့်ဘဝမှ နွေမရှိဘူး မရှိဘူး"

ဟူ၍။ သို့သော် ဤမျှအထိ သူစိတ်လွတ်မထွက်သေး။

"နင် ဦးလေးကိုကူတာ ကောင်းသားနဲ့ ဘာစိတ်ကူး ပေါက်ပြီး နိုင်ငံခြားသွားဖို့ လုပ်နေတာလဲ"





"လေ့လာရေးပေါ့ မမသူရာ"

စကားလမ်းကြောင်း လွဲသွားခြင်းက သူ့ကို အသက်ရှူ ပေါက်ဖွင့်ပေးလိုက်သကဲ့သို့ရှိသည်။

"မမသူ အငယ်ကောင်လေးက လက်လွတ်ရပြီလား"

"ရပြီလေ၊ အဘိုးအဘွားထိန်းပေါ့"

"အစ်ကိုကော ဘယ်တော့လောက် ပြန်လာမလဲ"

"အမယ် . . သွားတာဖြင့် မကြာသေးဘူး၊ နင် စကား လမ်းကြောင်း လိုက်လွှဲမနေနဲ့၊ နွေဟာ တော်တော်သနားစရာ ကောင်းတဲ့ မိန်းကလေး"

ကွန့်မြူးမောင် ပခုံးကိုတွန့်ကာ ခြောက်ကပ်စွာ ရယ်မောလိုက်သည်။

"အဟင်း . . ဟင်း၊ ခြေနှစ်ဖက်စီရဲ့ အင်္ဂါစုံနေတဲ့ လူ တစ်ယောက်ဟာ သနားစရာ ကောင်းသလား"

"ဒါပေမယ့် မေတ္တာရေးမှာ ကံခေလွန်းတယ်၊ တမင်တ ကာကို အကွက်ကျကျ ဖန်တီးယူတဲ့ မနုဿမှဆိုးလက်မှာ သက် ဆင်းရတာလောက် သနားစရာကောင်းတဲ့ မိန်းကလေး ရှိသေး သလား"

ကွန့်မြူးမောင် ဆက်လက်ဟန်ဆောင်ခြင်းကို မထိန်း သိမ်းနိုင်။

"တော်ပါတော့ မမသူရယ်၊ မြူးတောင်းပန်ပါတယ်"

မျက်နှာနီရဲရဲဖြင့် တောင်းပန်လာသော ကွန့်မြူးမောင် ကို မမမြတ်သူက ကရုဏာသက်စွာ ကြည့်လိုက်ပြီး . .

"နင်လည်း ခံစားနေရတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဝန်ခံပါတယ်၊ အချစ်မီးဟာ ရှိသူကိုပါ ပြန်လောင်တတ်မှန်း မြူးမသိလို့ ကစားခဲ့မိပါတယ်"

"အချစ်ဆိုတာ ကစားစရာမှမဟုတ်ဘဲကွယ်"

ကွန့်မြူးမောင် ထပ်မံပြောနိုင်သော အင်အားမရှိသဖြင့် လက်ဖက်ရည်ကိုသာ ငုံ့သောက်လိုက်သည်။ လျှာပေါ်တွင် မည်သည့် အရသာဖြင့် ဖြတ်ကျော်သွားသည်ကိုပင် မသိလိုက်။

"နွေအခု အက်စ်အေတီ ဝင်လုပ်နေတယ်"

"ဩော်"

"နွေ့ တစ်သက် အလုပ်မလုပ်ဘူး၊ ဒယ်ဒီပိုက်ဆံတွေပဲ ဒိုင်ခံသုံးနေမယ်"

ဆိုသော နွေတစ်ယောက် ခံယူချက်တွေ ပြောင်းသွားပြီပဲ။ မိမိကကော ဘာထူးပါအံ့နည်း။ နိုင်ငံခြားမှာ ဘယ်တော့မှ အလုပ်သွားမလုပ်ဘူး။ ကိုယ့်နိုင်ငံမှာ လုပ်စရာတွေ တစ်ပုံကြီးပဲ။ ကိုယ့်မြေပေါ်မှာ ကိုယ်ရှာပြီး ကြီးပွားချမ်းသာနေတဲ့ သူတွေ တစ်ပုံကြီးပဲဟု ခံယူခဲ့သည်။ ယခုတော့ တစ်မြေစီခြားလျှင် အလွမ်းဝေဒနာများ ပျောက်ကွယ်သွားလေမလားဟု တွေးကာ နိုင်ငံခြားသွားဖို့ ကြိုးစားနေလေပြီ။ အချစ်သည် လူ့ဘဝကို ခြယ်လှယ်စိုးမိုးနိုင်စွမ်း ရှိလေသည်။

"မြူး. . . ငါပြောတာ ကြားရဲ့လား"

"ဗျာ. . ဘာပြောလိုက်သလဲ"

"နွေ ကျိုက်ထိုမှာ ဆရာမလုပ်နေတယ်"

"ဟုတ်လား. . ကောင်းတာပေါ့၊ သူကြီးတော်တွေရှိတာပဲ၊ အခြားနေရာမှာသာဆိုရင် သူ ဒုက္ခရောက်နေဦးမယ်"





"ဒီလိုဆိုတော့လည်း 'သံယောဇဉ်'စကားတွေ ဆိုနိုင်သေးသားပဲ"

"မမသူရာ ပြီးခဲ့ပြီးကြပြီပဲ မြူးသွားမယ်၊ ချိန်းထားတာတွေရှိနေလို့"

"အေးလေ. . ငါတစ်ခုပဲမှာချင်တယ်"

ကွန့်မြူးမောင် ဂရုတစိုက်နားထောင်လိုက်သည်။

"အိမ်ထောင်တစ်ခုကို အရွယ်လည်းရောက် အလုပ်အကိုင်လည်းရှိပြီး တစ်ဦးအပေါ်တစ်ဦးလည်း ချစ်ကြတယ်ဆိုရင် ကျန်တဲ့ပြဿနာတွေကို မေ့ထားပြီး တည်ဆောက်လို့ရပါတယ်၊ ခိုင်မြဲနိုင်လိမ့်မယ်လို့လည်း ငါယုံကြည်တယ်"

"မြူးလည်း ခံယူချင်ပါတယ်"

ကွန့်မြူးမောင်သည် လက်ဖက်ရည်ဖိုး ရှင်းပြီး ထလိုက်သည်။ မမမြတ်သူကပါ လိုက်လာပြီး . .

"ခံယူချင်ပါတယ်မဟုတ်ဘူး၊ ခံယူနိုင်အောင် ကြိုးစား ခပ်ပေါက်ပေါက်အတွေး လျှောက်ဝင်မနေနဲ့"

ကွန့်မြူးမောင် မေမြတ်သူကို ကားရှိရာသို့ လိုက်ပို့ပေးသည်။ စကားတော့ တစ်ခွန်းမှ ထပ်မပြောမိတော့။

"အေးလေ. . နင်ကြိုးစားပြီး မေ့ကြည့်ပေါ့၊ အချိန်က စကားပြောလာလိမ့်မယ် အချစ်ဆိုတဲ့ အတိုင်းအတာကို ခံစားမှုနဲ့ပဲ တိုင်းတာလို့ရတယ်၊ နင်ဟာ ငါ့မောင်ဖြစ်သလို နွေဟာလည်း ငါနဲ့ညီအစ်မလို့နေတဲ့ အချစ်ဆုံး သူငယ်ချင်း ဒါကြောင့် မြေပြေလည်လည် သိပ်ဖြစ်စေချင်တယ်"

မေမြတ်သူ ကားနားရောက်လာလေပြီ။ ဓရိုင်ဘာဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးသော ကားပေါ်သို့ မတက်နိုင်သေးပဲ. . .

“မြူး. .”

“ပြောပါ”

“ငါ ဝါကျွတ်ရင် ကျိုက်ထီးရိုးတက်ရင်းနဲ့ နွေ့ဆီ သွားဦးမယ်၊ နင်ဘာမှာဦးမလဲ”

“မလိုအပ်တော့ပါဘူး၊ စကားကုန် ပြောခဲ့ပြီးပြီပဲ”

“မြူးသွားမယ်”

မေမြတ်သူထံမှစကားများ ထပ်မံမထွက်လာမီ သူကျောခိုင်းလိုက်သည်။ သုတ်ခြေတင်ကာ လာခဲ့သည်။

သို့သော် မေမြတ်သူစကားများက သူ့နောက်ပါးသို့ လိုက်ပါလာသည်။

ဦးသီဟသမီးကို သူမုန်းသည်။ သို့သော် ဦးသီဟသမီးနှင့်နွေ့သည် တစ်ယောက်တည်းဖြစ်နေသည်။ အဲ့ဒါက အခက်ခဲဆုံးပင်ဖြစ်သည်။

ထိုနေ့ လုပ်စရာကိစ္စများကို ဘေးဖယ်ထားကာ အိမ်သို့ တန်းပြန်လာခဲ့သည်။

အချစ်နှင့်အမုန်း ဒွန်တွဲဖြစ်ပေါ်နေခြင်းသည် စိတ်ကို ဤမျှ ဒုက္ခပေးလိမ့်မည်ဟု သူ တစ်ခါမှ မတွေးခဲ့မိပါချေ။

ယခုတော့ သူ့နှလုံးသားများ နင့်နင့်စူးစူး အလွမ်းဆူးများနှင့်ပါလား။





## အခန်း (၃)

ပျော်ရွှင်မှုဆိတ်သုဉ်းနေသော နွေ့အတွက် အရာရာ[illegible]သည် ငြီးငွေ့ဖွယ်အတိ ဖြစ်နေသည်။

မိုးများသောဒေသဖြစ်၍ မိုးရွာခြင်းသည်ပင်လျှင် နွေ့[illegible]အား အလွမ်းကူညီအားဖြည့်ပေးနေသည်ဟု တွေးမိသည်။ ထို့[illegible]ကြောင့် မိုးမင်း ဩချ အရှုံးပေးရအောင် နွေငိုမိသည်။

မောဟိုက်သောအခါ တိတ်လိုက်သည်။ စဉ်းစားကြည့်[illegible]တော့လည်း နွေသည် အမိပွါယ်မရှိလှသား ဖြစ်နေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နွေငိုနေသည်ကို ကွန့်မြူးမောင် အသနားပိုကာ ရောက်လာမည်လား။ သူ သနားအောင် ငိုနေခြင်းမဟုတ်။

နွေနှလုံးသားထဲက နင့်နင့်သီးသီးကို တမ်းတမိ၍ ငိုခြင်းဖြစ်သည်။

"ညီမလေး. . ဘာတွေများ အခက်အခဲရှိနေသလဲ ကျောင်းမှာ အဆင်မပြေဘူးလား"

မမကြီးတို့ တွေ့မြင်သွားသောအခါ နွေ့အား မေးလေသည်။

နွေကလည်း မျက်ရည်များကို သုတ်ပစ်ပြီး မငိုပါဘူးဟု ညာလိုက်ချင်သည်။ သို့သော် မို့အစ်နေသော မျက်ခွံနှင့် နီနေသော မျက်လုံးအိမ်တို့က ဖော်ကောင်လုပ်နေမည်။

"အဆင်ပြေပါတယ်"

"ဒါဖြင့် ဘာလို့ငိုနေတာလဲ၊ မြူးကို သတိရလို့လား"

'မြူး'. . ဤအမည်လေး ကြားရရုံဖြင့် နှလုံးသား၌ နာကျင်ကာ ဘယ်နေရာမှာ ကိန်းဝပ်နေမှန်းမသိသော မျက်ရည်အိတ်တို့ ပေါက်ထွက်လာသည်။

တစ်မျိုးလုံးလည်း သိနေပြီပဲ။ ကွန့်မြူးမောင်သည် မိမိအား ထားသွားရက်သည်။ သူနေရာက စဉ်းစားကြည့်ပြန်တော့လည်း နွေ လုံးဝ အပြစ်မမြင်ရက်ပါ။

နာကြည်းချက်တို့သည် လူ့ဘဝကို စိုးမိုးနိုင်သော အကြောင်းများအနက် တစ်ချက်အပါအဝင်ဖြစ်သည်။

မမကြီး၏ ပခုံးစွန်းထက် ခေါင်းမှေးတင်ကာ ငိုကြွေးလိုက်သည်။





"တိတ်ပါညီမရယ်၊ မိန်းမသား သိက္ခာကျပါတယ်၊ ချင်းခိမ်းနဲ့ မိသလင်ပေါ့၊ သူကြင်မှ ကိုယ်ခင်မယ်" အဖိုးကြီးတို့၏ ဓာနတရားဖြင့် မမကြီးက ဖျောင်းဖျသည်။

"နွေနားလည်ပါတယ် မမကြီး၊ ဒါကြောင့်လေ နွေ သူ့တွယ်ရာမှာပဲ ငိုတယ်၊ သူ့ကိုတွေ့ဆုံဖို့ နည်းလမ်းတွေ အများကြီးရှိပေမယ့်၊ နွေတွေ့ဆုံဖို့ မကြိုးစားဘူး၊ သူနဲ့တွေ့တုန်းကလည်း မငိုမိအောင် ထိန်းထားခဲ့ဖူးတယ်၊ အရမ်းကို ခံစားရတာပဲ မမကြီးရယ်"

အတိတ်ကို မြင်ယောင်မိပြီး နင့်နင့်သီးသီး ခံစားလိုက်ရသည်။ သို့သော် နှလုံးသားမျက်ရည်တို့ကို မိန်းမသားမာနဖြင့် မတားစီးနိုင်ကြောင်းကို သိလိုက်ရသည်။

"အချစ်မှာ မာနမရှိဘူးထင်တယ် မမကြီး"

"သေတော့ မိနွေရယ်"

မမကြီးက သူနဖူး သူရိုက်ကာ ပြောလိုက်သည်။ နွေကိုလည်း ကရုဏာဒေါသောနှင့်ကြည့်ရင်း. .

"အရင်တုန်းက စိတ်တွေရဲ့ တစ်စိတ်တစ်ဒေသလေးကိုပဲ ပြန်မွေးစမ်းပါဦးနွေရယ်"

"တစ်စိတ်တစ်ဒေသမဟုတ်ပါဘူး မမကြီးရယ်၊ နွေ့ ပင်ကို အသိတရားတွေကိုတော့ ထိန်းချုပ်နိုင်ပါတယ်၊ နွေ သူ့ဆန္ဒတွေအားလုံးကို အသည်းကွဲခံပြီး ဆန့်ကျင်ခဲ့တာပဲ"

ကွန့်မြူးမောင်ဆန္ဒအရ အတူနေလိုက်လျှင်လည်း ရနိုင်ပါသည်။ သို့သော် ဤမျှအထိ နွေမမိုက်ဘဲ ဦးနှောက်ရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အလကား၊ ဒီကောင်ဟာ အချောင်သမား မိန်းမ တစ်ယောက်ကို အတည်တကျ ယူချင်ပုံ မရဘူး၊ အချောင်ရမလား လို့ ချဉ်းကပ်တာပဲဖြစ်ရမယ်"

နန္ဒသည် မမကြီးကို ဒေါသထွက်သွားသည်။ ကွန်မြူး မောင်ဘက်က နာသွားသည်။

"မြူး အဲ့ဒီလို လူစားမျိုးမဟုတ်ဘူး"

"ကြည့်စမ်း သူ့ကို မနာကြည်းနိုင်သေးပါလား"

"သူ့မှာမှ အပြစ်မရှိဘဲ"

"ဩော် . . ချစ်တမ်းကစားသွားသူမှာ အပြစ်မရှိပါဘူး လား"

"မရှိပါဘူး၊ သူ့ညွှတ်ကွင်းမှာ သက်ဆင်းမိတဲ့ နန္ဒမှာ အပြစ်ရှိပါတယ်"

"မိနန္ဒရယ်၊ ညည်းကို ငါတော့ ဘာမှမပြောတော့ဘူး"

မမကြီး နန္ဒကို လက်လျှော့သွားသည်။ နန္ဒ မချိပြုံးပြုံး လိုက်သည်။ ပြီးမှ ခပ်တိုးတိုးလေး ပြောလိုက်သည်။

"နန္ဒလည်းဘာမှ မပြောတော့ပါဘူး၊ နန္ဒ့နှလုံးသားမှာ မြူး ထာဝရရှိနေတယ်၊ နန္ဒကို သူဘယ်လောက်မုန်းမုန်း၊ နန္ဒကတော့ ချစ်နေမယ် လွမ်းနေမယ်၊ ဒါပါပဲ မမကြီး၊ မေတ္တာဆိုတာ အပြန်အလှန် သက်ရောက်မှု ရှိတာပဲလေ"

"ကဲ ကျောင်းသွားရဦးမယ် မဟုတ်လား၊ ပြင်တော့လေ"

နန္ဒခေါင်းညိတ်ပြီး ထိုင်ရာမှ လေးတွဲ့စွာ ထလိုက်သည်။ စာသင်ခန်းမဝင်ခင်အထိတော့ နန္ဒ့အာရုံ၌ 'မြူး'သည် နိုး လိုက်ပါလာနေဦးမည်။





စာသင်ခန်းသို့ ဝင်လိုက်သည်နှင့် ဆရာပိုးသည် နန္ဒ့အလွမ်းတို့ကို မောင်းနှင်ပစ်လိုက်လေသည်။

ဒါကြောင့်လည်း နန္ဒထင်ပါသည် အလုပ်လုပ်ခြင်းသာ အသက်ရှင်ခြင်း၏ သင်္ကေတဟူ၍ပင်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

ကွန့်မြူးမောင်ရင်တွင်း၌ ဟာရီကိန်းမုန်တိုင်း ဆင်နေလေပြီ။ ဘုရားကြီးကို လွန်မြောက်လာသည်နှင့် ရင်မှာ နွေးနွေးနှင့်အတိတ်လွင်ပြင်သို့ ပြန်လည်ရောက်ရှိလာသည်။

အချစ်ကိုလန့်ကြောက်၍ ဝရမ်းပြေးလုပ်သွားသော နွေ့နောက်ကို သူလိုက်ခဲ့ဖူးသည်။ 'နွေ'ဟူသော တစ်ချိန်က 'မမ' သည် သူ့အား ဤမျှအထိ စိုးမိုးသွားလိမ့်မည်ဟု မထင်ခဲ့ပါ။

ယခုတော့ အတိတ်ခြေရာတို့ကို ပြန်လည်ကောက်ရန် သူကျိုက်ထိုသို့ တစ်ခေါက်ပြန်လာသည် ချစ်ပန္နက်စိုက်ထူခဲ့ရာ ဘီးလင်းမြေသို့လည်း သွားလိုက်ဦးမည်။





နိုင်ငံကူးလက်မှတ်လည်း ရနေပြီ။ လေယာဉ်လက်မှတ်ဆောင့်ရင်း နွေ့အား အလွမ်းပြေကြည့်ရန် လာခဲ့သည်။

'လက်ပြ' ရွာနားရောက်တော့ ဆိုင်ကယ်ကို ခဏရပ်လိုက်သည်။ ဦးကောက်ခြံ၌ နှင်းဆီပန်းများ လာရောက်မှာယူပြီး နွေ့ထံ သူသွားပေးခဲ့သည်ကို သတိရမိသည်။

အပြစ်အနာအဆာ ကင်းကင်းနှင့် ရှင်းသန့်တဲ့ နှလုံးသားပိုင်ရှင်နွေကိုမှ သေရာပါ အမာရွတ် ပေးလိုက်မိသည်။ နွေ ညည်သို့ရှိချေမည်နည်း။

'လက်ပြ'လွန်မြောက်ပြီး အေးရိပ်ငြိမ်မြို့သစ်တွင်း ဝင်လာသည်နှင့် ရင်မှာ ထူးထူးကဲကဲ ခံစားလိုက်ရသည်။

အဖြူအစိမ်းများနှင့် ကျောင်းသား ကျောင်းသူတို့ကို မြင်နေရသောအခါ နွေ့ကိုလည်း ဆရာမဝတ်စုံနှင့် ပုံဖော်ကြည့်သည်။

ခေတ်မိန်းမပျိုဖြစ်သည့် နွေသည် အလှအပတို့ကို နှစ်သက်စွာ သုံးစွဲတန်ဆာဆင်တတ်သည်။

ယခုတော့ ဆရာမပီပီ ဝတ်စားဆင်ယင်မှုမှ ရှိပါလေစ။

အ. ထ. က တော့စံနိုင်ကျောင်းကို တွေ့လိုက်သည်။

နွေ ဤကျောင်းမှာလား။

ရထားလမ်းနားအရောက်တွင် စက်ဘီးကားကြီးများနှင့် ရှုပ်ထွေးနေသဖြင့် ဆိုင်ကယ်ကို ခေတ္တရပ်လိုက်သည်။ ထိုစဉ် ဆရာမ ငါးဦးသည် မျက်နှာချင်းဆိုင်မှ လျှောက်လာသည်။

"မမ"

"မ. ."



www.burmeseclassic.com

www.burmeseclassic.com



"နွေ"

ရင်တွင်း ပွဲတင်ထပ်သွားသော အသံများနှင့် နွေ့ကို တမေ့တမော ကြည့်မိသည်။ ဟဲလ်မင့်ဆောင်းထားသော သူ့ကို နွေဂရုထားမိဟန် မတူသော်လည်း ဆိုင်ကယ်ဖြစ်၍ ဂရုထား ကြည့်မိသည်။ သို့သော် ဆရာမကန္တာရွေ့ဖြင့် တစ်ချက်ငဲ့ကြည့်ရုံမျှ အပ ဆက်လျှောက်သွားသည်။ ကျက်သရေရှိစွာ လှပထင့်တယ် နေသည်။

"ကလင်. . . ကလင်. . ကလင်. . ကလင်. ."

စက်ဘီးဘဲလ်သံများက ညံစီစွာ ထွက်ပေါ်လာမှ နွေ့ ဆက်ရမည့်ခရီးကို သတိရမိသည်။

ရထားလမ်းကို ကျော်ဖြတ်ပြီး လမ်းဘေး၌ ထိုးဆိုက် လိုက်သည်။ ပြီးမှ နွေတို့တစ်သိုက်သွားရာသို့ လှည့်ကြည်လိုက် သည်။

ရထားလမ်းနှင့်ကပ်လျက်တွင် ရှိနေသော ကော့စံနိုင် ကျောင်းထဲသို့ ဝင်သွားသည်။

ပကတိတည်ငြိမ်နေသော နွေ့မျက်နှာသည် တွေ့စက ကဲ့သို့ ကျောက်ဆစ်ရုပ်ဆန်နေသည်။ သို့သော် မာန်မာန ခက် ထန်ခြင်းတော့ လုံးဝမရှိတော့ချေ။ ထင်၍လားမသိ မျက်နှာ လေးနွမ်းလျနေသည်။

"ကလင်. . ကလင်. . ကလင်. ."

စက်ဘီးစီးကျောင်းသားတို့က မလိုအပ်ဘဲ ဘဲလ်သံပေး သည်။ သူတို့ဆရာမများအား ငမ်းကြောထူနေမိသည်ကို မကျေ မချမ်း။ သတိပေးခြင်းလားဟု တွေးတောမိကာ ပြုံးလိုက်သည်။





ခွဲခွာပြီးနောက် နွေနှင့်ပတ်သက်ပြီး ပထမဦးဆုံးအကြိမ် ပြုံးမိခြင်းဖြစ်သည်။ နွေ့ကို ဤကဲ့သို့မြင်ရသော်လည်း စိတ်ချမ်း သာသည်။

နွေသည် သူ့နှလုံးသား ကြေးမုံရိပ်ဖြစ်မှန်း မသိဖြစ်လာ လေပြီ။ နွေစိတ်ချမ်းသာမည်ဆိုပါက သူပျော်ရွှင်မိမည်မှာ အမှန် ဝင်ဖြစ်သည်။

နွေ့ကို ယခုလိုမြင်တွေ့ရသော်လည်း၊ နေမကောင်းဖြစ် သည်ဟု ကြားရခြင်းထက် စိတ်ချမ်းသာသည်။ အလှကြီး လှခဲ့ သောနွေသည် ဆရာမဖြစ်သောအခါ၌ ကန္တာရွေ့ရသော ဝတ်စား ဆင်ယင်သည်။

ဤသည်ကပင် အလှကျက်သရေ ဝေဖြာနေသည်။

ရင်မှာ နွေးနွေးဖြင့် နွေ့ကို တစိမ့်စိမ့် ငေးကြည့်ချင် လာသည်။

ဆိုင်ကယ်ကိုသာ ဆက်မောင်းခဲ့သည်။ သူ့စိတ်အစဉ် သည် ကော့စံနိုင်ကျောင်းဝန်းအတွင်း၌ ကျန်ရစ်ခဲ့လေပြီ။

လနှင့်ချီ၍ လွမ်းခံရသည့်အလွမ်းတို့သည် နွေမျက်နှာ မြင်ရရုံဖြင့် ခံစားမှုတစ်ဝက် သက်သာလာခဲ့သည်။ အချစ်၏ စွမ်းပကားသည် အလွမ်းကို ပြုပြင်ဖန်တီးနိုင်သည်လား။

ကျောင်းဆင်းအပြန် စောင့်ကြည့်ဦးမည်ဟု သူဆုံးဖြတ် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

"ဟုတ်ပါတယ် မြူးပါ မြူးဖြစ်နိုင်တယ်"

နွေ့အတွေးလေးဖြင့် ကျောင်းဝင်းထဲသို့သာ ဝင်ရောက်ခဲ့သည်။ စိတ်အစဉ်က ဆိုင်ကယ်သမားဆီ၌ ကျန်ရစ်ခဲ့သည်။ ဆိုင်ကယ်နံပါတ် မကြည့်လိုက်မိခြင်းအတွက် နောင်တရချင်သည်။

"နွေ့ လက်မှတ်သွားထိုးမယ်လေ"

ဒေါ်နှင်းဆီက သတိပေးလိုက်မှ နွေ့ခြေလှမ်းတို့သည် စာသင်ကျောင်းဆောင်များဘက်သို့ ဦးတည်နေကြောင်း သတိ





မြူမိလိုက်ပြီး. .

"ဟုတ်သားပဲ မေ့လို့ မေ့လို့"

ရှက်ပြုံးဖြင့် ရုံးခန်းဆောင်ဘက်သို့ ပြန်လှည့်လိုက်ရသည်။

"စိတ်တွေ ဘယ်ရောက်သွားသလဲ"

"ဦးမောင်လှိုင်ရဲ့ ပန်းဥယျာဉ်ဆီကိုထင်တယ်"

ကျောင်းမှ ဥယျာဉ်မှူးလုပ်သားကြီး ဦးမောင်လှိုင်နှင့် ဆိတ်များနွားများ မကြာခဏ ပဋိပက္ခဖြစ်ရသည်ကို သတိရကာ ရည်စူးပြီး ပြောလိုက်မိသည်။ ဦးမောင်လှိုင်ကတော့ ကြားဟန်တော့ သူ့ပန်းပင်များအကြားတွင် အလုပ်ရှုပ်နေသည်။

ကျယ်ဝန်းကာ ပြန့်နှံ့နေသော ကျောင်းအဆောက်အအုံများကို ပြည့်စုံအောင် အုတ်တံတိုင်းဝင်းက ခတ်ဖို့မလွယ်။ မျက်နှာစာတန်းကိုသာ ကာရံနိုင်သည်။ ကျန်နေရာများကိုကား ဝါးစည်းရိုးဖြင့် အမြစ်သာ ကာရံနိုင်သဖြင့် ဆိတ်၊ နွားတို့က လစ်ချင်လစ်သလို ဝင်ရောက် ပွဲတော်တွေ့တတ်သည်။

ဥယျာဉ်မှူး စိတ်ဓါတ်ကျရသည်။ ယခုတော့ တစ်ဝင်းလုံး မနိုင်တော့၊ မျက်နှာစာနှင့် အလံတိုင်ဝန်းကျင်ကို သီးသန့်ခန်းခြံ အလုံအခြုံ ဝင်းခတ်၍ အလှတန်ဆာဆင်နေသည်။

သဘာဝလှတရားဖြစ်သော သစ်ပင်ပန်းမာန်တို့ကို ပြုစုမျိုးထောင်ပေးသူ ရှိပါက ပို၍အဖိုးတန်ကာ မြင်ရသူများ၏ ဘဝင်ကို ကြည်နူးရိုက်ခတ်စေနိုင်သည်။

နွေ့တို့ ကျောင်းတက်ကျောင်းဆင်း စာအုပ်တွင် လက်မှတ်ထိုးပြီး စံပယ်ဆောင်ဘက်သို့ လျှောက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျရာ အသင်းသားဆရာ၊ ဆရာမများ၏ ညွှန်ကြားမှုဖြင့် အသင်းသား ကျောင်းသူ ကျောင်းသားတို့ သန့်ရှင်းရေးတာဝန်ကို ထမ်းဆောင်နေကြသည်။

"နှင်းဆီတော့လေ၊ ခုခေတ် ကျောင်းသားတွေကို ကြည့်ပြီး အားမရဘူး"

"ဟုတ်တယ် နွေလည်းဒီလိုပဲ"

ဒေါ်နှင်းဆီကတော့ အမည်နှင့်လိုက်စွာ ရဲဝံ့သည်။ သူ့အမြင်ကို ပြတ်ပြတ်သားသား ပြောတတ်သည်။ ဝေဖန် တတ်သည်။

"ဘက်စုံဖွံ့ဖြိုး တိုးတက်ရေး မရှိသလိုပဲ"

နွေက ရုတ်တရက် နားမလည်သဖြင့်

"ဘာကို ဆိုလိုတာလဲ နှင်းဆီ"

"ဩော်. . အထက်တန်းပိုင်းမှာ၊ ကာယအချိန်တို့ ဖွံ့ဖြိုးရေးအချိန်တို့ မရှိတာကို အားမလိုအားမရဖြစ်နေတယ်"

"အောင်ချက်ကောင်းရေး အဓိကဆို"

"နှင်းဆီကတော့ ရှစ်တန်းဆယ်တန်း အောင်ချက်ရာခိုင်နှုန်းတွေ မြင့်မားဖို့ အဓိက ထားခြင်းတာထက်၊ တစ်ကျောင်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး လူကောင်းလူမွန်လေးတွေ ပေါ်ထွန်းလာဖို့ကို လိုလားတယ်"

"စာတော်တာ မကောင်းဘူးလား"

"စာရိတ္တပိုင်းပါ ဖွံ့ဖြိုးတိုးတက်ပြီး လူတော်လူကောင်းဖြစ်ဖို့ ပိုအရေးကြီးတယ်၊ စာကို ကြက်တူရွေးနှုတ်တိုက်ကျက်ပြီး အောင်သွားတာထက်ကို ပိုအရေးကြီးတယ်လို့ နှင်းဆီ ထင်





တာပဲ"

"ဒီကျောင်းမှာ စာကြည့်တိုက်တို့ အားကစားခန်းတို့လည်း မရှိဘူးနော်"

"ရှိပါတယ်"

"ဟင်. . ဘယ်အခန်းလည်း"

"ရုံးခန်းထဲက စာအုပ်ဗီရိုတစ်လုံးရှိတယ်၊ ဆရာမတွေငှားနိုင်တယ်၊ နောက် ရုံးခန်းထဲမှ အားကစားပစ္စည်း ဗီရိုလည်းရှိတယ်၊ လက်တွေ့ပစ္စည်းဗီရိုလည်း ရှိတာပဲ"

"ဩော်"

"သက်ဆိုင်ရာဆရာမတွေဆီမှာ ထုတ်ရင်ရတယ်"

"ဩော်. . နွေမသိသေးတာတွေ အများကြီး ရှိနေပါလား၊ ဒါပေမယ့် လက်တွေ့ခန်း မရှိဘူးနော်၊ နွေတို့ ကျောင်းသားဘဝတုန်းက လက်တွေ့ခန်းကို တစ်ပတ်တစ်ချိန်သွားပြီး ခတ်ငွေ့ ထုတ်ဖော်ရတာ သိပ်ပျော်ဖို့ကောင်းတာပဲ၊ ကိုယ်တိုင်သိရတော့ စိတ်ဝင်စားပြီး စာကျက်တာထက် ပိုထိရောက်တယ်၊ အိုင်အိုမှာလဲ ဖားခွဲ၊ ငါးခွဲနဲ့၊ မှတ်မိသေးတယ်"

"ဒါကတော့ နွေရယ်၊ ရန်ကုန်မြို့တော်ကြီးက ကျောင်းတွေနဲ့ ဖွံ့ဖြိုးစ၊ ဖွင့်လှစ်ပြီးခါစ ကျောင်းတွေနဲ့ တူနိုင်ပါ့မလား"

"နှင်းဆီလည်း ရန်ကုန်ကျောင်း တက်ခဲ့တာပဲ မဟုတ်လား"

"ဟုတ်တယ်၊ ဖွံ့ဖြိုးရေးချိန်မှာ ဖွံ့ဖြိုးရေးဆရာမတွေဦးဆောင်ပြီး စာကြည့်တိုက်ကို တစ်ပတ်မှာ တစ်ရက်၊ စိုက်ပျိုးရေးကို တစ်လှည့်၊ စာပေကို တစ်လှည့်၊ အဆိုအကကို တစ်



www.burmeseclassic.com

www.burmeseclassic.com



လှည့်နဲ့ အိမ်တွင်းမှုကို တစ်လှည့်နဲ့ သိပ်ပျော်ခဲ့ကြတယ်၊ ကျောင်းသူ ကျောင်းသား အရွယ်လေးတွေရဲ့ စူးစမ်းဖွံ့ဖြိုးစ အရွယ်မှာ စုပေါင်းပျော်ရွှင်တတ်ခြင်းနဲ့ ဝါသနာပါရာကို ကြီးကြပ်မှု နည်းမှန် စနစ်မှန်နဲ့ ဝါသနာပါရာကို လုပ်ကိုင်စေခြင်းဟာလည်း စာကြည့်နေရတဲ့ ဦးနှောက်ကို အနားပေးရာလဲ ရောက်စေတယ်လေ"

နွေသည် နားထောင်သမား သက်သက်ဖြစ်သည်။ ဒါကြောင့်လည်း ဝိဇ္ဇာဆိုတာ အတွေးအခေါ် ဘာသာရပ်ဟု ဆိုခြင်းဖြစ်မည်ထင်ပါသည်။

"စာကိုပဲ နင်းကန်ဖိကြည့်နေရရင် ငြီးငွေ့မယ် တစ်ခါတစ်ရံ တင်းကျပ်နေတဲ့ ကျောင်းသားတွေ၏ ဦးနှောက်ကို ကာယသုခ၊ စိတ္တသုခ၊ သုတသုခ၊ မိတ္တသုခ၊ ဉာဏသုခဆိုတဲ့ ပျော်ရွှင်ချမ်းမြေ့ခြင်း ဖြစ်စေမယ့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဘာသာရပ်တစ်ခုလို ဦးစားပေးသင့်တယ်လို့ နှင်းဆီထင်တာပဲ"

နွေ၏ ကွန့်မြူးမောင်ထံ ရောက်သွားခဲ့သော စိတ်တို့သည် ဒေါ်နှင်းဆီ၏ စကားပင်လယ်၌ မျောပါသွားခဲ့လေပြီ။

"ဒီကျောင်းမှာ ကာယဆရာတို့ ဖွံ့ဖြိုးရေးဆရာတို့ မရှိသေးဘူးနော်"

နွေ သတိပြုမိသည့်အကြောင်းလေးကို ပြောလိုက်မိသည်။

"ဟုတ်တယ်နွေ၊ မရှိသေးဘူး၊ ကျောင်းဖွင့်တာ ငါးနှစ်ကျော်ပဲ ရှိသေးတော့ ဘက်စုံတော့ မပြည့်စုံနိုင်သေးဘူး ထင်





တယ်၊ အင်းလေ နှင်းဆီတို့ကတော့ အဘက်ဘက်က ပြည့်စုံနေတဲ့ ကျောင်းမျိုးက ကျောင်းသူဖြစ်ခဲ့ရလို့လား မသိဘူး၊ စာနာပြီးသိပ်ဖြစ်စေချင်တယ်၊ ကလေးတွေကိုလည်း ကိုယ့်လိုမျိုးပဲ ကျောင်းဆိုတဲ့ ဘက်စုံယာဉ်ကြီးအပေါ်မှာ စီးနင်းလိုက်ပါစေချင်တာ အမှန်ပဲလေ"

"ဆန္ဒမစောပါနဲ့လေ ဖြစ်လာမှာပေါ့"

ဟု နွေက ပြုံးရယ်ပြောလိုက်မိသည်။

ကျောင်းတက်ခေါင်းလောင်းထိုးသံ ဒုတိယအကြိမ်ထွက်ပေါ်ပြီး ဆယ်တန်း (က)မှ ကျောင်းသား မောင်ဇော်ဇော်နိုင် ပြေးထွက်လာသည်။ သံချောင်းခေါက်က နိုင်ငံတော် အလံကို အလေးပြုရန်နှင့် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်များကို အလေးပြုရန် အမိန့်ပေးသည်။ အင်္ကြင်းဆောင်ရှိ ဆယ်တန်း တန်းခွဲများနှင့် စံပယ်ဆောင်ရှိ ကိုးတန်း တန်းခွဲများကြားအောင် အောင်မြင်သောသူ့အသံက အမိန့်ဩဇာအာဏာသံပြည့်စုံစွ ၁ ထိန်းသွားနိုင်ခဲ့သည်။

အတန်းပိုင်ဆရာ ဆရာမများ နံပါတ်တစ်အချိန် ဝင်နေသဖြင့် နွေတို့ ဘာသာရပ်ဆရာမများမှာ အိမ်စာစစ်သူကစစ် သင်ခန်းစာကို ကြိုတင်လေ့လာသူက လေ့လာနှင့် အလုပ်ရှုပ်နေကြလေသည်။

ဆရာ ဆရာမ ဟူသမျှတို့သည် တာဝန်ကျေပြွန်ရေးထက် စေတနာကို အဓိကထားကာ ကျောင်းသူကျောင်းသားများ နားလည်တတ်ကျွမ်း အောင်မြင်ရေးကိုသာ အဓိကထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ဆရာစားမချန်ပဲ သင်ကြားပေးကြသည်။ သင်နိုင်ရန်လည်း အမြဲ ထာဝရ အားထုတ်နေကြရ၏။

"ဆရာ ဆရာမဆိုတာ အချစ်နဲ့ မကင်းဘူးဟေ့၊ တွေ့လား၊ အမြဲခြစ်နေနေရတယ်"

တစ်ဦးတည်းသော ယောကျ်ားဆရာက နောက်ပြောင်လိုက်သည်။ လက်၌ ဘောလ်ပင်အနီကိုကိုင်ကာ အင်္ဂလိပ်စာလေ့ကျင့်ခန်းအပုံကြီးက သူ့ရှေ့မှာ တစ်ပုံကြီး ရှိနေသည်။

"အမှတ်ပဲ ခြစ်နေရလို့ ကျိန်းကျေပြီး လူပျိုကြီးဖြစ်နေတာဖြစ်မယ်"

အထက်တန်းပြများ၌ အပျို လူပျိုကြီးများသာ ဖြစ်၍ အချင်းချင်း ညီအစ်မ မောင်နှမများသဖွယ် ရင်းနှီးကာ နောက်ပြောင်ကြသည်။

ရပ်ဝေးမိဝေး ဆရာ ဆရာမများသာ အကာစ်အေတီလောက၌သာ အရှိများကြရာ အဆင်မပြေမှုများကို ကြံဖန်၍ ရယ်စရာများ ရှာဖွေခြင်းဖြင့် ဖြေဖျောက်ကြရသည်။

အနယ်နယ် အရပ်ရပ်၌ ပညာရေးဝန်ထမ်းများအတွက် နေထိုင်ရေးအဆောက်အအုံမရှိခြင်းက ဆရာဆရာမများအား စိတ်ပျက်အားငယ်မှုကို ဖြစ်စေသည်။ ဒေသခံတို့ကောင်းမှ စိတ်ချမ်းသာနိုင်သည်။ ကျိုက်ထိုမှာတော့ ပုဂ္ဂလိကဖွင့်ထားသော အမျိုးသမီး ဘော်ဒါဆောင်တစ်ခု တောင်သူစု သဇင်လမ်းတွင် ရှိနေသည်။

ကော့စံနိုင်ကျောင်းမှ ဆရာမအပျိုကြီးများနှင့် ကျောင်းကြီး (အ. ထ. က) ကျိုက်ထိုမှ အပျိုကြီးဆရာမများ ဘဏ်ဝန်





ထမ်း စာရေးမတစ်ဦး၊ လူမှုဖူလုံရေးရုံးမှ စာရေးမတစ်ဦးတို့ နေထိုင်ကြသည်။ ထိုအဆောင်သည် အနည်းငယ်ကျဉ်းသည်။ လခစားများအတွက် ဈေးအနည်းငယ်ကြီးသည်မှအပ သီးသန့် ရှင်းရှင်းလင်းလင်း နေထိုင်တတ်သူ လူလွတ်များအတွက် အင်မတန် အဆင်ပြေသောနေရာဖြစ်သည်။

အိမ်ရှင်လင်မယား မိသားစုများကလည်း လူလတ်ပိုင်း ဖြစ်ရာ ပစိပစပ် သိပ်မရှိလှပေ။

"နှင်းဆီတို့နေရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ကျောင်းအပြန်မှာတော့ နွေးထွေးပြီး မေတ္တာတွေ လျှံဝေနေတဲ့ မိဘအိမ်ကိုလွမ်းပြီး သာခွေယိုင်ဖြစ်ချင်တဲ့ စိတ်ကလွဲရင် နေနိုင်ပါတယ်"

နွေတို့လို ဆွေမျိုးရိပ်ခိုနေရသူများအတွက် မကောင်းသာလှသော်လည်း ရပ်ဝေး ဆရာ ဆရာမများအတွက်တော့ ဖြစ်နိုင်သည်။

ဆရာဆရာမဟူသော ဂုဏ်ပုဒ်တွေအတွက် လူကြီး ဖြစ်နေကြသော်လည်း အိမ်ထောင်မကျသေးသူ ဆရာ ဆရာမများသည် မိဘနှင့်ဆိုလျှင် ကလေးတွေသာဖြစ်သည်ဟု နွေ တွေးလိုက်မိသည်။

"အား. . ညောင်းလိုက်တာ"

မြန်မာစာသင်သော ဒေါ်နှင်းဆီသည် စာဖတ်ပိုများသည်။ ခါးကိုဆန့်ကာ ဂျိမ်းလှကျော်ရေးသော 'မောင်ရင်မောင်မယ်မ' စာအုပ်ကိုချပေးလိုက်သည်။ နဝမတန်း ပင်ရင်းစကားပြေတွင်ပါသော ကောက်နုတ်ချက်အတွက် မူရင်းစာအုပ်ကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ရှုလေ့လာနေသည်။ နွေက စပ်စပ်စုစု မေးလိုက်မိသည်။

"သင်ရတော့ ရတာပေါ့။ ဒါပေမယ့် ဝတ္ထုဇာတ်ကြောင်းလေး နားလည်သွားတော့ ဗဟုသုတလည်းရ၊ ဆက်စပ်ပြီး နားလည်းသွားတော့ ပိုကောင်းတယ်လေ"

"ဩော်. . ."

"နွေ ကြားဖူးသလား"

"ဘာကိုလဲ"

"တပည့်ဆိုတာ ဆရာ့ထက် ပိုတော်ရမယ်လို့လေ"

ဆရာလောကကို ယခုမှရောက်လာသော နွေက နားမလည်သဖြင့်. . .

"ဘာဖြစ်လို့လဲ ဟင်"

"တပည့်ဆိုတာ အနာဂတ်လူ၊ တစ်နည်းဆို တက်လူပေါ့။ အဲ့ဒီ တက်လူလေးတွေရဲ့ လက်ထဲကို နောင်တစ်ချိန်မှာ တိုင်းပြည့်ဟာ မလွဲမသွေ ရောက်လာမှာပဲ၊ ဒီတော့ ဆရာတွေလောက်မှ တပည့်တွေ မသိမတတ်ခဲ့ရင် အနာဂတ်တိုင်းပြည် လှပလာပါ့မလား၊ ဒါကြောင့် ဆရာဆိုတာ ကိုယ့်တပည့်ကို ကိုယ့်ထက်တတ်သွားအောင် ဆရာစားမချန်ဘဲ သင်ကြားပေးရမယ် အဲ့ဒီလိုလူမျိုးကိုမှလည်း ဆရာလို့ ခေါ်ယူဂုဏ်ပြုထိုက်တယ် အနာဂတ် ပန်းလေးတွေ ဖူးပွင့်ဝေဆာလှပဖို့ အဓိက တာဝန်အရှိဆုံး လူဟာ ဥယျာဉ်မှူး တာဝန်ပေါ့"

"အံမယ်လေး မြန်မာစာ ဆရာမရယ်၊ အမျိုးမမှန်ရင် အပင်မသန်ဘူးနော်"

ဆရာက ဝင်ထောက်လိုက်သည်။





"ဘာကြောင့်အမျိုးမမှန်ရသလဲဆိုတာ ဆန်းစစ်ဖို့ကလည်း ဥယျာဉ်မှူး တာဝန်ပဲပေါ့"

နွေက ပြုံးနေမိသည်။ အချိန်ပြောင်း ခေါင်းလောင်း ခေါက်သံ ပေါ်ထွက်လာတော့မှ စကားစ ပြတ်သွားသည်။ တာဝန်ကျရာ အခန်းအသီးသီးဝင်ရန် ပြင်လိုက်ကြသည်။

ကျောင်းရှေ့၌ ဖြတ်သန်းသွားသော ဆိုင်ကယ်သံ ကြားလိုက်ရတော့ အမှတ်မထင် မျက်လုံးရောက်သွားသည်။

စောစောက ကွန့်မြူးမောင်ပဲထင်ပါသည်။ ကွန့်မြူးမောင်ဖြစ်ပါက အခြေအနေထူးမည်လား။ မျှော်လင့်ချက်တို့သည် လန့်နိုးလာကြသည်။

လူဆိုတာ မျှော်လင့်ချက်နှင့် အသက်ရှင်နေကြသည်ကို နွေအကြွင်းမဲ့ လက်ခံလိုက်မိသည်။

"မင်္ဂလာပါ ဆရာမ"

တပည့်များ နှုတ်ဆက်သံကြားမှ စိတ်နှင့်ကိုယ် တဒင်္ဂခွင်းကွာသွားမိသော အဖြစ်ကို သတိရလိုက်သည်။

နွေ စာသင်ခန်းတွင်းသို့ ရောက်ပြီပဲ။

ညစ်ထေးနေသော စိတ်ဟူသမျှတို့ကို ခဝါချပစ်လိုက်ပြီး ကြည်လင်ရွှင်ပျစွာ နှုတ်ဆက်လိုက်သည်။

"မင်္ဂလာပါကွယ်"

နွေ့ ဘဝလည်း တကယ်တမ်း မင်္ဂလာရှိချင်စမ်းပါဘိ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

မမမိုးရည်မောင်ကို ရည်စူးသတိရစေရန် မမဟု တမင် ခေါ်ခဲ့သော်လည်း နွေသည် မိမိထက် တစ်နှစ်ကျော်ကျော်သာ ကြီးသည်။

နွေ့အပေါ် နင့်နင့်မှုးမှုး သတိတရ ချစ်မိမှန်း သိလာသောအခါ နွေ့အား မည်သို့ခေါ်ရမည်ကို သူစဉ်းစားခဲ့သည် ရှာမတွေ့ခဲ့။ သို့သော် တကယ်တမ်း ထိပ်တိုက်ရင်ဆိုင်၍ ရင်တွင်း လှုပ်ခတ်လာသောအခါ. . .

☺ အောင်မြင်စာပေ ☺



'မ'ဟု သူခေါ်ဖြစ်သွားသည်။

"မ. . ."

နွေတို့ကျောင်းမြန်ကို ကျောင်းရှေ့ရှိ 'ကံမြင့်' လက်ဖက်ရည်ဆိုင်မှ စောင့်ကြည့်နေမိသည်။

ကော်ရစ်တာတွင် နွေလျှောက်သွားသည်ကို လှမ်းမြင်နေရသည်နှင့် ရင်တွင်းပွဲတင်ထပ်သံ မြည်ဟည်းလာသည်။

နွေပျော်ရွှင်နေနိုင်ပြီလား။

သူကို မေ့သွားပြီလား။

ရင်မှာ စူးနင့်နာကျင်လာသည်။ သူကို နွေ မေ့သွားမှာကိုလည်း သူ မလိုလားပြန်။ နာကြည်းမုန်းမေ့သွားခြင်းကိုကော သတ်မခံချင်ပြန် သူကတော့ တစ်နေ့မှမမေ့။ နေညိုလျှင် ပိုဆိုးသည်။

ဒေးခင်တောင်ဆီသို့ပဲ ချက်ချင်း ပြေးသွားရကောင်းနိုးနိုး ဘီးလင်းချောင်းကလေးဆီပဲ ပြေးသွားရကောင်းနိုး၊ ဘီးလင်းသမ်းမတစ်လျှောက် သွားပြီး အတိတ်ခြေရာလေးတွေ ပြန်လည်ဘူးဖော်ရနိုး နေမသိထိုင်မသာ ဖြစ်ခဲ့ရသည်။

ယခုတော့ ကျောင်းဆင်းခေါင်းလောင်းသံနှင့်အတူ တိုးတိုးဝှေ့ဝှေ့ ထွက်လာသော ကျောင်းသားကျောင်းသူများ အကြား နွေ့ကိုသာ သူရှာဖွေနေသည်။

တစ်ဦးတစ်ယောက်တည်းကိုသာ ကွက်မြင်ခြင်းသည် နှလုံးသားနှင့် ကြည့်ခြင်းကြောင့်သာ ဖြစ်ပေမည်။

"မ. . ရယ်"

ကလေးတစ်ဦး၏ စက်ဘီးနောက်ဝယ် လိုင်လိုက်သွား

www.burmeseclassic.com

www.burmeseclassic.com



သော နွေကိုကြည့်ပြီး ရင်တွင်း မချိတင်ကဲလေး ခံစားလိုက်ရသည်။ သူစက်ဘီးစီးခေါ်စဉ်က ဘယ်သောအခါမှ မလိုက်ခဲ့သော နွေသည် ယခုလို အနေအထားကျရင် မည်သို့ရှိမည်နည်း။

လက်ဖက်ရည်ဖိုး ငါးကျပ်တန်တစ်ရွက် ချခဲ့ပြီး ချက်ချင်းထွက်လိုက်ခဲ့သည်။ တည်းသည့်အိမ်မှ စက်ဘီးဆွဲခဲ့သော သူ့အတွက် အရာရာကို သတိလက်လွတ် ဖြစ်နေသည်။ နှစ်ပေါင်းမည်မျှကြာအောင် ခွဲရမည်မှန်း မသိသောကြောင့် နွေနှင့် စကားတွေ ပြောချင်လာသည်။

"ကလင်. . ကလင်. . ကလင်"

ဘဲလ်သံကို ညံစီစွာပေးပြီး ကျောင်းသူ ကျောင်းသားများကို ကွေ့ဝိုက်ကျော်ဖြတ်လိုက်သည်။

ကော့တင်း လမ်းဆုံးနားအရောက်တွင် မီသွားသည်။ နွေ၏ အံ့အားသင့်သွားသော မျက်လုံးအဝန်းအဝိုင်း၌ ကြည်နူးမှု အရိပ်အယောင်များ ရိုက်ခတ်သွားသည်။

"မမ"

သူက ဘေးချဉ်းယှဉ်ကပ်ပြီး လှမ်းခေါ်လိုက်သည်။

"မြူးစက်ဘီးနဲ့လိုက်ခဲ့"

"ဘယ်သွားမလို့လဲ"

"မ အိမ်ကို မြူးလိုက်ပို့ပေးမယ်"

"ဒါဖြင့် ရပ်လိုက်ဦး ကလေး"

ကျောင်းသားလေး စက်ဘီးပေါ်မှဆင်းကာ ကွန့်မြူးမောင် နောက်သို့ နွေထိုင်ရန်ပြင်သည်။

"နွေ အရှင်မတက်တတ်ဘူးနော်။ အသေတက်ပဲ ရမလား"

မောင်းထွက်သွားသော စက်ဘီးပေါ် နောက်မှ ပြေးတက်လာထိုင်ခြင်းကို အရှင်တက်ဟု သုံးကြပြီး ရပ်ထားသော စက်ဘီးပေါ်နောက်မှ ထိုင်လိုက်သူက အရင်ထိုင်ပြီးမှ မောင်းသူက နင်းထွက်ခြင်းကို အသေတက်ဟု ခေါ်သည်။

ကွန့်မြူးမောင် ပြုံးလိုက်သည်။

"ရပါတယ်၊ မြူးက မန္တလေးသားပဲဟာ"

"ဒါဖြင့် တက်မယ်နော်"

"ခြင်းပေး၊ ရှေ့မှာထည့်မယ်"

နွေ့ထံမှ ခြင်းကိုယူကာ စက်ဘီးရှေ့ ခြင်းတောင်းလေးတွင် ထည့်လိုက်သည်။

ယခုလို သေးသေးမွှားမွှားလေး ကူညီပေးရခြင်းကိုပင် သူ့ရင်၌ ကျေနပ်သည်။ နွေ မျက်နှာ၌ မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေသည်။ ကြည်နူးမှု မျက်ဝန်းအိမ်၌ မျက်ရည်ပင် လည်ခဲ့နေသည်ဟု ထင်ရသည်။

"မြူး. . လာလည်တာလား"

"ဆိုပါတော့"

"နိုင်ငံခြား မသွားဖြစ်သေးဘူးလား"

ကွန့်မြူးမောင် စဉ်းစားသည်။ ချစ်သူနှင့် အတူနေရခြင်းသည် စက္ကန့်၏ အစိတ်အပိုင်းလည်း အဖိုးတန်လှသည်ပင်။ ထို့ကြောင့် အဖိုးတန်လှသော အချိန်ကို သောကဟူသော အပူနှင်တိုင်းကြီးဖြင့် မဖျက်စီး မနှောင့်ယှက်ချင်ပါ။ ထို့ကြောင့်. . .

"ဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . မြူးကလည်း၊ ဆိုပါတော့ချည်းပဲ"

"မမ စားမယူလာဘူးလား"

"မယူဘူး လိုမှမလိုဘဲ၊ လောကကြီးမှာ စည်းစိမ်ချမ်းသာ ဥစ္စာပစ္စည်းတွေထက် အဖိုးတန်တဲ့အရာကို ဆုံးရှုံးပြီးမှတော့ နွေ့ ဘာကိုမှ မမက်မောတော့ဘူး"

ကွန့်မြူးမောင်ရင်ထဲ လှုပ်လှုပ်ခတ်ခတ်လေး ခံစားလိုက်ရသည်။ နွေ့ကို ထွေးပိုက်ထားလိုစိတ်များကို ချုပ်တည်းထားလိုက်ရသည်။

ဝေးအောင် အဝေးဆုံးနေရာသို့ ပြေးထွက်မည် ဆိုပါမှ အနီးဆုံးကိုသာ ရှာဖွေနေမိပြန်ပြီ။

အိမ်ရောက်သွားသည်။ မြန်လွန်းလှသည်။ အချိန်တွေ ကုန်လွယ်လှသည်။ နွေ့အတွက် အကောင်းဆုံး ဖြေသာရာ စကားလုံးများကိုသာ ရွေးချယ်ပြောမည်ဆိုကာ စဉ်းစားနေစဉ် ရောက်သွားသည်။

"ဟယ် . . . မြူး"

မမလေးက အံ့အားသင့်စွာဖြင့် သူ့အား ကြည့်လေသည်။

"မ အားသလား"

"အားပါတယ်"

"လက်ဖြဘက် စက်ဘီးနင်းရအောင်၊ မြူး ငါးနာရီ လောက်ကျရင် လာခေါ်မယ်"

"မဖြစ်ဘူးထင်တယ်"

ကွန့်မြူးမောင် နွေ့၏မျက်နှာကို အဖြေရှာမိသည်။ သံ





ယောဇဉ်ပြတ်ကာ မေတ္တာနှောင်ကြိုး ဖြတ်တောက်လိုက်ပြီလား။

မဖြစ်နိုင်။ မေတ္တာရည်ကြည်တို့ဖြင့် ရွှန်းလက်နေသော မျက်နှာပြင်လေးက လှသည်ထက် လှနေသည်။

"ဘာဖြစ်လို့လဲ"

"နွေ့က ဆရာမလေ"

"အဲဒါ ဘာဖြစ်လဲ"

"ဆရာမဆိုတာ လူငယ်အတွဲတွေ သွားတတ်တဲ့ နေရာမျိုးကို အတွဲနဲ့ မသွားသင့်ဘူးထင်တယ်၊ ကိုယ်ကတားမြစ် ဆုံးမနေတတ်တဲ့ ကိစ္စမျိုးကို ကိုယ်ကနမူနာပြသလို ဖြစ်သွားမှာ စိုးရိမ်တယ်"

"ဘာဆိုင်လို့လဲ၊ မြူးတို့ မ တို့ဆိုတာ ပညာရှာခဲ့ပြီးပြီ၊ အိမ်ထောင်တစ်ခုကို ကိုယ့်ဘာသာကိုယ် ဖန်တီးနိုင်တဲ့ လူကြီးဘဝကို ရောက်နေပြီ၊ ဘဝကြင်ဖော်ကို ရှာဖွေလက်တွဲနေနိုင်ပြီပဲ၊ တွဲသွားတွဲလာအတွက် ဘယ်သူမှ မေးငေါ့စရာ မလိုဘူး၊ အခြေအနေချင်းမှ မတူကြတာ"

"မြူးရယ် . . အိမ်ထောင်တစ်ခုကို ကိုယ့်ဘာသာကိုယ် ဖန်တီးနိုင်တဲ့ လူကြီးဘဝကို သုံးနိုင်ရက်နဲ့ မင်းမှာ ပကတိဆုံးဖြတ်ချက် မရှိသေးဘူးနော်"

ကွန့်မြူးမောင် ငိုင်ကျသွားသည်။

"အိမ်မှာ စကားပြောလည်း ရပါတယ်၊ အိမ်ထဲဝင်လေ"

မမလေးက ခုမှ ဝင်ခေါ်လိုက်သည်။

ကွန့်မြူးမောင်က ထုံထုံပေပေနှင့် ရပ်နေဆဲဖြစ်သည်။ နွေ့ ဆုံးဖြတ်ချက်ကို စောင့်နေဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



"စက်ဘီးအပျော်စီးရုံဆိုရင် မြူးဆန္ဒလည်းပြည့်၊ နွေ့ဆန္ဒလည်းပြည့်အောင် တို့တွေပါ အဖော်လိုက်ခဲ့ပေးမယ်လေ. ."

မမလေးက သူတို့နှစ်ဦး အခြေအနေကို ဝင်ထိန်းပေးလိုက်သည်။

"ဒါဖြင့် အိုကေ၊ မြူး ငါးနာရီခွဲလောက် လာခဲ့မယ်"

ဤအစီအစဉ်လည်း ကောင်းသည်။ ဆရာ့ ဂုဏ်သိက္ခာကိုလည်း ထိန်းသိမ်းရာကျသည်။

ကွန့်မြူးမောင် အစက နွေ့ကိုတွေ့ရန် မရည်ရွယ်ပါ။ သို့သော် နွေ့ကိုမြင်သည်နှင့် တွေ့ဆုံစကားပြောချင်နေသည်။ နွေ့မျက်နှာကို မျက်တောင်မခတ်တမ်း ကြည့်နေချင်သည်။ ဤသည်မှာ အချစ်ကြောင့်ထင်ပါသည်။ အလွမ်းဒဏ် မခံနိုင်၍ အချစ်နှင့် အဝေးဆုံးကို ပြေးချင်သူသည် အချစ်နွံသို့ သက်ဆင်းမိနေပြန်ပြီ။

ကွန့်မြူးမောင် စက်ဘီးကိုသာ အားကုန်နင်းလိုက်သည်။ မေ့ထားချင်သည်။

မဆိုင်။ နှလုံးသားနှင့် လှုပ်ရှားမှုတူသမျှတို့သည် သီးသန့်စီဖြစ်နေသည်။

ခြေကို အားကုန်နင်းကာ စက်ဘီးစီးနေသော်လည်း နှလုံးသားမှ နွေ့သည် တည်ငြိမ်စွာ ရပ်တည်နေဆဲပင်။







# အခန်း (၇)

ဆွတ်ပျံ့သာယာ လွမ်းမောဖွယ်ရာများနှင့် ပြည့်နှက်နေသော ပတ်ဝန်းကျင် သဘာဝ အလှတရားတို့ကို အချစ်ဆုံး သူနှင့်အတူ ကြည့်ရှုခံစားရခြင်းလောက် ကြည်နူးစရာ လောက၌ ရှာဖွေ၍ တွေ့နိုင်ပါမလားဟု နွေ့တွေးနေမိသည်။

လက်ပြ တံတားဖြူလေး၌ ရပ်ကြည့်ရင်း ကွန့်မြူးမောင်ကိုတစ်လှည့် ရှုခင်းအလှကိုတစ်လှည့် ကြည့်နေမိသည်။

"မ. . ဟိုလူကိုကြည့်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . သူ့ဘဝကို အားကျလိုက်တာ"

လယ်ကွင်းထဲ ဖြတ်စီးနေသော ချောင်းလက်တက်ကလေးဝယ် လေအတိုက်ဖြင့် လှုပ်ရှား လှိုင်းထနေသော ရေယာဉ်ကြောဝယ် မျောပါချင်တိုင်း မျောပါနေသည့် လှေပေါ်မှလူသည် သီချင်းတကြော်ကြော်နှင့် ဇိမ်ခံနေသည်။ လယ်သမားဖြစ်ဟန်တူသည်။

"အလွမ်းဆိုတာ နားလည်ပုံမရဘူး ထင်တယ် . . မြူးသူ့ကို အားကျလိုက်တာ"

နွေ . . ကွန့်မြူးမောင် မျက်နှာကို ငေးကြည့်မိသည်။

တွေ့စနှင့်မတူ နွမ်းလျ၍ အပြုံးပျောက်ဆုံးနေသော မျက်နှာလေးမှာ တည်ငြိမ်နေသည်။

"အားကျရင် သူ့လို အလွမ်းမရှိအောင်နေပေါ့ မြူးရယ်"

ကွန့်မြူးမောင် နွေကို ဖျတ်ခနဲ ကြည့်လိုက်သည်။ မျက်လုံးခြင်း ဆုံတွေ့ကြသည်။ ရုတ်တရက် မလွှဲမိကြ။ ကွန့်မြူးမောင်က ခပ်ဆတ်ဆတ် မေးလိုက်သည်။

"မကော နေနိုင်လို့လား . ."

"နေနိုင်အောင် ကြိုးစားနေရတာပဲ"

ကွန့်မြူးမောင် သက်ပြင်းချလိုက်ပြီး မျက်နှာလွှဲသွားသည်။ မလှမ်းမကမ်းတွင် ရပ်နေသော မမကြီးနှင့် မမလေးတို့မှာ သူတို့အား မသိမသာ အကဲခတ်နေသည်။

ပတ်ဝန်းကျင် အလှတရားတို့သည် မပြေလည်သူတို့၏ အလွမ်းဓာတ်ခံ နှလုံးသား မျက်ဝန်းတို့ဖြင့် ကြည့်သောအခါ လွမ်းဆွတ်ဖွယ်ရာအတိ ဖြစ်နေတတ်သည်။





"ပြန်ကြရအောင်လား မြူးရယ်"

"မြူးနားမှာ မနေချင်တော့လို့လား"

"ထာဝရ နေချင်ပါတယ်"

မြူးက သက်ပြင်းချလိုက်သည်။ ဒုတိယမွိ သက်ပြင်းချခြင်း ဖြစ်လေသည်။ သက်ပြင်းချခြင်း၏ အဓိပ္ပါယ်မှာ တွေဝေခြင်းပင်ဖြစ်သည်။ ကွန့်မြူးမောင် တွေဝေနေရပြီ။

ခွဲခွါခြင်းကို ရှေ့ရှုပြီးပါက ဆုံစည်းခြင်းတွေကို လက်ခံနေမိသည်။ ကွန့်မြူးမောင် မချိတင်ကဲ ခံစားလိုက်ရပြီလား။

ချစ်ခြင်းမှ မတူညီပဲလေ။ နွေချစ်သလောက် သူ နွေအပေါ် ချစ်ဟန်မတူ။ ဤသည်ကိုပဲ ရင်မှာ တစိမ့်စိမ့် နာကျင်နေရသည်။

"မ"

"ဘာလဲ . . မြူး"

"မောင်လို့ မသုံးနိုင်တော့ဘူးလား"

"ဘယ်တုန်းက သုံးခဲ့လို့လဲ"

"ရန်ကုန်မှာ တုန်းကလေ"

"အဲ့ဒါ အသည်းကြားမှာ ဝှက်ထားတဲ့ အခေါ်အဝေါ်လေး၊ စိတ်ထိန်းချုပ်မှု လစ်သွားတုန်း အလစ်ခိုးထွက်သွားတာ"

"မရယ် ခု စိတ်ထိန်းနိုင်ပြီပေါ့"

"မထိန်းနိုင်ရင် ရှုံးသွားမှာပေါ့ မြူးရယ်"

ကွန့်မြူးမောင် နွေလက်ကို အသာအယာ ဆုပ်ကိုင်မှုတို့ နွေက ငြင်းဆန်ကာ အသာရုန်းထွက်လိုက်သည်။ ပတ်ဝန်းကျင်၏ မျက်လုံးတစ်စုံ၏ မြင်တွေ့မှုသည် မျက်လုံးပေါင်း ကုဋေ



www.burmeseclassic.com

www.burmeseclassic.com



ကုရာကို ပျံ့နှံ့စေတတ်ကြောင်း နွေနားလည်၍ ဖြစ်သည်။

ချစ်သူ၏ အကြင်နာအယုယကို မခံချင်သောသူ အဘယ်မှ ရှိပါအံ့နည်း။

သို့သော် ဆရာ၊ ဆရာမဟူသည် ကျောင်းသူကျောင်းသား၏ ကြေးမုံသဖွယ်ဖြစ်ရာ၊ ကျောင်းဝင်းပြင်ပမှာလည်း ဆင်ဆင်ခြင်ခြင် နေရမည်။ ဣန္ဒြေရရ သွားရမည်ကို နွေနားလည်နေပါသည်။ ထို့ကြောင့် ကွန့်မြူးမောင်၏ မျက်မှောင်ချီ အကဲခတ်သောအကြည့်ကို နှစ်သိမ့်အပြုံးလေးနှင့်. . .

"ပတ်ဝန်းကျင် အမြင်မှာ မသင့်တော်ဘူး ထင်လို့ပါ နွေကတော့"

နွေ ရှက်ပြုံးလေးနှင့်သာ ပြုံးနေလိုက်သည်။ စကားဆက်စရာ မလိုပါ။ ဘာကိုဆိုလိုကြောင်း နားလည်ပါလိမ့်မည်။

ကွန့်မြူးမောင် သက်ပြင်းချလိုက်သည်။

"မ. . မြူးနဲ့အတူ နိုင်ငံခြား လိုက်ခဲ့ပါလား"

နွေ အံ့အားသင့်သွားသည်။ နွေ လုံးဝ မမျှော်လင့်ထားသော အကြောင်းအရာ တစ်ခုပင်။

"နိုင်ငံခြား"

မိဘအိမ်ရိပ်က ကင်းကွာသည့် အခါတောင် မနေတတ် မထိုင်တတ်၊ ခရောင်းလမ်းကို လျှောက်လှမ်းရသည့်နှယ် ခံစားနေရသူ နွေသည် အမိမြန်မာပြည်ကို ခွဲခွာ၍ အဘယ်မှာ သွားနေနိုင်ပါအံ့နည်း။

"မြူးနဲ့မ အားလုံးနဲ့ ကင်းဝေးသွားရာမှ သွားနေမယ် ဒါမှ အမျိုးတွေနဲ့ ကင်းဝေးမှာ"





နွေ တုန်လှုပ်ရသည်။ စဉ်းစားရသည်ကပင် မောဟိုက်မူးဝေချင်လာသည်။

နေလုံးနီက တောင်ကုန်းလေးအပေါ် မေးတင်နေလေပြီ။

"အချစ်တစ်ခုတည်းက အရာရာကို ပြီးပြည့်စုံနိုင်တယ်ဆို. . မ"

"နွေ စဉ်းစားဦးမယ်"

နွေ့မှာ အဖြေအလိုလိုရှိနေသော်လည်း စကားမှားသွားမှာ စိုးရိမ်သည်။ ကွန့်မြူးမောင်အတွက် အကောင်းဆုံး အဖြေကို ပေးချင်သည်။ နွေ့စကားကြောင့် သူ့ရင်မှာ အနာတရဖြစ်သွားမှာကို စိုးကြောက်မှုများဖြင့် အချိန်ယူစဉ်းစားရန်သာ အကောင်းဆုံး ဖြစ်ပေမည်။

"စဉ်စားရဦးမယ်၊ ဟုတ်လား မ"

"ဟုတ်တယ်၊ စကားဆိုတာ ထွက်ပြီးရင် ပြင်ရတာမကောင်းဘူး"

"ဒီလိုဆို မြူးဟာ မကောင်းတဲ့လူတစ်ယောက် ဖြစ်နေပြီထင်တယ်၊ မြူး မကို စကားအမျိုးမျိုး ပြောနေမိပြီ"

"မြူးရယ်၊ နွေ အဲဒီလိုမဆိုလိုပါဘူး၊ နွေ ဘာပြောရမှန်းတောင်မသိဘူး"

"မမှာ အဖြေရှိတယ်ဆိုတာ မြူးသိနေတယ်"

"မြူး ဘာကို သိတာလဲ"

"မြူးကို မ ချစ်နိုင်သေးသလား"

"အချစ်ဆိုတာ နှလုံးသားမှာ တည်ဆောက်ပြီးသွားရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအကြောင်းကြောင့်မှ ပျက်ပြယ်မသွားနိုင်ဘူး ထင်ပါတယ်”

“နာကြည်းမုန်းတီးခြင်းတွေက ဝင်ရောက်နေရာယူရင်ကော. . မ”

“ဒါကို နွေမပြောတတ်ဘူး၊ နွေ နှလုံးသားကို အဲဒီအရာတွေမှ ဝင်မလာဘဲ”

“တကယ်လား၊ တစ်ခါတစ်ရံ မြူးကို မေ့နိုင်ဖို့ မကြိုးစားမိဘူးလား”

“ဟင့်အင်း. . သတိရစိတ်ကို အမြတ်တနိုး သိမ်းထားတယ်၊ အချစ်ကြောင့် လွမ်းရတဲ့အလွမ်း သက်သာစေဖို့သာ နည်းလမ်းလေးတွေ ရှာဖွေပြီး လောကကြီးမှာ နေတတ်အောင်နေနေတာ”

“အလွမ်းကိုကော အမြတ်တနိုး မသိမ်းထားဘူးလား”

ကွန့်မြူးမောင်က နှုတ်ခမ်းကို တွန့်ရုံလေးပြုံးပြီး မေးလိုက်သည်။

“အလွမ်းဝေဒနာဆိုတာ ကင်ဆာရောဂါလိုပဲ၊ လူကို ခေါင်းမရပ်နိုင်အောင် စူးနစ်နာကျင်စေတဲ့အရာပဲ၊ သိမ်းဆည်းတောင်းတဲ့ ဝေဒနာမဟုတ်ဘူး၊ နွေမသိမ်းချင်ဘူး”

“ဒါဖြင့် မ ဘာကို သိမ်းချင်သလဲ”

“အချစ်ကိုပဲ ပိုင်ဆိုင်ခြင်းဆိုတဲ့ နှလုံးသား ဂိုဒေါင်ထဲမှာ ပျော်ရွှင်ခြင်းသော့နဲ့ခတ်ပြီး သိမ်းဆည်းထားချင်တယ်”

“ဒါဖြင့် မ မြူးနဲ့ လိုက်ခဲ့လေ”

နွေကို မျှော်လင့်တကြီး စူးစိုက်ကြည့်လာသော ကွန့်





မြူးမောင်ကို ကြေကွဲစွာ ကြည့်လိုက်သည်။

နွေမျက်လုံးထဲမှာ အဖြေရှိနေမည်ကို ကွန့်မြူးမောင် တွေ့သွားပါလိမ့်မည်။

“မြူးကို မ ခွဲနိုင်တယ်ဆိုတာ မြူးသိပြီ”

နွေ မျက်ရည်ကျရင်း ပြုံးလျက် ခေါင်းခါလိုက်သည်။

“အမျိုးချစ်သူ တိုင်းပြည်ချစ်သူ တစ်ယောက်အနေနဲ့ အသံကောင်းလွှင့်တယ်လို့ ထင်ချင်လဲ ထင်တော့၊ မိဘရင်ငွေ့နဲ့ ကင်းကွာရတာကိုတောင် စိတ်အနာတရ ဖြစ်ခဲ့တဲ့နွေဟာ တိုင်းတစ်ပါးရပ်ခြားမှာ လူမျိုးခြားတွေရဲ့အလယ်မှာ အမိပွါယ်မဲ့ အသက်မရှင်ချင်ဘူး၊ နွေတတ်ထားတဲ့ပညာနဲ့ နွေတိုင်းပြည်မှာ အုတ်တစ်ချပ်ပဲနိုင်နိုင် စွမ်းဆောင်ရတာ အဓိပ္ပာယ်ရှိတယ်လို့ နွေထင်တယ်၊ အချစ်တစ်ခုအတွက်နဲ့ နွေဟာ အဓိပ္ပာယ်မဲ့လူသား အဖြစ်မခံနိုင်ဘူး၊ ဒီအတွက် မြူးထပ်မံ မုန်းတီးစွန့်ခွာနိုင်ပါတယ်”

ကွန့်မြူးမောင် ဘာမှ ထပ်မံမပြောနိုင်ဘဲ နွေကိုသာ မှိတ်မသုန် စိုက်ကြည့်နေသည်။

တောင်ကုန်းလေးထက် မေးတင်နေသော နေဝန်းနီပင် အိပ်ရာဝင်သွားလေပြီ။ သူ၏ အရှိန်အဝါ လင်းရောင်ဖျော့ဖျော့သာ ကျန်ရစ်လေသည်။

နွေက ဝေ့သီနေသော မျက်ရည်စများကို မျက်တောင်သုတ်ခတ်ပုတ်ခတ်လုပ်ကာ ပယ်ဖျက်ရန် ကြိုးစားသည်။ နှလုံးသား မျက်ရည်စများကို မျက်ဝန်းတံခါးဖြင့် ပိတ်ဆို့ထားနိုင်၍ ရနိုင်ပါမလား။ စိမ့်ထွက်နေသော မျက်ရည်စများကို လက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပဝါထောင့်စွန်းနှင့် သုတ်လိုက်သည်။ စိတ်ကိုလည်း တင်းလိုက်သည်။

"ပြန်ကြရအောင်၊ မှောင်နေပြီ"

မမကြီးက လှမ်း၍ အသံပြုလိုက်သည်။ တစ်ယောက်ကိုတစ်ယောက် ကြည့်လျက် တဒင်္ဂခွဲခွာနိုင်ဖို့အရေးကို အားယူလိုက်ကြသည်။

အချစ်ဆုံးသူအချင်းချင်း တစ်စက္ကန့်၏ အစိတ်အပိုင်းမျှရရ အတူတူနေချင်သည်မှာလည်း သဘာဝပင်။

ဘယ်သူကမှ စတင်၍ ခြေလှမ်းမရွေ့မိကြ။

နွေတို့အပါး တပည့်လေး အိကာ အနားသို့ စက်ဘီးနှင့်လာရပ်မှ နွေက စတင်လှုပ်ရှားလိုက်သည်။ နှုတ်မှတော့ ဖွင့်ဟ၍မနှုတ်ဆက်ဘဲ အိ၏ စက်ဘီးနောက်၌ တတ်ထိုင်လိုက်သည်။ မကြီး မလေးနှင့်အိတို့ စက်ဘီးအသီးသီး ထွက်လာသည့်တိုင်အောင် ကွန့်မြူးမောင်သည် ရပ်လျက် ကျန်ရစ်ခဲ့သည်။

နွေလှည့်ကြည့်လှည့်ကြည့်ဖြင့် အိနောက် လိုက်ပါလာခဲ့သည်။

တံတားဖြူလေးဘေး၌ အထီးကျန်ရပ်နေခဲ့သော ကွန့်မြူးမောင်သည် သက်ရှိလူသားမှ ဟုတ်ပါလေစဟု ထင်ရလောက်အောင် ကျောက်ရုပ်တစ်ရုပ်အလား ရပ်တည်ကျန်ခဲ့သည်။

ထိန်းချုပ်ထားသည့်ကြားက မျက်ရည်က မျက်ဝန်းတာကို ချိုးဖျက်ထွက်လာပြန်သည်။

စက်ဘီးအလှုး၌ ရှေ့သို့ မျက်နှာအပ်မိသွားကာ မျက်





ရည်စတို့ အိကို သွားမှန်သည်။ ထိုအခါမှ စိတ်ကို အလွတ်ပေးမိခြင်းအတွက် နောင်တရသွားသည်။ ကွန့်မြူးမောင်ကိုလည်း လှည့်မကြည့်မိရန် သတိထားလိုက်သည။

အဝေးမှုန်ပျပျ မိုးကုပ်စက်ဝန်းအောက်မှ ဆွတ်ပျံ့လွမ်းမောဖွယ်ရာ ဝန်းကျင်သဘာဝအလှတရားအကြားဝယ် တွေဝေနေသော လူသားတစ်ဦး ရပ်တည်နေဆဲပါလား။

ထိုသူသာ နွေနှင့် မပတ်သက်ဘူးဆိုပါလျှင် နွေ ဘာခံစားစရာလိုပါသနည်း။

ယခုတော့ အသည်းပေါက်မတတ် ချစ်မိသူပါလား။ နွေတို့ နာကြည်းမုန်းတီးသွားတော့မှာလား။

အသည်းမျက်ရည်တို့၏ ထွက်ပေါက်များကို လိုက်လံပိတ်ဆို့ရသည်မှာ စိတ်ပင်ပန်း လွန်းလှပါတကား။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၈)

လက်ပြရှိ ဦးကောက်ခြံမှ အလုပ်သမား နှင်းဆီပန်းများ လာအပို့ကို စောင့်နေပြီးယူကာ နွေတို့အိမ်ဘက် ထွက်လာခဲ့သည်။ အဆင်သင့်ပင် တွေ့ရသည်။

"မကို ဘုရားသွားဖို့ လာခေါ်တာ"

နွေက မချိပြုံးလေး ပြုံးကာ. . .

"ဘုရားမှာ ထားသွားဦးမှာလား"

ကွန့်မြူးမောင်က ပြုံးလိုက်သည်။ အမှန်တကယ် ထား





သွားရန်လည်း ရည်စူးမိသည်။ ကြိုတင်ကြံရွယ်ချက်တို့သည် နွေကိုမြင်သည်နှင့် လွင့်ပျောက်သွားရသည်။

"ဆိုပါတော့"

"ဒါဆိုရင် မလိုက်ပါရစေနဲ့ ဒီတစ်ခါသာဆိုရင် တစ်ခါတည်း လိပ်ပြာပါ နှုတ်သွားတော့"

နွေက ပြုံးပြုံးလေး ကလိနေသည်။

ကွန့်မြူးမောင်က. . .

"ဒါဖြင့် အိမ်က ဘုရားပဲ တင်လိုက်တော့"

နွေလှမ်းယူလိုက်သည်။

"ဘီးလင်းသွားချင်တယ် လိုက်ခဲ့ပါလား"

ဥပုသ်ကျောင်း ပိတ်ရက်ဖြစ်ပါသဖြင့် နွေ အားနေသည်ကို သူသိသည်။

"ဘာသွားလုပ်မှာလဲ"

"သွားနှုတ်ဆက်မလို့လေ"

"ဘယ်သူကိုလဲ သကြားစက်က သူငယ်ချင်းကိုလား"

"နော်မူတို့ မမရီတို့ကိုလား"

"မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူရှိသေးလို့လဲ"

"အချစ်ခြေရာလေးတွေ"

"ဘာလုပ်ဖို့လဲ"

"အလွမ်းအဖော်ညှိဖို့လေ"

နွေက ပန်းစည်းကို လှည့်ပတ်ကြည့်ရင်း မျက်နှာလွှဲထိုက်သည်။ မျက်လုံးအိမ်၌ မျက်ရည်များ စွန်းထင်နေမှုကို ကွန့်.



www.burmeseclassic.com

www.burmeseclassic.com



မြူးမောင် မမြင်စေလိုပါ။ သို့သော် မြင်တွေ့မည်မှာ ဧကန် ဖြစ်သည်။

"ထိုင်လေ"

အသံတုန်ယင်မှုမရှိအောင် သတိထား၍ ပြောလိုက်ရသည်။ အဖျားဆွတ် တုန်ခါသွားသည်။

"ဘီးလင်းကို လိုက်ခဲ့ပါလား. . မ"

ကွန့်မြူးမောင်က ဆန္ဒပြင်းပြစွာ ခေါ်လိုက်သည်။

"အခုမှ တည်ငြိမ်နေစပြုနေတဲ့ ဇာန်ရေပြင်ထဲ သောတခဲ ထပ်ချဦးမလို့လား မြူး"

ကွန့်မြူးမောင်သည် စိတ်ရှုပ်ထွေးစွာဖြင့် ဆက်တီထက် လျှော့ရဲစွာထိုင်ချလိုက်သည်။ နွေနှင့်တွေ့တိုင်း အာစေးထည့်ထားသည့်နှယ် ဖြစ်နေသည်။ အပြစ်ရှိသူနှယ် သိမ်ငယ်နေသည်။

"မနက်စာစားခဲ့ပြီးပြီလား"

"ပြီးပြီ ကြီးကြီးတို့ကော. . ."

"ဆိုင်ထွက်တယ်"

"မမကြီးကော"

"ဈေးသွားဝယ်တယ်"

ရောက်တက်ရာရာကို စကားမရှိ စကားရှာနေမိသည်။ ပြောလိုသော စကားများကတော့ ရင်တွင်း၌ တစ်ဆို့လျက်ရှိသည်။

နွေသည် မပွားကို ရေပုံးနှင့် သံဗန်းတစ်ချပ် ယူခိုင်းပြီး အိမ်ရှေက ခွေးခြေလေးမှာထိုင်လျက် အရွက်သင်ကာ ရေး





လေး၌ စိုက်ထည့်သည်။

လှပသော မိန်းမသား၏ သွယ်လျသော လက်ချောင်းကလေးများသည် အလှနှင့် ပန်း၏အလှသည် ပနံရလှလွန်းသည်ကို ကွန့်မြူးမောင် အခုမှ သတိပြုမိ၏။

နွေဘာလုပ်လုပ် လှနေသည်။

ချစ်သော မျက်လုံးနှင့် ကြည့်ပါက ချစ်သူဘာလုပ်လုပ် လှနေသည်ဟုသာ ထင်မြင်တတ်သည် ထင်ပါသည်။

"ဘာကြည့်တာလဲ"

အကြည့်သူခိုး လူမိသွားသောအခါ ကွန့်မြူးမောင်က ရှက်ကိုး ရှက်ကန်း ရယ်မောလေသည်။ ဤသည်ကို နွေ ငေးမိရက်သား ဖြစ်သွားသည်။ နွေ နှစ်သက်စွဲလမ်းဖူးသော အပြုံးပင်။

"ဆူး ဘာဖြစ်လို့ မသင်တာလဲ"

"နှင်းဆီဆိုတာ ဆူးရှိမှ သဘာဝကျတာ နွေ တစ်ခါမှ မသင်ဖူးပါဘူး"

"သတိထားကိုင်နော် ဆူးစူးလိမ့်မယ်"

ချစ်သူချင်း အသေးအမွှားကလေးကစ၍ စိုးရိမ်တတ်သည်မှာ ဓမ္မတာများ ဖြစ်နေလေရော့သလားဟု ကွန့်မြူးမောင် တွေးကာ ပြုံးလိုက်မိသည်။

"စူးလည်း ကိစ္စမရှိပါဘူး၊ ခံနိုင်ရည်ရှိနေပါပြီ၊ နှလုံးသားကို အချစ်ဆူးစူးပြီးမှတော့ နှင်းဆီဆူးဒဏ်လောက်ဟာ အသေးအမွှားလေးပါ မြူးရယ်"

"မရယ်"

ကွန့်မြူးမောင် နွေ့လက်ကလေးကို ဆွဲယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ချောင်းကလေးများကို နှုတ်ခမ်းနှစ်လွှာဖြင့် ညင်သာစွာ နမ်းရှိုက်လိုက်သည်။

နွေ့မျက်လုံး၌ ပုလဲရောင်တောက်လာသည်။ တဆတ်ဆတ်တုန်ခါနေသော နှုတ်ခမ်းနှစ်လွှာက စကားပြောရန် အားယူနေသည်။

“မ. . . မရယ်”

ကွန့်မြူးမောင် မချင့်မရဲအကြင်နာပိုကာ အတင်းပွေ့ပိုက်ကမူးရှူးထိုးနှင့် မျက်နှာပြင်အနှံ့ နမ်းရှိုက်မိရာ. . .

“မောင်”

“မ. . မကို ချစ်တယ်၊ မခွဲနိုင်ဘူး”

“တကယ်”

နွေ့က ရင်ခွင်တွင်းမှ ခေါင်းထောင်ကာ ကွန့်မြူးမောင် မျက်နှာကို မျှော်လင့်ခြင်းကြီးစွာဖြင့် ကြည့်နေသည်။ အချစ်နှင့် နာကြည်းမှုမာန လွန်ဆွဲပွဲကြောင့် စိတ်ပင်ပန်းနေရှာသော ကွန့်မြူးမောင် မျက်နှာသည် ဝေခွဲမရနိုင်သေးခြင်းကြောင့် စိတ်ရှုပ်ထွေးနေဟန်တူသည်။ မျက်မှောင်ချီလျက်ရှိသည်။

နွေ့က မျက်ရည်ကြားက ပြုံးကာ တုန်ယင်စွာ တောင်းပန်တိုးလျှိုးလိုက်သည်။

“မ လည်းလေ. . မောင်ကို သိပ်ချစ်တယ်၊ မောင်ထားခဲ့ကတည်းက မ,ဟာ ရှင်လျက်နဲ့ သေလူဖြစ်သွားခဲ့ပြီးပါပြီ. . မ သိပ်ခံစားရပါတယ်၊ ခုလည်း ခံစားနေရဆဲပါပဲ၊ ခံစားလွန်းတော့ မ အသည်းမွမွကြီး ပျက်သုန်းသွားခဲ့ပါပြီ ခုလိုနောက်ထပ် တစ်ဖန်တွေ့ဆုံပြီးမှ မောင် မကို ထပ်ထားသွားဦးမယ်ဆိုရင်လေ”





ကြေကွဲစွာ ဆို့နင့်လာသော သောကခံစားမှုအစုစုကြောင့် စကားဆက်မရအောင် ခံစားနေရသည်။

နွေ့ခံစားမှုကို ရင်နင့်စွာ ကြည့်နေသော ကွန့်မြူးမောင်မှာ မကြည့်ရက်တော့သည့်အလား နွေ့ရင်ခွင်၌ ခေါင်းတိုးဝင်လေသည်။

နွေ့က သူ့ခေါင်းကိုပါးအပ် အသာပြန်ပွေ့ပိုက်လိုက်ရင်း. .

“မောင် မကို ထပ်ထားသွားရက်ဦးမယ်ဆိုရင်လေ. . အစိတ်စိတ်အမြွှာမြွှာ ကြေမွနေတဲ့အသည်း ထပ်ကွဲစရာ မရှိလို့ ပျောက်ဆုံးသွားမှာပဲထင်တယ်၊ မ အသည်းရှိတော့မှာ မဟုတ်ဘူး၊ ဒါပေမယ့် အသိတရား ရှိနေတဲ့အတွက် မ ဦးနှောက်နဲ့ နှလုံးကို တိုင်းပြည်အတွက် အလုပ်လုပ်သွားရဦးမှာပါ။ အလုပ်လုပ်ခြင်းဟာ အသက်ရှင်ခြင်းရဲ့ သင်္ကေတမဟုတ်လား မြူးရယ်”

ကွန့်မြူးမောင် ငြိမ်သက်နေသည်။ နွေ့ရင်၌ နွေးခနဲ စိုစွတ်စွာ ခံစားလိုက်ရ၍ ကွန့်မြူးမောင် ငိုနေသည်ဟု ကြေကွဲစွာ သိမြင်လိုက်ရသည်။

တံတွေးကို မျိုချရင်း ကွန့်မြူးမောင်ခေါင်းထက် ပါးနှင့်အသာသာပွတ်သပ်ကာ နှစ်သိပ်စကား ရှာမိသည်။

“မလေ. . မြူးကို ကျေးဇူးတောင် တင်ရပါသေးတယ်၊ သယ်ဒီလုပ်စာကိုပဲ ထိုင်ဖြုန်းမယ်၊ အလုပ်လုပ်စရာ မလိုဘူးဆိုတဲ့ ဆုံးဖြတ်ချက်ဟာလေ၊ မြူး အဲလေ မောင့်ကြောင့် ပြင်ခဲ့မိတယ်၊ ဘာဖြစ်လို့လဲ သိလား မောင်”

တုံ့ပြန်သံ မကြားရ။ ရင်ခွင်တွင်း ငြိမ်သက်စွာ ရှိနေဆဲ



www.burmeseclassic.com

www.burmeseclassic.com



ပင်။ နွေ့ မျက်ရည်ကြားက ကြည်လင်စွာ ပြုံးယောင်သန်းလာသည်။

ကံကြမ္မာသည် နွေ့အား မျက်နှာသာပေးတော့မည် ထင်ပါသည်။

“မောင့်ကိုချစ်လွန်းလို့ ခံစားရတဲ့ သောကအလွမ်း ဝေဒနာကြောင့် ဖြေဆည်ရာရှာဖွေရင်း ပါရမီကံ မရင့်သန်သေးတော့ သံသရာလွတ်မြောက်ရာလမ်းကို မလျှောက်နိုင်ဘူး၊ ဒါပေမယ့် တစ်ယူသန်ဆုံးဖြတ်ချက် အမှားကို ပြင်နိုင်ပြီး တိုင်းပြည်အတွက် တတ်ထားတဲ့ ပညာလေးနဲ့တော့ အလုပ်အကျွေးပြုနိုင်ပြီလေ၊ အဲ. . ဒါလဲ မောင့်ကြောင့်ပါပဲ”

ကွန့်မြူးမောင်သည် တုတ်တုတ်မျှမလှုပ်၊ အသက်မှရှုပါလေစဟု နွေ့ စိုးရိမ်သွားသည်။

“မောင်”

“အင်”

“မကိုချစ်ရင်လေ ဒယ်ဒီကို ခွင့်လွှတ်ပါလို့ မတောင်းဆိုပါဘူး၊ ဒါပေမယ့် မေ့ထားလိုက်ပါ၊ သိကြားနဲ့ အသူရာတောင် စစ်ခင်းနေသေးတာပဲမောင်ရယ်၊ မကို ချစ်တဲ့စိတ်နဲ့ အတိတ်ရဲ့ နာကြည်းချက်ကို မေ့ဖျောက်ပစ်လိုက်ပါတော့နော်၊ နိုင်ငံခြားလည်း မသွားပါနဲ့မောင်ရယ်၊ အလွမ်းဝေဒနာကို ကုစားဖို့ သက်သက်နဲ့တော့ အဝေးကို ထွက်မသွားပါနဲ့လားမောင်၊ မ မောင့်ကိုမခွဲနိုင်ဘူး၊ မခွဲချင်ဘူး နော်. . . မောင် မသွားနဲ့တော့နော်”

ကွန့်မြူးမောင်မျက်နှာကို ရှိသမျှအားနှင့် ဖော်ထုတ်ရန်ကြိုးစား. . မျက်ရည်ကလည်းကျရင်း ကရားရေလွှတ် တတွတ်





တွတ် တောင်းပန်ရှာသည်။

ကွန့်မြူးမောင် ခေါင်းမော့လာသည်။

“အို. . . မောင်ရယ်”

မျက်ရည်ခြေရာလေးတွေ မျက်ဝန်းကမ်းပါးမှာ တွေ့လိုက်ရသည်။ နွေ့ရင်မှာ မခံရပ်နိုင်အောင် စူးနင့်နာကျင်သွားသည်။ လှပ်လှပ်ခတ်ခတ်ကလေး ခံစားရကာ ချစ်သူ့ပါးပြင် နှစ်ဖက်သို့ နှစ်သိမ့်အနမ်း ပေးလိုက်မိသည်။

ထိုစဉ် အိမ်အပြင်မှ လူသံ ကြားလိုက်ရသည်။

“ဟော. . ဆိုင်ကယ်တွေ့တယ်၊ မြူးရောက်နေတယ် ထင်တယ်”

လူချင်းခွာလိုက်ရသည်။ ကွန့်မြူးမောင်က ထရပ်လိုက်သည်။ နွေ့က ကွန့်မြူးမောင်လက်ကို အသာဖမ်းဆွဲထားပြီး။

“မောင်. . ဘီးလင်းလည်းမသွားပါနဲ့တော့၊ အတိတ်ခြေရာလေးတွေ ချစ်ပန္နက်တိုင်လေးတွေလည်း အလွမ်းအဖော်ညှိဖို့ သက်သက်နဲ့တော့ ပြန်ကောက်မနေပါနဲ့တော့နော်”

“ဘာတွေလဲဟော့. . အေးအေးဆေးဆေးနေကြ၊ ငါ မနက်စာ ချက်လိုက်ဦးမယ်၊ မြူးလည်း ဒီမှာပဲစားသွား”

မမကြီးက အလိုက်သိစွာဖြင့် အနေမခက်ရန် ပြောပြောဆိုဆိုနှင့် ဈေးခြင်းဆွဲကာ မီးဖိုချောင်ဘက် တောက်လျှောက် ဝင်သွားသည်။

ကွန့်မြူးမောင်က သက်ပြင်းငွေ့ငွေ့ ချလိုက်ပြီး. . .

“ပြန်မယ်”

“မောင်”



www.burmeseclassic.com

www.burmeseclassic.com



နွေက ရုတ်ခြည်းထလိုက်သည်။

"မ. ."

"ပြန်မယ်ဆိုတာ ဘယ်အထိကို ဆိုလိုတာလဲ"

ကွန့်မြူးမောင်က နှုတ်ခမ်းကို တင်းတင်းစေ့ကာ ပြုံးလိုက်သည်။ လျှို့ဝှက်မှုနိုင်သောအပြုံး။

"မောင်ကိုယ်တိုင် မသိသေးဘူး"

"မောင်ရယ်၊ ခုချိန်ထိကို ဆုံးဖြတ်ချက်မရသေးဘူးနော်၊ အငြိုးကြီးလှချည်လား မောင်ရယ်၊ ကိုယ့်ကိုယ်ကိုယ် အထိခိုက်ခံပြီးတော့ကို အငြိုးကြီးရသလား"

"ဟုတ်တယ်မ၊ ကိုယ်ပစ်လိုက်တဲ့ မြားဦးက ဦးတည်သူထံ မရောက်ဘဲ၊ ကိုယ့်အသည်းမှာပဲ လာစိုက်နေပြီဆိုတာ မောင်သိတယ်၊ ဒါကြောင့် မောင်အဲ့ဒီမြားကို နှုတ်ပြီး စိတ်သစ်လူသစ်ကမ္ဘာသစ်မှာ သွားနေကြည့်ဦးမယ်"

မာနကြီးသော ကွန့်မြူးမောင်ကို နွေအံ့အားသင့်စွာ ငေးမောနေမိသည်။ အသက်ရှူရန်ပင် မေ့လျော့နေသည်။ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်သည်လည်း အားထားရာ ကယ်တင်ရှင်ပင်ဖြစ်ရာ ကွန့်မြူးမောင်၏ နောက်ဆုံးစကားကို မျှော်လင့်ခြင်းကြီးစွာဖြင့် ငံ့လင့်ကြည့်နေမိသည်။

"မနက်ဖြန် မောင် ရန်ကုန်ပြန်မယ်"

နှုတ်ခမ်းကို တင်းတင်းစေ့ ခိုင်မာစွာပြောဆိုပြီး ကမူးရှူးထိုး ထွက်ပြေးသွားသော ကွန့်မြူးမောင် ကျောပြင်ကိုကြည့်ကာ ပါးစပ်အဟောင်းသား ကြည့်နေသော နွေသည် နှုတ်ခမ်းသား ဆတ်ဆတ်တုန်ခါလာသည်။ ငိုချလိုက်ချင်သည်။ မရ။ ဆိုင်





တယ်သံသည် နား၌ ကျယ်လောင်စွာ မြည်ဟည်းသွားသည် ရင်မှာ ဆို့ကျပ်မောဟိုက်ကာ အသက်ရှူ၍ပင် မရတော့ အောင့်တက်လာသော ရင်ဘတ်ကို ဖိကာ အင့်ခနဲ အသံသာ ထွက်နိုင်ပြီး လဲကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၉)

တစ်ညလုံး အိပ်မပျော်ခဲ့ပဲ မိုးလင်းခါနီးမှ အိပ်ပျော်သွားသဖြင့် ကွန့်မြူးမောင် အိပ်ရာထ နောက်ကျသွားခဲ့သည်။ ဒါတောင် အိမ်ရှင်ချာတိတ် လာနှိုးသဖြင့် နိုးသွားခြင်းဖြစ်သည်။

"အစ်ကို ဧည့်သည်"

"ဘယ်သူလဲ"

"မမကြီး"

မမကြီး ဆိုသည်နှင့် ကမန်းကတန်း ထလိုက်သည်။





နွေနှင့်ပတ်သက်ရာ တစ်ခုကြားရမည် မျက်နှာပင် မသစ်ဘဲ ထွက်ခဲ့သည်။

"မမကြီး"

"နွေ မနေ့က မင်းပြန်သွားပြီး မေ့လဲသွားတယ်"

"ဟင်.. ဟုတ်လား၊ ခုတော ဘယ်နဲ့ နေသေးသလဲ"

စိုးရိမ်မှုဖြင့် ပျာပျာသလဲဖြစ်သည်။

"ဒီလိုပဲ စိတ်သိပ်ထိခိုက်လို့ရှိရင် အသက်ရှူမရဘဲ သတိလစ်တာတို့ တက်တာတို့ဖြစ်တာပေါ့"

ကွန့်မြူးမောင် ခေါင်းငိုက်စိုက်ကျသွားသည်။ အစတုန်းကတော့ အတိတ်ခြေရာလေးတွေ ပြန်ကောက်ရုံသာ ကျိုက်ထိုသို့လာခဲ့ခြင်းဖြစ်သည်။ ဒီရောက်တော့ အချစ်က တိုက်တွန်းချက်ကို မလွန်ဆန်နိုင်သဖြင့် အချစ်ရှိရာသို့ ဦးခိုက်မိသည်။ တစ်ခဏနဲ့ အတူနေရနေရ ချစ်သူနှင့်အတူ နေချင်သည်မှာ သဘာဝပင်။ သဘာဝကို မလွန်ဆန်နိုင်သဖြင့် သူနွေနှင့် တွေ့ဆုံမိသည်။ ဤသည်ကပင် နွေအား ဝေဒနာထပ်ဆင့်၍ ပေးသည့်နှယ် ဖြစ်ချေပြီ။ စိတ်ထိခိုက်စွာဖြင့် နေထိုင်၍ မရ အောင်ဖြစ်သွားသည်။

"မင်း ပြန်သွားပြီလားလို့ တို့လာကြည့်တာ"

"အစကတော့ ဒီနေ့ ပြန်မလို့ပါပဲ၊ ဒါပေမယ့် မ... နေမကောင်းဘူးဆိုတော့ မြူးလိုက်ကြည့်ဦးမယ်"

"နေပါတော့မြူး၊ ရှေ့ဆက်စရာအကြောင်း မရှိတော့ဘဲနဲ့ ထပ်ဆင့်ပြီး ဝေဒနာတွေ ထပ်ထပ်ပေးမနေပါနဲ့တော့မြူး"

ကွန့်မြူးမောင်ရင်မှ လှုပ်ခတ်လျက်ရှိသည်။

"မြူး တစ်ခုမေးချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးခေါင်းထက် နှစ်ဦးခေါင်းက ဆုံးဖြတ်ချက်ကို ပိုမို မှန်ကန်စေတတ်သည်။ သို့ဖြစ်၍ သူ့ရင်ထဲ လိပ်ခဲတင်းလင်း ဖြစ်နေသော အကြောင်းအရာကို ဖွင့်ဟလိုက်မိသည်။

"မြူး . . မ အဲ နွေ့ကိုထားခဲ့မယ်ဆိုရင် . . နွေ့ သိပ်ခံစား ရမလား"

"ဒါ မင်းကိုယ်တိုင် ခံစားကြည့်ပြီး သိနိုင်တာပဲ"

ကွန့်မြူးမောင် ဘာပြောရမှန်းမသိအောင် ဖြစ်သွား သည်။ နွေ့ကို မခွဲနိုင်အောင် ချစ်သွားခဲ့မိသည်ကို ဝန်ခံပါသည်။ သို့သော် ထိုအချစ်တရားကို သူလွန်ဆန်ကြည့်သည်။ စိတ်ကြွ ခိုင်သူ ယောက်ျားသားအနေဖြင့် အချစ်ကို အဘယ်ကြောင့် အ ရှုံးပေးရမည်နည်း။

ခံစားနေရသူတိုင်း သူဦးသိဟကို အရှုံးပေးရတော့မည် လား။ သူအင်မတန်မုန်းသော ဦးသိဟ၏သား သားမက် အဖြစ် နွေ့ဘဝထဲ ဝင်ရောက်ရတော့မည်လား။

ခေါင်းခါလိုက်သည်။

အဝေးဆုံးကို အမြန်ဆုံးသွားလိုက်တာ အကောင်းဆုံး ဖြစ်ချေမည်။

"ကောင်းပြီ . . ကျွန်တော် အခုပဲပြန်တော့မယ်၊ သူတို့ တော့ ပြန်သွားပြီလို့သာ ပြောလိုက်ပါ"

ကွန့်မြူးမောင်က ပြောပြောဆိုဆို ထလိုက်သည်။ ညို သည် မမကြီးပင် မထရသေး သူထလိုက်ခြင်းသည်။ ရိုင်းရာကျ သည်။ သို့သော် ခံစားရသော ဝေဒနာအစုစုကြောင့် အရိုင်း အယဉ်တွေကို ဂရုစိုက်နေနိုင်မအားတော့ နွေ့နှင့် ပတ်သက်ရာ





ပတ်သက်သူ မှန်သမျှနှင့် ကင်းဝေးချင်ပါသည်။

"ကောင်းပြီလေ"

မမကြီးကလည်း အေးဆေးစွာပင် ထလိုက်သည်။ သို့ သော် ချက်ချင်း မထွက်သွားသေးဘဲ တစ်စုံတစ်ခုကို စဉ်းစား နေဟန်တူသည်။

သူစိတ်မရှည်စွာ စောင့်ဆိုင်းသည်။ အတန်ကြာမှ . .

"မြူး အစကတော့ မပေးတော့ဘူးလို့ ဆုံးဖြတ်ထား တယ်၊ ဒါပေမယ့် နွေ့ဆန္ဒကို ဖြည့်ချင်တာလည်း တစ်ကြောင်း၊ သားမသုံးချင်တာကလည်း တစ်ကြောင်း၊ ရော့ . . နွေ့ ပေး လိုက်တယ်"

မမကြီး ပိုက်ဆံအိတ်အတွင်းမှ စာအိတ်ကလေး ထုတ် ပေးလေသည်။

ကွန့်မြူးမောင် လှမ်းယူလိုက်သည်။ မမကြီး နှုတ်ဆက် ပြန်သွားခြင်းကို ခေါင်းညိတ်ရုံသာ အသိအမှတ် ပြုလိုက်နိုင် သည်။

စာအိတ်ကလေးယူကာ အိပ်ခန်းတွင် ပြန်ဝင်ခဲ့သည်။ နောက်နေသောခေါင်းက မထူချင်သေးသဖြင့် ပြန်လှဲအိပ်လိုက် သည်။ ပန်းရောင်စာအိတ်ကလေးကို ဖောက်ရကောင်းနိုး မဖောက်ရကောင်းနိုး ဖြစ်နေသည်။ နောက်ဆုံး ဖောက်လိုက် မိသည်။

*မောင် . . .*

*ကဗျာရဲ့ ရသာကို ခံစားတတ်ပြီး အမိပွါယ်*



www.burmeseclassic.com

www.burmeseclassic.com



နားလည်မယ်ဆိုရင်တော့ 'မ' ဘာကို ဆိုလိုသလဲဆို တာ နားလည်မှာပါ။ အဲဒီကဗျာလေးက 'ငွေတာရီ' ရေးခဲ့တာ။ မတို့အထက်တန်းကျောင်းသူ ဘဝတုန်းက မြန်မာစာမှ ပြဋ္ဌာန်းခဲ့ဖူးတဲ့ကဗျာ တစ်ပုဒ်ပါပဲ၊ ကဗျာ ခေါင်းစဉ်လေးက 'အလှရှိရာ' တဲ့ ခံစားပြီး ဆုံးဖြတ်ပါ မောင်. . .

အလှရှိရာ၊ သွားချင်ပါဟု
ခါခါမြည်တမ်း၊ သို့ရော်ရမ်း၍
စိတ်ဝမ်းမသာ ရှိသည်တကား။
သူရွာသူပြည်၊ သာလှသည်တည့်
စည်ပင်ချမ်းမြေ့၊ ဝပြောစွဟု
ကြားရတိုင်းသာ၊ လှမြေချာသို့
သွားပါလိုမိ၊ နေမထိခဲ့။

ဤယနေ့သော်. .
ချမ်းမြေ့ကြည်လင်၊ စိတ်ငယ်ရွှင်တည့်
မြေပြင်ကျယ်ဝင်း၊ လယ်ယာခင်းနှင့်
အင်းအိုင်မြစ်ချောင်း၊ ရှုမညောင်းတည့်
တောင်စောင်းတောင်ထိပ်၊ စေတီရိပ်ဝယ်
ဆွေမိတ်တူစုံ၊ ဖူးရတုံသော်
အာရုံသန့်စင်၊ ကြည်ဘဝင်နှင့်
မိခင်မြေမြ၊ သာလေစွဟု





နှုတ်ကဖန်ဖန်၊ ဆိုမိသသည်
မိုးယံပွဲတင် ထပ်သိမ့်တည်း။

သူရွာသူပြည်၊ သာမောသည်ဟု
နှုတ်ရည်စကား ဘယ်သို့ကြားလည်း
ငါကား မတုန်လှုပ်ပြီတကား ။ ။

နောက်ဆုံး မျှော်လင့်ခြင်းဖြင့်. . .
မောင့်
မ

ကွန့်မြူးမောင် ထပ်ခါတလဲလဲ ဖတ်မိလေပြီ။ ကဗျာ၏ ဆိုလိုရင်းကို သူနားလည်ခဲ့သည်။ သူကိုယ်တိုင်လည်း အထက် တန်းကျောင်းသားဘဝက သဘောကျခဲ့သော ကဗျာဖြစ်သည်။

ရင်မှာ နွေးနွေးထွေးထွေး ခံစားလိုက်ရသည်။ ဆုံးဖြတ် ချက်တစ်ခုကိုလည်း ရှာဖွေတွေ့ရှိသွားသည်။ ရင်မှာ ပေ့ါပါး သွက်လပ်သွားသည်။

စာရွက်ကလေးကို ရင်ဘတ်ပေါ်တင်ကာ မျက်စိမြှိန် မှိတ်ထားလိုက်သည်။ တိတ်ဆိတ်ခြင်းက အိပ်ခြင်းကို ဖိတ်ခေါ် သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း ( ၁၀ )

"မဟာကရုဏာတော်ရှင် အတုမရှိ ဗုဒ္ဓမြတ်စွာဘုရား ဖြစ်လေရာ ဘဝတိုင်း၌ ချစ်သူနှင့်ကွေကွင်းရသော ဒုက္ခဆင်းရဲခြင်းနှင့် ကင်းဝေးရပါလို၏ အရှင်ဘုရား"

ပြောင်းလဲသွားခဲ့ပြီးသော ဆုတောင်းကို မရိုးနိုင်စွာ ဆုတောင်းပြီး ဝပ်တွားဦးချလိုက်သည်။ လက်ဆယ်ဖြာပေါ်၌ ပူနွေးစွတ်စိုမှုကို ခံစားလိုက်ရသည်။

မငိုပါဘူးဟု အားတင်သည့်ကြားမှ နှလုံးသား မျက်ရည်တို့ ကျူးကျော်ပြန်လေပြီ။ ခေါင်းကိုမော့ရန်ပင် ခက်ခဲသွားသည်။





"မ"

တိုးညင်းညံ့သက်သော ခေါ်သံလေးနှင့်အတူ ပခုံးစွန်း၌ ထိတွေ့မှုကို ခံစားလိုက်ရသည်။ ဆတ်ခနဲ ခေါင်းထောင်လိုက်သည်။ ကွန့်မြူးမောင်သည် နွေ့နံဘေး၌ ဒူးထောက်ထိုင်လျက် ရှိချေသည်။

အိပ်မက်လေလား၊ မျက်ရည်ကြား၌ မပီဝိုးဝါး ခံစားနေရသည်။ ဝေခွဲမရစိတ်ဖြင့် ကျိုက်ပေါလောဘုရားရှင်ကို လှမ်း၍ အားကိုးတကြီး ကြည့်လိုက်သည်။ အို. . နားထင်တော်စပ်က မဲ့ရှင်တော် ရွှေ့လျားနေသည်ဟု စိတ်မှာ ခံစားလိုက်ရသည်။

ဘယ်လိုတွေဖြစ်နေပြီလဲ၊ နွေ၌ ရုပ်နာမ်နှစ်ပါးတွဲလျက် ရှိနေပါသေးရဲ့လား။

"မ"

မွှေးပွ လက်ကိုင်ပဝါလေး ကမ်းပေးလာခြင်းကိုပင် မယုံမရဲဖြစ်မိသည်။ မမကြီးပြောတော့ မြူးပြန်သွားပြီတဲ့၊ ယခု နွေ့ရှေ့၌ မြူးရှိနေလေပြီ ဟုတ်ပါသည် ကွန့်မြူးမောင်ပါပဲ။

"မျက်ရည်သုတ်လိုက်ဦးလေ မ"

ကွန့်မြူးမောင်က ပတ်ဝန်းကျင်မှလူများကြောင့် ဣန္ဒြေငဲ့ကွက်ကာ ကိုယ်တိုင် သုတ်ပေးလိုစိတ်ကို ထိန်းသိမ်းလိုက်ဟန်တူသည်။ လက်ကိုင်ပဝါကိုယူပြီး မျက်ရည်စကိုသုတ်ရင်း မဝံ့မရဲ မချိပြုံးလေးနှင့် မေးလိုက်သေးသည်။

"မောင်ပါ၊ ကွန့်မြူးမောင်ပါ"

"မောင် ပြန်သွားပြီဆို"

"ဘယ်သူပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမကြီး"

"ဟုတ်တယ်လေ၊ မမကြီးနဲ့ တွေ့တဲ့အချိန်အထိ မောင့်ဆုံးဖြတ်ချက်က ပြန်ဖို့ပဲရှိတာ"

"ဒါဖြင့် . . ခု . . ခု မကို လာနှုတ်ဆက်ပြန်တာလားဟင်"

နွေ့ရင်၌ ဆို့နင့်ကာ မျက်ရည်တို့က မျက်ဝန်းတံခါးထိပ်၌ ခေါင်းပြူလာသည်။ ပုဆစ်ဒူးတုပ်ထိုင်နေရာမှလည်း ညင်သာစွာ ထလိုက်သည်။

ကွန့်မြူးမောင်က နှစ်ခြိုက်စွာ ပြုံးလိုက်သည်။ နွေက မက်မော်စွာ ကြည့်လိုက်မိသည်။ နွေနှစ်သက်သော အပြုံးလေး။ အပြစ်ကင်းစင် ရှင်းသန့်နေသော လျှို့ဝှက်မှုမပါသည့်အပြုံး။ သွားတက်ချွန်ကလေးနှင့် ညီညာဖြူဖွေးသော ပုလဲသွယ်သဖွယ် သွားတန်းကလေးက လင်းလက်သွားသကဲ့သို့ သောက်ရှူးကြွယ် အလား မျက်ဝန်းအစုံက တောက်ပြောင်လျက်၊ ပါးချိုင့်များ ခွက်ဝင်သွားပြန်သေးသည်။ ယောကျ်ားတန်မဲ့ လှအားကြီးသောသူများကို ယခင်က မုန်းတတ်သောနွေသည် ယခုတော့ အသက်လို မြတ်နိုးတွယ်တာကာ မခွဲနိုင်အောင် ချစ်မိနေပါပကောလား။

"ဘာကြည့်တာလဲဟင် မ"

"ချစ်လို့"

ဟု တီးတိုးပြောမိပြီးမှ ဝတ်ထားသောဝတ်စုံကို သတိရကာ ပတ်ဝန်းကျင်သို့ မလုံမလဲ ကြည့်လိုက်ပြီး ရှက်သွေးဖြာ မျက်နှာဖြင့် ခေါင်းကိုငုံ့လိုက်မိသည်။ ဤဒေသသည် အဖိတ်ရက်နှင့် ဥပုသ်ရက်သာ ကျောင်းပိတ်ပြီး၊ စနေ၊ တနင်္ဂနွေနေ့





လည်းဖွင့်ရသည်ဖြစ်သဖြင့် စနေ့ရက်နှင့် ဥပုသ်မတိုက်သဖြင့် ဘုရားလာပြီး တစ်ဆက်တည်း ကျောင်းသွားမည်ဖြစ်ရာ ကျောင်းဝတ်စုံ ဝတ်ခဲ့ခြင်းဖြစ်၍ အနေကျဉ်းကျပ်နေသည်။

"တကယ်လား. . မမ"

ခေါင်းကို ဆတ်ခနဲညိတ်လိုက်သည်။ ရင်ထဲမှာ အလိုလို ပျော်မြူးနေသည်။ ကွန့်မြူးမောင်၏ ကြည်လင်သော အပြုံးက ဆုံးဖြတ်ချက်ကို ဖော်ကောင်လုပ်နေသကဲ့သို့ဖြစ်နေသည်။

ချစ်သူနှစ်ဦး၏ တစ်ဦး ကြည်ရွှင်မှုသည် တစ်ဦးကို ကူးစက်စေတတ်သည် ထင်ပါသည်။ ကွန့်မြူးမောင်ကိုကြည့်ပြီး နွေ အလိုလို ပျော်လာသည်။

"မသူက ပြောတယ်"

"ဘာပြောသလဲ"

"သူ ကျိုက်ထိုကို ကျိုက်ထီးရိုးသွားရင်ဝင်မယ်၊ နင် ဘာမှာဦးမလဲတဲ့"

"ဒီတော့. . ."

"သူမလာခင် မောင် ရောက်လာပြီပဲ၊ ဒီတစ်ခါ မောင်က ပြန်မေးရမှာ"

နွေပြုံးနေမိသည်။ ကွန့်မြူးမောင်သည် မိမိထံမှ အလွမ်းဝေဒနာကို ပြန်လည်နှုတ်ယူသွားပြီဟု ယုံကြည်နေမိသည်။

"မောင့် မဆီ ဘာမှာဦးမလဲလို့"

"မောင့် မဆီဆိုတော့ ခွဲနေဖို့စိတ်ကူး ရှိနေပြန်သေးသားမောင်"

"မှားပါတယ် မရှိတော့ပါ၊ မ စာထဲက ဧွေတာရီ ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



လေးက မောင်ရဲ့ တွေဝေနေတဲ့စိတ်ကို တိုက်ချွတ်ပေးလိုက်ပြီလေ၊ မောင်နဲ့မ ရုံးမှာပဲ လက်မှတ်ထိုး လက်ထပ်လိုက်ရအောင်နော်"

"ဗုဒ္ဓဘာသာဝင်ကြီးရယ်၊ ဘုရားရင်ပြင်တော်မှာ ရပ်နေရင်းနဲ့တောင် ဝါတွင်းကလေး ကာလကို မေ့နေတယ်နော်"

"အား. . . အချစ်ဟာ အရာရာကို မေ့နိုင်စွမ်းရှိစေတယ်တဲ့. . မရာ"

"တကယ်နော်၊ နာကြည်းချက် နှလုံးသားကိုကော ဘယ်မှာထားခဲ့သလဲ"

"ဘယ်မှာမှ မထားဘူး၊ နာကြည်းချက်နှလုံးသားကို အချစ်က ဝါးမျိုသွားပြီလေ"

နွေ လှိုက်လှဲစွာ ပြုံးလိုက်မိသည်။ ဝမ်းသာကြည်နူးမှုက နွေ နှလုံးသားကို ဖုံးလွှမ်းလျက်ရှိရာ မျက်ရည်ကြည်များ လဲ့လာသည်။ သို့သော် ရယ်မောရင်း ရစ်ဝဲသော မျက်ရည်နှင့် မျက်နှာသည် ပန်းချီဆရာ ငိုလောက်အောင် လှသည်ဟု ကွန့်မြူးမောင်က တင်စားနေမိသည်။

"မောင် လိုက်ပို့ပေးမယ်"

"ဟင့်အင်း. . မက ဆရာမလေ"

"ဟာကွာ၊ စိတ်တိုစရာ ကောင်းနေပြီနော်"

စိတ်တိုချင်နေသူ၏ မျက်ဝန်း၌ ခွင့်လွှတ်ကျေနပ်ပြုံးလေးက ကြည်စိမ်းလျက် ရှိနေသည်။

"ဘာနဲ့သွားမှာလဲ"

"ဟိုမှာ အိ ရှိနေတယ်"





တပည့်မလေးအိက စက်ဘီးကို မုဒ်ဝရှေ့သို့ တွန်းလာလေပြီ။ ကွန့်မြူးမောင် ယခုမှ အိကို မြင်တွေ့ဟန်တူသည်။ ပြုံးလိုက်သည်။

"ကျောင်းချိန်နီးပြီ၊ သွားမယ်နော်"

"သွားလေ"

"မောင်ကော"

"မောင် ဘုရားမရှိခိုးရသေးဘူး"

"ဟောရှင်. . . ရောက်လာပြီးတော့"

"ရောက်လာပြီးတော့ မောင့်မိဖုရား 'မ' ကိုပဲ ကြည့်နေမိတာကိုး ဗျ"

"အို"

နွေက ကြည်မွေ့စွာပြုံးလျက် ကွန့်မြူးမောင်နှင့်အတူ မုဒ်ဦးဝဆီသို့ လှမ်းခဲ့လေသည်။ ပျော်ရွှင်မှုကြောင့် ခြေလှမ်းတို့သည် ကျောက်ပြားနှင့် ထိတွေ့မှုရှိ မရှိကိုပင် မသိတော့။

အလွမ်းလောင်းရိပ်အောက်မှ လွတ်ကင်းလာသော နာကြည်းမှု အာဃာတအုပ်စိုးခြင်းမှ လွတ်မြောက်လာသော နှလုံးသားမှ သန္တေတည်ဖွားသန့်စင်လာသော သုံးလွန်းတင် အချစ်ကြိုးသည် ဆုံးသက်တိုင် ခိုင်မြဲသွားလိမ့်မည်ဟု. . .

နွေ အကြွင်းမဲ့ ယုံကြည်စွာဖြင့်. . .

မြပုလဲခင်



www.burmeseclassic.com